www.dhammaransi.com

# ဒါနဝိဒ္ဓိဒ္ဓိပနိ

www.dhammaransi.com

# နိဒါန်း

ဗုဒ္ဓါဒိစ္စေ အနုပ္ပန္နေ၊ ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ။
တေသံ သဘာဂဓမ္မာနံ၊ နာမမတ္တံ န နာယတိ။ ။
(ပရိဝါပါဠိတော်)

ဗုဒ္ဓါဒိစ္စေ၊ အဝိဇ္ဇာမှောင်တိုက်ကို၊ မဂ်ဝိဇ္ဇာအခေါင်စိုက်လျက်၊ ပယ်မြိုက်ချေခွင်း၊ ဘုရားတည်းဟူသော ရှင်နေမင်းကြီးသည်။ အနုပ္ပန္နေ၊ ကမ္ဘာနှံ့ကျော်၊ မထွက်ပေါ်သည်ရှိသော်။ ဗုဒ္ဓစန္ဒေ၊ သတ္တဝါတို့၏ စိတ်နှလုံးကို၊ ရွှင်ပြုံးစေတတ်၊ မြင့်မြတ်ဂုဏ်ထိန်၊ ဘုရားတည်းဟူသော ပုဏ္ဏမိန်လမင်းကြီးသည်။အနုဂ္ဂတေ၊ကမ္ဘာကျော်လျက်၊ မပေါ်မတက်သည်ရှိသော်။ တေသံသဘာဂဓမ္မာနံ၊ စိမ့်သူကင်း၊ အကြောင်းရင်းကြောင့်၊ မယွင်းဖြစ်ပေါ်၊ နှစ်ဘော်ရုပ်နာမ်၊ သဘာဂမည်သော ပစ္စည်း ပစ္စယုပ္ပန်တရားတို့၏။နာမမတ္တံ၊ ဖဿဝေဒနာ၊သညာပထဝီ၊ စသည်ထွေပြား၊ အမည်များသော်မျှလည်း။ နနာယတိ၊ ကမ္ဘာသူကမ္ဘာသားတို့၏၊ဉာဏ်သွားမထက်၊ ပျက်ပျက်ပြင်ပြင်၊ ကွက်ကွက် ကွင်းကွင်းကြီး မထင်မမြင်နိုင်ကြလေသတည်း။

ဤသို့ ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားတော်မူအပ်သော ပရိဝါ ပါဠိတော်မြတ်နှင့်အညီ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများတို့ ဖြစ်ပျက်သခ်ါ နှစ်ဖြာရုပ်နာမ် သမုဒ္ဒါန်တို့ကို အဟုတ်ကြံသိ နိဗ္ဗာန်ထိအောင် ဉာဏ်မီကြဘို့အရေးအချက်မှာ ဘုရားရှင်တည်းဟူသော နေမင်း,လမင်းကြီးသည် ဖွေးဖွေးလက်လက် ကမ္ဘာပေါ်မှာ ပေါ်ထွက်၍လာမှသာလျှင် အမှန်လိုရင်းသို့ ရောက်နိုင်ကြပေသည်။ ထိုဘုရားရှင်တည်းဟူသော နေမင်း,လမင်းကြီးသည်လည်း ဖွေးဖွေးလက်လက် ကမ္ဘာပေါ်မှာ ပေါ်ထွက်၍လာလေသောကြောင့် ၄၅-ဝါ ကာလပတ်လုံး တရားရေအေး အမြိုက်

www.dhammaransi.com

# နိဒါန်း

ဆေးကိုတိုက်ကျွေးတော်မူကာ ဗုဒ္ဓဘာသာသာသနာတော်ကြီးကို ဖန်တီးတည်ထောင်တော်မူခဲ့ရကား ကမ္ဘာသူကမ္ဘာသားတို့အတွက် နိဗ္ဗာန်တိုင်အောင်သော အကျိုး အဆက်ဆက်တို့ကို အချက်ကျကျ ခံစားနိုင်ကြပေကုန်သည်။ သို့ရာတွင် ခုခေတ်သမယကြီးသည်ကားအများကိုအမှန်ထင်ဉာဏ်အမြင်ချော်စောင်းအကောင်းလည်း အဆိုးဖြစ် မောဟမိုး ထွန်းသစ်သည့်ခေတ်သမယကြီးဖြစ်သည့်အလျောက် အာဒိ မဇ္ဈ ပရိယောသာနဟူသော ကလျာဏသုံးတန်ဖြင့် အမှန်ပြည့်စုံစွာ သွာက္ခာတဂုဏ်ရှိသော ဘုရားရှင်၏ ဒေသနာဓမ္မကို နေရာတကျ သိမြင်ခြင်းငှါ ခဲယဉ်းလှပေသည်။ သို့ဖြစ်၍ ပိဋကတ္တယပါရဂူ ဝိစိတ္တနယဝိဒူဖြစ်တော်မူသော **မုံရွာမြို့ ကျေးဖူးရှင် လယ်တီ ဆရာတော်ဘုရားကြီး**သည် အဿာဘာဝ သိဒ္ဓ ပညတ္တိဓမ္မ၌ တည်၍ပင်သော်လည်း လူနတ်နိဗ္ဗာန်သုံးတန် ချမ်းသာရနိုင်ရာ နည်းလမ်း ဒါနစသောကုသိုလ်ငြိမ်းကို လမ်းမှန်အောင်ပြုတတ်ဘို့အရေးကို စိတ်တွေးလျက် **ဒါနာဒီဒီပနီ**ကျမ်းကို ရေးသားစီရင်တော်မူခဲ့ပေသတည်း။ ၎င်းပြင် ထိုလယ်တီဆရာတော်ဘုရားကြီးသည်ပင် သဘာဝသိဒ္ဓ ပရမတ္ထဓမ္မတို့၏ ထိပ်ဆောင်းဖြစ်သော အရိယသစ္စာဓမ္မ၌ လှလှ သန်သန် အမြင်မှန်၍ နိဗ္ဗာန်ပေါက်ဘို့အရေးကို စိတ်တွေးလျက် **စတုသစ္စဒီပနီ** ကျမ်းကို ကြိုးပမ်းစီရင်တော်မူခဲ့ပြန်သတည်း။ ထို့ပြင် အဆိုပါလယ်တီဆရာတော်ဘုရားကြီးသည်ပင် သလက္ခဏ သဿဘာဝ ပရမတ္ထဓမ္မဟူသော နိယာမဓမ္မတို့၌ နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် အမြင်မှန်၍ မြန်မြန်ကြီး သောတာပန် ဖြစ်နိုင်ကြစေဘို့ အရေးကို စိတ်တွေးလျက် **နိယာမဒီပနီ** ကျမ်းကိုလည်း ကြိုးပမ်း စီရင်တော်မူခဲ့ပြန်သတည်း။

ယင်းသို့ မုံရွာမြို့ ကျေးဖူးရှင် လယ်တီ ဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူခဲ့ရာ ဒါနာဒိဒီပနီ,စတုသစ္စဒီပနီ,နိယာမဒီပနီ ကျမ်းသုံးဖြာကို **ပါဠိဆရာကြီး ဆရာဉာဏ်** အမှူး ရှိသော

www.dhammaransi.com

# နိဒါန်း

**ဦးမောင်ကြီး၊ ဦးကြင်မောင်၊ ဦးစိုးဝင်း၊ ဆရာကြင်၊ ဦးစိုးမြင့်၊ ဦးကျော်တင့်၊ ဦးထွန်းမင်း** တို့က မှားယွင်းချက်မရှိစေမှု၍ အထပ်ထပ်ပြင်ဆင်လျက် မင်ကျမင်နမှစ၍ လိုလေသေးမရှိရအောင် တန်ဆာဆင်ကာ **ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်**၌ သိုက်မြိုက်စွာ ပုံနှိပ်လုပ်ဆောင်အပ်ပါသတည်း။

www.dhammaransi.com

## မာတိကာ

# ဒါနာဒိဒီပနီ

### ဒါနခဏ်း


| | | | | |
|---|---|---|---|---|
| နှစ်ပါးစုမာတိကာ | ...... | ...... | ...... | ၁ |
| သုံးပါးစုမာတိကာ | ...... | ...... | ...... | ၃ |
| လေးပါးစုမာတိကာ | ...... | ...... | ...... | ၄ |
| ငါးပါးစုမာတိကာ | ...... | ...... | ...... | ၅ |
| ခြောက်ပါးစုမာတိကာ | ...... | ...... | ...... | ၅ |
| ခုနစ်ပါးစုမာတိကာ | ...... | ...... | ...... | ၆ |
| ရှစ်ပါးစုမာတိကာ | ...... | ...... | ...... | ၆ |
| ကိုးပါးစုမာတိကာ | ...... | ...... | ...... | ၇ |
| ဆယ်ပါးစုမာတိကာ | ...... | ...... | ...... | ၇ |
| ဆယ့်လေးပါးစုမာတိကာ | | ...... | ...... | ၈ |
| ဒါနခဏ်း အဓိပ္ပါယ် | ...... | ...... | ...... | ၁၁ |


### သီလခဏ်း


| | | | | |
|---|---|---|---|---|
| ဟိနာဒိဖြစ်ကြောင်းစု | ...... | ...... | ...... | ၂၅ |
| ကျိုး,ပေါက်,ကြောင်,ကွက် | | ...... | ...... | ၂၇ |
| နှစ်ပါးစုမာတိကာ | ...... | ...... | ...... | ၂၈ |
| သုံးပါးစုမာတိကာ | ...... | ...... | ...... | ၂၉ |
| လေးပါးစုမာတိကာ | ...... | ...... | ...... | ၃၀ |
| ငါးပါးစုမာတိကာ | ...... | ...... | ...... | ၃၀ |
| ရှစ်ပါးစုမာတိကာ | ...... | ...... | ...... | ၃၁ |
| ကိုးပါးစုမာတိကာ | ...... | ...... | ...... | ၃၂ |
| ဒါနသီလအဓိပ္ပါယ်အကျယ် | | ...... | ...... | ၃၃ |
| အာဝေဏိကဂုဏ်တော်ပါဠိ | | ...... | ...... | ၄၉ |

www.dhammaransi.com

## မာတိကာ


| | |
|---|---|
| အာဝေဏိကဂုဏ်တော်အနက် ...... ...... | ၅၀ |
| ပန်းပူဇော်ရန် ...... ...... ...... | ၅၁ |
| ရေလှူဒါန်းရန် ...... ...... ...... | ၅၆ |
| ဆီမီးပူဇော်ရန် ...... ...... ...... | ၅၇ |


ဒါနာဒိဒီပနီကျမ်းပြီး၏။

---

# စတုသစ္စဒီပနီ


| | |
|---|---|
| ခန္ဓာငါးပါး ...... ...... ...... | ၅၉ |
| အာယတန ၁၂-ပါး ...... ...... ...... | ၆၀ |
| ဓာတ် ၁၈-ပါး ...... ...... ...... | ၆၁ |
| ဓာတ်သုံးပါ တွဲပဋိစ္စသမုပ္ပါဒ် ...... ...... | ၆၁ |
| သစ္စာအနက် ၁၆-ချက်ပါဌ် ...... ...... | ၆၅ |
| သစ္စာအနက် ၁၆-ချက်၏အနက် ...... ...... | ၆၅ |
| ဒုက္ခသစ္စာအနက် ၄-ချက်အဓိပ္ပါယ် ...... | ၆၇ |
| သမုဒယသစ္စာအနက် ၄-ချက်အဓိပ္ပါယ် ...... | ၈၈ |
| မဂ္ဂသစ္စာအနက် ၄-ချက်အဓိပ္ပါယ် ...... ...... | ၉၃ |
| နိရောဓသစ္စာအနက် ၄-ချက်အဓိပ္ပါယ် ...... | ၉၇ |
| နိဂုံး ...... ...... ...... ...... | ၁၀၆ |
| ဘာဝနာလေးဆယ်အနက် ...... ...... | ၁၀၆ |


စတုသစ္စဒီပနီကျမ်းပြီး၏။

---

# နိယာမဒီပနီ


| | |
|---|---|
| ပဏာမနှင့်ပဋိညာဉ် ...... ...... ...... | ၁၀၉ |
| လယ်တီဆရာတော်၏ အမှာစာ ...... ...... | ၁၁၀ |
| နိယာမ၏အဓိပ္ပါယ် ...... ...... ...... | ၁၁၀ |
| ပဓာနစကား ကြီး သုံးခွန်း ...... ...... | ၁၁၁ |

www.dhammaransi.com

# မာတိကာ


| | |
|---|---|
| နိယာမစကားကြီးငါးခွန်း ...... ...... | ၁၁၆ |
| ပညတ်ပရမတ် ၂-ပါး ...... ...... | ၁၂၀ |
| နိယာမတို့၏အစွမ်းသတ္တိ ...... ...... | ၁၂၇ |
| ကမ္ဘာကပ် ၄-ပါး ...... ...... ...... | ၁၂၉ |
| သံဝဋ္ဋကပ် ...... ...... ...... | ၁၃၀ |
| သံဝဋ္ဋဋ္ဌာယီကပ် ...... ...... ...... | ၁၃၂ |
| ဝိဝဋ္ဋကပ် ...... ...... ...... | ၁၃၃ |
| ဝိဝဋ္ဋဋ္ဌာယီကပ် ...... ...... ...... | ၁၃၆ |
| ဩကာသလောက ...... ... ...... | ၁၃၈ |
| သင်္ခါရလောက ...... ...... ...... | ၁၃၈ |
| ဩကာသနှင့်သင်္ခါရ ...... ...... ...... | ၁၄၄ |
| သတ္တလောက၌ကမ္မနိယာမ ...... ...... | ၁၄၅ |
| သတ္တလောက၌စိတ္တနိယာမ ...... ...... | ၁၅၁ |
| သတ္တလောက၌ဓမ္မနိယာမ ...... ...... | ၁၅၇ |
| ပညတ်နှင့်ပရမတ်ခွဲပုံ ...... ...... | ၁၆၁ |
| ရုပ်ဓာတ်ခွဲပုံဥပမာ ...... ...... ...... | ၁၆၄ |
| လောကသုံးပါး၏အချုပ်အခြာ ...... ...... | ၁၇၂ |
| နိဂုံး ...... ...... ...... ...... | ၁၇၂ |


နိယာမဒီပနီကျမ်းပြီး၏။

---

www.dhammaransi.com

[redacted]

# ဒါနဝဒိဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ဒါနခဏ်း

**၁။ နှစ်ပါးစု မာတိကာ**......(က) ဒါနံ၊ဒါနသည်။အာမိသ ဓမ္မတော၊ ပစ္စည်းဝတ္ထုကို ပေးလှူသော“အာမိသဒါန” မိမိသိသော တရားကျမ်းဂန် ပညာသိပ္ပကို သူတပါးတို့အား ဖြန့်ဖြူးသော “ဓမ္မဒါန”ဟူ၍လည်းကောင်း။

(ခ) သက္ကစ္စ အသက္ကစ္စတော၊ အရိုအသေ ပြု၍လှူသော “သက္ကစ္စဒါန” အရိုအသေမရှိဘဲလှူသော “အသက္ကစ္စဒါန” ဟူ၍ လည်းကောင်း။

(ဂ) ပူဇာနုဂ္ဂဟတော၊ မြတ်သောသူကိုပူဇော်မှုဖြင့် လှူဒါန်းသော “ပူဇာဒါန” ယုတ်ညံ့သောသူကို ချီးမြှင့်မှုဖြင့် လှူဒါန်းသော “အနုဂ္ဂဟဒါန” ဟူ၍လည်းကောင်း။

(ဃ) သာဟတ္ထိက အာဏတ္တိကတော၊ကိုယ်တိုင်လှူသော “သာဟတ္ထိက ဒါန” သူတပါးကိုစေခိုင်းလှူသော “အာဏတ္တိက ဒါန”ဟူ၍လည်းကောင်း။

www.dhammaransi.com



(င) ထာဝရ အထာဝရတော၊ စေတီပုထိုး စရပ် တန်ဆောင်း ဂူ ကျောင်း ဘုရား တံတား စောင်းတန်း ရေတွင်း ရေကန် အာရာမ်ဥယျာဉ် သစ်ပင်တောစိုး အစရှိသော “ထာဝရဒါန” ဆွမ်း သင်္ကန်းစသော “အထာဝရဒါန” ဟူ၍ လည်းကောင်း။

(စ) သပရိဝါရ အပရိဝါရတော၊ အပွမ်း အပံ အခြံအရံ ဝတ္ထုတို့နှင့် အစုံအလင်ပြု၍လှူသော “သပရိဝါရဒါန” အခြံအရံ မပါဘဲလှူသော “အပရိဝါရဒါန”ဟူ၍ လည်းကောင်း။

(ဆ) နိစ္စအနိစ္စတော၊အမြဲဝတ်တည်၍လှူသော“နိစ္စဒါန” ရံခါ ရံဘန်လှူသော “အနိစ္စဒါန”ဟူ၍ လည်းကောင်း။

(ဇ) သသင်္ခါရ အသင်္ခါရတော၊ သူတပါးတို့ နှိုးဆော်တိုက်တွန်း၍လှူသော “သသင်္ခါရဒါန” မိမိစိတ်သဘော သက်သက်နှင့်လှူသော “အသင်္ခါရဒါန”ဟူ၍ လည်းကောင်း။

(ဈ) ဉာဏ အဉာဏတော၊ အကျိုးကိုသိ၍ပြုသော “ဉာဏဒါန” အကျိုးကိုမသိဘဲပြုသော “အဉာဏဒါန” ဟူ၍ လည်းကောင်း။

(ည) ဝဋ္ဋဝိဝဋ္ဋတော၊လောကီချမ်းသာကိုတောင့်တ၍ လှူသော “ဝဋ္ဋနိဿိတဒါန” လောကုတ္တရာချမ်းသာကိုတောင့်တ၍ လှူသော “ဝိဝဋ္ဋနိဿိတဒါန” ဟူ၍ လည်းကောင်း။

(ဋ) ဓမ္မ အဓမ္မတော၊ ထမင်းအဖျော် စသော လှူထိုက်သောဝတ္ထုကိုလှူသော “ဓမ္မဒါန” မကောင်းမှုကို လိုလားသော သူတို့အား သေရည် သေရက် လက်နက် ကြိယာစသော မလှူထိုက်သော ဝတ္ထုတို့ကို ပေးလှူသော “အဓမ္မဒါန” ဟူ၍လည်းကောင်း။

(ဌ) ဓမ္မိက အဓမ္မိကတော၊ ရည်စူးရင်း ပုဂ္ဂိုလ် သံဃာ စေတီ ပုထိုးကိုလှူသော “ဓမ္မိကဒါန ၄-ပါး” နဂိုရ်ရည်စူးရင်းမှ ပြောင်းလွှဲ၍လှူသော “အဓမ္မိကဒါန ၄-ပါး”ဟူ၍လည်းကောင်း။

www.dhammaransi.com



(ဃ) ဝဏ္ဏဒါန အဘယဒါနတော၊ ပစ္စည်းဝဏ္ဏကို ပေးလှူသော "ဝဏ္ဏဒါန" အသက်စည်းစိမ် ဘေးမဲ့ချမ်းသာကို ပေးလှူသော ငါးပါး သီလ စသော "အဘယဒါန" ဟူ၍ လည်းကောင်း။

(င) အဇ္ဈတ္တိက ဗာဟိရတော၊အသက်ခန္ဓာအင်္ဂါကြီးငယ်ကိုလှူသော "အဇ္ဈတ္တိကဒါန"အပဝဏ္ဏကို လှူသော "ဗာဟိရဒါန"ဟူ၍ လည်းကောင်း။

(ဏ) သာဝဇ္ဇ အနဝဇ္ဇတော၊ သမင် ငါးသား နွား ကျွဲ ကြက် ဝက်တို့ကို သတ်ဖြတ် ညှဉ်းပန်းမှုနှင့်ရော၍ အပြစ်မကင်းသော"သာဝဇ္ဇဒါန" အသက်သတ်ခြင်း ညှဉ်းဆဲခြင်းမှ ကင်း၍ သန့်ရှင်းစင်ကြယ်သော"အနဝဇ္ဇဒါန" ဟူ၍ လည်းကောင်း။

(တ) အဂ္ဂ ဥက္ကဋ္ဌတော၊ အဦးအဖျား အမွန် အမြတ်ကို လှူသော "အဂ္ဂဒါန" အယုတ်အညံ့ အကြွင်းအကျန်ကို လှူသော "ဥက္ကဋ္ဌဒါန" ဟူ၍ လည်းကောင်း။

(ထ) ဟီနပဏီတတော၊ မိမိသုံးဆောင်သည့် အောက် အယုတ်အညံ့ကိုလှူသော "ဟီနဒါန" မိမိသုံးဆောင်သည်ထက် အကောင်းအမွန်ကိုလှူသော "ပဏီတဒါန" ဟူ၍ လည်းကောင်း။ ဒုဝိဓံ၊ အယုတ်အမြတ်အားဖြင့် ၂-ပါးအပြားရှိ၏။

နှစ်ပါးစုမာတိကာပြီး၏။

---

၂။ **သုံးပါးစုမာတိကာ**......(က) ဒါနံ၊ဒါနသည်။ဟီနမဇ္ဈိမပဏီတတော၊ ယုတ်ညံ့သော "ဟီနဒါန"အလယ်အလတ်ရှိသော"မဇ္ဈိမဒါန" အထွတ် အမြတ်ဖြစ်သော"ပဏီတဒါန"ဟူ၍လည်းကောင်း။

(ခ) ဒါသ သဟာယ သာမိတော၊ မိမိ သုံးဆောင်သည့် အောက် ယုတ်ညံ့သော ဝဏ္ဏကို လှူသည်ဖြစ်၍ ကျွန်နှင့်တူသော

www.dhammaransi.com



"ဒါသဒါန"မိမိသုံးဆောင်သည်နှင့်တူရုံရှိသောဝတ္ထုကို လှူသည် ဖြစ်၍ အပေါင်းအဘော်နှင့်တူသော "သဟာယဒါန" မိမိသုံး ဆောင်သည်ထက် ကောင်းမွန်သောဝတ္ထုကိုလှူသည်ဖြစ်၍အရှင် သခင်နှင့်တူသော"သာမိဒါန"ဟူ၍လည်းကောင်း။

(ဂ) ဝတ္ထု အဘယဓမ္မတော၊ ပစ္စည်းဝတ္ထုကို ပေးလှူ သော "ဝတ္ထုဒါန" သူတပါးအသက် သူတပါးဥစ္စာကို ကယ် ဆယ်သော"အဘယဒါန" တရားကျမ်းဂန်ကို ပြောပေါ ပြသ သော "ဓမ္မဒါန" ဟူ၍လည်းကောင်း။

(ဃ) လောက အတ္တ ဓမ္မတော၊ လောကကို အလေးပြု၍ လှူသော "လောကာဓိပတေယျဒါန" မိမိဂုဏ်ကို အလေးပြု၍ လှူသော "အတ္တာဓိပတေယျဒါန" သူတော်ကောင်း တရားကို အလေးပြု၍ လှူသော "ဓမ္မာဓိပတေယျဒါန" ဟူ၍လည်းကောင်း။ တိဝိဓံ၊ အယုတ်အလတ်အမြတ်အားဖြင့် ၃-ပါးအပြားရှိ၏။

သုံးပါးစုမာတိကာပြီး၏။

---

**၃။ လေးပါးစုမာတိကာ**……(က) ဒါနံ၊ ဒါနသည်။ စတု ပစ္စယတော၊ အဝတ်သင်္ကန်း ကိုလှူသော"စီဝရဒါန"အစာအာဟာရကိုလှူသော "ပိဏ္ဍပါတ ဒါန" စရပ်တန်ဆောင်း ကျောင်းအရိပ်အာဝါသကို လှူသော "သေနာသနဒါန" ဆေးဝါးခတ်စာကိုလှူသော"ဘေသဇ္ဇဒါန" ဟူ၍ လည်းကောင်း။

(ခ) ဒက္ခိဏာဝိသုဒ္ဓိတော၊ လှူသူသီလရှိ၍ ခံသူသီလမရှိ သောဒါန, ခံသူသီလရှိ၍ လှူသူသီလမရှိသောဒါန, လှူသူခံသူ ၂- ပါး သီလမရှိသောဒါန, လှူသူခံသူ ၂-ပါးသီလရှိသော ဒါနဟူ၍ လည်းကောင်း။ စတုဗ္ဗိဓံ၊ ၄-ပါးအပြားရှိ၏။

လေးပါးစုမာတိကာပြီး၏။

www.dhammaransi.com



**၄။ ငါးပါးစုမာတိကာ**······(က) ဒါနံ၊ ဒါနသည်။အဓမ္မဒါနံ တော၊မူးယစ်စေတတ်သောသေ ရည် သေရက်ကိုလှူသော ''အဓမ္မဒါန'' တပါး, ရုပ်သေး အငြိမ့် စသော ကချေသဘင်ကိုလှူသော''အဓမ္မဒါန''တပါး, ကာမဂုဏ် အတွက် နွားလားဥသဘကိုလှူသော ''အဓမ္မဒါန'' တပါး, ကာမ ဂုဏ်အတွက် မိန်းမတို့ကိုလှူသော ''အဓမ္မဒါန'' တပါး, မိန်းမ ယောကျ်ား ရှင်ခြင်းအစရှိသော ကိလေသာတို့ကို ဖြစ်စေတတ် သော ပန်းချီဆေးရေးရုပ်ကိုလှူသော ''အဓမ္မဒါန'' တပါး ဟူ၍ အဓမ္မဒါနအပြားအားဖြင့်။ပဥ္စဝိဓံ၊ ၅-ပါးအပြားရှိ၏။

ငါးပါးစုမာတိကာပြီး၏။

---

**၅။ ခြောက်ပါးစုမာတိကာ**······(က) ဒါနံ၊ဒါနသည်။ဝဏ္ဏ ဒါနံ၊ အဆင်း အရောင် ကောင်းသောပန်းမျိုး အဝတ်အထည်မျိုးဟူသော ''ရူပါရုံအလှူ''။ သဒ္ဒဒါနံ၊အသံသာယာသောကြေးစည်ခေါင်းလောင်း စောင်းပတ္တ ရားစသော''သဒ္ဒါရုံအလှူ''။ဂန္ဓဒါနံ၊အနံ့အထုံ ကောင်းသော ပန်း မျိုး နံ့သာမျိုး ဟူသော ''ဂန္ဓာရုံအလှူ''။ ရသဒါနံ၊ လျှာအရသာ ကောင်းသောခဲဘွယ်ဘောဇဉ်ဟူသော''ရသာရုံအလှူ''။ဖောဋ္ဌဗ္ဗ ဒါနံ၊အတွေ့ကောင်းသော အခင်းမျိုးအရုံမျိုးဟူသော ''ဖောဋ္ဌဗ္ဗာရုံ အလှူ''။ဓမ္မဒါနံ၊အသက်ရှည်ကြောင်း ဩဇာကောင်းသော ဆီဦး ထောပတ်ဆေးမျိုးဝါးမျိုး ဟူသော ''ဓမ္မာရုံအလှူ'' ဟူ၍လည်း ကောင်း။

(ခ) အာရာမော၊လူအများသုံးဆောင်ရန် သစ်သီးအာရာမ် ပန်းအာရာမ်ဟူသော ''ထာဝရအလှူ''။သေတု၊ တံတားနင်းကြမ်း စောင်းတန်းလှေကား ဟူသော ''ထာဝရအလှူ''။ ဝနပ္ပတိ၊ အရိပ် ကောင်းသောတောစိုးသစ်ပင်ကြီးဟူသော''ထာဝရအလှူ''။ ပပံ၊ အမြဲရေချမ်းစင်တည်သော''ထာဝရအလှူ''။ဥဒပါနံ၊သောက်ရေ

www.dhammaransi.com



ကန် သောက်ရေတွင်းဟူသော "ထာဝရအလှူ" ဥပဿယော၊ စရပ် တန်ဆောင်း ဂူ ကျောင်း ဥမင် ဟူသော "ထာဝရအလှူ" ဟူ၍လည်း ကောင်း။ ဆဗ္ဗိဓံ၊ ၆-ပါး အပြားရှိ၏။

ခြောက်ပါးစုမာတိကာပြီး၏။

---

**၆။ ခုနစ်ပါးစုမာတိကာ**……(က) ဒါနံ၊ ဒါနသည်။ သံဃိကတော၊ ဘုရားအမှူးရှိသော ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ နှစ်ပါးစုံကိုလှူသော သံဃိကဒါနတပါး။

သက်သက်သော ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ နှစ်ပါးစုံကို လှူသော သံဃိကဒါနတပါး။

ဘိက္ခုသံဃာသက်သက်အား လှူသောသံဃိကဒါနတပါး။

ဘိက္ခုနီသံဃာသက်သက်အား လှူသော သံဃိကဒါနတပါး။

ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ နှစ်ပါးစုံတို့မှ ညွှန်း၍ ရသော သံဃာအား လှူသော သံဃိကဒါနတပါး။

ဘိက္ခုသံဃာမှ ညွှန်း၍ရသော သံဃာအားလှူသော သံဃိကဒါနတပါး။

ဘိက္ခုနီသံဃာမှညွှန်း၍ရသော သံဃာအားလှူသော သံဃိကဒါနတပါး။

ဟူ၍သံဃိကဒါနအပြားအားဖြင့်။ သတ္တဝိဓံ၊ ၇-ပါးအပြားရှိ၏။

ခုနစ်ပါးစုမာတိကာပြီး၏။

---

**၇။ ရှစ်ပါးစုမာတိကာ**……(က)ဒါနံ၊ဒါနသည်။ဒါနုပပတ္တိ၊ လူ့ချမ်းသာကို တောင့်တ၍ ပြုသော ဒါနသည် လူ့ချမ်းသာ၌သာဖြစ်သော ဒါနတပါး။

www.dhammaransi.com



နတ်ချမ်းသာကို အသီးအသီး တောင့်တ၍ပြုသော ဒါနသည် နတ်ပြည်ခြောက်ထပ်၌သာဖြစ်သော ဒါန ၆-ပါး။

ဗြဟ္မာ့ချမ်းသာကို တောင့်တ၍ ပြုသောဒါနသည် ဗြဟ္မာ့ချမ်းသာ၌သာဖြစ်သော ဈာနလာဘီ ပုဂ္ဂိုလ် တို့၏ ဒါနတပါး ဟူ၍။ အဋ္ဌဝိဓံ၊ ၈-ပါးအပြားရှိ၏။

ရှစ်ပါးစု မာတိကာပြီး၏။

---

၈။ **ကိုးပါးစုမာတိကာ**......(က) ဒါနံ၊ ဒါနသည်။ အခမ္ဘိကတော၊ တပါးသော ပုဂ္ဂိုလ်ကို ညွှတ်ပြီးမှ တခြားသောပုဂ္ဂိုလ်ကို လှူသော အခမ္ဘိကဒါန တပါး။

ပုဂ္ဂိုလ်ကိုညွှတ်ပြီးမှ သံဃာကိုလှူသော အခမ္ဘိကဒါန တပါး။

ပုဂ္ဂိုလ်ကိုညွှတ်ပြီးမှ စေတီကိုလှူသော အခမ္ဘိကဒါနတပါး။

သံဃာကိုညွှတ်ပြီးမှပုဂ္ဂိုလ်ကိုလှူသော အခမ္ဘိကဒါနတပါး။

တပါးသောသံဃာကို ညွှတ်ပြီးမှ တခြားသော သံဃာကို လှူသော အခမ္ဘိကဒါနတပါး။

သံဃာကိုညွှတ်ပြီးမှ စေတီကိုလှူသော အခမ္ဘိကဒါနတပါး။

စေတီကိုညွှတ်ပြီးမှ ပုဂ္ဂိုလ်ကိုလှူသော အခမ္ဘိကဒါနတပါး။

စေတီကိုညွှတ်ပြီးမှ သံဃာကိုလှူသော အခမ္ဘိကဒါနတပါး။

တပါးသော စေတီကိုညွှတ်ပြီးမှ တခြားသောစေတီကို လှူသော ,အခမ္ဘိကဒါနတပါးဟူ၍ အခမ္ဘိကဒါနအပြားအားဖြင့်။ နဝဝိဓံ၊ ၉-ပါးအပြားရှိ၏။

ကိုးပါးစု မာတိကာပြီး၏။

---

၉။ **ဆယ်ပါးစု မာတိကာ**......(က) ဒါနံ၊ ဒါနသည်။ အန္နံ၊ ထမင်းအစာမျိုးကိုလှူသော "အန္နဒါန" တပါး။

ပါနံ၊ အဖျော်မျိုးကိုလှူသော "ပါနဒါန" တပါး။

www.dhammaransi.com



ဓဇရံ၊ နေရာအိပ်ကျောင်းကိုလှူသော “ဓဇရဒါန”တပါး။
ဝတ္ထံ၊ အဝတ်အထည်မျိုးကိုလှူသော “ဝတ္ထဒါန”တပါး။
မာလာ၊ ပန်းမျိုးကိုလှူသော “မာလာဒါန”တပါး။
ဂန္ဓော၊ နံ့သာမျိုးကိုလှူသော “ဂန္ဓဒါန”တပါး။
ဝိလေပနံ၊ အညက်ကြိတ်ပြီးသော နံ့သာပျောင်းကိုလှူသော “ဝိလေပနဒါန”တပါး။

သေယျံ၊ ညောင်စောင်း ကုတင် အင်းပျဉ် ကွပ်ပျစ် ဖျာယိုင်သင်ဖြူး အခင်းအနှီးမျိုးကိုလှူသော“သေယျဒါန”တပါး။

အာဝသထော၊ ဧည့်သည်တို့တည်းခိုရန်စရပ်တန်ဆောင်းကိုလှူသော“အာဝသထဒါန”တပါး။

ပဒီပေယျံ၊ အရောင်အလင်း အဆောက်အဦကို လှူသော“ပဒီပေယျဒါန”တပါး။

ဝတ္ထုတော၊ဝတ္ထုအားဖြင့်။ ဒသဝိဓံ၊ ၁၀-ပါးအပြားရှိ၏။

ဆယ်ပါးစုံ မာတိကာပြီး၏။

---

**၁၀။ ဆယ့်လေးပါးစုမာတိကာ**……(က) ဒါနံ၊ဒါနသည်။ ပုဂ္ဂလိကတော၊ “တိရစ္ဆာန်”သတ္တဝါအား ပေးလှူသော ပုဂ္ဂလိကဒါနတပါး။

မှုဆိုးတံငါ စသော“ဒုဿီလ”တို့အားပေးလှူသော ပုဂ္ဂလိကဒါနတပါး။

သရဏဂုံမရှိသော သာသနာပ“လူသီလဝန္တ”တို့အားပေးလှူသော ပုဂ္ဂလိကဒါနတပါး။

သာသနာပ“ဈာန်ရ ရသေ့”တို့အား ပေးလှူသော ပုဂ္ဂလိကဒါနတပါး။

သရဏဂုံသီလရှိသော “လူသာမညာ”တို့မှစ၍“သောတာပတ္တိမဂ် ပုဂ္ဂိုလ်”တို့အား ပေးလှူသော ပုဂ္ဂလိကဒါနတပါး။

www.dhammaransi.com



"သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်"အား ပေးလှူသော ပုဂ္ဂလိကဒါနတပါး။

"သကဒါဂါမိမဂ် ပုဂ္ဂိုလ်"အား ပေးလှူသော ပုဂ္ဂလိကဒါနတပါး။

"သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်"အား ပေးလှူသော ပုဂ္ဂလိကဒါနတပါး။

"အနာဂါမိမဂ်ပုဂ္ဂိုလ်"အား ပေးလှူသော ပုဂ္ဂလိကဒါနတပါး။

"အနာဂါမိဖိုလ်ပုဂ္ဂိုလ်"အားပေးလှူသောပုဂ္ဂလိကဒါနတပါး။

"အရဟတ္တမဂ်ပုဂ္ဂိုလ်"အား ပေးလှူသော ပုဂ္ဂလိကဒါနတပါး။

"အရဟတ္တဖိုလ်ပုဂ္ဂိုလ်"အား ပေးလှူသော ပုဂ္ဂလိက ဒါနတပါး။

"ပစ္စေကဗုဒ္ဓါ"အား ပေးလှူသော ပုဂ္ဂလိက ဒါနတပါး။

"သဗ္ဗညုဘုရား"အား ပေးလှူသော ပုဂ္ဂလိက ဒါနတပါး။

ဟူ၍ ပုဂ္ဂလိကဒါနအပြားအားဖြင့်။ ဓုဒ္ဒသဝိဓံ၊ ၁၄-ပါး အပြားရှိ၏။

(အလှူခံပုဂ္ဂိုလ် ၄-ယောက် အရကျက်ရန်)
ဆယ့်လေးပါးစု မာတိကာပြီး၏။
ဒါနခဏ်း၌ မာတိကာ အစဉ် ပြီး၏။

---

# ဒါနခဏ်းအဓိပ္ပါယ်

**သုဿုသာ လဘတေ ပညံ၊ ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။**

သုဿုသာ၊ ပညာရှိတို့စကားကို ရိုသေလေးမြတ်စွာ နာခံမှု။ ပညံ၊ အသိပညာအလိမ္မာကို။ လဘတေ၊ ရတတ်၏။ ဥဋ္ဌာတာ၊ နေ့နေ့ညည ထကြွပေါ့ပါး အလကားမနေတတ်မှု။ ဓနံ၊ ဥစ္စာကို။ ဝိန္ဒတေ၊ ရတတ်၏။ (ပါဠိတော်ရစေ)

**သုဝိဇာနော ဘဝံ ဟောတိ၊ ဒုဗ္ဗိဇာနော ပရာဘဝေါ။**

သုဝိဇာနော၊ ကောင်းကောင်း လိမ္မာသောသူသည်။ ဘဝံ၊ ပစ္စုပ္ပန်သံသရာနှစ်ဖြာကောင်းကျိုး တိုးပွါးစည်ကားသည်။ ဟော

www.dhammaransi.com



တိ၊ ဖြစ်၏။ ဒုဗ္ဗိဇာနော၊ အသိအလိမ္မာ ပညာနည်းပါးသောသူ သည်။ ပရာဘဝေါ၊ ဘဝအဆက်ဆက် ပျက်စီးယုတ်ညံ့သည်။ ဟောတိ၊ ဖြစ်၏။ (ပါဠိတော်ရစေ)

**ဓမ္မကာမော ဘဝံ ဟောတိ၊ ဓမ္မဒေဿီ ပရာဘဝေါ။**

ဓမ္မကာမော၊ အသိတရား အကျင့်တရားကို လိုလားသောသူ သည်။ ဘဝံ၊ ပစ္စုပ္ပန်သံသရာ ချမ်းသာစီးပွါး များမြတ်သည်။ ဟောတိ၊ ဖြစ်၏။ ဓမ္မဒေဿီ၊ အသိတရား အကျင့်တရားကို မလို လားသောသူသည်။ ပရာဘဝေါ၊ ဘဝအဆက်ဆက်ပျက်စီးဆုံးရှုံး သည်။ ဟောတိ၊ ဖြစ်၏။ (ပါဠိတော်ရစေ)

**ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။**

ကလျာဏကာရီ၊ အကောင်းအမွန်ကို ပြုလေ့ရှိသောသူသည်။ ကလျာဏံ၊ အကောင်းအမွန်ကို။ လဘတေ၊ ရတတ်၏။ ပါပကာရီ၊ မကောင်းမှုကို ပြုလေ့ရှိသောသူသည်။ ပါပကံ၊ မကောင်းမှုကို။ လဘတေ၊ ရတတ်၏။ (ပါဠိတော်ရစေ)

[ယခုဘဝအကောင်းကိုပြုမှ နောက်နောက်ဘဝ အကောင်းကို ရသည်။ ယခုဘဝမကောင်းသည်ကိုပြုလျှင် နောက်နောက်ဘဝ မကောင်းသည်ကိုရသည်။]

**ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။**

ယာဒိသံ၊ အကြင်သို့သဘောရှိသော။ ဗီဇံ၊ မျိုးစေ့ကို။ ဝပတေ၊ စိုက်ပျိုး၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဖလံ၊ အသီးကို။ ဟရတေ၊ ဆောင်၏။ (ပါဠိတော်ရစေ)

[ဆန်ဖြူဆန်ကောင်းမျိုးကို စိုက်ပျိုးမှ ဆန်ဖြူစပါး ဆန်ကောင်း စပါး ဖြစ်ထွန်းသည်။ ဆန်နီ ဆန်ကြမ်းမျိုးကို စိုက်ပျိုးလျှင် ဆန် နီစပါး ဆန်ကြမ်းစပါး ဖြစ်ထွန်းသည်။ အချဉ်မျိုး အခါးမျိုးကို စိုက်လျှင် အချဉ်သီး အခါးသီးသာသီးသည်။ အချိုမျိုး အဆိမ့်မျိုး ကိုစိုက်မှ အချိုသီး အဆိမ့်သီး သီးသည်။ လောကမျက်မြင် ဥပမာ။]

www.dhammaransi.com



## သဒိသံ ပါကံ ဇနေတိ။

သဒိသံ၊အကြောင်းကံနှင့်တူသော။ ပါကံ၊ အကျိုးကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ (အဋ္ဌကထာ ရစေ)

[ကုသိုလ်ကံ အကုသိုလ်ကံတို့ မည်သည် များသောအားဖြင့် ကံနှင့်အလားတူတတ်သည်။]

## မနာပဒါယီ လဘတေ မနာပံ။

မနာပဒါယီ၊ အလှူခံပုဂ္ဂိုလ် နှစ်သက်ဘွယ်ကို လှူဒါန်းလေ့ရှိသောသူသည်။ မနာပံ၊နှစ်သက်ဘွယ်သောအကျိုးကို။လဘတေ၊ ရတတ်၏။ (ပါဠိတော်ရစေ)

တနည်းကား။ ။မနာပဒါယီ၊ မိမိနှစ်သက်သော ဝတ္ထုကို လှူဒါန်းသောသူသည်။ မနာပံ၊ နှစ်သက်ဘွယ်သော အကျိုးကို။ လဘတေ၊ ရတတ်၏။ [မိမိနှစ်သက်မှ သူတပါးလည်း နှစ်သက်မည်, အလှူခံနှစ်သက်မှ အလှူလည်း အကျိုးကြီးမည်ဟုသိ၍ မိမိနှစ်သက်လောက်မှ သူတပါးကိုလည်းပေးလှူသူသည် မနာပဒါယီမည်၏။ အလှူခံနှစ်သက်သည်သာလိုရင်း။ သည့်က နောက်ကို စကားပြင်သက်သက်ရမှာ အရမကျက်နှင့်။ မှတ်မိအောင်ကြည့်။ ပါဠိအနက်ဖြစ်လျှင် အရကျက်။]

---

**နှစ်ပါးစုအဓိပ္ပါယ်** .... (က)ဒါနနှစ်ပါးစုတို့တွင်အာမိသဒါန, ဓမ္မဒါနနှစ်ပါးတွင် ဓမ္မဒါနမြတ်သည်။

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

သဗ္ဗဒါနံ၊ အလုံးစုံသော အာမိသအလှူကို။ ဓမ္မဒါနံ၊ တရားအလှူက။ ဇိနာတိ၊ အောင်၏။ (ပါဠိတော်ရစေ)

[အာမိသအလှူ, ဓမ္မအလှူနှစ်ပါးပြိုင်ကြလျှင် ဓမ္မအလှူက နိုင်သည်သာဟူလို။ အာမိသအလှူကား ဥစ္စာစည်းစိမ်ကို ပေးတတ်သည်။ဓမ္မအလှူကား အသိအလိမ်မာဉာဏ်ပညာကိုပေးတတ်သည်။]

ဖြစ်ပြီ

www.dhammaransi.com



(ခ) သက္ကစ္စဒါန,အသက္ကစ္စဒါနနှစ်ပါးတွင်သက္ကစ္စဒါနမြတ်သည်။ သက္ကစ္စ မပြောက်သော အလှူသည် အကျိုးပေးသော အခါ ထိုသူကို မိမိ၏သားမယား ကျေးကျွန်တို့ကပင် ရိုသေခြင်းမရှိကုန်။သက္ကစ္စ ပြောက်သောအလှူသည် အကျိုးပေးသောအခါထိုသူကို အများရိုသေရသည်။ **သဒ္ဒိသံ ပါကံ ဇနေတိ။**

(ဂ) ပူဇာဒါန, အနုဂ္ဂဟဒါနနှစ်ပါးတွင် ပူဇာဒါနမြတ်သည်။သို့သော်လည်း အနုဂ္ဂဟဒါနကိုလည်း အလေးပြုရသည်ပင်။ အနုဂ္ဂဟဒါနပင်ဖြစ်သော်လည်း စေတနာ ထက်ထက်နှင့် သက္ကစ္စပြောက်အောင် လှူရမည်။ ခွေး ဝက် ကြက် ငှက်ကိုပင် ကျွေးမွေးသော်လည်း ကောင်းမွန်စွာစီစဥ်၍ ကျွေးမွေးလျှင် သက္ကစ္စဒါနဖြစ်၏။မြေအလူးလူး ရွှံ့အလူးလူးပုံ၍ကျွေးလျှင်အသက္ကစ္စဖြစ်၏။

(ဃ) သာဟတ္ထိကဒါန,အာဏတ္တိကဒါန နှစ်ပါးတွင် သာဟတ္ထိကဒါနမြတ်၏။ ကိုယ်တိုင်ပင်မထတဲ့ သူတပါးကိုသာ ခိုင်းစေ၍ လှူသောဒါနသည် အကျိုးပေးသောအခါ အခြွေအရံ နည်းတတ်သည်။ ။ရာဇညမင်းကြီးသည် အာဏတ္တိက ဒါနအတွက် စာတုမဟာရာဇ်နတ်ပြည်တွင် ဘုံဟောင်း ဗိမာန်ဟောင်းကြီး တချို့ အခြွေအရံမရှိဘဲ တယောက်အထီးတည်း နတ်ကြီးဖြစ်ရသည်ဟု ကျမ်းဂန်ရှိသည်။ ။ထိုကြောင့် တတ်နိုင်လျက်နှင့် အထပျင်းသည့်အတွက် သူတပါးကိုသာ မခိုင်းကြနှင့်။သာဟတ္ထိက ပြောက်အောင်ပြုကြ။

(င) ထာဝရဒါန, အထာဝရဒါနနှစ်ပါးတွင် ထာဝရဒါန အကျိုးပေးခိုင်မြဲသည်။ နေ့စဥ်ဝတ်တည်၍ပြုသော ဆွမ်းစသော နိစ္စဘတ်ဒါနသည်လည်း ထာဝရဒါန အလားရှိ၏။

## တေသံ ဒိဝါစ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။

တေသံ၊ ထိုထာဝရဒါန, နိစ္စဘတ်ဒါနရှိကြကုန်သော သူတို့အား။ဒိဝါစ၊နေ့၌၎င်း။ ရတ္တော စ၊ညဥ့်၌၎င်း။ သဒါ၊အခါခပ်သိမ်း။

www.dhammaransi.com



ပုညံ၊ ကုသိုလ်သည်။ ပဝဍ္ဍတိ၊ ဖြစ်ရေအယဉ်ကဲ့သို့ပွါးစီး၏။ (ပါဠိတော်ရစေ)

(၈) သပရိဝါရဒါန,အပရိဝါရဒါနနှစ်ပါးတွင် သပရိဝါရဒါနမြတ်၏။ ။သက်န်းကိုလှူလျှင် သက်န်းသက်သက် လှူသည်ကား အပရိဝါရဒါနမည်၏။ ။သက်န်းလှူလျှင် သက်န်းနှင့် စပ်သော အခြံအရံစုကို အစုံအလင်ပြု၍ လှူသည်ကားသပရိဝါရဒါနမည်၏။အလုံးစုံသော အလှူဝတ္ထုတို့မှာလည်း ဤနည်းချည်း။ ။ အပရိဝါရဒါနသည် အကျိုးပေးသောအခါ ထမင်းကို လိုလျှင် ထမင်းသက်သက်ကိုသာ ရတတ်၏။ ''ပျားရှိ၍ ဖက်မရှိ, ဖက်ရှိ၍ ပျားမရှိ''ဆိုဘိသကဲ့သို့ ဖြစ်တတ်၏။ သပရိဝါရဒါနမှာ အကျိုးပေးသောအခါ ထမင်းကိုအလိုရှိလျှင် ထမင်း၏ အခြံ အရံ ဖြစ်သော ဟင်းကျွေး ဟင်းလျာ အစုံအလင် ဘောဇဉ် ခဲဘွယ် ပုဂံ အုပ်ခွက် လက်ဘက် ဆေးကွမ်းနှင့်တကွ ရတတ်၏။ **သဒိသံ ပါကံ ဇနေတိ။**

(၁၀) နိစ္စဒါန, အနိစ္စဒါနနှစ်ပါးသည် ထာဝရဒါန, အထာဝရဒါနနှင့်အလားတူ၏။ နိစ္စဒါန, ထာဝရဒါန တခုခု ရှိသောသူသည် သောတာပန်နှင့်အလားတူ၏။ သေလျှင် နတ်ရွာ သုဂတိဘဝမြဲ၏ဟု **အင်္ဂုတ္တိုရ်အဋ္ဌကထာ** မှာဆို၏။ ။ထိုကြောင့် လူဖြစ်သောသူသည် တခုခုသော နိစ္စဒါန, တခုခုသော ထာဝရဒါန ရှိသင့်လှတော့သည်။

(၁၁) သသင်္ခါရဒါန, အသင်္ခါရဒါနနှစ်ပါးတွင် အသင်္ခါရဒါနမြတ်၏။ သူတပါးတိုက်တွန်း၍ ပြုရသော အလှူသည် အကျိုးပေးသောအခါ လှူလည်းထိုင်းမှိုင်းတတ်၏။ပစ္စည်းဥစ္စာအကျိုးပေးလည်းထိုင်းမှိုင်းတတ်၏။ ။အသင်္ခါရအလှူသည်အကျိုးပေးသောအခါ လှူလည်းသွက်လက်တတ်၏။ ပစ္စည်းဥစ္စာ အကျိုးပေးလည်း သွက်လက်တတ်၏။ **သဒိသံ ပါကံ ဇနေတိ။**

www.dhammaransi.com



(ဈ) ဇာနဒါန, အဇာနဒါန နှစ်ပါးတွင် ဇာနဒါန မြတ်၏။ အကျိုးအာနိသင်ကို မသိဘဲ လှူသောဒါနသည် အကျိုးပေးသောအခါ ဒွိဟိတ် အကျိုးကိုသာ ပေး၏။ ဉာဏ်ပညာ နုံတတ်၏။ ။အကျိုးအာနိသင်ကို သိ၍လှူသောဒါနသည် တိဟိတ်အကျိုးကိုပေးတတ်၏။ဉာဏ်ပညာထက်တတ်၏။ **သဒိသံ ပါကံ ဒဒါတိ။**

[ဤ''သဒိသံ ပါကံ ဒဒါတိ'' ပါဠိနှင့် ဆိုင်သမျှမှာ ''ယာဒိသံ ဝပတေ ဗီဇံ၊တာဒိသံ ဟရတေ ဖလံ''ဟူသော ပါဠိနှင့်လည်းဆိုင်လေ၏။]

(ည) ဝဋ္ဋနိဿိတဒါန, ဝိဝဋ္ဋနိဿိတဒါန နှစ်ပါးတွင် ဝဋ္ဋနိဿိတဒါနကား ပါရမီဆယ်ပါးတွင် မဝင်၊ လူနတ် ချမ်းသာကိုသာ ပေးနိုင်၏၊ နိဗ္ဗာန်မဂ်ဖိုလ်ကိုမဆောင်နိုင်။ ဝိဝဋ္ဋနိဿိတ ဒါနသည်သာ ပါရမီဆယ်ပါးတွင် ဒါနပါရမီမည်၏။ လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာတည်းဟူသော ချမ်းသာသုံးပါးကို ဆောင်နိုင်၏။ ။ဒါနပါရမီ,သီလပါရမီ,နိက္ခမပါရမီ,ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာန် ပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီ။ (ပါရမီဆယ်ပါးရစေ)

(ဋ) ဓမ္မဒါန, အဓမ္မဒါန နှစ်ပါးတွင် အဓမ္မဒါနသည် ကုသိုလ်ရသော ဒါနမဟုတ်။ အကုသိုလ်ဖြစ်သော ဒါနသာတည်း။ အထက်၌ အဓမ္မဒါနငါးပါးလာလိမ့်မည်။

(ဌ) ဓမ္မိကဒါန,အဓမ္မိကဒါန နှစ်ပါးတွင် အဓမ္မိကဒါနသည် ကုသိုလ်မရဟုဆိုကြ၏။ ကုသိုလ်မရလုံးလုံးမဟုတ်။ အရနည်းသည်ဟုဆိုကြကုန်၏။ ။အဓမ္မိကဒါန ၉-ပါး အထက်မှာလာလတ္တံ့။

(ဍ) ဝဏ္ဏဒါန, အဘယဒါန နှစ်ပါးတွင် အဘယဒါန မြတ်သည်။ ။ငါးပါးသီလများသည် အဘယဒါနမျိုးတွင် ဝင်၏။

(ဎ) အဇ္ဈတ္တိကဒါန,ဗာဟိရဒါန နှစ်ပါးတွင် မွန်မြတ်သော ကိုယ်အင်္ဂါကိုလှူသော အဇ္ဈတ္တိကဒါနမြတ်၏။

www.dhammaransi.com



(ဏ) သာဝဇ္ဇ, အနဝဇ္ဇနှစ်ပါးတွင် အနဝဇ္ဇဒါန မြတ်၏။ ။ သာဝဇ္ဇဒါနသည် အကျိုးပေးသောဘဝ၌ ကိုယ်တွင်းရန် ကိုယ်ပရန်များတတ်၏။စည်းစိမ်ဥစ္စာအတွက် အသက်ခန္ဓာဆုံးရတတ်၏။

(တ) အဂ္ဂဒါန,ဥစ္ဆိဋ္ဌဒါနနှစ်ပါးတွင် အဂ္ဂဒါနမြတ်၏။ သို့သော်လည်း အလှူခံပုဂ္ဂိုလ်နှစ်သက်လျှင် အကြွင်းအကျန် အယုတ်အညံ့ပင်ဖြစ်သော်လည်း အကျိုးကြီးပါ၏။ ။စေတနာ ထက်ထက်နှင့် သဏ္ဌာန်စွဲမြောက်အောင်သာပြု။ ။ချမ်းသာသောသူတို့၏ အကြွင်းအကျန်သည် ဆင်းရဲလှသောသူတို့မှာ အကောင်းအမွန်ပင် ဖြစ်၏။ လူတို့၏ အကြွင်းအကျန်သည် ခွေး ဝက် ကြက် ငှက် တို့မှာ အကောင်းအမွန်ပင် ဖြစ်ပေ၏။

(ထ) ဟီနဒါန, ပဏီတဒါန နှစ်ပါးတွင် ပဏီတဒါန မြတ်၏။ သို့သော်လည်း အလှူခံပုဂ္ဂိုလ်မှာ အကျိုးများခဲ့သော်ငြား အလှူခံပုဂ္ဂိုလ် နှစ်သက်ခဲ့သော်ငြား ယုတ်ညံ့သော အလှူဝတ္ထုပင် ဖြစ်သော်လည်း စေတနာ ထက်ထက်နှင့် သဏ္ဌာန် မြောက်အောင် လှူလျှင် အကျိုးကြီးပါ၏။

နှစ်ပါးစု အဓိပ္ပါယ်ပြီး၏။

---

**သုံးပါးစုအဓိပ္ပါယ်**......(က) သုံးပါးစုတို့၌ အကျော်အစောကို တောင့်တ၍ ပြုသော ဒါနသည် ဟီနဒါနဖြစ်၏။လူချမ်းသာ နတ်ချမ်းသာဟူသောအကျိုးကို တောင့်တ၍လှူသောဒါနသည် မဇ္ဈိမဒါနဖြစ်၏။ အရိယာတို့၏ အလေ့အကျက် အလောင်းအလျာတို့၏ အလေ့အကျက်ကို အလေးဂရုပြု၍လှူသောဒါနသည် ပဏီတဒါနမည်၏။

**တနည်းကား**

လူချမ်းသာ နတ်ချမ်းသာဟူသော အကျိုးကို တောင့်တ၍ လှူသောဒါနသည် ဟီန။ ။သာဝကဗောဓိ ပစ္စေကဗောဓိကို တောင့်တ၍ပြုသောဒါနသည် မဇ္ဈိမ။ ။သဗ္ဗညုဗောဓိကို တောင့်တ၍ပြုသောဒါနသည် ပဏီတ။

www.dhammaransi.com



[ထိုကြောင့် ကုသိုလ်ကောင်းမှုကိုပြုလျှင် အမှတ်တမဲ့ မပြုရ၊ ဗောဓိသုံးပါးတွင် တပါးပါးကို ရည်သန်ရမည်၊ တောင့်တရမည်ဟု ပြောဆိုလေ့ရှိကြပေကုန်၏။ ဗောဓိဆိုသည်ကား မဂ်ဉာဏ်ပေတည်း။]

ဗောဓိ ဝုစ္စတိ စတူသု မဂ္ဂေသု ဉာဏံ။ (ပါဠိတော်)

စတူသု မဂ္ဂေသု၊မဂ်လေးပါးတို့၌။ ဉာဏံ၊ ဉာဏ်ကို။ဗောဓိ၊ ဗောဓိဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

ဗောဓိဆိုသည် သာဝကဗောဓိ, ပစ္စေကဗောဓိ, သဗ္ဗညုဗောဓိဟူ၍ သုံးပါးရှိ၏။ သာဝကဗောဓိသည် အဂ္ဂသာဝကဗောဓိ, မဟာသာဝကဗောဓိ, ပကတိသာဝကဗောဓိဟူ၍ သုံးပါးရှိပြန်၏။ ။သဗ္ဗညုဗောဓိသည်လည်း ပညာဓိက, သဒ္ဓါဓိက, ဝိရိယာဓိကဟူ၍ သုံးမျိုးရှိပြန်၏။

ပညာဓိကမှာ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရသည်။
သဒ္ဓါဓိကမှာ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း။
ဝိရိယာဓိကမှာ တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း။
ပစ္စေကဗောဓိမှာ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း။

ရှင်သာရိပုတ္တရာ,ရှင်မောဂ္ဂလာန် နှစ်ပါးတို့ကဲ့သို့ အမြတ်ဆုံးဖြစ်သော လက်ျာရံကြီး,လက်ဝဲရံကြီး နှစ်ပါးသည် "**အဂ္ဂသာဝက**" မည်၏။ ထိုအဂ္ဂသာဝက ဗောဓိမှာ တသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်မှရသည်။

ရှင်အာနန္ဒာ,ရှင်အနုရုဒ္ဓါ, ရှင်မဟာကဿပ အစရှိကုန်သော လက်ျာရံ ၄-ကျိပ် လက်ဝဲရံ ၄-ကျိပ် ၅၊ ၈-ကျိပ်သောပုဂ္ဂိုလ်တို့သည် "**မဟာသာဝက**"မည်ကုန်၏။ ထိုမဟာသာဝကဗောဓိသည်ကမ္ဘာတသိန်း ပါရမီဖြည့်မှ ရသည်။ သည်မှ ကြွင်းသော ဘုရားတပည့်သား အရိယာသာဝက ဟူသမျှသည် လူဖြစ်စေ

www.dhammaransi.com



ရဟာန်းဖြစ်စေနတ်ပြဟ္မာဖြစ်စေ"**ပကတိသာဝက**"မည်၏။ ။ထို ပကတိသာဝကဗောဓိမှာ ကမ္ဘာတရာ ကမ္ဘာတထောင် ပါရမီ ဖြည့်မှုရသည်ဟုဆိုကြ၏။ပကတိသာဝက ဆုကိုမူကား ကောင်း ကောင်း ပါရမီဖြည့်နိုင်လျှင် နှစ်ဘဝ သုံးဘဝနှင့်ပင် ရပါ၏ဟူ၍ လည်းဆိုကြကုန်၏။

(က) ဒါနဒါသ,ဒါနသဟာယ, ဒါနသာမိ သုံးရပ်တွင် ဒါန သာမိဖြတ်၏။ သို့သော်လည်း အလှူခံပုဂ္ဂိုလ်အားလျော်စွာ ရှိသေး သည်။အလှူခံပုဂ္ဂိုလ်မှာ အကျိုးများ၍ အလှူခံနှစ်သက်၍ ရှိလျှင် ဒါသ,သဟာယပင် ဖြစ်သော်လည်း အကျိုးကြီးပါ၏။ စေတနာ ထက်ထက်နှင့် သဏ္ဍာန်စွာဖြောက်အောင်သာလိုသည်။

(ခ) ဝတ္ထု,အဘယ,ဓမ္မဒါနမှာ ထင်ရှားပြီ။

(ဂ) လူကဲ့ရဲ့မည် စိုး၍ လှူသော ဒါနသည် လောကာဓိ ပတေယျဒါနမည်၏။ ရံခါရံဖန် စေတနာ သဒ္ဓါမရှိလှဘဲနှင့် လူ ကဲ့ရဲ့မည်စိုး၍ ပေးရလှူရသော ဒါနလည်းရှိကြ၏။ ထိုဒါနကို လောကာဓိပတေယျဒါနဆိုသည်။ ။စေတနာသဒ္ဓါ မရှိလှဘဲ လျက်မိမိဂုဏ်သိရ် အရှိန်အဝါနှင့် ပေးလှူမှပင် လျော်မည်ဟု ပေးလှူကြသောအရာလည်း ရှိကြသည်။ ထိုအလှူသည် အတ္တာဓိ ပတေယျဒါနမည်၏။ ။ဆိုက်ရောက်လာသော အလှူခံပုဂ္ဂိုလ် အလိုရှိ၍ တောင်းရမ်းသောသူတို့အား တတ်နိုင်သမျှ ငွေပေး ကမ်း လှူဒါန်းစွန့်ကြဲ ကျွေးမွေး ထောက်ပံ့မှုသည် ဘုရား အလောင်း, ပစ္စေကအလောင်း, အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝကအလောင်း သူတော်ကောင်း တို့၏ အမှုပေ တည်းဟု သူတော်ကောင်းတရားကို အလေးပြု၍ ပေးလှူသော ဒါနသည်ဓမ္မာဓိပတေယျဒါနမည်၏။ဤဓမ္မာဓိပတေယျ ဒါနသည် မြတ်၏။

သုံးပါးစုအဓိပ္ပါယ် ပြီး၏။

www.dhammaransi.com



**လေးပါးစုအဓိပ္ပါယ်**......(က)စတုပစ္စယဒါနဩ ပစ္စည်းဝတ္ထု အလှူရတွင် သံဃိကကျောင်းအလှူ

သည် အမြတ်ဆုံးပေတည်း။

**ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။**

သံဃဿ၊စတုဒိသာ လာလာသမျှသော သဃ်ာအား။ဝိဟာရ ဒါနံ၊ကျောင်းအလှူကို။ အဂ္ဂံ၊ အမြတ်ဆုံ ဟူ၍။ ဗုဒ္ဓေန၊ ငါဘုရား သည်။ဝဏ္ဏိတံ၊ချီးမွမ်းအပ်၏။ (ပါဠိတော်ရစေ)

တခြားတပါးသော အလှူတို့မှာ "သဒိသံ ဖလံ ဇနေတိ"ဟူ သည်နှင့်အညီ အလှူနှင့်လျော်ရာ လျော်ရာပေးကြသည်သာ များ သည်။ ကျောင်းအလှူမှာမူကား အလုံးစုံကို ပေးနိုင်သည်ဟု ဟောတော်မူသည်လည်းရှိ၏။

**သောစ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ။**

ယော၊အကြင်သူသည်။ ဥပဿယံ၊ကျောင်းအလှူကို။ ဒဒါတိ၊ ဆောက်လုပ်လှူဒါန်း၏။သော၊ထိုသူသည်။ သဗ္ဗဒဒေါ၊ အလုံးစုံကို ပေးလှူသည်မည်သည်။ဟောတိ၊ဖြစ်၏။ (ပါဠိတော်ရစေ)

ဒက္ခိဏာဝိသုဒ္ဓိ လေးပါးတွင် အလှူပေး အလှူခံ ၂-ပါးသီလ ရှိသော အလှူသည် မြတ်သည်။ ။တပါးပါးရှိလျှင်လည်းသင့်ရုံ ရှိ၏။

လေးပါးစုအဓိပ္ပါယ်ပြီး၏။

---

**ငါးပါးစုအဓိပ္ပါယ်**.....(က) ငါးပါးရဩ သေလိုသော သူ ကို သူ့အလိုပြည့်ပါစေဟု အဆိပ်

ဆေးကိုပေးလှူအံ့,ကြိုးကိုပေးလှူအံ့, ထားလက်နက်ကို ပေးလှူအံ့, သေတွဲ့ရန်နည်းကို ပြောဟောအံ့- ကုသိုလ်မဖြစ်၊ ပါဏာတိပါတ ကံသာဖြစ်၏။ ။သူတပါးကို သတ်လိုသောသူကို သူ့အလိုပြည့် စေခြင်းငှါ ပေးလှူရာ၌လည်း ဤအတူမှတ်။ ။အဆိပ်ဆေးနှင့်မှ ပျောက်ငြိမ်းမည့် အနာရောဂါရှိသူကို အနာရောဂါ ပျောက်ငြိမ်း စေခြင်းငှါ စင်ကြယ်စွာသောစိတ်ဖြင့် အဆိပ်ဆေးကိုပေးလှူရာ၌

www.dhammaransi.com



ကား ကုသိုလ်ဒါန ဖြစ်ရပါသေး၏။ ။ပိုက်ကွန်,လေးမြှား စသော လက်နက်ကြိယာမျိုးကို အထည်ပျက်အောင်ဖျက်ဆီး၍ ကျောင်း, ဘုရားကိစ္စမှာ လှူဒါန်းလျှင်လည်း ကုသိုလ်ဒါန ဖြစ်ရပါသေး၏။

သေရည်သေရက်စသော ယစ်မျိုးများကိုလည်း မူးလောက်, ယစ်လောက်အောင် မဟုတ်တဲ့ အနည်းငယ်မျှ ဆေးဘော် ဝါး ဘက် အနေနှင့် ပေးလှူ ရာ၌ရင်း, နူနာ စသော အပဗ္ဗာဟိရ အနာ မျိုးကို ပျောက်ငြိမ်းစေခြင်းငှါ လိမ်းကျံရန် ပေးလှူရာတို့၌ရင်း ကုသိုလ်ဒါန ဖြစ်ရပါသေး၏။ ။ကချေသဘင်အလှူ၌ ကိလေ သာတရားပွါးများရန် သက်သက်ဖြစ်သော အကအခုန်, အဆို အဖွဲ့, ဓာတ်ရုပ်သေးကို ပေးလှူရာ၌သာ အကုသိုလ်ဒါန အဓမ္မ အလှူဖြစ်သည်။ ။တီးသော အဆောက်အဦ, မှုတ်သော အဆောက်အဦ ကြိယာမျိုးကို လှူရာ၌ရင်း, တီးစေ မှုတ်စေ၍ တီးသောအသံမျိုး, မှုတ်သော အသံမျိုးကို လှူရာ၌ရင်း, ရတနာ သုံးပါးနှင့် သင့်လျော်လောက်သော အသံမျိုးကို မိမိကိုယ်တိုင်ပင် တီး၍မှုတ်၍လှူရာ၌ရင်း ကုသိုလ်ဖြစ်မဆိုသာ၊ လှူရိုးထုံးစံလည်း ကျမ်းဂန်များတွင် လာပေသည်၊ အတီး,အမှု အလှူတို့မှာလည်း ကာမဂုဏ်မှုကိုမငဲ့တဲ့ အလုပ်အကျွေး ကိစ္စနှင့်လှူလျှင် အဓမ္မဒါန မဆိုသာ။

ငါးပါးစုအဓိပ္ပါယ်ပြီး၏။

---

(က-ခ)ခြောက်ပါးစုကား ထင်ရှားပြီ။

**ခုနစ်ပါးစုအဓိပ္ပါယ်**……(က) ခုနစ်ပါးစု၌ ညွှန်၍ ရသော သင်္ဃာဆိုသည်ကား မိမိက ဘယ်ပုဂ္ဂိုလ်ဟု မရည်ရွယ်ဘဲ သင်္ဃာအများထဲက တပည့်တော်ကို သင်္ဃာ တပါးပေးပါ, နှစ်ပါးပေးပါဟု မိမိအလိုရှိသလောက် မထေရ် ကြီးများကို လျှောက်ထားလေရာ မထေရ်ကြီးများက စာရင်း စဉ်ကျရာ ပုဂ္ဂိုလ်ကို ညွှန်ပြပေ၏၊ မထေရ်ကြီးများ ညွှန်ပြ၍ ကျရာပုဂ္ဂိုလ်ကိုလှူသော အလှူပေတည်း။

ခုနစ်ပါးစုအဓိပ္ပါယ်ပြီး၏။

www.dhammaransi.com



**ရှစ်ပါးစုအဓိပ္ပါယ်**……(က) ရှစ်ပါးရှ၌ ဒါနပဗ္ဗတွင် ရှစ်ပါး
သည့် ဝဋ္ဋနိဿိတ ဒါနရသာတည်း၊
ဟီနဒါနဟူ၍ပင် ဟောတော်မူသည်။

**တဿ တံ စိတ္တံ ဟီနာဓိမုတ္တံ ဟောတိ။**

တဿ၊ ထိုအလှူဒါယကာ၏။ တံစိတ္တံ၊ ထိုစိတ်သည်။ ဟီနာဓိမုတ္တံ၊အယုတ်အညံ့သို့ညွတ်သည်။ ဟောတိ၊ဖြစ်၏။ (ပါဠိတော်ရစေ)

လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာမျှတောင့်တသော စိတ်သည် အယုတ်အညံ့သို့ညွတ်သောစိတ်မည်၏။ ။နောက်ဆုံး၌ ဗြဟ္မာ့ချမ်းသာလာသည်မှာ ဒါနနှင့် ဗြဟ္မာ့ချမ်းသာကို ရနိုင်သည်မဟုတ်၊ ဈာန်ရသော အလှူဒါယကာဖြစ်၍ ဗြဟ္မာ့ချမ်းသာ လာလေသည်။

ရှစ်ပါးစုအဓိပ္ပါယ်ပြီး၏။

---

**ကိုးပါးစုအဓိပ္ပါယ်**……(က) ကိုးပါးရှ၌ တပါးသောပုဂ္ဂိုလ်
ကို ညွှတ်ပြီးမှ တခြားသော ပုဂ္ဂိုလ်
အားသော်ရင်း, သံဃာ အားသော်ရင်း, စေတီ အားသော်ရင်း လှူသောဒါနသုံးပါးသည် အခမ္ဘိကဒါနမည်၏ ဟူရာ၌ မည်သည့်ပုဂ္ဂိုလ်အား လှူမည်, မည်သည့်ပုဂ္ဂိုလ်ကို ဆောက်လုပ်မည်ဟု နှုတ်မြွက်ပြောကြားပြီးသော အလှူထည်ကို ညွှတ်ပြီးဆိုသည်။

**ပရိဏတံ နာမ ဒဿာမ ကရိဿာမာတိ ဝါစာ ဘိန္နာ ဟောတိ။**

ပရိဏတံနာမ၊ ညွှတ်ပြီးသောဝတ္ထု မည်သည်ကား။ ဒဿာမ၊ လှူကုန်အံ့။ ကရိဿာမ၊ ဆောက်လုပ်ကုန်အံ့။ ဣတိ၊ဤသို့။ ဝါစာ၊ နှုတ်ကို။ဘိန္နာ၊မြွက်ပြီးသည်။ဟောတိ၊ဖြစ်၏။ (ပါဠိတော်ရစေ)

စိတ်ထဲကရည်ရွယ်မှုကို ညွှတ်ပြီးမဆိုရ၊စိတ်ထဲက ရည်ရွယ်မှု ရှိသေးသော အလှူဝတ္ထုကို တခြားတပါးသို့ ပြောင်းလွှဲ၍ လှူရာ၌ အခမ္ဘိကဒါနဖြစ်သည် မဆိုသာပေ။

(နောက်နောက် သုံးပါး, သုံးပါးတို့၌လည်း ဤနည်းအတူမှတ်။)

www.dhammaransi.com



အဓမ္မိကဒါန ဖြစ်ခဲ့လျှင် ကုသိုလ်မရဟု ဆိုကြ၍၊ မရလုံးလုံး မဟုတ်၊ ပုဗ္ဗစေတနာက တလမ်း, မုဉ္စစေတနာ, အပရ စေတနာ တို့က တလမ်း စိနေ၍ စေတနာ ထောင့်သည့်အတွက် အဓမ္မိက ဒါနဆိုသည်၊ ကုသိုလ်မှာ ဖြစ်ပါ၏ဟူ၍လည်း ဆိုကြကုန်၏။

မည်သည့်ပုဂ္ဂိုလ်ကလှူမည်, မည်သည့်ပုဂ္ဂိုလ်ဘို့ဆောက်လုပ် မည်ဟု နှုတ်မြွက်ပြီးသော ဝတ္ထုသည် နှုတ်မြွက်သည့်အတွက် ထို ပုဂ္ဂိုလ်ဘက်သို့တဝက်ပါပြီးသကဲ့သို့ဖြစ်၏၊ထိုကြောင့် ရွှေ့ပြောင်း၍ လှူခြင်းငှါ မထိုက်ပေပြီ၊ ရွှေ့ပြောင်း၍လှူခဲ့လျှင် ဝစီသစ္စာလည်း ပျက်၏၊ ထိုပုဂ္ဂိုလ်ဘက်သို့ တဝက်ပါပြီးသောအဘို့ကို လုယက်၍ တပါးသောပုဂ္ဂိုလ်အား ပေးသည်လည်း မည်ပေ၏၊ ထိုကြောင့် အဓမ္မိကဒါနဟူ၍ ဟောတော်မူသည်။ ။ထိုဝတ္ထုကို အလှူခံသော အမှုသည်လည်း အဓမ္မိက ပဋိဂ္ဂဟ ကိုးပါးဟူ၍ ဟောတော် မူ သည်၊ မတရားသော အလှူခံကိုးပါးဆိုလိုသည်။ ။ထိုကဲ့သို့သော ဝတ္ထုများကို လှူသောသူကပင် လှူသော်လည်း ခံသောပုဂ္ဂိုလ်က သိလျှင် အလှူမခံရ၊ စေတီတော်မှကား အသက်မရှိ၍ ကိစ္စမရှိ၊ နှုတ်မြွက်ပြီးသည့် အတွက် ထိုပုဂ္ဂိုလ် ဘက်သို့ တဝက် ပါပြီး ဟူသော ယုတ္တိမှာ ထိုဝတ္ထုသည် သံဃာကို မြွက်ဆိုပြောကြားပြီး ဖြစ်၍ သံဃိက ဟူ၍ပင် ပါဠိတော်၌ ဟောတော်မူသည်။ ။ ဤသံဃိကဟူသော ပုဒ်၏အဖွင့် အဋ္ဌကထာကို ကြည့်ကြလျှင် နှုတ်မြွက်သည့်အတွက် ထိုပုဂ္ဂိုလ်ဘက်သို့ တဝက်တစိတ် ပါပြီး ရောက်ပြီး ဟူသောစကား ထင်ရှားလိမ့်မည်။

ဒုစ္စရိုက်မှုနှင့် ရရှိသော ပစ္စည်းဝတ္ထုကို လှူဒါန်းသော အလှူ သည် ကုသိုလ်ပင် ဖြစ်ငြားသော်လည်း ပစ္စည်း မစင်ကြယ်သည့် အတွက် ကဲ့ရဲ့ဘွယ်သော အလှူပင် ဖြစ်ပြန်သကဲ့သို့ ထိုအတူ နှုတ်မြွက်ပြီး၍ ညွှတ်ပြီး ကိုင်ပြီး ဆိုရသော ဝတ္ထုကို တပါးသော ပုဂ္ဂိုလ်, သံဃာ, စေတီသို့ ပြောင်းရွှေ့၍ လှူသော အလှူကိုးပါး သည်လည်း ကုသိုလ်ပင် ဖြစ်သော်လည်း ကဲ့ရဲ့ဘွယ်သောအလှူ ပင်ဖြစ်ခဲ့၍ အဓမ္မိကဒါနဟူ၍ ဟောတော်မူသည်၊ ကုသိုလ် မဖြစ်

www.dhammaransi.com



ဟူ၍ကား မဆိုသာပေ။ ညွှတ်မိသော ပုဂ္ဂိုလ်ကို ဖြေဖြေချမ်းချမ်း ပြော၍ ပြောင်းရွှေ့မှု သင့်တင့်ပါ၏။ ။လဇ္ဇီ သူတော်ကောင်း ထင်၍ လှူမည့်ဒါနမည် ဆိုပြီးနောက်မှ ထိုပုဂ္ဂိုလ်အလဇ္ဇီဒုဿီလဖြစ်၍ နေသည်ကို သိ၍ပြောင်းရွှေ့လျှင် အဓမ္မိက ဖြစ်ဦးမည်လောဟု မေးရန်ရှိ၏။ ။အဓမ္မိကပင်ဖြစ်မည်၊ သို့သော်လည်း လဇ္ဇီပုဂ္ဂိုလ်သို့ ပြောင်းရွှေ့သည့်အတွက် အကျိုး ပေးသာ၍ပေးရန်ရှိ၏၊ အဓမ္မိက ဖြစ်သည့်အတွက်လည်း အကျိုး ပေးမချောမောရှိ၏။

ကိုးပါးစုအစီပွါယ်ပြီး၏။

---

**ဆယ်ပါးစုအစိပ္ပါယ်**......(က) ဆယ်ပါးရှိ အစာအာဟာရကို လှူသော အလှူသည် အားခွန်ဗလကို အထူးအကျိုးပေး၏။

## အန္နဒေါ ဗလဒေါ ဟောတိ။

အန္နဒေါ၊ အစာထမင်းကို ပေးလှူသောသူသည်။ ဗလဒေါ၊ အားခွန်ဗလကို ပေးလှူသည် မည်သည်။ ဟောတိ၊ ဖြစ်၏။ (ပါဠိတော်ရစေ)

အဝတ်တန်းဆာကို ပေးလှူသောသူသည် အဆင်းအရောင်၏ ကောင်းခြင်းကို အထူးအကျိုးပေးတတ်၏။

## ဝတ္ထဒေါ ဝဏ္ဏဒေါ ဟောတိ။

ဝတ္ထဒေါ၊ အဝတ်သင်္ကန်းကို ပေးလှူသောသူသည်။ ဝဏ္ဏဒေါ၊ အဆင်းအရောင်ကို ပေးလှူသည် မည်သည်။ ဟောတိ၊ ဖြစ်၏။ (ပါဠိတော်ရစေ)

''ယာနံ၊ယာဉ်အလှူ''မည်သည်ကား ဘိနပ်, ခြေစွပ်ကို လှူသည်၊ ယာဉ်မျိုး, ရထားမျိုးကို လှူသည်၊ လှည်း, လှေ, ဖောင်သင်္ဘောကိုလှူသည်၊ ဆင်, မြင်းကိုလှူသည်၊ မိမိ၌ရှိသော လှည်း, လှေတို့နှင့် သူတပါးတို့ကို လိုရာအရပ်သို့ ချမ်းသာစွာ ရောက်ပါစေခြင်းငှါ လှေကူးတို့, လှည်းကူးတို့ ဖို့သည်၊ လှေခ, လှည်းခ, ရထားခ,သင်္ဘောခပေးလှူသည်၊ ဤအလှူရသည်ယာဉ်အလှူမည်၏။ ။ဤယာဉ်အလှူကို လှူသော ဒါနသည် ဖြစ်လေရာ ဘဝတို့၌

www.dhammaransi.com



ရောဂါခပ်သိမ်း အန္တရာယ်ခပ်သိမ်း ကင်းငြိမ်း၍ ဇာရိယာပုဏ် လေးပါးတို့၌ ချမ်းသာခြင်းကို အထူးပေးတတ်၏။

**ယာနဒေါ သုခဒေါ ဟောတိ။**

ယာနဒေါ၊ယာဉ်အလှူကို လှူသော သူသည်။ သုခဒေါ၊ ဇာရိ ယာပုဏ်လေးပါး ချမ်းသာခြင်းကို ပေးလှူသည်မည်သည်။ ဟော တိ၊ဖြစ်၏။ (ပါဠိတော်ရစေ)

ဆိမ်းအရောင်အလင်းကို ပေးလှူသော ဒါနသည် ဖြစ်လေရာ ဘဝတို့၌ မျက်စိအမျိုးမျိုးတို့ကို အထူးပေးတတ်၏။

ပသာဒစက္ခု,ဒိဗ္ဗစက္ခု, ဓမ္မစက္ခု, ပညာစက္ခု, သမန္တစက္ခု မျက်စိအမျိုးမျိုး။ ။မျက်စိအမြင်ထက် ကောင်းမြတ်သောအကျိုး မရှိပြီ။စရပ်တန်ဆောင်း ကျောင်းအရိပ်အာဝါသ အလှူသည် အား ခွန်ဗလ အဆင်းအရောင် ဇာရိယာပထသုခ အစရှိသော အလုံးစုံကို ပေးတတ်၏။

**သောစ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ။**

ယော၊အကြင်သူသည်။ဥပဿယံ၊ သူအများမှီခိုရာ စရပ်တန် ဆောင်း ကျောင်းအရိပ်အာဝါသကို။ဒဒါတိ၊ပေးလှူ၏။ သောစ၊ ထို သူသည်လည်း။ သဗ္ဗဒဒေါ၊ အလုံးစုံကို ပေးလှူသည်မည်သည်။ ဟောတိ၊ဖြစ်၏။ (ပါဠိတော်ရစေ)

ဝတ္ထုပစ္စည်းအလှူရတွင် သံဃိက ကျောင်းအလှူထက် အကျိုး ကြီးသော အလှူမရှိပြီ။

ဆယ်ပါးစုအဓိပ္ပါယ်ပြီး၏။

---

**ဆယ့်လေးပါးစုအဓိပ္ပါယ်**....(က) ဆယ့်လေးပါးရှဉ်ပုဂ္ဂလိက အလှူ ၁၄-ပါးတို့တွင်တိရစ္ဆာန် သတ္တဝါတို့အား တနပ်စာဝအောင် ကျွေးမွေးသော အလှူသည် ဘဝတရာတို့၌ အာယု,ဝဏ္ဏ,သုခ,ဗလ,ပဋိဘာနဟူသော ကောင်း ကျိုးငါးပါးတို့ကိုပေးနိုင်၏။ ။လူဒုဿီလအား တနပ်စာဝအောင် ပေးလှူလျှင် ဘဝတထောင်,သရဏဂုံမရှိသော သာသနာပ လူသီ

www.dhammaransi.com



လဝန္တတို့အား တနပ်စာပေးလှူလျှင် ဘဝတသိန်း, ဗျာန်ရရသော့ တို့အား တနပ်စာ ပေးလှူလျှင် ဘဝကုဋေတသိန်း, သရဏဂုံ သီလရှိသော လူသာမကောမှစ၍ သောတာပတ္တိမဂ် ပုဂ္ဂိုလ်တို့အား ပေးလှူလျှင် ဘဝအသင်္ချေ,သည်ကအထက် ဘဝအသင်္ချေချည်း။ အသင်္ချေတွေကိုသာ အဆင့်ဆင့် ကြီးလေ။ ဤအလှူခံ ၁၄–တွင် ရဟန်းဒုဿီလ ပုဂ္ဂိုလ်မပါသောကြောင့် ရဟန်း ဒုဿီလသည် အလှူခံပုဂ္ဂိုလ်မထိုက်, လှူသူမှာ ကုသိုလ်မရဟုဆိုကြကုန်၏။ ။ ရဟန်းဒုဿီလသည် လူဒုဿီလထက် ဆယ်ပါးသောအကြောင်း တို့ဖြင့် ဆယ်ဆသာကြောင်း မိလိန္ဒပဥှာ တွင်လာသည်။

**ဝေလာမသုတ်ပါဠိတော်** ၌ကား ချနှစ်နှစ် ချနှစ်လ ချနှစ်ရက် ပတ်လုံး ဇမ္ဗူဒီပါတကျွန်းလုံးကိုဘိတ်၍ လှူဒါန်းသော ဝေလာမ ပုဏ္ဏား၏အလှူထက် သောတာပန်တယောက်အား ဆွမ်းတနပ်စာ ကျွေးရသော အလှူသည်အကျိုးကြီး၏။ ။သောတာပန် တရာအား ဆွမ်းကျွေးရသည့်ထက် သကဒါဂါမိ တယောက်အား ကျွေးမွေးရ သော အလှူသည် အကျိုးကြီး၏။ ။သကဒါဂါမိတရာအား ကျွေး မွေးရသည်ထက် အနာဂါမိ တယောက်အား ကျွေးမွေးရသော အလှူသည်အကျိုးကြီး၏။ ။အနာဂါမိတရာအား ကျွေးမွေးရသည် ထက် ရဟန္တာတပါးအား ကျွေးမွေးရသော အလှူသည် အကျိုး ကြီး၏။ ။ရဟန္တာတရာကို ဆွမ်းတနပ်စာ ကျွေးမွေး ရသည် ထက်ပစ္စေကဗုဒ္ဓါတပါးကို ကျွေးမွေးရသော အလှူသည် အကျိုး ကြီး၏။ ။ပစ္စေကဗုဒ္ဓါတရာကို ကျွေးမွေးရသည်ထက် သဗ္ဗညုတ ဘုရားတပါးကို ကျွေးမွေးရသောအလှူသည် အကျိုးကြီး၏။

သဗ္ဗညုတဘုရားတပါးကိုကျွေးမွေးရသည်ထက်ဘုရားအမှူးရှိ သော သံဃာတော်တို့အား ကျွေးမွေးရသော အလှူသည် အကျိုး ကြီး၏။ ။ဘုရားအမှူးရှိသော သံဃာတော်တို့ကို ကျွေးမွေး ရသည်ထက် စာတုဒ္ဒိသာသံဃိကကျောင်းတခုကို ဆောက်လုပ် လှူဒါန်းမှုသည် အကျိုးကြီး၏။ ။စာတုဒ္ဒိသာ သံဃိကကျောင်းကို ဆောက်လုပ်လှူဒါန်းရသည်ထက် သရဏဂုံသုံးပါး ဆောက်တည်

www.dhammaransi.com



ရခြင်းသည် အကျိုးကြီး၏။ ။သရဏဂုံသုံးပါးဆောက်တည်ရခြင်းထက် သရဏဂုံနှင့်တကွ ငါးပါးသီလ ဆောက်တည်ရခြင်းသည် အကျိုးကြီး၏။ ။သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက်တည်ရခြင်းထက် နွားနို့တညှစ်ခန့် ကာလမျှပင် မေတ္တာတရားကို ပွါးများရခြင်းသည် အကျိုးကြီး၏။ မေတ္တာတရားကိုပွါးများရသည်ထက် အနိစ္စဘာဝနာတရားကို ပွါးများရခြင်းသည် အကျိုးကြီးမြတ်လှ၏ဟု ဟောတော်မူသည်။

ဒါနခဏ်းအစီပွါယ်ပြီး၏။

---

# သီလခဏ်း

## ဟီနာဒိ ဖြစ်ကြောင်းစု

၁–ဟီနေန ဆန္ဒေန စိတ္တေန ဝီရိယေန ဝီမံသာယ ပဝတ္တိတံ ဟီနံ။

၂–မဇ္ဈိမေဟိ ဆန္ဒာဒီဟိ ပဝတ္တိတံ မဇ္ဈိမံ။

၃–ပဏီတေဟိ ပဏီတံ။

၁–ယသကာမတာယ ဝါ သမာဒိန္နံ ဟီနံ။

၂–ပုညဖလကာမတာယ မဇ္ဈိမံ။

၃–ကတ္တဗ္ဗမေဝိဒန္တိ အရိယဘာဝံ နိဿာယ သမာဒိန္နံ ပဏီတံ။

၁–အဟမသ္မိ သီလသမ္ပန္နော ဣမေ ပန ဘိက္ခူ ဒုဿီလာ ပါပဓမ္မာတိ ဧဝံ အတ္တုက္ကံသနပရဝမ္ဘနာဒီဟိ ဥပက္ကိလိဋ္ဌံ ဝါ ဟီနံ။

၂–အနုပက္ကိလိဋ္ဌံ လောကိယသီလံ မဇ္ဈိမံ။

၃–လောကုတ္တရံ ပဏီတံ။

၁–တဏှာဝသေန ဝါ ဘဝဘောဂတ္ထာယ ပဝတ္တိတံ ဟီနံ။

၂–အတ္တနော ဝိမောက္ခတ္ထာယ ပဝတ္တိတံ မဇ္ဈိမံ။

www.dhammaransi.com



၃–သဗ္ဗသတ္တ ဝိမောက္ခတ္ထာယ ပဝတ္တိတံ ပါရမိတာသီလံ ပဏီတံ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

## အနက်ကား

၁။ ဟီနေန၊ ယုတ်ညံ့သော။ ဆန္ဒေန၊ ဆန္ဒဖြင့်။ စိတ္တေန၊ စိတ်ဖြင့်။ ဝီရိယေန၊ ဝီရိယဖြင့်။ ဝီမံသာယ၊ ပညာဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ်သောသီလသည်။ ဟီနံ၊ ဟီနသီလမည်၏။

၂။ မဇ္ဈိမေဟိ၊ အလတ်ဖြစ်ကုန်သော။ ဆန္ဒာဒီဟိ၊ ဆန္ဒ,စိတ္တ, ဝီရိယ,ဝီမံသတို့ဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော သီလသည်။ မဇ္ဈိမံ၊ မဇ္ဈိမသီလမည်၏။

၃။ ပဏီတေဟိ၊ အမြတ်ဖြစ်ကုန်သော။ ဆန္ဒာဒီဟိ၊ ဆန္ဒ, စိတ္တ, ဝီရိယ,ဝီမံသတို့ဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေ အပ်သော သီလသည်။ ပဏီတံ၊ ပဏီတသီလမည်၏။

၁။ ဝါ၊တနည်းကား။ ယသကာမတာယ၊ သူတထူးတို့ ချီးမွမ်း အံ့သြ အကျော်အစောကို တောင့်တနှစ်သက်သည်၏ အဖြစ်ဖြင့်။ ဝါ၊ အခြံအရံကို လိုချင်တောင့်တသည်၏အဖြစ်ဖြင့်။ သမာဒိန္နံ၊ ဆောက်တည်အပ်သော သီလသည်။ ဟီနံ၊ ဟီနသီလမည်၏။

၂။ ပုညဖလကာမတာယ၊ လောကီ ကောင်းကျိုးကို ခံစားလိုသည်၏အဖြစ်ဖြင့်။ သမာဒိန္နံ၊ ဆောက်တည်အပ်သော သီလသည်။ မဇ္ဈိမံ၊ မဇ္ဈိမသီလမည်၏။

၃။ ဣဒံ၊ ဤအကျင့်သီလမည်သည်ကို။ အရိယေဟိ၊ သူတော်ကောင်း အလောင်း အလျာတို့သည်။ ကတ္တဗ္ဗမေဝ၊ ပြုသင့်ပြုကောင်းသော အမှုပင်တည်း။ ဣတိ၊ ဤသို့။ အရိယဘာဝံ၊ အရိယာတို့သဘောကို။ နိဿာယ၊ မှီ၍။ သမာဒိန္နံ၊ ဆောက်တည် အပ်သော သီလသည်။ ပဏီတံ၊ ပဏီတသီလမည်၏။

၁။ ဝါ၊တနည်းကား။ အဟံ၊ ငါသည်သာ။ သီလ သမ္ပန္နော၊ သီလနှင့် ပြည့်စုံသည်။ အသ္မိ၊ ဖြစ်၏။ အညေ၊ ငါမှတပါး ကုန်

သော။ ဣမေပန ဘိက္ခူ၊ ဤရဟန်းတို့ သည်ကား။ ဒုဿီလာ၊ သီလမှကင်းကုန်၏။ပါပဓမ္မာ၊ ယုတ်မာသောအကျင့်ရှိကုန်၏။ဣတိ ပေ၊ဤသို့။ အတ္တုက္ကံသနပရဝမ္ဘနာဒိဟိ၊မိမိကိုယ်ကို ချီးမြှောက် ပလွှားခြင်း သူတပါးကို ရှုတ်ချခြင်းစသည်တို့ဖြင့်။ဥပက္ကိလိဋ္ဌံ၊ညစ် နွမ်းသောသီလသည်။ဟီနံ၊ဟီနသီလမည်၏။

၂။ အနုပက္ကိလိဋ္ဌံ၊အတ္တုက္ကံသန,ပရဝမ္ဘန စသည်တို့ဖြင့်ရင်း, တပါးသော ဥပက္ကိလေသတို့ဖြင့်ရင်း မညစ်နွမ်းသော။လောကိယ သီလံ၊လောကိယသီလသည်။ မဇ္ဈိမံ၊ မဇ္ဈိမသီလမည်၏။

၃။ လောကုတ္တရံ၊လောကုတ္တရာသီလသည်။ပဏီတံ၊ ပဏီတ သီလမည်၏။

၁။ ဝါ၊ တနည်းကား။ တဏှာဝသေန၊ တဏှာ၏ အစွမ်းဖြင့်။ ဘဝဘောဂတ္ထာယ၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ အကျိုးငှါ။ ပဝတ္တိတံ၊ဖြစ်စေအပ်သော သီလသည်။ဟီနံ၊ဟီနသီလမည်၏။

၂။ အတ္တနော၊ မိမိ၏။ဝိမောက္ခတ္ထာယ၊ သံသရာ အနှောင် အဖွဲ့မှလွတ်စေခြင်းအကျိုးငှါ။ ပဝတ္တိတံ၊ ဖြစ်စေအပ်သောသီလ သည်။မဇ္ဈိမံ၊မဇ္ဈိမသီလမည်၏။

၃။ သဗ္ဗသတ္တဝိမောက္ခတ္ထာယ၊ အလုံးစုံသော သတ္တဝါကို သံသရာအနှောင်အဖွဲ့မှ လွတ်စေခြင်းအကျိုးငှါ။ ပဝတ္တိတံ၊ဖြစ်စေ အပ်သော။ပါရမိတာသီလံ၊ သတ္တဝါ အပေါင်းတို့ထက် မြတ် သော ဘုရားလောင်းတို့အမှု ဘုရားလောင်းတို့ ဥစ္စာဖြစ် သော သီလသည်။ပဏီတံ၊ပဏီတသီလမည်၏။

---

## ကျိုး,ပေါက်,ကြောင်,ကွက်

အပိစ ခေါ အညတရံ ဒေဝနိကာယံ ပဏိဓာယ ဗြဟ္မစရိယံ စရတိ "ဣမိနာဟံ သီလေန ဝါ ဝတေန ဝါ တပေန ဝါ ဗြဟ္မ စရိယေန ဝါ ဒေဝေါ ဝါ ဘဝိဿာမိ ဒေဝညတရော ဝါတိ။" သော တဒဿာဒေတိ တန္နိကာမေတိ တေန စ ဝိတ္တိံ အာပဇ္ဇတိ၊

www.dhammaransi.com



ဈာဒမ္ပိ ခေါ ဗြာဟ္မဏာ ဗြဟ္မစရိယဿ ခဏ္ဍမ္ပိ ဆိဒ္ဒမ္ပိ သဗလမ္ပိ ကမ္မာသမ္ပိတိ။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

အပိစခေါ၊ စင်စစ်သော်ကား။ အဟံ၊ ငါသည်။ ဈာမိနာသီလေနဝါ၊ ဤယမ,နိယမစသော ဆောက်တည် အပ်သော သီလံဖြင့်ရင်း။ ဈာမိနာ ဝတေနဝါ၊ ဤမလွန် မကျူးသော အကျင့်ဖြင့်ရင်း။ ဈာမိနာတပေနဝါ၊ ဤပြုခဲ့သောအမှုကို ဖြိုးခြိမ့်စောင့်စည်း သည်းစွာသောအကျင့်ဖြင့်ရင်း။ ဈာမိနာဗြဟ္မစရိယေနဝါ၊ ဤမေထုန်မှ ကြဉ်သော မြတ်သောအကျင့်ဖြင့်ရင်း။ ဒေဝေါဝါ၊ ထင်ရှားသော နတ်သည်မူလည်း။ ဘဝိဿာမိ၊ ဖြစ်အံ့။ ဒေဝညတရောဝါ၊ မထင်ရှားသော နတ်သည်မူလည်း။ ဘဝိဿာမိ၊ ဖြစ်အံ့။ ဈာတိ၊ ဤသို့။ အညတရံ၊ တပါးသော။ ဒေဝနိကာယံ၊နတ်ပြည်ကို။ ပဏိဓာယ၊ တောင့်တ၍။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရတိ၊ ကျင့်၏။ သော၊ ထိုသူသည်။ တံ၊ ထိုနတ်ပြည်ကို။ အဿာဒေတိ၊ သာယာ၏။ နိကာမေတိ၊ အလွန် လိုလား၏။ တေနစ၊ ထိုနတ်ပြည် ဖြင့်လည်း။ ဝိတ္တိံ၊ နှစ်သက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ဗြာဟ္မဏာ၊ ပုဏ္ဏား။ ခေါ၊ စင်စစ်။ ဈာဒမ္ပိ၊ ဤနတ်ပြည်ကို သာယာ လိုလားခြင်းစသော အမှုသည်လည်း။ ဗြဟ္မစရိယဿ၊ မြတ်သောအကျင့်သီလ၏။ ခဏ္ဍမ္ပိ၊ အစုတ်အပြတ် မည်သည်ရင်း။ ဆိဒ္ဒမ္ပိ၊ အပေါက်အတွင်းမည်သည်ရင်း။ သဗလမ္ပိ၊ အကြောင် အကျား မည်သည်ရင်း။ ကမ္မာသမ္ပိ၊အပြောက် အကွက် မည်သည်ရင်း။ ဟောတိ၊ ဖြစ်၏။

---

**နှစ်ပါးစုမာတိကာ** .....သီလ၌ ဟီနဖြစ်ရန်အကြောင်းရှိသည် ဒါနမှာလည်း ဟီနဖြစ်ရန်ပင်ဖြစ်၏။ ။

မဇ္ဈိမပဏီတ အတူတူပင်။

[အထက်ပါ ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိနှင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကို လယ်တီဆရာတော်ဘုရားကြီး ဘာသာ မပြန်ခဲ့ သော်လည်း ဥာဏ်နုသော သောတုတို့အတွက် ဗဟုဿုတအဖြစ်ငှါ ဟံသာဝတီတိုက် ပါဠိဆရာများ ဘာသာပြန် ထည့်လိုက်သည်။]

www.dhammaransi.com



(က) သီလံ၊ သီလသည်။ဂဟဋ္ဌပဗ္ဗဇိတတော၊ လူတို့သီလ, ရဟန်းတို့သီလ ဟူ၍ရင်း။

(ခ) ဂဟဋ္ဌေ၊ လူတို့၏ဂဟဋ္ဌသီလ၌။ နိစ္စာနိစ္စတော၊ အမြဲထိန်းရသော ငါးပါးသီလ, အာဇီဝဋ္ဌမကသီလ, ဆယ်ပါးသီလဟူသော "နိစ္စသီလ"၊ အမြဲတတ်နိုင်လျှင်အမြဲ ရံခါတတ်နိုင်လျှင် ရံခါထိန်းရသော အဋ္ဌင်္ဂုပုသ်ဟူသော"အနိစ္စသီလ"ဟူ၍ရင်း။

(ဂ) စာရိတ္တဝါရိတ္တတော၊ ထိန်းနိုင်လျှင် အကျိုးရှိ၍ မထိန်းနိုင်လျှင် အပြစ်မရှိသော ဝိကာလဘောဇနေ သိက္ခာပုဒ် စသော "စာရိတ္တသီလ"၊ ထိန်းနိုင်လျှင် အကျိုးကြီးလှ၍ မထိန်းနိုင်လျှင် အပြစ်ကြီးလှသော ပါဏာတိပါတ သိက္ခာပုဒ်စသော "ဝါရိတ္တသီလ"ဟူ၍ရင်း။

(ဃ) နိဿိတာနိဿိတတော။ တဏှာ,ဒိဋ္ဌိနှင့် ယှဉ်သော "နိဿိတသီလ"၊တဏှာ, ဒိဋ္ဌိနှင့်မယှဉ်သော"အနိဿိတသီလ" ဟူ၍ရင်း။

(င) လောကိယလောကုတ္တရတော၊ "လောကိယသီလ"၊ "လောကုတ္တရာသီလ"ဟူ၍ရင်း။ဒုဝိဓံ၊ ၂–ပါး ၂–ပါးအပြားရှိ၏။

နှစ်ပါးစုမာတိကာပြီး၏။

---

**သုံးပါးစုမာတိကာ**······(က)သီလံ၊ သီလသည်။ ဟီနမဇ္ဈိမပဏီတတော၊ ယုတ်ညံ့သော "ဟီနသီလ"၊ အလတ်ဖြစ်သော "မဇ္ဈိမသီလ"၊ အမြတ် ဖြစ်သော "ပဏီတသီလ"ဟူ၍ရင်း။

(ခ) အတ္တလောကဓမ္မာဓိပတေယျတော၊ဒါနဥ်ကဲ့သို့ မိမိကိုယ်ကို အလေးပြု၍ဖြစ်သော "အတ္တာဓိပတေယျသီလ"၊လောကကိုအလေးပြု၍ ဖြစ်သော "လောကာဓိပတေယျသီလ"၊ သူတော်ကောင်းတရားကို အလေးပြု၍ဖြစ်သော"ဓမ္မာဓိပတေယျသီလ" ဟူ၍ရင်း။

www.dhammaransi.com



(ဂ) ပရာမဋ္ဌာဒိတော၊ တဏှာ,ဒိဋ္ဌိ သုံးသပ် အပ်သော "ပရာမဋ္ဌသီလ"၊ တဏှာ,ဒိဋ္ဌိ မသုံးသပ်အပ်သော "အပရာမဋ္ဌ သီလ"၊ ကိလေသာငြိမ်းပြီးသော "ပဋိပဿဒ္ဓိသီလ" ဟူ၍ရှင်း။ တိဝိဓံ၊ ၃-ပါး၃-ပါး အပြားရှိ၏။

သုံးပါးစုမာတိကာပြီး၏။

---

**လေးပါးစုမာတိကာ**......(က) သီလံ၊သီလသည်။ဟာနဘာဂိ ယာဒိတော၊ ဆုတ်ယုတ်ခြင်း အ ဘို့ရှိသော "ဟာနဘာဂိယသီလ"၊တည်တံ့ခြင်းအဘို့ ရှိသော "ဌိတိဘာဂိယသီလ"၊တိုးတက်ခြင်းအဘို့ရှိသော "ဝိသေသဘာ ဂိယသီလ"၊ ထိုးထွင်း၍သိခြင်း အဘို့ရှိသော "နိဗ္ဗေဓဘာဂိယ သီလ"ဟူ၍ရှင်း။

(ခ) ပကတိယာဒိတော၊ ပကတိသီလ, အာစာရသီလ, ဓမ္မ တာသီလ,ပုဗ္ဗဟေတုကသီလဟူ၍ရှင်း။စတုဗ္ဗိဓံ၊ ၄-ပါး ၄-ပါး အပြားရှိ၏။

လေးပါးစုမာတိကာပြီး၏။

---

**ငါးပါးစုမာတိကာ**......(က) သီလံ၊သီလသည်။ ဝေရမဏိ ယာဒိတော၊ ဝိရတိသီလ, စေတနာ သီလ,စေတသိကသီလ,သံဝရသီလ,အဝီတိက္ကမသီလ ဟူ၍ရှင်း။

(ခ) ပဉ္စင်္ဂတော၊ သတ်မှုမှကြဉ်ရှောင်ခြင်း, ခိုးမှုမှကြဉ်ရှောင် ခြင်း, မလွန်ကျူးအပ်သော နှစ်ကျိပ်သောမိန်းမမှကြဉ်ရှောင်ခြင်း, မုသားမှကြဉ်ရှောင်ခြင်း,ယစ်မျိုးမှကြဉ်ရှောင်ခြင်း ဟူသော အင်္ဂါ အားဖြင့်ရှင်း။ ပဉ္စဝိဓံ၊ ၅-ပါး ၅-ပါးအပြားရှိ၏။

ငါးပါးစုမာတိကာပြီး၏။

www.dhammaransi.com



**ရှစ်ပါးစုမာတိကာ**.....(က) ပါဏာတိပါတာ၊အသက်သတ်မှုမှ။ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းလည်းတပါး။ အဒိန္နာဒါနာ၊ အရှင် မပေးသော ဥစ္စာကို ခိုးယူမှုမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းလည်းတပါး။ ကာမေသုမိစ္ဆာစာရာ၊ ဖောဋ္ဌဗ္ဗအာရုံ ကာမဂုဏ်တို့၌မှားယွင်းသောအကျင့်မှ။ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းလည်းတပါး။ မုသာဝါဒါ၊ မဟုတ်စကားပြောဆိုခြင်းမှ။ ဝေရမဏီ၊ ကြဉ်ရှောင် ခြင်းလည်းတပါး။ ပိသုဏာဝါစာ၊ ကုန်းတိုက်စကားပြောဆိုခြင်းမှ။ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းလည်းတပါး။ဖရုသဝါစာ၊အကြမ်းအတမ်း ပြောဆိုမှုမှ။ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းလည်းတပါး။ သမ္ဖပ္ပလာပါ၊ ပစ္စုပ္ပန်အကျိုး သံသရာအကျိုးမရှိသော ရာမ အိနောင် ငွေတောင် ဘာရတ စသော ဒဏ္ဍာရီ စကားမျိုးကို ပြောဆိုမှုမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းလည်းတပါး။မိစ္ဆာဇီဝါ၊ယုတ်မာသောအသက်မွေးမှုမှ။ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းလည်း တပါး။ ဣတိ၊ ဤသို့။ အာဇီဝဋ္ဌမကဝသေန၊ အာဇီဝလျှင်ရှစ်ခုမြောက်ရှိသော နိစ္စသီလ၏အစွမ်းအားဖြင့်ရင်း။

(ခ) ဉပေါသထဝသေန၊ အင်္ဂါရှစ်ပါးရှိသော ဥပေါသထသီလ၏ အစွမ်းအားဖြင့်ရင်း။ အဋ္ဌဝိဓံ၊ ၈-ပါး ၈–ပါးအပြားရှိ၏။

(ဂ) ပုန၊တဖန်။ ဥပေါသထော၊ အဋ္ဌင်္ဂဥပုသ်၌၊ ပါကတိကံ၊ ပကတိ ဥပုသ်နေ့၌ စောင့်ထိန်းသော "အဋ္ဌင်္ဂဥပုသ်"ဟူ၍ရင်း။ ပါဋိဟာရိယံ၊ လေးလတန်သည် သုံးလတန်သည် နှစ်လတန်သည် တလတန်သည် တပက္ခတန်သည် အမြဲစောင့်ထိန်းသော "ပါဋိဟာရိယဥပုသ်"ဟူ၍ရင်း။ ပဋိဇာဂရံ၊အကြိုရက် အပိုရက်တို့၌ စောင့်ထိန်းသော"ပဋိဇာဂရဥပုသ်"ဟူ၍ရင်း။အဋ္ဌဝိဓံ၊၈-ပါး ၈–ပါး အပြားရှိ၏။

(ဃ) ပုန၊ တဖန်။ ဂေါပါလကံ၊ နွားဌါးကျောင်းသောသူ၏ အမှုနှင့်အလားတူသော"ဂေါပါလကဥပုသ်"ဟူ၍ရင်း။ နိဂဏ္ဌကံ၊

www.dhammaransi.com



နိဂဏ္ဌတက္ကတွန်းတို့၏ဥပုသ်နှင့်တူသော“နိဂဏ္ဌဥပုသ်”ဟူ၍၎င်း။ အရိယကံ၊အရိယာတို့၏ ဥပုသ်နှင့်တူသော“အရိယာဥပုသ်”ဟူ၍ ၎င်း။အဋ္ဌဝိဓံ၊ ၈–ပါး ၈–ပါး အပြားရှိ၏။

ရှစ်ပါးစုမာတိကာပြီး၏။

---

**ကိုးပါးစု မာတိကာ**……(က)နဝင်္ဂုပေါသထဝသေန၊မေတ္တာ ဘာဝနာနှင့် တကွ အင်္ဂါ ကိုးပါး ရှိ သော နဝင်္ဂဥပုသ်၏ အစွမ်းအားဖြင့်။ နဝဝိဓံ၊ ၉–ပါးအပြားရှိ၏။

ကိုးပါးစုမာတိကာပြီး၏။

---

**ဒုစ္စရိုက်လေးဆယ်**…… ဒသန္နံ၊ ဆယ်ပါး ကုန်သော။ ဒုစ္စရိ တာနံ၊ ဒုစ္စရိုက် တို့ကို။ ပဟာန ဝသေန၊ ပယ်စွန့်သည်၏ အစွမ်းအားဖြင့်။ စတ္တာလီသဝိဓံ၊ လေးဆယ်အပြားရှိ၏။ တံ၊ ထိုဂဟဋ္ဌသီလအပြားကို။ ဒေသေန္တိ၊ ဟောတော်မူသော မြတ်စွာဘုရားကို။အဟံ၊အကျွန်ုပ်သည်။နမာမိ၊ ရှိခိုးပါ၏။

ဒုစ္စရိုက်တို့၌ မနောကံ သုံးပါးကို သီလ အပြား၌ သွင်းလိုက် သည်ကား သီလ အစစ်ဖြစ်၍ သွင်းသည် မဟုတ်။ မနောကံသီလ ဟူ၍မရှိ။ဒုစ္စရိုက်တို့ကို အစုံအလင် ထုတ်ပြလို၍ သွင်းလိုက်သည်။ ဒုစ္စရိုက်လေးဆယ် ဆိုသည်ကား ဒုစ္စရိုက်ဆယ်ပါးတွင် တပါးပါး ၌ ကိုယ်တိုင်ပြုခြင်း, သူတပါးကို စေခိုင်းခြင်း, ထိုဒုစ္စရိုက်မှုကို ချီးမွမ်းခြင်း, ထိုဒုစ္စရိုက်မှုကို နှစ်သက်ခြင်း ဟူ၍ ၄–ပါး ၄–ပါး စီ ပွါး၍ ဒုစ္စရိုက်လေးဆယ် ဖြစ်သတည်း။

ဒုစ္စရိုက်လေးဆယ်ပြီး၏။

သီလခဏ်း မာတိကာ ပြီး၏။

---

www.dhammaransi.com

# ဒါနသီလအဓိပ္ပါယ်အကျယ်

**ဇယတု**။ ။ဓမ္မဝိနယ ကျမ်းစာ ၁၉–နံပါတ်တွင် ပါသော ဒါနသည်-

"၁–အကျိုးဖလမျက်ကိုသာရသော ဒါန။
၂–အကျိုးဖလမျက်ကို မရသော ဒါန။
၃–အကျိုးဖလကိုမျှ မရသည့်ပြင် အလှူခံ အလှူပေး နှစ်ပါးလုံး သာသနာဖျက်ဖြစ်၍ အဝီစိငရဲသို့ သွားကြရသောဒါန။

ဟူ၍ သုံးပါးအပြား ရှိသည်" ဆိုပြီးလျှင် အကျိုးဖလမျှ မရသော ဒုတိယဒါန၏ အကျယ်သရုပ်ကို ထုတ်ပြရာ၌"အလှူခံပုဂ္ဂိုလ်က အလဇ္ဇီလည်းဖြစ်စေ, အလှူပေး ဒါယကာ က လည်း မိစဉ်ဘဆက်ပင် မဟာဂိရိနတ်ကို ကိုးကွယ်ဘိသကဲ့သို့ မိမိတို့ အစဉ်အဆက် ကိုးကွယ်ရင်းဖြစ်၍ အမှတ်တမဲ့ လှူဒါန်းသည်လည်း ဖြစ်စေ,ထိုဒါနသည် အနည်းငယ်သောအကျိုးဖလမျှကို မရသောဒါန မှတ်ရမည်"ဟုပြပေ၏။ ။ထိုစကားသည်ကျမ်းဂန်တို့၌အဆိုမရှိ။ အတ္တနောမတိ မိမိသဘောအရကို ပြဲဆိုချက်သာ ဖြစ်သည်။ အတ္တနောမတိပင်ဖြစ်သော်လည်းကျမ်းဂန်တို့နှင့်နှိုင်းနှော၍ ညီညွတ်ပေလျှင် ယူထိုက် မှတ်ထိုက်ပါ၏။

**နတ်ကို ကိုးကွယ်ပါ**······ကျမ်းဂန်တို့နှင့် ညီညွတ်သည် မညီညွတ်သည်ကို စစ်တမ်းထုတ်၍ ပြလိုက်အံ့၊မဟာဂိရိအစရှိသော မိရိုးဘလာ ကိုးကွယ်ကြသော နတ်များကို အရိုးအစဉ်မပျက် ကိုးကွယ်ခြင်းအမှုသည် လူတို့၌ကောင်းကျိုးစီးပွါး ဖြစ်ထွန်းရန် အမှုတခုဖြစ်ကြောင်းကို **အင်္ဂုတ္တိုရ်ပါဠိတော်**တွင် ဟောတော်မူသည်တချက်။

ရွာစောင့်နတ် မြို့စောင့်နတ် တိုင်းစောင့်နတ် ပြည်စောင့်နတ်တို့ကို အစဉ်အလာ မပျက်ရအောင် ကိုးကွယ်ကြသော မြို့ရွာတိုင်းပြည်များသည် အကျိုးစီးပွါးမဆုတ်မယုတ်နိုင်သော "အပရိ

www.dhammaransi.com



ဟာနိယဓမ္မ”တပါးဖြစ်ကြောင်းကို **မဟာပရိနိဗ္ဗာနသုတ်**၌ ဟော တော်မူသည်တချက်။

“တသ္မာဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ၊
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ”

ဟူ၍ နေ့နေ့ညညပူဇော်သက္ကာရများကိုဆောင်ယူ ပူဇော်ကြ ပေကုန်သော လူတို့အား နတ်အပေါင်းတို့သည် ချစ်ခြင်းမေတ္တာ ကို ပြုကြပေကုန်လော့-ဟု **ရတနသုတ်**တွင် ဟောတော်မူသည် တချက်။

“ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏမာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။
ဒေဝတာနုကမ္ပိတော ပေါသော၊သဒါ ဘဒြာနိ ပဿတိ”

ဟူ၍ လူတို့သည် အိမ်သစ် တက်သောအခါ ရဟန်း သံဃာ တော်များကို လှူဒါန်းကျွေးမွေးရာမဟာဂီရိ အစရှိသော အိမ် စောင့်နတ်များကို အမျှဝေရမည်။ ငါတို့ကို အမျှဝေပေသည် ဟူ၍ ထိုအိမ်ရှင်တို့ကို အိမ်စောင့်နတ်က ဘေးကင်းအောင် အန္တရာယ် ကင်းအောင် စောင့်ရှောက်ခြင်းဖြင့် ထိုအိမ်ရှင်တို့ကို တဖန်ပူဇော် ကြကုန်သည်။ မြတ်နိုးတနာ ပြုကြကုန်သည်။ ထိုနတ်တို့သည် ချစ်ကြင် သနား၍ စောင့်ရှောက် ကုန်သည်ရှိသော် ထိုအိမ်ရှင် တို့သည် အခါခပ်သိမ်း ကောင်းမြတ်သော မင်္ဂလာကြက်သရေ တို့ကိုသာ မြင်ရ တွေ့ရ ကြုံရ ကုန်သည်ဟု ဟောတော်မူသည် တချက်။

ဤသို့လျှင် လူတို့၏ ကောင်းကျိုးစီးပွါး များမြတ်ရာသောတရား တို့ကို ဟောတော်မူသော မြတ်စွာဘုရားသည် မဟာဂီရိစသော မိရိုးဘလာ ကိုးကွယ်ကြသောနတ်များကို အစဉ်အလာ မပျက်ရ အောင် ကိုးကွယ်ပူဇော်ကြသောအမှုကို သုတ္တန် အရပ်ရပ် တို့၌ ချီးမွမ်းတော်မူသည်။ ။အစဉ်အလာ ကိုးကွယ်မြဲတိုင်း မကိုး ကွယ်ကြသောလူတို့အား အကျိုးစီးပွါး ဆုတ်ယုတ်ရန်အကြောင်း

www.dhammaransi.com



တချဖြစ်ကြောင်းကိုလည်း **မဟာပရိနိဗ္ဗာနသုတ်** ၌ ဟောတော်မူသည်။

**ကိုးကွယ်ရကျိုး**……မဟာဂိရိစသော နတ်တို့ကို အစဉ်အလာ မပျက် ရအောင် ကိုးကွယ်မှု ဟူသည်လည်း ထိုနတ်တို့သည် သီလဂုဏ်,သမာဓိဂုဏ်,ပညာဂုဏ်တို့နှင့် ပြည့်စုံကြပေကုန်သည်ဟု ဒက္ခိဏေယျ အနေနှင့် ကိုးကွယ်ရသည်လည်း မဟုတ်။ ကံကိုလုံးလုံးလွှတ်၍ ထိုနတ်တို့ သည်သာ ကောင်းကျိုး မကောင်းကျိုးကို ပေးနိုင်သည်ဟု ကိုးကွယ်ရသည်လည်းမဟုတ်။ ။လောက၌ အနာရောဂါ မကပ်မရောက် ပါစေခြင်းအကျိုး၄ါ ဆေးသမားကြီးများကို ကိုးကွယ်ကြရသကဲ့သို့, ဥစ္စာပစ္စည်းပေါများစေခြင်းအကျိုး၄ါ သေဋ္ဌေးကြီး သူကြွယ်ကြီးများကိုကိုးကွယ်ကြရသကဲ့သို့, ခပ်သိမ်းသော စည်းစိမ်ကြက်သရေတို့ကို ရပါစေခြင်း၄ါ မင်းစိုးရာဇာတို့ကို ကိုးကွယ်ကြရသကဲ့သို့ ကိုးကွယ်သည်သာ ဖြစ်သတည်း။

ကောင်းကောင်းတတ်ပေသောဆေးသမားကြီးများကို ကောင်းစွာ ကိုးကွယ်လျှင် ရောဂါပျောက်ငြိမ်းမှု, သေဋ္ဌေးကြီးသူကြွယ်ကြီးများကို ကောင်းစွာ ကိုးကွယ်ဆည်းကပ်လျှင် ပစ္စည်းဥစ္စာ ဖြစ်ထွန်းမှု,မင်းစိုးရာဇာတို့ကို ကောင်းစွာ ကိုးကွယ် ခစားလျှင် စည်းစိမ် ကြက်သရေတို့ကို ခံစံရမှုများသည်လည်း လောကမျက်မြင်ပင် ဖြစ်ကြသည်။ မင်းစိုးရာဇာတို့ကို မရိုမသေပြုကျင့်လျှင် စည်းစိမ် ဥစ္စာပျက်စီးမှု,အသက်ခန္ဓာ ပျက်စီးမှုများသည်လည်း လောက၌ မျက်မြင်ပင်ဖြစ်ကြသည်။

အချို့သောလူပြိန်းတို့သည် ထိုအစဉ်အလာ ကိုးကွယ်ရိုးဖြစ်သော နတ်များကို ကိုးကွယ်ရမည် ရှိသေရမည်ဆိုလျှင် ကံကိုသာအားကိုး၍ ထိုသို့သော ကိုးကွယ်ရိုသေမှုများကို လုံးလုံးပစ်ပယ်ကြကုန်၏။ ။ထိုသူတို့သည် မင်းစိုးရာဇာတို့အမိန့်အာဏာနှင့်စပ်လျှင် ကံကိုသာ အားကိုး၍ မနေဝံ့၊ ယခုသေရတော့မည်လောက် ကြောက်ရွံ့ကြကုန်၏။

www.dhammaransi.com



**မကိုးကွယ်ပြစ်**…အကြောင်းမှာမူကား မင်းစိုး ရာဇာတို့ အမျက်ထွက်၍ အသက်ခန္ဓာဆုံးရှုံးမှု, စည်းစိမ်ဥစ္စာဆုံးရှုံးမှုများကို မျက်မြင်ဖြစ်၍ ကြောက်ရွံ့ကြကုန်သည်။ နတ်တို့အမျက်ထွက်၍ အသက်ခန္ဓာဆုံးရှုံးမှု, စည်းစိမ်ဥစ္စာ ဆုံးရှုံးမှုများကိုမူကား နတ်ကောင်နှင့်တကွ မမြင်ရ၍ ထိုလူပြိန်းတို့ မကြောက်ကြကုန်သည်။ ။ဤစကားရပ်တို့ကား ဤကျမ်းစာ၌ အကျိုးမရှိသော ဒါနကိုပြရာဝယ် မိရိုးဘလာ ကိုးကွယ်သော မဟာဂိရိနတ်ကို ကိုးကွယ်မှုကို ဥပမာပြု၍ လာသောကြောင့် ဤကျမ်းစာကို ကြည့်ရှုသော လူပြိန်းတို့သည် ထိုမဟာဂိရိ နတ်များကို မရိုမသေပြုမိကြချေလျှင် မိမိတို့အသက်ခန္ဓာ, သားငယ်မြေးငယ်တို့ အသက်ခန္ဓာ ဥစ္စာစည်းစိမ်ဆုံးပါးခြင်းသို့ ရောက်ရာသော အချက်ကြီးတခု ဖြစ်ချေ၍ အသေအချာ ပြလိုက်သော စကားရပ်ဘည်း။

**အလဇ္ဇီဖြစ်သော်လည်းအကျိုးမယုတ်**……"မိမိတို့ အစဉ်အလာကိုးကွယ်ရင်း ဖြစ်၍ အလဇ္ဇီပုဂ္ဂိုလ်ကိုပင် အမှတ်တမဲ့ လှူဒါန်းခဲ့သည်လည်း ဖြစ်စေ"ဟုအကျိုးမရှိသောအင်္ဂါတပါးကိုပြရာ၌ အလဇ္ဇီမှန်း သိလျက် လှူဒါန်း၍နေလျှင်သာအကျိုးမရှိဆိုလျှင်ဆိုရမည်။ အလဇ္ဇီမှန်းမသိဘဲ အမှတ်တမဲ့ လှူဒါန်း၍ နေသည်မှာ အဘယ်ကြောင့် အကျိုးမရှိဘဲရှိအံ့နည်း။ အလဇ္ဇီမှန်း သိလျက်ပင် လှူဒါန်း စေဦးတော့၊ တပါးသော လဇ္ဇီရဟန်းတို့နှင့် ဘက်ပြိုင် နိုင်စေခြင်းငှါ,တပါးသော လဇ္ဇီရဟန်းတို့၏အနှိပ်အကြိတ်ကိုခုခံနိုင်စေခြင်းအကျိုးငှါ, ဟု မသင့်သော နှလုံးသွင်းခြင်းဖြင့် လှူဒါန်း၍နေလျှင်သာအကျိုးမရှိ အပြစ်သာရှိသည်ဟု ဆိုခွင့်ရှိသည်။ ။ဤရဟန်းသည် မည်သည့်သိက္ခာပုဒ်ကိုသိလျက်နှင့် လွန်ကျူး၍ နေသောကြောင့် ထိုသိက္ခာပုဒ်အတွက် အလဇ္ဇီကောန်ဖြစ်၍နေ၏။ သို့သော်လည်းမလွန်ကျူးဘဲ အမြဲတည်၍နေသော သိက္ခာပုဒ်တို့သည်လည်း ထိုပုဂ္ဂိုလ်

www.dhammaransi.com



မှာ အရာမက များလျက်ရှိပေသေးသည်။ ထိုရှိ၍နေသောသိက္ခာပုဒ်တို့ တွင်လည်း တချချသော သိက္ခာပုဒ်တော် သည့်ပင်လျှင် အဘိုးအနဂ္ဃထိုက်တန်လှပေသေးလျက်ရှိသည်ဟု မြတ်စွာဘုရား ပညတ်တော်မူသော တချချသော သိက္ခာပုဒ် ဂုဏ်ကျေးဇူးကို သိ၍ ထိုမလွန်ကျူး ဘဲ တည်နေသော သိက္ခာပုဒ်တို့၏ အတွက် သဒ္ဓါတရားမပျက် လှူဒါန်း၍နေပေမူကား အသင်္ချေယျ အပ္ပမေယျ အကျိုးပေးမည့်ပင် ဖြစ်သတည်း။

**ကျောက်တူးသမားဥပမာ**……ဥပမာကား အညာ မိုးကုတ် ကျောက်တွင်း၌ အချို့သော မြကျောက်ကြီးများသည် အပေါ်ရံပြင်ပ၌ အကာဖုံးအုပ်၍ နေ၏။ အတွင်း၌ကား အဘိုးအနဂ္ဃထိုက်တန်သောအရည်အသွေးရှိ၏။ ။ မျက်စိအားနည်းသော ပါဒရက်သည့် ကျောက်တူးသမားသည် ထိုကျောက်ကိုတွေ့လျှင် အပေါ်ရံ အကာသက်သက်ကိုသာမြင်၍ အတွင်း၌ရှိသော အရည်အသွေးတို့ကို မမြင်ခြင်းကြောင့် အဘိုး မတန်ထင်မှတ်လျက်လွှတ်ရာသို့ ပယ်ရှား၍ထား၏။ ။မျက်စိအမြင် ကောင်းသော ကျောက်တူးသမားသည် ထိုကျောက်ကို တွေ့မြင်၍ ကြည့်ရှုလေရာ အပေါ်ရံအကာကို ဖောက်ပြီးလျှင် အတွင်း၌ ပြည့်သော အရည်အသွေးတို့ကိုမြင်၍ ဆောင်ယူခွဲစိတ် ရောင်းချ လေရာ များစွာသော ရွှေ ငွေ ဥစ္စာတို့ကိုရ၍ကြွယ်ဝချမ်းသာလေ ၏။ ဤအတူ ရဟန်းတို့မှာ "နဝကောဋိသဟဿာနိ" အစရှိသော **ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ** နှင့်အညီ ကုဋေကိုးထောင်မျှမကသော သိက္ခာပုဒ်တော်တို့သည် ဥတ်ကမ္မဝါစာဘတ်ရွတ်၍ ပြီးဆုံးသည် နှင့်တပြိုင်နက် တည်ကုန်၏။ ပညာမျက်စိ အားနည်းလှသောလူရှင် တို့သည် မြကျောက်မှ အကာနှင့်တူသော ပျက်စီး၍ နေသော သိက္ခာပုဒ်ငယ်များတွင်သာ မျက်စိဆုံး၍ မပျက်မစီး တည်နေ သော ကုဋေကိုးထောင်မျှမကသော သိက္ခာပုဒ်တော် တို့ကိုမူကား မမြင်ကြကုန်။ သဒ္ဓါဗလ, ပညာဗလနှင့်ပြည့်စုံသော သူတို့သည်

www.dhammaransi.com



မှုကား မြင်နိုင်ကြကုန်သည်ဖြစ်၍ ထိုအလဇ္ဇီကိုပင် ကြည်ညိုသော စိတ် ဖြစ်နိုင်ကြကုန်၏။

**တနည်းလည်း** .... ထိုအလဇ္ဇီကို အလဇ္ဇီ ဟူ၍မသိ, လဇ္ဇီပင် ထင်မှတ်၍အစဉ်အလာမပျက် အမှတ်တမဲ့ လှူဒါန်း၍ နေလျှင်လည်း အကျိုးမရှိမဆိုသာပေ။

**ပါရမီဒါနမမြောက်နိုင်**......တနည်းလည်း အလဇ္ဇီကို လှူသောဒါနသည် အကျိုးမကြီး, လဇ္ဇီပုဂ္ဂိုလ်ကိုလှူမှ အကျိုးကြီးသည်ဟု အကျိုးကိုခင်မင်၍ ရွေးချယ်ချက်နှင့်တကွ လှူဒါန်းသောဒါနသည် "ပုညဖလကာမတာယ ဟိနံ"ဟူသော **ဝိသုဒ္ဓိမဂ်အဋ္ဌကထာပါဠိ**နှင့်အညီ သီလမှာကဲ့သို့ ဟိန ဒါနသာ ဖြစ်ချေသည်,ပါရမီမြောက်သောဒါနပင်မဟုတ်ချေ၊ ပုညာဘိသင်္ခါရအစစ်ဖြစ်ချေသည်။ သံသရာဝဋ်မှ ထွက်မြောက်အောင် ဆောင်နိုင်သော ဒါနမဟုတ်ချေဟု အလိမ္မာဉာဏ်အမြင် သန်၍ လဇ္ဇီ,အလဇ္ဇီ ဟူ၍လည်း အမှုမစိုက်, အကျိုးကြီးသည် မကြီးသည်ဟူ၍လည်းအမှုမစိုက်, အလှူခံပုဂ္ဂိုလ်ဆိုလျှင်အယုတ် အလတ် အမြတ် မရွေး လှူနိုင် စွန့်နိုင်သော ပါရမီ ဒါနကိုသာ အလေးပြုလျက်အမှတ်တမဲ့လှူဒါန်း၍ နေသောဒါနသည်အလောင်း အလျာတို့၏ အလေ့အလာ ပါရမီမြောက်သော ဒါနပင်ဖြစ်ပေရကား အကျိုးမရှိမဆိုသာပေ။

**ဟိုစကားမှန်၏။** ပုညဖလဟု ဆိုအပ်သော အကျိုးကိုအလိုရှိ၍လှူကြသောဟိနဒါနရှင်တို့မှာသာ လဇ္ဇီ,အလဇ္ဇီအမှုစိုက်ဘွယ် ရှိကြသည်။ အကျိုးကြီးမှုအတွက်နှင့် လဇ္ဇီ, အလဇ္ဇီ ရွေးချယ်၍ လဇ္ဇီပုဂ္ဂိုလ်ကို လှူဒါန်းကြသော ဒါနစုသည် ဟိနဒါနချည်းသာ တည်း။ ပါရမီမြောက်သော ဒါနစုပင်မဟုတ်၊ သံသရာဝဋ်မှ ကျွတ်လွတ်စေတတ်သောဒါနစုပင်မဟုတ်။ "ပုညဖလကာမတာယ ဟိနံ" ဟူသော **ဝိသုဒ္ဓိမဂ်** သီလနိဒ္ဒေသကို ရှုကြလေ။ ။ပုညဖလကာမတာယ၊ ကောင်းမှု၏ အကျိုးကို အလိုရှိခြင်းကြောင့်။

www.dhammaransi.com



သမာဒိန္နံ၊ ဆောက်တည်အပ်သော သီလသည်။ ဟီနံ၊ ဟီနသီလ မည်၏။(အနက်)သီလနှင့်ဒါနအတူတူပင်။

**ပါရမီဒါနမြောက်လိုလျှင်**....ယခုကာလအချို့သောလူရှင်တို့သည်ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာကို သတိမထားမိကြကုန်သည်ဖြစ်၍ အကျိုးကြီး မကြီး အတွက်နှင့် လဒ္ဓိ,အလဒ္ဓိ ရွေးချယ်မှုများကို အလွန်အလေးပြုကြကုန်၏။ ဟီန ဒါနကို အားပြုမှုသာ ဖြစ်သတည်း။ ထိုကြောင့် သံသရာဝဋ်မှ ကျွတ်လွတ်တဲ့ရန် ပါရမီဒါန မြောက်လိုသော သူတို့သည် ဒါန အတွက် အကျိုးကြီးမှု မကြီးမှုကို အကြောင်းပြု၍ လဒ္ဓိ,အလဒ္ဓိ ရွေးချယ်မှုများကို ဝေးစွာကြဉ်ရှောင်၍ ဖလအကျိုးကိုမငြိမတွယ်ဘဲ ကျွတ်ကျွတ် လွတ်လွတ် ဝံ့ဝံ့ရဲရဲ စွန့်ကြဲပေးကမ်း လှူဒါန်းဝေငှခြင်း၌ါ စွမ်းနိုင်ရသော အမှုကိုသာ ကောင်းစွာအလေးပြုကုန်ရာသတည်း။

**ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။**

ဟူ၍ အကျိုးကြီးရာကို ရွေးချယ်၍ လှူရမည်ဟု ဟောတော်မူသည်မှာ ပါရမီ မြောက် မမြောက်ကို ပဓာနမပြုဘဲ ပုဂ္ဂလဇ္ဈာသယ အားလျော်စွာ အကျိုးကို ပဓာနပြု၍ ဟောတော် မူသော ဒေသနာဟုမှတ်ရမည်။ ။ဤစကားရပ်တို့ဖြင့် “အလဒ္ဓိ ပုဂ္ဂိုလ်ကိုပင် မိရိုးဘလာအားဖြင့် အမှတ်တမဲ့ လှူဒါန်း၍နေသော ဒါနသည် အကျိုးသက်သက်မရှိသော ဒါနမည်၏”ဟု ပြအပ်သော ဒုတိယနည်းကို အမှန်အားဖြင့် မယူသာကြောင်းကိုထင်လင်းစွာ ပြလိုက်သတည်း။ ။တရပ်။

**အဝိစိသွားဒါနမဟုတ်နိုင်**......“အကျိုးဖလကို မရသည့်ပြင် အလှူခံ အလှူပေး နှစ်ပါးလုံးသာသနာဖျက်ဖြစ်၍ အဝိစိငရဲသို့သွားကြရသောဒါန” ဟူသော တတိယဒါန၏ အကျယ်သချပ်ကို ထုတ်ပြရာ၌“အလှူခံ ပုဂ္ဂိုလ်က အလဒ္ဓိ ဒုသီလဖြစ်စေ, အလှူပေး ဒါယကာကလည်း ထိုအလဒ္ဓိ

www.dhammaransi.com



ဒုဿီလပုဂ္ဂိုလ်တို့၏ အမှုအရာဟု ဆိုအပ်သော ဆေးကုခြင်း, ဗေဒင်ဟောခြင်း,အစေအပါးခံခြင်း, သစ်သီးပေးခြင်း, ပန်းပေးခြင်း စသော အမှုအရာ အလေ့အကျက်တို့ကို ကြိုက်နှစ်သက်၍ လှူဒါန်းသည်လည်းဖြစ်စေ, သာသနာတော်ကို ဖျက်ဆီးလိုသောစေတနာ မပါသော်လည်း ကေန်သာသနာဖျက်ဖြစ်သော အလဇ္ဇီတို့အပြောအဟောအမှုအရာ ဒိဋ္ဌာနုဂတိသို့ အစဉ် လိုက်မှား ခြင်းကြောင့် အလှူခံပုဂ္ဂိုလ်, အလှူပေးဒါယကာ နှစ်ဦးလုံးပင် သာသနာဖျက်ဖြစ်၍ ဒါယကာ,ဆရာတို့ ထက်အောက် အဝီစိငရဲကြီး၌ ခံကြရမည်ဟု ဆုံးမတော်မူသည်''ဟူသော စကားသည် ကျမ်းမမြင်ဂန်မမြင် ဆိုချင်အာကြီး အချည်းနှီးသက်သက် နောက်လှ၍ ထွက်လိုက်သော အယူပျက်စကားသာတည်း။

**လင်း၍ပြအံ့၊** အလဇ္ဇီ ဆိုသည်ကား ရဟန်းတို့မှာ သီလဆောက်တည်မှုသည် လူတို့ကဲ့သို့ နှုတ်မြွက်၍ ဆောက်တည်ရတော့သည်မဟုတ်။ ဉတ္တိကမ္မဝါစာဘတ်ရွတ်၍ ပြီးဆုံးလျှင် အလုံးစုံ ရဟန်းသီလတို့သည် ဆောက်တည်ခြင်းသမာဒါနကိစ္စ မြောက်ကုန်တော့သည်။ ။ထိုသမာဒါန ကိစ္စသည် သိက္ခာချ၍ လူသာမဏေအရာ၌ တည်ခဲ့သော်ငြား, ပါရာဇိကကျ၍ ရဟန်းပဋိညာဉ်ကိုစွန့်ပြီးလျှင် လူသာမဏေအရာ၌ တည်ခဲ့သော်ငြား, ဉတ္တိကမ္မဝါစာမှုအကုန်ငြိမ်း၍ သီလသမာဒါနကိစ္စ အကုန်ပျက်၏။ထိုပုဂ္ဂိုလ်ကို အလဇ္ဇီ ဟူ၍ငြား, ဒုဿီလဟူ၍ငြား မဆိုရပေ။ ပါရာဇိကကျပြီးဖြစ်လျက် ရဟန်းဟု ပဋိညာဉ် ဝန်ခံ၍နေသော ပုဂ္ဂိုလ်ကိုမူကား အလဇ္ဇီဟူ၍ငြား, ဒုဿီလဟူ၍ငြား ဆိုရသည်။ ။ပါရာဇိက မကျမရောက်မူ၍ သံဃာဒိသိသ် စသော သိက္ခာပုဒ်ယ် များကို သိလျက် စိတ်စေတနာ နှင့် တကွ လွန်ကျူးသော ပုဂ္ဂိုလ်မှာမူကား ထိုလွန်ကျူးသော သိက္ခာပုဒ်မှာပင် သမာဒါနကိစ္စ ပျက်သည်မဟုတ်၊ ထိုသိက္ခာပုဒ်အတွက် ဉတ္တိကမ္မဝါထပ်၍ ဘတ်ဘွယ်ကိစ္စမရှိ၊ စောင့်ရှောက်ခြင်းဟူသော သံဝရဓမ္မသာ ပျက်ပေသည်။ သမာဒါနကိစ္စ မပျက်ပေ၍လည်း ထိုပုဂ္ဂိုလ်ကို ဒုဿီလ

www.dhammaransi.com



ဟူ၍မဆိုရ၊အလဇ္ဇီ ဟူ၍သာဆိုရသည်။ အာယတိံသံဝရေ၌တည်၍ ဝဋ္ဋာနုကံ ဒေသနာကံတို့ဖြင့် ကုစားလျှင် သံဝရဓမ္မ၌ တည်ပြန်၍ လဇ္ဇီပုဂ္ဂိုလ် ဖြစ်ပြန်၏။ ဤသို့ အလဇ္ဇီနှင့် ဒုဿီလတို့၏ အထူးအပြားကို ခြားနားအောင် မှတ်ရမည်။

ဤဓမ္မဝိနယ ကျမ်းစာဆရာကား အလဇ္ဇီနှင့်ဒုဿီလ ခြားနားချက်ကို မသိရှာသောကြောင့် အလဇ္ဇီအမှုအရာမျှသာဖြစ်သော ဆေးကုခြင်း, ဗေဒင်ဟောခြင်း,အစေအပါးခံခြင်း,သစ်သီးပေးခြင်း, ပန်းပေးခြင်း အစရှိသောသိက္ခာပုဒ်ငယ်များကိုပင် "အလဇ္ဇီ,ဒုဿီလတို့၏ အမှုအရာ"ဟု မှောက်မှားစွာ ဆိုမိလေသည် တချက်။

**သာသနာဖျက် ဒါနမဟုတ်နိုင်**......"သာသနာဖျက်" ဆိုသည်ကားအလဇ္ဇီပုဂ္ဂိုလ်ကို အားပေး အားမြှောက် ထောက်ပံ့ချီးမြှင့်သော သူတယောက်ကို **ရူပိယသိက္ခာပုဒ်အဋ္ဌကထာ**၌ သာသနာဖျက် ပုဂ္ဂိုလ်ဟူ၍ လာသည်။ ဝိနည်း သုတ္တန် အဘိဓမ္မာ ကောင်းစွာလှလှ ကျကျ နန မတတ်ပါဘဲလျက် ဤဓမ္မဝိနယ ကျမ်းစာကို ရေးသားသော ဆရာကဲ့သို့ ဘုရားကျမ်းဂန် အသံပေး၍ တရား ကျမ်းဂန်ကို မကျွမ်းရှာသော လူရှင်ရဟန်းတို့ကို တရားအမှန် ကျမ်းဂန်အထွက်ဘဲဟု ထင်ရှားကြလေအောင် တရားယောင် တရားတုတို့ကိုရေးသား၍ ကျမ်းစာထုတ်ကြသောသူတို့ကို သာသနာဖျက်ဟူ၍ **ကဿပသံယုတ်ပါဠိတော်**၌ ဟောတော်မူသည်။ ဤကဲ့သို့သော သူများကို သာသနာဖျက် ဟူ၍လာသည်။

အစောင့်အစည်း မရှိသည် ဖြစ်၍ မိမိနေရာ၌ မိမိဘာသာ သိက္ခာပုဒ်တော်များကို လွန်ကျူး၍နေသော ပုဂ္ဂိုလ်များကို မိမိကိုယ်ကို မိမိဖျက်သော သူဟူ၍သာ ဆိုရသည်။ သာသနာဖျက်ဟူ၍ မဆိုရ။

www.dhammaransi.com



ဤ ဓမ္မဝိနယဆရာကား သာသနာဖျက်ဟူ၍ ကျမ်းဂန်တို့၌လာသည်ကို ခြားခြားနားနား မသိရှာသောကြောင့် ဆေးကုခြင်း, ဗေဒင်ဟောခြင်း အစရှိသောအမှုကို ပြုကျင့်သော အလဇ္ဇီမှုကိုသာ သာသနာဖျက်ဟူ၍ ဆိုမှား လေသည်။

"ထိုပုဂ္ဂိုလ်၏ အမှုအရာကိုကြိုက်၍ လှူဒါန်းကာနေသော ဒါယကာကို သာသနာဖျက်"ဟူ၍ဆိုရာ၌လည်း ထိုဒါယကာသည် မိမိကိုယ်ကိုသာ မိမိဖျက်သည် သာသနာဖျက်မဆိုရ။ ဤကဲ့သို့ မိမိကိုယ်ကို မိမိဖျက်သော ရဟန်းသည် အပါယ်သို့ ကျတတ်သည် ဟူ၍သာ ကျမ်းဂန်တို့၌လာသည်။ "အဝီစိငရဲကြီးသို့ကျသည်"ဟု ကျမ်းဂန်မရှိ။ထိုရဟန်းကို လှူဒါန်း၍နေသော ဒါယကာမှာလည်း အကျိုးများစွာ မကြီးကြောင်းကိုသာ ကျမ်းဂန်၌လာသည်။ "အဝီစိငရဲမှာကျရမည်"ဟု ကျမ်းဂန်၌ မရှိ။ ကဿပဘုရား လက်ထက် ကပိလရဟန်းသည် အမိ နှမ တို့နှင့်တကွ အဝီစိငရဲ၌ကျကြောင်းကို လာသည်မှာလည်း ရဟန္တာ ရဟန်းကောင်း တို့ကို ကြမ်းတမ်းစွာသော ဝစီကံတို့ဖြင့် ပြစ်မှားမှု ဖြစ်သည်။ ဆေးကုမှု ဗေဒင်ဟောမှုမျိုး မဟုတ်။ ။ပေတဝတ္ထု၌ ကျောင်းဒါယကာ နှင့် ကျောင်းနေဆရာနှစ်ဦး ကုဋိအိမ်အတွင်းမှာ အထက်အောက် နှစ်ယောက်သား ပြိတ္တာဖြစ်၍နေကြသည်မှာလည်း မနွှေရမှုသာဖြစ်သည်။

**ယုတ္တိ ယုတ္တာမရှိ**·····ဓမ္မဝိနယ ကျမ်းစာဆရာကား ဤပေတဝတ္ထုကို သူပြော လူပြော ရိပ်ဖမ်း သံဖမ်းကြားဘူးသည်ကို အဝီစိငရဲ အမှတ်လွဲရှာ၍ "ဒါယကာဆရာ အထက် အောက် အဝီစိ ငရဲကြီး၌ ခံကြရသည်"ဟု ဆုံးမတော်မူသည်ဟု ဆိုမှားဟန်ရှိသည်။ ကျမ်းဂန် လာသည်လည်း မဟုတ်, ယုတ္တိယုတ္တာလည်း သက်သက်မရှိပါဘဲနှင့် အဝီစိငရဲကြီး၌ ခံကြ

www.dhammaransi.com



ရမည်ဟု ဝန်ခံပေသော ဤဆရာသည် နောက်၌သူဆိုလတ္တံ့သော "အလိကံ ဘဏံ" ဟူသော ရဟန်းပျက်အင်္ဂါနှင့် ညီရှာလျက် ရှိချေ၏။

နောက်၌လည်း "တရပ်တကျေးကလာသော အလဇ္ဇီကို လဇ္ဇီထင်မှတ်၍ လျှူဒါန်းမှုသည် အကျိုးမရှိ"ဟုဆိုသောအချက်။ "ခတ်တော်မဟုတ်သည်ကို ခတ်တော်ဟု ထင်မှတ်၍ ရှိခိုးခြင်း, ခတ်တော်မရှိသော စေတီပျက်ကို ခတ်တော်ရှိသည်မှတ်၍ ရှိခိုးခြင်း, များကဲ့သို့" ဟုဆိုသော စကားရသည်လည်း ပရမတ္ထသဘော သကာန်တို့၌ ဉာဏ်အလိမ်မာ သက်သက်ကင်း၍ မှောက်မှားခြင်း ရသာတည်း။

**မှောက်မှားပုံ**ကို အကုန်လင်း၍ ပြလိုက်အံ့၊ ဆေးကုခြင်း, ဗေဒင်ဟောခြင်းစသော သိက္ခာပုဒ်ငယ်များ အတွက်နှင့် အလဇ္ဇီဖြစ်ခါမှသောရဟန်းကို၊ "ဦးပြည်းကား သင်္ကန်းဝတ်ခါမျှ အကာသာရှိ၍အနှစ်သာရ ဟုဆိုအပ်သောအကျင့်သိက္ခာကား ထိုအလဇ္ဇီပုဂ္ဂိုလ်၏သန္တာန်၌ အလျှင်းပင်မရှိ"ဟုဆိုသည်ကား အလွန်ကြည်လင်သော ကောင်းကင်၌ရှိသော တန်ဆောင်မုန်း လပြည့်နေ့တွင် လွင်တီးခေါင်၌ ပက်လက် အိပ်ပျော်၍ နေသော ဒူလာပါဒရက်သည်ကြီးတယောက်သည် ဝမ်းတွင်း ရင်တွင်းမှ သလိပ်ခိုးတို့သည်ထ၍ မျက်လုံးနှစ်ရ အပြည့်ဖုံးလေ၏။ ဖုံးသည်ကိုလည်းရုတ်တရက်မသိတဲ့၍ ကောင်းကင်သို့ မြော်ကြည့်လေရာ ကောင်းကင်အပြင်မှာ လဝန်းကြီးလည်း ကွယ်ပျောက်သည်,နက္ခတ် တာရာတို့လည်း အကုန်ကွယ်ပျောက်ကုန်လေသည်, အလွန်မဲလှ ရိုက်လှသော တိမ်ပုပ်အတိ ဖုံးလွှမ်းခဲ့သည်, မှောင်ကြီးအတိ ရိုက်ခဲ့ပြီ, တန်ဆောင်မုန်းလ မိုးသီးကြီးသည်းထန်စွာရွာတော့မည်,ဟု မြည်တွန်တောက်တီးသောသူနှင့် အလားတူစွာ ထိုအလဇ္ဇီ သန္တာန်မှာ ကုဋေကိုးထောင်မျှမက ရှိနေသော သိက္ခာပုဒ်တွေကို ခွဲဝိနယ ဆရာ မမြင်ရှာလေ။

www.dhammaransi.com



**ကျမ်းကောင်း ဂန်ကောင်း၌ မရှိ**……"အလဇ္ဇီပုဂ္ဂိုလ်ကိုလှူဒါန်း၍ အကျိုးမရှိ"ဆိုသော စကားသည် ပုဂံပြည်တွင် တချွင်းတောင်ခြေ တောရကျောင်းနေ ရဟန်းသိက္ခာပျက် လူထွက်ဆရာ ရေးသား စီရင်သည်ဟု အစဉ်အလာ ပြောရိုးရှိကြသော **ဂူလဂဏ္ဍိကျမ်း**တွင်သာ လာရှိသည်။ကျမ်းကောင်း ဂန်ကောင်းတို့မှာ တထွာလေးသစ် မလာမရှိ။ ဒုဿီလ ပုဂ္ဂိုလ်ကို လှူဒါန်းလျှင် အကျိုးမကြီးကြောင်းကိုသာ ကျမ်းကောင်း ဂန်ကောင်းများ၌ လာပေသည်။

**တောင်ပို့ကိုပင်ရှိခိုးတော့**…."ဓာတ်တော်အစစ်မဟုတ်သည်ကို ဓာတ်တော်အစစ်ထင်မှတ်၍ ရှိခိုးလျှင်အကျိုးမရှိ"ဟု ဆိုခြင်းသည်လည်းမဟုတ်။ ။အတုမရှိသော သဗ္ဗညုဘုရားကြီးကို အထူးကြည်ညိုလှသော သဒ္ဓါမှန် သဒ္ဓါစစ်နှင့် ပြည့်စုံပြီးသော လူမျိုးအပေါင်း တို့သည် ကျောက်ခဲ ကြေးခဲ ငွေခဲ ရွှေခဲ အမြုတေ ဂေါရောဇဉ်း တို့ကိုပင် ဓာတ်တော်စစ်ထင်မှတ်၍ ရှိခိုး ကိုးကွယ်သော်လည်း ထိုလူမျိုးတို့၏ စိတ်စေတနာ သဒ္ဓါပညာတို့သည် သဗ္ဗညု မြတ်စွာဘုရားကြီး၌ ဆိုက်၍ တည်ကုန်သည်သာ ဖြစ်ပေရကား ကုသိုလ် အစစ်အမှန် ဖြစ်၏။ ဓာတ်တော်မရှိသော စေတီ အိမ်ပျက်ကို မဆိုထားဘိ,တောင်ပို့ပျက်ကိုပင် ရှိခိုးငြား သော်လည်း သည်တောင်ပို့ မြေမျိုးသည် သဗ္ဗညုတ ဉာဏ်တော်ရှိသော မြေမျိုး ဖြစ်သည်ဟု ရှိခိုးသည် မဟုတ်၊စေတီထင်မှတ်၍ ရှိခိုးခြင်းသာ ဖြစ်ပေရကား သဗ္ဗညုမြတ်စွာဘုရားကြီးသို့ဆိုက်၍ တည်သည်သာ ဖြစ်၏။

**ဘုရားမလွဲနိုင်**……ကပိလဝတ် ပြည့်တော်မှ တောထွက်တော်မူ၍ ဗောဓိမဏ္ဍိုင်၌ ဘုရားအဖြစ်သို့ရောက်တော်မူ၍ ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် စံတော်မူသော သဗ္ဗညုမြတ်စွာဘုရားကြီးသည်သာလျှင် သဗ္ဗညုအစစ်အမှန် ဖြစ်သည်ဟု အတပ်သိပြီး ကြည်ညိုပြီးသော လူမျိုးအပေါင်းတို့မှာ ဘယ်သင်း

www.dhammaransi.com



ဘယ်ဟာကိုပင် ကိုးကွယ်သော်လည်း မမှားနိုင်ပြီ၊ ဘုရားမလွဲနိုင်ပြီ။ "သဒ္ဓါဓိကော၊သဒ္ဓါလွန်ကဲသော။ မန္ဒပညော၊နုံ့သောပညာရှိသော သူသည်။ အဝတ္ထုသ္မိံ၊ မကြည်ညိုထိုက်သော ဝတ္ထု၌။ ပသီဒတိ၊ ကြည်ညိုမိတတ်၏။" ဟု လာသည်မှာ ဘုရား အမှန် တရား အမှန် သံဃာ အမှန်ကို မသိဘူးကြ၍ ပူရဏကဿပ မက္ခလိဂေါသာလ စသော တိတ္ထိကြီးတို့ကိုသာ ဘုရားဟူ၍ကြည်ညိုကြသောသူတို့ကိုသာဆိုသည်။ ။ဘုရားတပည့်သားဖြစ်လျက် ဘုရားကို မကြည်ညိုမူ၍ တိတ္ထိတို့ကိုသာ ကြည်ညိုသော လိင်္ဂဓိမင်းမျိုးဖြစ်သော သုနက္ခတ္တရဟန်း လိုဟာကို ဆိုသည် တရပ်။

ဆေးကုခြင်း, ဗေဒင်ဟောခြင်း စသော သိက္ခာပုဒ်ငယ်များ အတွက် အလဇ္ဇီဖြစ်၍ နေသောရဟန်းကို လှူဒါန်း၍ အကျိုးမရှိကြောင်းကို ပါဠိသာကေပြသည်ကား–

"နမုဏ္ဍကေန သမဏော၊အဗ္ဗတော အလိကံ ဘဏံ။
ဣစ္ဆာလောဘသမာပန္နော၊ သမဏော ကိံ ဘဝိဿတိ"

ဟူသော **ဓမ္မပဒပါဠိတော်**ကိုပြပေ၏။

ထိုပါဠိတော်၏ပါဠိလျှောက်အဓိပ္ပါယ်ကား ဦးပြည်းကာမျှဖြင့် ရဟန်း သမဏ မဟုတ်သေး၊သိက္ခာသီလအကျင့် ဓုတင်အကျင့် လည်း မရှိသော မဟုတ်မမှန်သော စကားကိုလည်းပြောဟော လေ့ရှိသော မရောက် သေးသော ဝတ္ထုအာရုံ ကာမဂုဏ်ကို တောင့်တသော ဣစ္ဆာတရား, ရပြီးရောက်ပြီးသော ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ သာယာသော လောဘတရားတို့နှင့် ပြည့်စုံသော သူသည် အဘယ်မှာ ရဟန်း ဟုတ်ပချေအံ့နည်း။ (ပါဠိလျှောက် အဓိပ္ပါယ်)

**ရဟန်းသုံးမျိုး**·····ဓမ္မဝိနယ ဆရာသည် "အဓိစ်ငရဲကြီး၌ ကျရမည် ဟု ဆုံးမတော် မူသည်" ဟု မဟုတ်မမှန်သောစကားကိုပြောသောသူဖြစ်ပေရကား ဤဒေသနာ ပော်ဘွင် သူလည်းအပါအဝင် ဖြစ်လေတော့သည်။

“အလင်္ကတော ပိစေ သမံ စရေယျ။
သန္တော ဒန္တော နိယတော ဗြဟ္မစာရီ။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ။
သသမဏော သဗြာဟ္မဏော သဘိက္ခု”

ဟူသော **ဓမ္မပဒပါဠိတော်**နှင့်အညီ ရဟန်းသည်ဝိနည်းရဟန်း သုတ္တန်ရဟန်း ပရမတ်ရဟန်းဟူ၍ သုံးမျိုးရှိသည်။ ။ဉတ်ကမ္မဝါစာနှင့် ဘတ်ရွတ်သမုတ်၍ ဖြစ်သော သမ္မုတိ ရဟန်းသည် လာဠုဒါယိ မထေရ်ကြီးတို့ကဲ့သို့ အလွန်ပင် ပညာနည်းလှစွာသော သူပင်ဖြစ်ငြားသော်လည်း **ဝိနည်းရဟန်း** ပေတည်း။ ။ ထိုဝိနည်းရဟန်း သည်လည်း မြတ်စွာဘုရား၏ ဉတ်ကမ္မဝါစာဖြင့်ရဟန်းဖြစ်လေ သောကြောင့် မြတ်စွာဘုရား၏ **သမ္မုတိ**သားတော်မည်၏။ ထိုသမ္မုတိရဟန်းသည် အရိယာအစစ်သို့ ရောက်သောအခါ **ပရမတ်ရဟန်း**မည်ပြန်၏။ မြတ်စွာဘုရား၏ ပရမတ္ထသားတော် အစစ်လည်း မည်၏။ ။သမ္မုတိသံဃာ ပရမတ္ထသံဃာဟူသည်လည်း ဤအတူပင်မှတ်။

**သုတ္တန်ရဟန်း**……ဆိုသည်ကား ဆိုခဲ့ပြီးသော ဝိနည်းပညတ်တော်၏ အစွမ်းအားဖြင့် သမ္မုတိရဟန်း ဖြစ်ပြီးသော လာဠုဒါယိမထေရ်,နမုဏ္ဍကေနသမဏော ဟူသော ဂါထာ၏ ဝတ္ထုတွင်လာသော ဟတ္ထကမထေရ်, အဿဇိပုနဗ္ဗသုက အစရှိသော ဆဗ္ဗဂ္ဂီရဟန်းတို့ကဲ့သို့ လောဘတထောင်ထောင် ဒေါသ မောဟ တသောင်သောင် ရုန့်ရင်းကြမ်းတမ်းသော ကာယကံ,ဝစီကံ,မနောကံ အပြည့်နှင့်နေသော သူတို့ကို သုတ္တန်ပရိယာယ်အလိုအားဖြင့် သမဏ မဆိုအပ်ကုန်။ လူပုထုဇ္ဇန်ပင် ဖြစ်ငြားသော်လည်း ကိလေသာတရားတို့ငြိမ်သက်၍ ဣန္ဒြေ ၆-ပါး ဒွါရ ၃-ပါးငြိမ်သက်ကြပေမူကား သမဏဟူ၍ပင်ဆိုရ၏။

ဤကား=သုတ္တန်ရဟန်းတည်း။

www.dhammaransi.com



**ပရမတ်ရဟန်း**......ဆိုသည်ကား သုဒ္ဓေါဒနမင်းကြီး,သန္တတိအမတ်ကြီးတို့ကဲ့သို့ မင်းမြောက်တန်းဆာဆင်ယင်လျက်ရှိသောလူပင်ဖြစ်ငြားသော်လည်း,နတ်ပင်ဖြစ်ငြားသော်လည်း,သိကြားဗြဟ္မာပင်ဖြစ်ငြားသော်လည်း, အရိယာမဂ်ကို ရသောအခါမှစ၍ သမဏော၊ ရဟန်းလည်း မည်၏၊ ဗြာဟ္မဏော၊ဗြာဟ္မဏလည်းမည်၏။ ဘိက္ခု၊ဘိက္ခုလည်းမည်၏။

ဤကား-ပရမတ်ရဟန်းတည်း။

ထိုသုံးပါးသော ရဟန်းတို့တွင် သုတ္တန်ရဟန်း အဘိဓမ္မာရဟန်းအစစ်ပင် ဖြစ်တတ်သေးသော်လည်း ဝိနည်းရဟန်းဟု ဆိုအပ်သော သမ္မုတိရဟန်း သမ္မုတိသံဃာ ဖြစ်ပေလျှင်ပင်အခိုက်အတန့်အားဖြင့်တရသော နှစ်ရသော သုံးရသော သိက္ခာပုဒ်ငယ်တို့ကို ကျူးလွန်မှုနှင့် အလဇ္ဇီပုဂ္ဂိုလ်ပင် ဖြစ်စေဦးတော့ အလှူခံမြတ်တွင် ပါဝင်ပေသည်သာ ဖြစ်၏။ "နမုဏ္ဍကေန သမဏော" ဟူသော ထိုဂါထာသည်ကား သုတ္တန်ဂါထာ သုတ္တန်ဒေသနာဖြစ်ပေရကား ဇာနေ္တ ၆-ပါး ဋ္ဌါရ ၃-ပါး မငြိမ်သက်သော ဝိနည်းရဟန်းမျိုးကိုသာ ရဟန်းဟူ၍ မဆိုလို၊ထိုကြောင့်"သမဏော တိ ဘဝိဿတိ"ဟူ၍ ကဲ့ရဲ့တော်မူသည်။ ။ကိလေသေ သမေတီတိ သမဏော။ ။ယော၊အကြင်သူသည်။ ကိလေသေ၊ ကိလေသာတို့ကို။သမေတိ၊ငြိမ်းစေနိုင်၏။ ဣတိ၊ ထိုကြောင့်။သော၊ ထိုသူသည်။ သမဏော၊ သမဏမည်၏။ ဝါ၊ ရဟန်းမည်၏။ ။ဤသို့သော အနက်သွားနှင့် ညီညွတ်သောသူကိုမှသုတ္တန်အလိုရဟန်းဆိုသည်။ ထိုကြောင့်မဟာတ်လော နောက်ဂါထာ၌--

"ယော စ သမေတိ ပါပါနိ၊အဏုံ ထူလာနိ သဗ္ဗသော။
သမိတတ္တာဟိ ပါပါနံ၊သမဏောတိ ပဝုစ္စတိ"

ဟူ၍ ဟောတော်မူသည်တကား။

ဤကား-ရဟန်းတို့ကို ခြားနားသိသာအောင်ပြလိုက်သောအချက်တည်း။

www.dhammaransi.com



**ဓမ္မဝိနယဆရာ၏အပြစ်**……ထိုသုံးပါးတို့တွင် အလင်္ကာရဟန်း ဒုဿီလရဟန်းဟူသော ရဟန်း ရှသည် ဝိနည်းသိက္ခာပုဒ်နှင့်စပ်၍ဖြစ်ရသော အရာဖြစ်လေရကား ဝိနည်းရဟန်းအရာ၌သာ ရှိပေသည်။ သုတ္တန်ရဟန်း အဘိဓမ္မာ ရဟန်းတို့မှာ အလင်္ကာဟူ၍မရှိ။ ဒုဿီလဟူ၍မရှိကြပေ။ ။ဤဓမ္မ ဝိနယဆရာကား ယခုခြားနား၍ပြခဲ့သောရဟန်းဟူသော ဝေါဟာ ရ အထူးအပြားများကို သက်သက် မသိဘူး မကြားဘူးရှာသော ကြောင့် ဆေးကုခြင်း,ဗေဒင်ဟောခြင်း စသော အပြစ်ငယ်ရုံနှင့် အလင်္ကာဖြစ်သော ရဟန်းအား လှူဒါန်း၍ အကျိုး မရှိကြောင်းကို သုတ္တန်ရဟန်းအခြေအနေကို ဟောသောဂါထာကို သက်သေလုပ် ၍ ပြလေသည်။ ။တရပ်။

" သံဃေ စိတ္တံကာရံ ကာတုံ သက္ကောန္တဿ ဒိဏ္ဏသသဝေ ဒိန္နဒါနတော သံဃတော ဥဒ္ဒိသိတွာ ဂဟိတဒုဿီလဿ ဒိန္နံ မဟပ္ဖလံ "

ဟူသောဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ၌လည်းမြတ်စွာဘုရား လက်ထက်တော်မှပင် ဖြစ်စေ သံဃာမှ ညွှန်းချ၍ ရအပ်သော ဒုဿီလရဟန်းကို သံဃာ၌တည်သော ရိုသေခြင်းဖြင့် လှူဒါန်း သောအလှူသည် ရဟန္တာပုဂ္ဂိုလ်ကို ပုဂ္ဂလိက လှူရသော အလှူ ထက် အကျိုးကြီး၏ဟု အဘယ်ကာလမဆို သာဓာရဏ အားဖြင့် သံဃိကအလှူအကျိုးကြီးကြောင်းကို ပြတော်မူသည်။

ဓမ္မဝိနယဆရာကား "သံဃတော ဥဒ္ဒိသိတွာ ဂဟိတဒုဿီ လဿ"ဟူသော ပါဌ်ကို ကြောင်ကြောင် မြင်လျက်နှင့် အနက် သွားအဓိပ္ပါယ်သွားကို သက်သက် မသိရှာသည့် အတွက်ကြောင့် ထိုအဋ္ဌကထာပါဌ်၏အဓိပ္ပါယ်ကိုသီလသိက္ခာ သာသနာကွယ်၍ သံဃာအစစ်မရှိသော လိင်္ဂသာသနာမျှသာရှိသော နောက်ကာလ၌ ကာသာဝကဏ္ဌ ဒုဿီလရဟန်းကို ထုတ်၍ပြဘိသည်။ ။ ထိုအခါမှာ"သံဃတော ဥဒ္ဒိသိတွာ"ဆိုရန် သံဃာအစစ် အဘယ် မှာရှိတော့အံ့နည်း။ ထိုအခါ၌ သံဃာအစစ်တို့၏ ဂဏ်ကျေးဇူးကို

www.dhammaransi.com



ကြားဘူးရုံမျှရှိကြသေးသော လူပညာရှိတို့သည် ကြားဘူးသော သံဃာကိုရည်မှတ်၍ ထိုအခါတွင် ရှိကြသော ဒုသီလဂေါတြဘု ရဟန်းတုတို့ကို လှူဒါန်းသည့်,သံဃာမှ ညွှန်းချသည့်,ဟု ဆိုရန် ညွှန်းချသောသံဃာအစစ်ဟူ၍ ထိုအခါမရှိပြီ။ ။''သဂ်ဇာဆရာ တော်ဘုရားဆုံးမချက်ပြီး၏''ဟု ပါရှိသည့်ကား အဟုတ် အမှန်ကို သိ၍ဆိုခဲ့သောအချက်ဟူ၍ တချက်မျှလှလှမပါ, •စိတ်ထင်ရာရာကို ဆိုခဲ့သောအရာစုချည်းဖြစ်၍ ဆရာတော်ဘုရားကြီးကို **ကျောက် ကြီးငါးနို** နံပါတ်တင်၍ထားလေသည်။

ဒါနသီလအဓိပ္ပါယ်အကျယ်ပြီး၏။

---

## အာဝေဏိကဂုဏ်တော်ပါဠိ

**ဇယတု**။ ။ဗုဒ္ဓါနံ ဇိဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။ ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ နသက္ကာ ကေနစိ အန္တရာ ယော ကာတုံ။အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ညာဏံ။အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ညာဏံ။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ညာဏံ။

ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ။နတ္ထိ ဓမ္မဒေသနာယ ဟာနိ။နတ္ထိ ဝိရိယဿ ဟာနိ။ နတ္ထိ သမာဓိဿ ဟာနိ။ နတ္ထိ ပညာယ ဟာနိ။ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝ တော နတ္ထိ ဒဝါ။နတ္ထိ ရဝါ။ နတ္ထိ အပ္ဖုဋံ။ နတ္ထိ ဝေဂါယိတတ္တံ။ နတ္ထိ အဗျာဝဋမနော။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။

www.dhammaransi.com



ဣုမေပိ အဋ္ဌာရသပိ ဓမ္မေပိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္ဗုဒ္ဓါနဉ္စ။

## အာဝေဏိကဂုဏ်တော်အနက်

**ဇယတု။** ။ဗုဒ္ဓါနံ၊သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏။ဇိဝိတဿ၊ ပွင့်ရာတမ်းမှတ်-အာယုကပ်ကို ငါးရပ်ပုံစု လေးခုသုံးတိုင် ရှည်နိုင် တည်နေမြဲဖြစ်သောအသက်တော်၏။အန္တရာယော၊ လေးစုံလုံးလုံး မဆုံးမိခင် အလယ်တွင်၌ ဝင်၍လတ်လတ် ဖျက်ဆီး တတ်သော အန္တရာယ်ကို။ ကေနစိ၊ဒေဝဒတ်နှင့် မာရ်နတ်စစ်မှူး ဘီလူးအာဠ ဝက စသည်အပုံ တစုံတယောက်သောသူမျှပင်။ကာတုံ၊ ပျက်စီး လေအောင် ကြံဆောင်အားထုတ် ပြုလုပ်စီရင်ခြင်းငှါ။ နသက္ကာ၊ မတတ်နိုင်။ ဗုဒ္ဓါနံ၊ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏။ သဗ္ဗညုတ ညာဏဿ၊ အပရိယန္တဉေယျအထု တရားစုဝယ် တခုမကြွင်း ခပင်းဥဿုံ အလုံးစုံကို အကုန်အစင် ထင်ထင်မြင်နိုင်သော သဗ္ဗညုတဉ္ဉာဏ်တော်မြတ်၏။အန္တရာယော၊ ဉာဏ်ကြီးသဗ္ဗည် မထင်လာအောင် ကွယ်ကာ ဖျက်ဆီးတတ်သော အန္တရာယ်ကို။ ကေနစိ၊ မဟောသဓ ဗကဗြဟ္မာ အသုရာနှင့် များစွာလူတွင် တယောက်ပင်မျှ။ ကာတုံ၊ မမြင်သာအောင် ကြံဆောင်အားထုတ် ပြုလုပ် စီရင်ခြင်းငှါ။ နသက္ကာ၊ မတတ်နိုင်။ ဘဂဝတော၊ခြောက် ပါးရှစ်သွယ် ဘုန်းတော်ကြွယ်သော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ သဗ္ဗညုတဉ္ဉာဏ်တော်သည်။ အတီတံသေ၊ အတိတ် သံသရာ ကမ္ဘာအဆျှင် စ,ရာမထင် ရှေ့တပြင်က လွန်ကုန်ကြ သော ဉေယျသစ္စာ များစွာအထု တရားစု၌။အပ္ပဋိဟတံ၊ ပရမာ မှုံဏာ တခုမျှပင် မြင်ခွင့်မပေး အရေးကန့်ကန့် တားဟန့်ပိတ်ပင် နိုင်သော ပဋိပက္ခတရားမှ ကင်းတော်မူပေ၏။ ဘဂဝတော၊ ခြောက်ပါးရှစ်မျိုး ဘုန်းတော်ဖြိုးသော။ ဗုဒ္ဓဿ၊မြတ်စွာဘုရား၏။ ဉာဏံ၊သဗ္ဗညုတဉ္ဉာဏ်တော်သည်။ အနာဂတံသေ၊ အနာဂတ် သံသရာ ကမ္ဘာအဆျှင် ဆုံးရာမထင် နောင်တပြင်၌ အစဉ်

www.dhammaransi.com



ရှည်ဝေးလာအံ့သေးသော ဥဧယျာသစ္စာ များစွာအထု တရားရဋ္ဌ။ အပ္ပဋိဟတံ၊ ပရမာမြူဏာ တခုမျှပင် မြင်ခွင့်မပေး အရေးကန့်ကန့် တားဟန့်ပိတ်ပင်နိုင်သော ပဋိပက္ခတရားမှ ကင်းတော်မူပေ၏။ ဘဂဝတော၊ ခြောက်ပါး ရှစ်မြောက် ဝင်းဝင်း တောက်သော။ ဗုဒ္ဓဿ၊မြတ်စွာဘုရား၏။ ဉာဏံ၊ သဗ္ဗညုတ ရွှေဉာဏ်တော်သည်။ ပစ္စုပ္ပန္နံသေ၊ ဧကေတ္တိံသ ဘုံဘဝနှင့် အနန္တစကြာဝဠာ ရပ်ရွာ ဝန်းကျင် နယ်တပြင်၌ မျက်မြင်မစဲ ဖြစ်ဆဲပျက်မှု ယခုတည်လစ် လောလောဖြစ်သော ဥဧယျာသစ္စာ များစွာအထု တရားရဋ္ဌ။ အပ္ပဋိဟတံ၊ ပရမာ မြူဏာ တခုမျှပင် မြင်ခွင့်မပေး အရေး ကန့်ကန့် တားဟန့်ပိတ်ပင်နိုင်သော ပဋိပက္ခတရားမှ ကင်းတော်မူပေ၏။

ဣမေဟိ တိဟိဓမ္မေဟိ၊ ဤသုံးဖြာသော အသာဓာရဏ ဓမ္မပြန့်ပြူး ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာဂတဿ၊ လောက်လွှဲကိုင် ပြည့်စုံလှသော။ ဘဂဝတော၊ ခြောက်ပါး ရှစ်တန် ဘုန်းတော်လျှံသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သဗ္ဗံ၊ တခုမကြွင်း ခပင်းဥဿုံ အလုံးစုံသော။ ကာယကမ္မံ၊ သွား ရပ် ထိုင် လျောင်း ရွှေနှောင်း တက်ဆုတ် ဆန့်ယုတ်ချိကြွ စသည်များပြား လှုပ်ရှား ပြုပြင်သမျှသော ကိုယ်အမှုအရာတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ၊သတ္တကသမ္ဗောဇ္ဈင် သပ္ပါယသမ္ဗောဇ္ဈင် ဂေါစရသမ္ဗောဇ္ဈင် အသမ္မောဟသမ္ဗောဇ္ဈင် ပညာလေးပါး ရှေ့သွား ရှေ့ဆောင် ရှိတော်မူပေ၏။ ဉာဏာနုပရိဝတ္တံ၊ သမ္ဗောဇ္ဈင်ဉာဏ် စိမ်တိုင်းပင် အစဉ်တစိုက် လိုက်ခါဖြစ်တော်မူပေ၏။ သဗ္ဗံ၊ တခုမကြွင်း ခပင်းဥဿုံ အလုံးစုံသော။ ဝစီကမ္မံ၊ နှုတ်လျှာအိန့်၍ မိန့်တော်ကျူးရင့် လှစ်ဖွင့် သမျှသော နှုတ်အမှုအရာတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ သတ္တကသမ္ဗောဇ္ဈင် သပ္ပါယသမ္ဗောဇ္ဈင် ဂေါစရသမ္ဗောဇ္ဈင် အသမ္မောဟသမ္ဗောဇ္ဈင် ပညာလေးပါး ရှေ့သွား ရှေ့ဆောင် ရှိတော်မူပေ၏။ ဉာဏာနုပရိဝတ္တံ၊ သမ္ဗောဇ္ဈင်ဉာဏ် စိမ်တိုင်းပင်အစဉ်တစိုက် လိုက်ခါဖြစ်တော်မူပေ၏။သဗ္ဗံ၊ တခုမကြွင်း ခပင်းဥဿုံ အလုံးစုံသော။ မနောကမ္မံ၊ ကြံကြံသမျှသော စိတ်အမှုအရာတော်သည်။ဉာဏပုဗ္ဗင်္ဂမံ၊သတ္တကသမ္ဗောဇ္ဈင် သပ္ပါယသမ္ဗောဇ္ဈင်

www.dhammaransi.com



ဂေါစရသမ္ပဇဉ် အသမ္မောဟသမ္ပဇဉ် ပညာလေးပါး ရှေ့သွား ရှေ့ဆောင် ရှိတော်မူပေ၏။ ဉာဏာနုပရိဝတ္တံ၊ သမ္ပဇဉ်ဉာဏ် စိမံ တိုင်းပင် အစဉ်တစိုက် လိုက်ခါဖြစ်တော်မူပေ၏။

ဣမေဟိ ဆဟိ ဓမ္မေဟိ၊ ဤခြောက်ဖြာသော အသာဓာရဏ ဓမ္မပြန့်ပြူး ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာဂတဿ၊ လောက် လွှေ့ကိုင ပြည့်စုံလှသော။ ဘဂဝတော၊ ခြောက်ပါးရှစ်တန် ဘုန်းတော်လျှံသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဆန္ဒဿ၊ စကြဝဠာ ပေါင်း တသောင်းတိုက်နေ ဗိုလ်ခြေများစွာ သတ္တဝါကို ခေမာ သောင်သို့ ငါဆောင်ပို့မည် ရည်သန် တောင့်တသော ဘုရား လောင်းလျာ သုမေဓာသူမြတ်၏ သန္တာန်၌ဖြစ်သော **အာဂမဆန္ဒ တော်** ဘုန်းခြောက်ဖြာတွင် ကာမာမည်သိ လိုတိုင်းပြီးသော **အဓိဂမဆန္ဒတော်** နှစ်ပါး၏။ ဟာနိ၊ ရည်သန်သလောက် မပြောက် မပြီး ပျက်စီးချို့ငဲ့ခြင်းမည်သည်။ နတ္ထိ၊ အလျဉ်မြူမျှရှိတော်မမူ။ ။ ဓမ္မ ဒေသနာယ၊ ဝဋ္ဋသုံးဖြာ သံသရာမှ နိယျာနိက နိဿရဏစစ် ဖြစ် စေခြင်းငှါ စိတ်ဖြာဝေဘန် ခွဲပြဿွန်သား အမွှန်ထွေလာ ဒေသနာ တော်မြတ်၏။ ဟာနိ၊ နိယျာနိက နိဿရဏ ဖလကျိုးကြီး မပြီးစီးဘဲ ချွတ်လွဲယုတ်လျော့ခြင်းမည်သည်။ နတ္ထိ၊ အလျဉ်မြူမျှရှိတော်မမူ။ ။ ဝီရိယဿ၊ ယုဇနာဝန်းညီ သုံးလီသန်းပေါင်း ခြောက်သိန်းလောင်း လျှက် တသောင်းသုံးရာ ငါးဆယ်သာသည် စကြဝဠာတွင်း ဝင်းဝင်းထိန်ညီး မီးကျိုးလှံသွား အပြည့်ထားလျှက် တဘက် ကမ်းတိုင် ရောက်ပေနိုင်မူ အကြင်သူကား ဘုရားဖြစ်မည် စင်စစ်ဟူက ဆံမြူမကွန့် ဝံ့ဝံ့စားစား ကူးသွားနိုင်မျှ ရဲရင့်လှသား ပယတ္တမည်သော **အာဂမဝီရိယတော်** အသာဓာရဏ ကိစ္စလေး တန် ကုံလောက်ငံ၍ သမ္မပ္ပဓာန်ကိစ္စ တတ်စွမ်းလှသော **အာဂမ ဝီရိယတော်** နေ့တိုင်းစတော ငါးတွေကိစ္စ မလပ်ရအောင် ထာဝရအားသစ် ပြုမြဲဖြစ်သော **အဓိဂမဝီရိယတော်** သုံးပါး၏။ ဟာနိ၊ ယုတ်လျော့ခြင်းမည်သည်။ နတ္ထိ၊ အလျဉ်မြူမျှ ရှိတော်မမူ။ ။

www.dhammaransi.com



သမာဓိသ၊ အဋ္ဌဒိသာ ရှစ်မျက်နှာမှ လာလာသနေ့ရွ မုန်တိုင်းဝှေ့လည်း မနေ့ရွမယိုင် မြင်းမိုရ်ရိုင်သို့ တပြိုင်နက်သား ရှစ်ပါးလောကဓာတ် ဝန်းရံပတ်ဆုံ တွေ့ခိုက်ကြုံလည်း တုန်မလှုပ်ဘဲ တည်တံ့သော **ပကတိသမာဓိတော်** ဝသီ ငါးရပ် ကမ်းဆုံးခပ်လျက် ထူးမြတ်လွန်ကဲသော ဈာန်ဒွိဝိဓအဘိညာဏ် ဒိဗ္ဗစက္ခုအဘိညာဏ် ဒိဗ္ဗသောတအဘိညာဏ် စေတောပရိယ အဘိညာဏ် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ် ယထာကမ္မုပဂအဘိညာဏ် အနာဂတံသအဘိညာဏ်မျိုး တန်ခိုးဈာန်ဒွိပါဒ်တော်တို့၏ အခြေဖြစ်သော **အပ္ပနာသမာဓိတော်**နှစ်ပါး၏။ဟာနိ၊ ယုတ်လျော့ခြင်းမည်သည်။ နတ္ထိ၊အလျဉ်းမရှိတော်မမူ။ ။ပညာယ၊ စကြဝဠာပေါင်း သောင်းတိုက်အပြင် ဘုံသုံးခွင်ဝယ် သင်္ခါရဓမ္မဟူသမျှကို တစမကြွင်း လင်းလင်းထင်ထင် အကုန်မြင်လျက် နေ့စဉ်မခဲ ရှုစမြဲအစဉ်ဖြစ်သော နှစ်ကုဋေ လေးသန်းမျှလောက်သော မဟာဝဇိရဉာဏ်တော်မြတ်၏။ဟာနိ၊ ယုတ်လျော့ခြင်း မည်သည်။ နတ္ထိ၊ အလျဉ်းမရှိတော်မမူ။ ။ဝိမုတ္တိယာ၊ ကုဋေတသိန်း ပျက်ကိန်းတူစွာ စကြဝဠာဝယ် ဖြဟ္မာလူနတ် လေးရပ်ပါဝယ်ဘုံ အကုန်မကြွင်း ခပင်းရုံးပေါင်း လွှမ်းမွမ်းညောင်းအောင် သွန်းလောင်းဖြန့်ဖြူးတော်မူအပ်သော မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဟု ဆိုအပ်သော ဖြဟ္မဝိဟာရ **စေတောဝိမုတ္တိ တရား လေးပါး** ဖြဟ္မာလူနတ် ပရိသတ်အား တရားဟောစဉ် အခိုက်တွင်မျှ မလပ်ရအောင် နေ့ညမခဲ ဝင်စားမြဲအစဉ် ဖြစ်သော နှစ်ကုဋေ လေးသန်းမျှလောက်သော အရဟတ္တဖလ စတုတ္ထဈာန် အမွန်ရတနာ ချမ်းသာသုခထူးမြတ်လှသော **ဝိမုတ္တိတရား** ဤငါးပါး၏။ ဟာနိ၊ ယုတ်လျော့ခြင်းမည်သည်။နတ္ထိ၊ အလျဉ်းမရှိတော်မမူ။

ဇာမေဟိ ဒွါဒသဟိဓမ္မေဟိ၊ဤတဆယ့်နှစ်ဖြာသော အသာဓာရဏဓမ္မပြန့်ဖြူး ဂုဏ်ကျေးဇူး တော်တို့နှင့်။သမန္နာဂတာသ၊လောကလွှဲ့ကုံင ပြည့်စုံလှသော။ ဘဂဝတော၊ ခြောက်ပါး ရှစ်တန်

ဘုန်းတော်လျှံသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ၆၀၊ သတိ
သမ္ပဇဉ်မယှဉ်မဘက် အပျက်အချော်သရော်ဖျင်းပေါ့ အသော့
အသွမ်း ရှင်လမ်းမြူ ရယ်ကြည်ဆယ်သမှု ပြုအပ်ဆိုအပ် ကြံစည်
အပ်သော ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတော်များ
သည်။ နတ္ထိ၊ အလျှုမြူမျှ ရှိတော်မမူ။ ။၇၀၊ သတိသမ္ပဇဉ်မတင်
မဆေး အရေးတကြီး ကမြီးကပြူး ကရုံးကရင်း မစဉ်း မစား
ပြုမိပြေား၍ ယွင်းမှား လျော့မေ့ မစေ့မစပ် လစ်လပ် ဟင်းဟာ
သည်ဟု ပညာရှိပုဂ္ဂိုလ်တို့ ပြောဆိုပြစ်တင်ရန်ကို ဖြစ်စေတတ်
သော ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတော်များ
သည်။နတ္ထိ၊အလျှုမြူမျှရှိတော်မမူ၊ ။အပ္ပုရုံ၊ စဉ်းစဉ်းစားစား ပြု
ပါပြေားလည်း ဉာဏ်အားသေး၍ အရေးအခွင့် မြင်သင့်သမျှ တကွ
လုံးစုံ ကုန်အောင်မပြန့် မနှံ့မစပ် လစ်လပ်ဟာဟင်း ကျန်ကြွင်းခြင်း
ရှိသည်ဟု ပညာရှိပုဂ္ဂိုလ်တို့ ပြောဆို ပြစ်တင်ရန်ကို ဖြစ်စေတတ်
သော ကိုယ်အမူအရာ နှုတ်အမူအရာ စိတ် အမူအရာ တော်များ
သည်။နတ္ထိ၊ အလျှုမြူမျှရှိတော်မမူ။ ။ဝေဂါယိတတ္တံ၊ စိတ်မာန်
အလျောက် ကြောက်လန့်တကြား ကစားရှင်မြူး အလွန်ကျူး၍
ကိုယ်ကျူးနှုတ်ကျံ လွန်လွန်ကဲကဲ လွဲလွဲချော်ချော် မတော်မှား
ယွင်းသည်ဟု ပညာရှိပုဂ္ဂိုလ်တို့ ပြောဆိုပြစ်တင်ရန်ကို ဖြစ်စေ
တတ်သော ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတော်များ
သည်။နတ္ထိ၊အလျှုမြူမျှရှိတော်မမူ။ ။အဗျာဝဋမနော၊ကိုယ်တော်
မြတ်၏ အတ္တဟိတ ကြီးလှစီးပွါး,တသောင်းတိုက်နေ ဗိုလ်ခြေများ
စွာ သတ္တဝါတို့၏ ချမ်းသာစီးပွါး နှစ်ပါးအကျိုးပြီးပြီးမယုတ် အား
ထုတ်ကျင့်ဆောင်တော်မူမည် ရှယ်ရည်ရှေးရှု အားထုတ်ချီးပင့်
ကာ တည်နေသော မဟာဥဿာဟ ဗျာပါရ အမူအရာတော်မှ
ရုံခါကင်း၍ဖြစ်သော ဇောစိတ္တုပ္ပါဒ် မည်သည်။ နတ္ထိ၊ အလျှုမြူမျှ
ရှိတော်မမူ။ ။အပ္ပဋိသင်္ခါနုပေက္ခာ၊ စက္ခု သောတ ဃာန ဇိဝှါ
ကာယာမန ခြောက်ခွါရတွင် ထင်ထင်သမျှ ရူပသဒ္ဒ ဂန္ဓရသာ
ဖောဋ္ဌဗ္ဗာနှင့် ဓမ္မာဟူသည် ခြောက်မည်အာရုံ အလုံးစုံကို မစုံ

www.dhammaransi.com



မစပ်း ကြောင်းလမ်းပြက်ပြက် သက်သက်မသိ သတိမမူ လျှစ်လျူ။ ရှုခြင်းမည်သည်။ နတ္ထိ၊ အနုမြူမျှရှိတော်မမူ။

ဇူမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ၊ ဤတဆယ့်ရှစ်ပြာသော အသာဓာရဏ ဓမ္မပြန့်ပြူး ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာဂတဿ၊ လောက်လွှဲကိုင် ပြည့်စုံလှသော။ဘဂဝတော၊ ဇူသရိယ, ဓမ္မ, ယသ,သိရီ,ကာမ, ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူပြီးထသော။ ဗုဒ္ဓဿစ၊ သကျမုနိ အမည်တော်ရှိသော ငါတို့မြတ်စွာဘုရားအားရင်း။ သဗ္ဗာနံ့၊ ချွန်စ်ဆူ ကုန်သော။ သမ္မာသမ္ဗုဒ္ဓါနဥ္စ၊ ဝိပဿီ,သိခီ,ဝေဿဘူ, ကကုသန်,ကောဏာဂုံ,ကဿပ,ဂေါတမ အမည်တော်ရှိကုန်သော မြတ်စွာဘုရားတို့အားရင်း။နမော-နမာမိ၊ရှိခိုးပါ၏အရှင်ဘုရား။

အာဝေဏိက ဂုဏ်တော်အနက်ပြီး၏။

## ပန်းပူဇော်ရန်

ဘဂ္ဂေဘဂဝါ၊ ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ တဝ၊ အရှင်ဘုရား၏။ သီလဂန္ဓာ၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်ကျင့်တော်မူအပ်ကုန်သော သီလတော်မြတ်တို့၏ ကျေးဇူးသတင်း အသင်းအထုံတို့သည်။ဟာဝဘဝဂ္ဂ၊ မြေမှအထက် ဘုံဘဝဂ်တိုင်အောင်။ ပဝါယန္တိ၊ တကြိုင်ကြိုင်လှိုင်ကုန်၏။ တေဟိ၊ထိုသီလတော်ဂုဏ် အထုံ အသင်းတို့သည်။ ပလောဘိတာ၊ သွေးဆောင် ဖြားယောင်းအပ်ကုန်သော ကျွတ်ထိုက်သသူ နတ်လူမြဟ္မာ သတ္တဝါအပေါင်း တည်းဟူသော ပျားပိတုန်း တို့သည်။ ဓမ္မကာမာ၊ အလွန်တရာ ချိုလှစွာသော ဒေသနာပန်းယက်ကို မက်မော တွယ်တာကြကုန်သည်ဖြစ်၍။ တယိ၊ရင်းဖျားမလွတ် ပင်လုံးကျွတ်ပွင့်တော်မူပေသော အရှင်ဘုရား တည်းဟူသော မဥ္ဇူသက ပန်းပင်ကြီး၌။ သမောသဋ္ဌာ၊ သိန်းသန်း သင်္ချေ ရေ၍မဆုံး တအုန်းအုန်းလျှင် ရုံး ခစားကြရကုန်၏။ တဝ၊ အရှင်ဘုရား၏။ သီလဂန္ဓေ၊

www.dhammaransi.com



သီလတော်အနန္တ တည်းဟူသော ရနံ့အထုံ ကျေးဇူးဂုဏ်တို့ကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ ဣမေဟိ ပုပ္ဖေဟိ၊ ဤပန်းတို့ဖြင့်။ ပူဇေမိ၊ ပူဇော်ပါ၏။ ဣမိနာပုညေန၊ ဤကောင်းမှုကြောင့်။ အဟံ၊ တပည့်တော်သည်။ အနုတ္တရံ၊အတုမရှိသော။ သီလဂန္ဓပရိဘာဝိတံ၊ လောကုတ္တရာ ကြိုင်စွာအစုံ သီလဂုဏ်တို့ဖြင့် ထုံမွှမ်းအပ်သော။ အဂ္ဂမဂ္ဂပုပ္ဖံ၊ အရဟတ္တမဂ် တည်းဟူသော ပန်းမြတ်ကို။ ဓာရေမိ၊ မကြာမတင် ပန်ဆင် ရပါလို၏။ ဘဝေသုစ၊ ဖြစ်လေရာရာ ဘဝတိုင်းဘဝတိုင်း တို့၌လည်း။သီလဂန္ဓေဟိ၊သီလတည်းဟူသော မွှေးကြိုင်သင်းပျံ့ပန်းရနံ့တို့ဖြင့်။ ပဝါရိတော၊ ရပ်ဆယ်မျက်နှာ ကြေငြာသတင်း တသင်းကြိုင်ကြိုင် အမြဲလှိုင်သည်။ ဘဝါမိ၊ ဖြစ်ရပါလို၏ဘုရား။

ပန်းပူဇော်ရန်ပြီး၏။

---

## ရေချမ်းလှူဒါန်းရန်

ဘဂ္ဂဝတော၊ ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။တဝ၊အရှင်ဘုရား၏။ မေတ္တောဒကာ၊ လေးသင်္ချေနှင့်ကမ္ဘာတသိန်း ကာလပတ်လုံး ပွါးများတော် မူအပ်ကုန်သော ငါးရာ့နှစ်ဆယ်ရှစ်သွယ်မေတ္တာ ချမ်းမြစွာသော သီတာမြစေ့ အမြိုက်ရေတို့သည်။ ယာဝဘဝဂ္ဂါ၊ မြေမှအထက် ဘုံဘဝဂ်တိုင်အောင်။ ပဝတ္တန္တိ၊ဆန်တက် စီးဖြာကြကုန်၏။ သတ္တာ၊ တထောင့်ငါးရာ ကိလေသာတို့ဖြင့် ပြင်းစွာဆူလှိုက် ပူအိုက်မောပန်း၍ နေကြကုန်သော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်။ သီတကာမာ၊ ချမ်းသာအေးငြိမ်းခြင်းကို အလိုရှိကြကုန်သည် ဖြစ်၍။တယိ၊ ကြည်လင်ချမ်းမြ ချိုမြိန်လှစွာသော အရှင်ဘုရားတည်းဟူသော အနောတတ်အိုင်ကြီး၌။ သမောသဋာ၊သိန်းသန်း သင်္ချေ ရေ၍မဆုံး တအုန်းအုန်းလျှင် ရှုံးသက်ရောက်ကြရကုန်၏။တဝ၊ အရှင်ဘုရား၏။ မေတ္တောဒကာနိ၊ ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ ချမ်းမြစွာသော သီတာအမြစေ့ အမြိုက်ရေတို့ကို။ ဥဒ္ဒိဿ၊ ရည်

www.dhammaransi.com



မှတ်၍။ ဣမံဥဒကံ၊ဤရေချမ်းတော်ကို။ ဒေမိ၊လှူဒါန်းပါ၏။ ဣမိနာ ပုညေန၊ ဤကောင်းမှုကြောင့်။ အဟံ၊ တပည့်တော်သည်။ အတိသီတလံ၊ တထောင့်ငါးရာ ကိလေသာတည်းဟူသော အပူအဒိုက် ခပ်သိမ်းတို့မှ ကင်းငြိမ်းကွာဝေး အလွန်အေးမြလှစွာသော။ အဂ္ဂမဂ္ဂံ၊အရဟတ္တမဂ်ဉာဏ် တည်းဟူသော လောကုတ္တရာ သီတာ အမြုတေ အမြိုက်ရေကို။ ပရိဘုဉ္ဇာမိ၊အဆောလျင်စွာ သုံးဆောင်ရပါလို၏။ ဘဝေသုစ၊ ဖြစ်လေရာရာ ဘဝတိုင်း ဘဝတိုင်း တို့၌လည်း။ သဗ္ဗသတ္တေ၊ အလုံးစုံသော သတ္တဝါအပေါင်းတို့ကို။နိစ္စံ၊ အမြဲမကွာသာလျှင်။မေတ္တာဒကေန၊ဒေါသခပ်သိမ်း အကုန်ငြိမ်းသော အဒေါသစေတနာ မေတ္တာရေချမ်းဖြင့်။ဖရာမိ၊ ကြည်ကြည် နူးနူး ဖြန့်ဖြူးရပါလို၏ဘုရား။

ရေလှူဒါန်းရန်ပြီး၏။

---

## ဆီမီးပူဇော်ရန်

ဘဒ္ဒေ့ဘဂဝါ၊ဘုန်းတော်ခြောက်ပုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ တဝ၊ အရှင်ဘုရား၏။ ပညာဒီပါ၊ လေးသင်္ချေနှင့်ကမ္ဘာတသိန်း ကာလပတ်လုံးပွါးများတော် မူအပ်ကုန်သော သိန်းသန်း နေဝန်း တပြိုင်တည်း ထွန်းသကဲ့သို့ ဝန်းဝန်း ဂိုန်ဂိုန် လင်းလင်းထိန်သော ပါရမီဉာဏ်,နှစ်ကုဋေလေးသန်းမျှလောက်သော မဟာဝဇိရဉာဏ်, အရဟတ္တမဂ်ဉာဏ်,သဗ္ဗညုတဉာဏ် အစရှိကုန်သော ပညာဆီမီး တန်ဆောင်ကြီး တို့သည်။ အနန္တာသု၊ အဆုံးမရှိကုန်သော။လောကဓာတူသု၊ လောကဓာတ်တို့၌။ ဇောတိကာ၊ထိန်ထိန် ညွှန်းညွှန်း ထွန်းလင်း တောက်ပကုန်၏။ အန္ဓကာရေ၊ ကြီးကျယ်လှစွာ အဝိဇ္ဇာ တည်းဟူသော မှောင်တိုက်ကြီးအတွင်း၌။ ဇာတာ၊မမြင်မျက်ကန်း စမ်းတဝါးဝါး အများများ အချော်ချော် အလိုက် ပျော်၍ ဖြစ်နေကြရ ကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့သည်။ ဒဿနကာမာ၊ သစ္စာလေးတန် အနှစ်လေးချက် သဘောနက်ကို ပြက်ပြက်ထင်ထင် အလင်း

မြင်သော ပညာမျက်စိကို ရလိုကြကုန်သည်ဖြစ်၍။ တယ်ဒ်'အရှင်ဘုရားတည်းဟူသော ပတ္တမြားဆီမီး မညှိုငြိုးကြီး၌။သမေဓာသဗ္ဗာ၊ သိန်းသန်းသချေ ရေ၍မဆုံး တအုန်းအုန်းလျှောင် ဧရုံးခယမ်းကြရကုန်၏။ တဝ၊အရှင်ဘုရား၏။ ပညာဒီပေ၊ထိန်ထိန်လင်းစွာ ဉာဏ်ပညာတည်းဟူသော ပတ္တမြားဆီမီးတို့ကို။ ဥဒ္ဒိသာ၊ ရည်မှတ်၍။ ဓမ္မံဒီပံ၊ဤဆီမီးရှောင်အလင်းကို။ ဒေမိ၊လှူဒါန်းပူဇော်ပါ၏။ ဓမ္မိနာပုညေန၊ဤကောင်းမှုကြောင့်။အဟံ၊တပည့်တော်သည်။ အန္ဓကာရံ၊ တထောင့်ငါးရာ ကိလေသာ တည်းဟူသော အမိုက်မလင်းမှောင်တသင်းကို။ပညာဒီပေန၊ အရဟတ္တမဂ်ဉာဏ်တည်းဟူသော ဆီမီးအလင်းဖြင့်။ ဝိဓမာမိ၊ မှုတ်လွှင့်ပယ်ဖျောက်ရပါလို၏။ ဘဝေ သုစ၊ဖြစ်လေရာရာ ဘဝတိုင်း ဘဝတိုင်းတို့၌လည်း။နိစ္စံ၊ အမြဲမကွာ သာလျှင်။ပညာဒီပံ၊လောကဓမ္မ အစစ၌ ကြားကာ မြင်ကာ မကြာတတ်မြောက် ရဲရဲတောက်သော အသိအလိမ္မာ ပညာဆီမီးကို။ ဓာရယာမိ၊ ဆောင်ရပါလို၏ဘုရား။

ဆီမီးပူဇော်ရန်ပြီး၏။

---

(မီးအများပူဇော်လျှင် တချို့ချင့်၍ခွဲ, အခါခါပူဇော်၍အခါခါ ဆုတောင်းရမည်။ ။ဤကားအမှာ။)

ဤတွင်ဒါနာဒိဒိပနီကျမ်းပြီး၏။

www.dhammaransi.com

# စတုသစ္စဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ခန္ဓာငါးပါး

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုပ္ဖုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်လာ ဖေဏပိဏ္ဍောပမသုတ်)

ရူပံ၊ ရုပ်သည်။ ဖေဏပိဏ္ဍူပမံ၊ ငါဟုစွဲလမ်းအားထားစရာ အနှစ်သာရ ဘာမျှမရှိ ပေါင်းငြိရတွဲ ရေမြှုပ်ခဲကြီးနှင့် တူသော ဥပမာရှိ၏။ ဝေဒနာ၊ဝေဒနာသည်။ ပုပ္ဖုဠူပမာ၊ငါဟုစွဲလမ်းအားထားစရာ အနှစ်သာရ အတ္တဟုဆိုအပ်သော ကိုယ်၏ မရှိခြင်းကြောင့် အနှစ်သာရ ဘာမျှမဘက် ဆူဝေတက်သည့် ရေပွက်နှင့်တူသော ဥပမာရှိ၏။ သညာ၊ သညာသည်။ မရီစိကူပမာ၊ ငါဟုစွဲလမ်း အားထားစရာ အနှစ်သာရ အတ္တဟုဆိုအပ်သောကိုယ်၏ မရှိခြင်းကြောင့် အနှစ်သာရ ဘာမျှမကပ် တံလျှပ်နှင့် တူသော ဥပမာရှိ၏။သင်္ခါရာ၊ဖဿ,စေတနာ အစရှိသော သင်္ခါရတို့သည်။ ကဒလူပမာ၊ ငါဟုစွဲလမ်းအားထားစရာ အနှစ်သာရ အတ္တဟုဆိုအပ်သော ကိုယ်၏ မရှိခြင်းကြောင့် အနှစ်မပါ အကာကိုမျှ ရှာမရသော ငှက်ပျောတုံးကြီးနှင့်တူသော ဥပမာရှိကုန်၏။ဝိညာဏံ၊ဝိညာဏ်သည်။မာယူပမံ၊ ငါဟုစွဲလမ်း အားထားစရာ အနှစ်သာရ အတ္တဟုဆိုအပ်သော ကိုယ်၏မရှိခြင်းကြောင့် အနှစ်အမာ ရှာ၍မရ မျက်လှည့်ပြသော အမှုကြီးနှင့်တူသော ဥပမာရှိ၏။ဣတိ၊

www.dhammaransi.com



ဤသို့။အာဒိစ္စဗန္ဓုနာ၊အာဒိစ္စနွယ်ဖွား မြတ်ဘုရားသည်။ ဒေသိတာ၊ ဟောတော်မူအပ်၏။

---

## အာယတန ၁၂–ပါး

သုညောဂါမော သုညောဂါမောတိ ခေါ ဘိက္ခဝေ ဆန္နေတံ “အဇ္ဈတ္တိကာနံ အာယတနာနမဓိဝစနံ၊ စက္ခာ–ယတနဿ, သောတာယတနဿ, ဃာနာယတနဿ, ဇိဝှါယတနဿ, ကာယာယတနဿ,မနာယတနဿ,

ဂါမဃာတကာ စောရာတိ ခေါ ဘိက္ခဝေ ဆန္နေတံ ဗာဟိရာနံ အာယတနာနမဓိဝစနံ၊ ရူပါယတနာနံ, သဒ္ဒါ-ယတနာနံ, ဂန္ဓာယတနာနံ, ရသာယတနာနံ, ဖောဋ္ဌဗ္ဗာ-ယတနာနံ,ဓမ္မာယတနာနံ။ ။(သဠာယတနသံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ သုညောဂါမော သုညောဂါမောတိ၊ ရွာပျက်ကုန်းကြီး-ရွာပျက်ကုန်းကြီးဟူသော။ ဧတံအဓိဝစနံ၊ ထို အမည်သည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ အဇ္ဈတ္တိကာနံ၊ မိမိ အတွင်း၌ဖြစ်၍ နေကုန်သော။ အာယတနာနံ၊ အာယတန တို့၏။ အဓိဝစနံ၊အမည်တည်း။စက္ခာယတနဿ၊မျက်စိ၏ရင်း။သောတာ ယတနဿ၊ နား၏ရင်း။ ဃာနာယတနဿ၊ နှာခေါင်း၏ရင်း။ ဇိဝှါ ယတနဿ၊ လျှာ၏ရင်း။ ကာယာယတနဿ၊ ကိုယ်၏ရင်း။ မနာ ယတနဿ၊စိတ်၏ရင်း။အဓိဝစနံ၊အမည်တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဂါမဃာတကာစောရာတိ၊ ရွာကိုညှဉ်း ဆဲနှိပ်စက် လုယက်သတ်ဖြတ်တတ်သော သူခိုးကြီးထားပြကြီးတို့ ဟူသော။ ဧတံအဓိဝစနံ၊ ထိုအမည်သည်။ ဆန္နံ၊ ခြောက်ပါး ကုန်သော။ ဗာဟိရာနံ၊ပြင်ဘက်ရန်ဖြစ်ကုန်သော။ အာယတနာနံ၊ အာယတန တို့၏။အဓိဝစနံ၊အမည်တည်း။ရူပါယတနာနံ၊အဆင်း တို့၏ ရင်း။ သဒ္ဒါယတနာနံ၊ အသံတို့၏ရင်း။ ဂန္ဓာယတနာနံ၊ အနံ့ တို့၏ရင်း။ ရသာယတနာနံ၊အရသာတို့၏ရင်း။ ဖောဋ္ဌဗ္ဗာယတနာနံ၊

www.dhammaransi.com



အတွေ့ အထိတို့၏ရင်း။ ဓမ္မာယတနနှင့်၊ ဓမ္မာရုံတို့၏ရင်း။ အဓိ ဝစနံ၊ အမည်တည်း။

## ဓာတ် ၁၈-ပါး

အဋ္ဌာရသဓာတုယော စက္ခုဓာတု, သောတဓာတု, ဃာနဓာတု, ဇိဝှါဓာတု,ကာယဓာတု, ရူပဓာတု, သဒ္ဒ-ဓာတု, ဂန္ဓဓာတု, ရသဓာတု, ဖောဋ္ဌဗ္ဗဓာတု, စက္ခု-ဝိညာဏဓာတု, သောတဝိညာဏဓာတု, ဃာနဝိညာဏ-ဓာတု, ဇိဝှါဝိညာဏဓာတု, ကာယဝိညာဏဓာတု, မနော-ဓာတု, မနောဝိညာဏဓာတု,ဓမ္မဓာတု။ (သင်္ဂြိုဟ်ပါဠိ ဓာတ် ၁၈-ပါး)

ဤ ၁၈-ပါးသောတရားစုသည် ပုဂ္ဂိုလ်သတ္တဝါတို့၏ အလိုကို တရံတဆစ်မျှ လိုက်ခြင်းမရှိ။ မိမိ မိမိတို့၏ သဘော ဏ်စွက်ကိုသာ ရွက်ဆောင်မှုကြောင့်"**ဓာတု**"ဟူ၍ခေါ်သည်။

အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု။ ။အတ္တနော၊မိမိ၏။ သဘာဝံ၊သဘောကိုသာ။ ဓာရေတိ၊ဆောင်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ဓာတု၊ဓာတ်မည်၏။

## ဓာတ်သုံးပါးတွဲပဋိစ္စသမုပ္ပါဒ်

လောကသမုဒယဉ္စ ဘိက္ခဝေ ဒေသေဿာမိ လော ကနိရောဓဉ္စ။ ကတမော ဘိက္ခဝေ လောကသမုဒယော၊ စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ, တိဏ္ဏံ သင်္ဂတိ ဖဿော,ဖဿပစ္စယာ ဝေဒနာ, ဝေဒနာပစ္စယာ တဏှာ, တဏှာပစ္စယာ ဥပါဒါနံ,ဥပါဒါနပစ္စယာ ဘဝေါ, ဘဝပစ္စယာ ဇာတိ, ဇာတိပစ္စယာ ဇရာမရဏသောက-ပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေ-တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ, တိဏ္ဏံ သင်္ဂတိ ဖဿော, ဖဿပစ္စယာ ဝေဒနာ, ဝေဒနာပစ္စယာ တဏှာ, တဏှာပစ္စယာ ဥပါဒါနံ, ဥပါဒါနပစ္စယာ ဘဝေါ, ဘဝပစ္စယာ ဇာတိ, ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ, တိဏ္ဏံ သင်္ဂတိ ဖဿော, ဖဿပစ္စယာ ဝေဒနာ, ဝေဒနာပစ္စယာ တဏှာ, တဏှာပစ္စယာ ဥပါဒါနံ, ဥပါဒါနပစ္စယာ ဘဝေါ, ဘဝပစ္စယာ ဇာတိ, ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ, တိဏ္ဏံ သင်္ဂတိ ဖဿော, ဖဿပစ္စယာ ဝေဒနာ, ဝေဒနာပစ္စယာ တဏှာ, တဏှာပစ္စယာ ဥပါဒါနံ, ဥပါဒါနပစ္စယာ ဘဝေါ, ဘဝပစ္စယာ ဇာတိ, ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ, တိဏ္ဏံ သင်္ဂတိ ဖဿော, ဖဿပစ္စယာ ဝေဒနာ, ဝေဒနာပစ္စယာ တဏှာ, တဏှာပစ္စယာ ဥပါဒါနံ, ဥပါဒါနပစ္စယာ ဘဝေါ, ဘဝပစ္စယာ ဇာတိ, ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

www.dhammaransi.com



မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ, တိဏ္ဏံ သင်္ဂတိ ဖဿော,ဖဿပစ္စယာ ဝေဒနာ, ဝေဒနာပစ္စယာ တဏှာ,တဏှာပစ္စယာ ဥပါဒါနံ,ဥပါဒါနပစ္စယာ ဘဝေါ, ဘဝပစ္စယာ ဇာတိ, ဇာတိပစ္စယာ ဇရာမရဏသောက-ပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေ-တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ အယံ ခေါ ဘိက္ခဝေ လောကဿ သမုဒယော။

ကတမော စ ဘိက္ခဝေ လောကနိရောဓော၊စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ,တိဏ္ဏံ သင်္ဂတိ ဖဿော, ဖဿနိရောဓာ ဝေဒနာနိရောဓော, ဝေဒနာနိရောဓာ တ-ဏှာနိရောဓော,တဏှာနိရောဓာ ဥပါဒါနနိရောဓော,ဥပါ-ဒါနနိရောဓာ ဘဝနိရောဓော, ဘဝနိရောဓာ ဇာတိနိရော-ဓော, ဇာတိနိရောဓာ ဇရာမရဏသောကပရိဒေဝဒုက္ခ-ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ပ။ အယံ ခေါ ဘိက္ခဝေ လောကနိရောဓော။ (နိဒါနဝဂ္ဂသံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ လောကဿ သမုဒယဉ္စ၊ လူသတ္တဝါအဖန်ဖန် ဖြစ်ပွါး၍ နေပုံကိုရင်း။ လောက နိရောဓဉ္စ၊ လူသတ္တဝါ ဖြစ်ပွါးချုပ်ငြိမ်း ရပ်သိမ်းပုံကိုရင်း။ ဒေသေဿာမိ၊ ငါဘုရား ဟောတော်မူအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ကတမော စ၊ အဘယ်သို့ လျှင်။ လောက သမုဒယော၊ လူသတ္တဝါ အဖန်ဖန် ဖြစ်ပွါး ၍နေမှုသည်။ဟောတိ၊ဖြစ်သနည်းဟူမူကား။ စက္ခုဉ္စ၊ စက္ခုဓာတ် ကိုရင်း။ ရူပေစ၊ အဆင်းသဏ္ဍာန်ဟူသော ရူပဓာတ်တို့ကိုရင်း။ ပဋိစ္စ၊အစွဲပြု၍။စက္ခုဝိညာဏံ၊ စက္ခုဝိညာဏဓာတ်သည်။ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တိဏ္ဏံ၊ စက္ခုဓာတ် ရူပဓာတ် စက္ခုဝိညာဏဓာတ် ဟူသော ဓာတ်သုံးပါး တို့၏။ သင်္ဂတိ၊ ပေါင်းဆုံ စည်းဝေး လုံးထွေးထိခိုက်မှုသည်။ ဖဿော၊ ဖဿတရားမည်၏။ ဖဿ

www.dhammaransi.com



ပစ္စယာ၊ ဖဿတရား ဖြစ်ပေါ်မှုကြောင့်။ ဝေဒနာ၊ ခံစားမှုဟူသော ဝေဒနာတရားသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဖြစ်ပေါ်မှုကြောင့်။တဏှာ၊ တဏှာတရားသည်။သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ တဏှာပစ္စယာ၊ တဏှာဖြစ်ပေါ်မှုကြောင့်။ ဥပါဒါနံ၊ အပြင်းအထန် စွဲလမ်းတတ်သော ဥပါဒါန်တရားသည်။ သမ္ဘ-ဝတိ၊ ဖြစ်ပေါ်၏။ ဥပါဒါန ပစ္စယာ၊ ဥပါဒါန်တရား ဖြစ်ပေါ်မှုကြောင့်။ ဘဝေါ၊ ဘဝသစ်သည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဘဝပစ္စယာ၊ ဘဝဖြစ်ပေါ်မှုကြောင့်။ ဇာတိ၊ သင်္ခါရတရားတို့၏ မပြတ်ဖြစ်ခြင်းဟုဆိုအပ်သော ဇာတိတရားသည်။ သမ္ဘဝတိ၊ဖြစ်ပေါ်၏။ ဇာတိပစ္စယာ၊ ဇာတိဖြစ်ပေါ်မှုကြောင့်။ ဇရာ၊ ရင့်ရော် အိုမင်းခြင်းလည်းကောင်း။မရဏ၊ ချုပ်ဆုံးပျက်စီးခြင်းလည်းကောင်း။ သောက၊ စိုးရိမ် ပူပန်ရခြင်းလည်းကောင်း။ ပရိဒေဝ၊ ငိုကြွေး မြည်တမ်းရခြင်းလည်းကောင်း။ ဒုက္ခ၊ ဆင်းရဲရခြင်းလည်းကောင်း။ ဒေါမနဿ၊ နှလုံးမသာမယာ ဖြစ်ရခြင်းလည်းကောင်း။ ဥပါယာသာ၊ သက်ကြီးမိုလိုက် ငင်ရှိုက်ပင်ပန်းခြင်းတို့သည်လည်းကောင်း။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ ဒုက္ခက္ခန္ဓဿ၊ သုခမဘက် သက်သက်ဒုက္ခစု ဒုက္ခခဲကြီးဖြစ်၍နေသော။ဧတဿ၊ ထိုဝဋ်တရား၏။သမုဒယော၊ ပွါးစီးဖြစ်ထွန်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။

သောတ,ဃာန, ဇိဝှါ,ကာယ, မန ကို အရင်းတည်၍ ဟောသော ပါဠိတော်စုမှာလည်း ဤအတိုင်းပင်သိ။ ။တယောက် တယောက်သော သတ္တဝါ၏ ဘဝအဆက်ဆက် ဖြစ်ပေါ်၍နေမှုနှ တခုတခုသော ဖြစ်ပေါ်ရန်အစကို ခေတ် သုံးပါး သုံးပါးတွဲဘက်၍ ပြတော်မူပေသော ပဋိစ္စသမုပ္ပါဒ် နည်းပေတည်း။

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ ။( ခေတ်သုံး ပါးတွဲ)

သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။ ။ (ခေတ်သုံးပါးတွဲ)

www.dhammaransi.com



ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။ ။(ဓာတ်သုံးပါးတွဲ)

ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ။ ။(ဓာတ်သုံးပါးတွဲ)

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ။ ။(ဓာတ်သုံးပါးတွဲ)

မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။ ။(ဓာတ်သုံးပါးတွဲ) သုံးပါးခြောက်လီသည့် ၁၈-ပါးဖြစ်၏။

ပထဝီ,တေဇော,ဝါယော ဤသုံးပါးကို ဖောဋ္ဌဗ္ဗယူ၍ ဓမ္မဓာတ်ဆိုသည်ကား ရှေ့ဓာတ် ၁၇-ပါးကို ချန်လှပ်၍ ထို ၁၇-ပါးတို့မှ ကြွင်းကျန်သော ကုသိုလ်တရား အကုသိုလ်တရား အဗျာကတတရား အလုံးစုံကို ဓမ္မဓာတ်ဆိုသည်။

## သစ္စာအနက် ၁၆–ချက်

ဒုက္ခဿ ပီဠနဋ္ဌော,သင်္ခတဋ္ဌော,သန္တာပဋ္ဌော, ဝိပရိဏာမဋ္ဌော။

သမုဒယဿ အာယူဟနဋ္ဌော, နိဒါနဋ္ဌော, သံယောဂဋ္ဌော,ပလိဗောဓဋ္ဌော။

နိရောဓဿ နိဿရဏဋ္ဌော,ပဝိဝေကဋ္ဌော, အမတဋ္ဌော,အသင်္ခတဋ္ဌော။

မဂ္ဂဿ နိယျာနဋ္ဌော, ဟေတုဋ္ဌော, ဒဿနဋ္ဌော, အဓိပတေယျဋ္ဌော။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

## သစ္စာအနက် ၁၆–ချက်၏အနက်

**ဒုက္ခသစ္စာအနက်**……ဒုက္ခဿ၊ ဒုက္ခသစ္စာ၏။ ပီဠနဋ္ဌော၊ နှိပ်စက်တတ် နှိပ်စက်ခြင်း သဘောလည်း တပါး။ သင်္ခတဋ္ဌော၊ အဖန်ဖန် ပြုပြင် ထူထောင် အပ်သော

www.dhammaransi.com



သဘောလည်းတပါး။သန္တာပဋ္ဌော၊ အဖန်ဖန် ပူလောင်စေအပ် ပူလောင်စေတတ်သော သဘောလည်းတပါး။ ဝိပရိဏာမဋ္ဌော၊ ဖရိုဖရဲ ဖောက်လဲ ဖောက်ပြန်ဖြစ်ခြင်း သဘောလည်းတပါး။

[အကြွင်တရားသည် ဤလေးပါးသော တရားနှင့် ပြည့်စုံ၏၊ ထိုတရားသည် ဒုက္ခသစ္စာမည်၏။ပညာရှိတို့ ကြောက်မက်ဘွယ်ကောင်းလှသော ဘေးဘယဒုက္ခမျိုး ဧကန်အမှန် ဖြစ်၏ ဟူလိုသည်။ ။တဏှာမက သမုဒယတရားစုသည် ဤလေးပါးသော သဘောအနက်နှင့် ပြည့်စုံသည်ချည်း ဖြစ်၍ ဒုက္ခ သစ္စာချည်း အမှန်ဖြစ်လေသတည်း။]

**သမုဒယသစ္စာအနက်**.....သမုဒယသော၊ လောဘ ဟူသော သမုဒယသစ္စာ၏။အာယူဟနဋ္ဌော၊ ဒုက္ခဝဋ္ဋ၊ ဒုက္ခအမှုကို စုဆောင်းဆည်းပူးခြင်း သဘောလည်းတပါး။နိဒါနဋ္ဌော၊ဒုက္ခဝဋ္ဋ၊ ဒုက္ခအမှုတို့ကို တရံမစဲ အမြဲမပြတ်ဆောင်နှင်းခြင်းသဘောလည်းတပါး။ သံယောဂဋ္ဌော၊ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတို့နှင့်သာ လွန်စွာယှဉ်တွဲ အမြဲဖွဲ့နှောင်ခြင်းသဘောလည်းတပါး။ပလိဗောဓဋ္ဌော၊ဒုက္ခလက်မှ မထွက်ရအောင် နှောင့်ရှက်တားမြစ်ခြင်းသဘောလည်း တပါး။

[အကြွင်တရားသည် ဤလေးပါးသောသဘောနှင့် ပြည့်စုံ၏၊ထိုတရားသည် ဒုက္ခသမုဒယ အမှန်ဖြစ်၏။ ဒုက္ခအမျိုးမျိုးတို့ကို ဘဝဆက်တိုင်း ပွါးများစေတတ်သော တရားအမှန်ဖြစ်၏ ဟူလိုသည်။ တဏှာသည် ထိုလေးပါးသော သဘောနှင့်ပြည့်စုံ၏။]

**နိရောဓသစ္စာအနက်**......နိရောဓသော၊နိဗ္ဗာန်ဟူသော နိရောဓသစ္စာ၏။ နိဿရဏဋ္ဌော၊ ဒုက္ခဝဋ္ဋ်မှ ကျွတ်လွတ်ခြင်းသဘောလည်း တပါး။ ပဝိဝေကဋ္ဌော၊ နှောင့်ရှက်ခြင်းတို့မှ ဆိတ်ကင်းသော သဘောလည်း တပါး။ အမတဋ္ဌော၊ပျက်ဆုံးခြင်းမရှိသော သဘောလည်းတပါး။အသင်္ခတဋ္ဌော၊ အဖန်ဖန် ပြုပြင်ရခြင်းမရှိသော သဘောလည်း တပါး။

www.dhammaransi.com



[အကြောင် တရားသည် ဤလေးပါးသော သဘောနှင့် ပြည့်စုံ၏၊ ထိုတရားသည် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်း ကင်းလွတ်သော တရား အမှန် ဖြစ်၏။ ။နိဗ္ဗာန် တရားသည်သာလျှင် ဤလေးပါးသော သဘောနှင့် ပြည့်စုံ၏။]

**မဂ္ဂသစ္စာအနက်**……မဂ္ဂဿ၊ သမ္မာဒိဋ္ဌိ အစရှိသော လောကုတ္တရာမဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာ တရား၏။ နိယျာနဋ္ဌော၊ သံသရာဝဋ်မှ ထွက်မြောက်ကြောင်းသဘောလည်း တပါး။ ဟေတုဋ္ဌော၊ မြူစင်မွန်မြတ်သော ဂုဏ်ကျေးဇူး အပေါင်း တို့ကို ကောင်းစွာတည်ခိုင် ပွါးစေနိုင်သော မူလသဘောလည်း တပါး။ ဒဿနဋ္ဌော၊ အနမတဂ် သံသာစက်ဝယ် အိပ်မက်တွင် မျှ မမြင်ဘူးရ ထူးမြတ်လှသော စတုသစ္စဓမ္မကို မြင်ရခြင်းသဘော လည်းတပါး။ အဓိပတေယျဋ္ဌော၊ တဏှာသုံးမျိုး၏ အုပ်စိုးချက်မှ လွန်မြောက်သဖြင့် မိမိအပေါ်တွင် မိမိလျှင် အကြီးအကဲ ဖြစ်ရ ခြင်းသဘောလည်းတပါး။

[အကြောင်တရားသည် ဤလေးပါးသော သဘောနှင့် ပြည့်စုံ၏၊ ထိုတရားသည်သာလျှင် ဒုက္ခခပ်သိမ်း ငြိမ်းရန် လမ်းကြောင်း အမှန်ဖြစ်၏။ ။မဂ္ဂင်ရှစ်ပါး တရားသည်သာလျှင် ဤလေးပါးသော သဘောနှင့် ပြည့်စုံ၏။]

## ဒုက္ခသစ္စာအနက် ၄-ချက် အဓိပ္ပါယ်

**ဒုက္ခဒဏ်ချက်**……ပီဠနဋ္ဌ, သင်္ခတဋ္ဌ, သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌ, ဒုက္ခသဘော လေးချက်။ ။ထို လေးချက်တွင် ပီဠနဋ္ဌကား ဒုက္ခသစ္စာ၏ လက္ခဏာရင်းတည်း။ နောက် သုံးချက်ကား ပီဠနဋ္ဌ၏ အပွါးတည်း။ ပီဠနဋ္ဌဆိုသည်ကား နှိပ်စက် ညှဉ်းပန်းမှုတည်း။ ထိုနှိပ်စက် ညှဉ်းပန်းမှုသည် သင်္ခတကိစ္စနှင့် နှိပ်စက်ညှဉ်းပန်းမှု, သန္တာပကိစ္စနှင့် နှိပ်စက်ညှဉ်းပန်းမှု, ဝိပရိဏာမကိစ္စနှင့် နှိပ်စက် ညှဉ်းပန်းမှုဟူ၍ သုံးပါးရှိ၏ ဟူလို

www.dhammaransi.com



သည်။ ။တခုတခုသော တောဘုမကာမြေသည် ဓမ္မိကိုတွယ်တာသော သတ္တဝါကိုရှေးအဘို့၌ သန္ဒိဋ္ဌိကဒဏ်ချက်နှင့် နှိပ်စက် ညှဉ်းပန်း၏။ အလယ်အဘို့၌ သမ္ပရာယိကဒဏ်ချက်နှင့် နှိပ်စက်ညှဉ်းပန်း၏။ အဆုံးသတ်၌ ဝိပရိဏာမဒဏ်ချက်နှင့် နှိပ်စက်ညှဉ်းပန်း၏။ ဤသို့ အစ အလယ် အဆုံး သုံးပါးလုံး၌ ဒုက္ခဒဏ် သုံးချက်နှင့် နှိပ်စက်ညှဉ်းပန်းမှုသည်ပင်လျှင် ပီဠနဋ္ဌမည်၏ဟုဆိုလိုသည်။

**အစ၌ သန်္ဒိဋ္ဌိကဒဏ်ချက်**·····တကြိမ် ရရှိသော ဗြဟ္မာ့ခန္ဓာသည် ထို ပုဂ္ဂိုလ်ကို အစ၌ သန္ဒိဋ္ဌိကဒဏ်ချက် နှင့် နှိပ်စက်၏။ အလယ်၌ သမ္ပရာယိက ဒဏ်ချက်နှင့် နှိပ်စက်၏။ အဆုံး၌ ဝိပရိဏာမဒဏ်ချက်နှင့် နှိပ်စက်၏။ အစ၌ သန္ဒိဋ္ဌိကဒဏ်ချက်နှင့် နှိပ်စက်မှု ဆိုသည်ကား ထိုဗြဟ္မာ့ခန္ဓာကို ရခြင်းငှါ ရှေးဘဝ၌ ဈာန်သမာပတ် တရားကို ပွါးများအားထုတ်မှု ဟူသော သန္ဒိဋ္ဌိကဒဏ်ချက်နှင့် ပြင်းထန်စွာ နှိပ်စက်မှုတည်း။ ။ဈာန်သမာပတ်တရားကို ပွါးများအားထုတ်မှုမည်သည် အလွန်ပြင်းထန်သော သန္ဒိဋ္ဌိကဒုက္ခမှုကြီး ဖြစ်သတည်း။ လူနှင့်မနီးရာ တောကြီး တောင်ကြီးမှာနေ၍ လူစဉ်မမှီအောင် အပင်အပန်းခံမှ ရနိုင်သော တရားမျိုးတည်း။

**အလယ်၌ သမ္ပရာယိကဒဏ်ချက်**·····နှင့် နှိပ်စက်မှု ဆိုသည်ကား ထို ဈာန်သမာပတ် တရား၏ အကျိုးဖြစ်သော ဗြဟ္မာ့ခန္ဓာ ဖြစ်ပေါ်လာသည်ရှိသော် ထိုဗြဟ္မာ့ခန္ဓာမှ ငါငါဟူသော မာနမီးအမြဲထ၍ သမ္ပရာယိကဒဏ်ချက်ဖြင့် ထိုပုဂ္ဂိုလ်ကို အမြဲနှိပ်စက်၏။ ထိုအတူ သက္ကာယဒိဋ္ဌိမီး, သဿတဒိဋ္ဌိမီး, ဥစ္ဆေဒဒိဋ္ဌိမီး, ဗြဟ္မာ့ဘုန်းတန်ခိုးဖြင့်ယစ်မူးခြင်းဟူသော မဒမီး, တရား၌ မေ့လျော့ခြင်း ဟူသော ပမာဒမီး အစရှိကုန်သောကိလေသာမီးတို့သည် ထကုန်၍ သမ္ပရာယိက ဒဏ်ချက်ဖြင့် ထိုပုဂ္ဂိုလ် ကို အမြဲနှိပ်စက်ကုန်၏။ ။ကိလေသာတို့၏ ပူပန်စေတတ်မှု နှိပ်စက်မှုမည်သည် နှိပ်စက်ဆဲ အခါ၌ ထိုပုဂ္ဂိုလ် သိနိုင်သည် မဟုတ်။

www.dhammaransi.com



အကောင်းပင် ထင်ရသည်။ မိမိအကြိုက်ပင် ထင်ရသည်။ နောင် တ တဖန် ပူပန်မှုဖြစ်ပေါ်၍ လာသောအခါမှ ကိလေသာတို့၏ ပူပန်စေမှု နှိပ်စက်မှု ထင်ရှား ပေါ်ပေါက်၍လာသည်။ ပုဂ္ဂိုလ်က ပင် ပူပန်မှုမှန်း မသိသော်လည်း၊ ရှေ့သို့ယုတ်ညံ့ သိမ်ဖျင်း၍သွား ရန် နောက်ကျူ ညစ်ကြေးသော အကြံအစည် ဟူသမျှသည် ထို ပုဂ္ဂိုလ်ကို နှိပ်စက်မှုချည်းသာတည်း။ ထိုဖြဟ္မာအသက်ရှည်သမျှ ကာလပတ်လုံး ထိုဖြဟ္မာ့ခန္ဓာမှ ကိလေသာမီး အမျိုးမျိုး ဖြစ်ပွါး ၍ ထိုဖြဟ္မာကို ထိုခန္ဓာသည် အသက်ထက်ဆုံး နှိပ်စက်ညှဉ်း ပန်း၏။

**အဆုံး၌ ဝိပရိဏာမဒုက်ချက်**……နှင့် နှိပ်စက်မှုဆိုသည်ကား ထို ခန္ဓာ ၏ သေ ဆုံး ပျောက်ကွယ်မှုကို ဝိပရိဏာမ ဒုက္ခ ဆိုသတည်း။ ထို ခန္ဓာ ပျက်ဆုံးသည့် အတွက်ကြောင့် ထိုပုဂ္ဂိုလ်သည် ယုတ်ညံ့သော ကာမဘုံ ကာမဘဝသို့ လျှော့ကျရလေ၏။အဆင့်ဆင့် အားဖြင့် အောက်အဝီစိငရဲသို့ကျအောင်ပင်လျှောကျရလေ၏။ ခွေး, ဝက်, ကြက်,ငှက်,ခြင်,မှက်,သန်း,ကြမ်းပိုး စသည် ဖြစ်ရပြန်၏။ ထို ဖြဟ္မာ့ခန္ဓာသည် အဆုံး၌ ထိုပုဂ္ဂိုလ်ကို ဝိပရိဏာမ ဒုက်ချက်ဖြင့် ဤမျှလောက်ပြင်းထန်စွာနှိပ်စက်ညှဉ်းပန်း၏။

ထိုကြောင့် ထိုဖြဟ္မာ့ ခန္ဓာသည် ပီဠနဋ္ဌ, သင်္ခတဋ္ဌ, သန္တာပဋ္ဌ,ဝိပရိဏာမဋ္ဌဟူသောဒုက္ခအချက် အနက်လေး ပါးနှင့် ပြည့်စုံသည်ဖြစ်၍ဒုက္ခသစ္စာ မည်၏။

**နတ်ပြည်၌ဒုက္ခဒုက်ချက်**……နတ်ပြည်ခြောက်ထပ် နတ်တို့ ၏ ခန္ဓာသည်လည်း ခန္ဓာရှင် ဖြစ်သူကို အစ၌ သင်္ခတဒုက်ချက် အလယ်၌ သန္တာပဒုက်ချက် အဆုံး၌ ဝိပရိဏာမ ဒုက်ချက် နှင့် နှိပ်စက် ညှဉ်းပန်း၏။ ။ဤ၌ သင်္ခတဒုက်ချက် ဆိုသည်ကား ဒါနပြုမှု ဝစီကံများကို လုံခြုံစွာ စောင့်ထိန်းမှု စိတ်မနောများကို လုံခြုံစွာ ချုပ်တည်းမှုပေတည်း။

www.dhammaransi.com



ထို အမှုကိုရှေးဘဝ၌ ပြည့်စုံစွာပြုနိုင်မှ နောက်ဘဝ၌ နတ်ချမ်းသာကိုရနိုင်၏။ စိတ် အလို သက်သက်နှင့် ရနိုင်သည် မဟုတ်။ ဒါနမှု မည်သည်တရောတန် ချမ်းသာ၍ နေသောသူကို တနေ့တည်းနှင့် မွဲစေနိုင်၏။ တထောင်တန် ချမ်းသာ၍နေသောသူကို တနေ့တည်းနှင့် မွဲစေနိုင်၏။ သီလမှု မည်သည် အစဉ်မြဲလေအောင် လုံခြုံစွာ စောင့်ထိန်းမှု အလွန်ကြပ်တည်း၏။ထိုဒါန သီလမှုကို မပြုဘဲ နေခဲ့လျှင် သေသည့်၏ အခြားမဲ့၌ အပါယ်လေးပါးသို့ ဆင်းရတော့မည်အပြီးဖြစ်၍ မပြုချင်လျှင် မနေသာမှုကြီး စင်စစ်ဖြစ်၏။ ဒါန, သီလရှိ၍ သုဂတိဘုံဘဝသို့ ရောက်ကြ ရာ၌လည်း ဒါန,သီလ သေးသိမ်ခဲ့လျှင် သေးသိမ် ယုတ်ညံ့သော ဘဝသို့ ရောက်ပြန်၏။ ဒါန,သီလကြီးလေလေ အဆင့်ဆင့် မြင့်သည်ထက် မြင့်ရာ မြတ်သည်ထက်မြတ်ရာသို့ ရောက်လေလေဖြစ်၏။ထိုကြောင့် နောက်ဘဝ၌ သေးသိမ်ယုတ်ညံ့၍ နေမည်ကို ကြောက်ရသဖြင့် ဒါနမှုနှင့် ပစ္စည်းဥစ္စာများစွာ အဆုံးခံကြ၏။ သီလမှုနှင့် ကိုယ် နှုတ် နှစ်ဖြာ များစွာ ကျဉ်းကျပ်ရ၏။ မပြုချင် မနေသာလှ၍ ပြုကြသော မနေသာမှု ကြီးတွေ စင်စစ်တည်း။

မနေသာ မှုနှင့် ပြုကြရသော အမှုဟူသမျှသည် ဒုက္ခမှုချည်း စင်စစ်တည်း။ ဒါန,သီလကို မပြုဘဲနှင့်ပင် အလိုရှိရာ နတ်ချမ်းသာကို ရနိုင်သည် ဖြစ်ငြားအံ့၊ ဈာန်သမာပတ်ကို အားမထုတ်ဘဲနှင့်ပင် အလိုရှိရာ ဗြဟ္မာ့ချမ်းသာကို ရနိုင်သည်ဖြစ်ငြားအံ့၊ ထိုတရားတို့ကို ဘယ်သူပြုပချေအံ့နည်း။ ။ထိုနတ်ချမ်းသာတို့မှ အလွန်ပြင်းထန်သော ရာဂမီးတို့သည် အသက်ထက်ဆုံးထ၍ ထိုနတ်တို့ကိုပူပန်စေကုန်၏။ ဒေါသမီး မောဟမီး သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသမီးတို့သည် ထိုက်သည် အားလျော်စွာ ထကုန်၍ ထိုနတ်တို့ကို ပူပန်စေကုန်၏။ ဤကား နတ်ပြည် ခြောက်ထပ် နတ်တို့၏ချမ်းသာသည် သန္တာပ မီးအမျိုးမျိုးတို့ဖြင့် ထိုနတ်တို့ကို တရံမစဲ အမြဲ နှိပ်စက် ပုံတည်း။ ။ပျော်ပါး ခံစား၍ နေဆဲ အခါ၌ပင်လျှင် ချမ်းသာတို့သည် မီးတောက်ကြီး ရုတ်တရက် သေပျောက်

www.dhammaransi.com



သကဲ့သို့ ရုတ်တရက် ချုပ်ပျောက်ကွယ်ဆုံးကုန်၍ ထိုနတ်တို့ကို ယောဘုယျအားဖြင့် အပါယ်သို့လျှောကျစေကုန်၏။ မိမိ မိမိ တို့၏ ခန္ဓာတို့သည်ပင်လျှင် ထိုနတ်တို့ကိုအပါယ်သို့ ပစ်ချကုန်၏။

ဤကား နတ်ခန္ဓာတို့သည် နတ်တို့ကို အဆုံး၌ ဝိပရိဏာမ ဒဏ်ချက်နှင့် နှိပ်စက်ညှဉ်းပန်းပုံတည်း။

အစ, အလယ်, အဆုံး နှိပ်စက်ခြင်း သုံးပါးတို့တွင် ဗြဟ္မာတို့၌ သင်္ခတဒဏ်ချက်အလွန်ကြီးမား၏။ အလွန်ပြင်းထန်သော သင်္ခတ ဒဏ်ချက်ကြီးကို ခံနိုင်သည့်အတွက်ကြောင့် အလယ်၌ သန္တာပ ဒဏ်ချက်သက်သာ၏။ အဆုံးဖြစ်သော ဝိပရိဏာမ ဒဏ်ချက် လည်း အလွန်ကြာမြင့်မှ ဆိုက်၏။ ကမ္ဘာဖြင့် အသက်တမ်းကို ရေတွက်ရ၏။

နတ်ပြည် ခြောက်ထပ်တို့၌ သင်္ခတ ဒဏ်ချက် သက်သာ၏။ ဒါနမှု သီလမှုမည်သည် ဈာနဘာဝနာမှုထက် အဆ တထောင် မကလွယ်လှ၏။ ။သင်္ခတ ဒဏ်ချက် သက်သာရောကို လိုက်မှု ကြောင့် ကိလေသာတို့သည်ညှိုးနွမ်းခြင်း မရှိကုန်ရကား နတ်ခန္ဓာ ဖြစ်ပေါ်သောအခါ၌ သန္တာပဒဏ်ချက်တို့သည်အလွန်ကြီးကျယ် ကုန်၏။ ခြောက်ခွါရမှ တောက်ထ ကုန်သော ကာမရာဂမီးတို့ သည် ထိုနတ်တို့ကို အသက် ထက်ဆုံး တဟုန်းဟုန်း လောင်ကုန် ၏။ ကြွင်းသော မီးတို့လည်း ထိုက်သည် အားလျော်စွာ လောင် ကုန်၏။ ဝိပရိဏာမဒဏ်ချက်လည်း အလွန် လျင်မြန်စွာ ဆိုက်လာ ကုန်၏။ နှစ်, လ, နေ့ရက်ဖြင့် အသက်တမ်းကို ရေတွက်ရ၏။ နတ်တို့ အသက်သည် ဗြဟ္မာတို့၏ အသက်နှင့် နှိုင်းယှဉ်သည် ရှိသော် မျက်တောင်တခတ် လျှပ်တပြက်ခန့်ကဲ့သို့ ဖြစ်၏။ ။နတ် ပြည်ခြောက်ထပ်လုံး၌ ခံစားမှု စံစားမှု ပျော်ပါးမှု ဆိုသော်လည်း နတ်ပြည်ခြောက်ထပ်လုံး ကာမရာဂမီး တဟုန်းဟုန်း တောက် လောင်မှုတို့သာတည်း။

ဤသို့လျှင် နတ်ပြည် ခြောက်ထပ် နတ်တို့၏ ခန္ဓာတို့ သည် ခန္ဓာရှင် နတ်တို့ကို လေးပါးသော ဒဏ်ချက်တို့ဖြင့်

www.dhammaransi.com



နှိပ်စက်ညှဉ်းပန်းမှု ထင်ရှားရှိလေသောကြောင့် ဒုက္ခသစ္စာသာအမှန်ဖြစ်၏။

**လူ့ပြည်၌ဒုက္ခဒဏ်ချက်**..... လူတို့၏ ရုပ် နာမ် ခန္ဓာတို့သည်လည်း လူသတ္တဝါတို့ကိုဒုက္ခဒဏ်သုံးချက်တို့နှင့် နှိပ်စက်ညှဉ်းပန်း၏။ ။သင်္ခတ ဒဏ်ချက်မှာ နတ်တို့ထက်ပင် သက်သာ၏။ သင်္ခတ ဒဏ်ချက် သက်သာသည့်အတွက်ကြောင့် သန္တာပ ဒဏ်ချက်ကို နတ်တို့ထက် အဆသိန်းသန်းမက သာလွန်၍ ခံရ၏။ ဝိပရိဏာမ ဒဏ်ချက်လည်း အလွန် လျင်မြန်စွာ ဆိုက်လာ၏။လူတို့၏ အသက်သည် နတ်တို့၌ မျက်တောင်တခတ် လျှပ်တပြက်ခန့်ကဲ့သို့ရှိ၏။

**သန္တာပဒဏ်ချက်**.....ကြီးကျယ်ပုံကား အမိဝမ်း၌ ကိန်းအောင်းမှုဒုက္ခ,ဖွားမြင်မှုဒုက္ခ, ပူသောအရပ် ပူသောရာသီ၌ ပူမှုအိုက်မှုဒုက္ခ,ချမ်းအေးသောအရပ် ချမ်းအေးသောရာသီ၌ အလွန်ချမ်းအေးမှုဒုက္ခ,ခြင် မှက် လေပူ နေပူထူထပ်သောအရပ် ထူထပ်သောရာသီ၌ ခြင်ကိုက် မှက်ကိုက်လေတိုက် နေပူခံရသောဒုက္ခ,ဒုက္ခပေါင်းအနန္တ အတွင်းဝင်လျက်ပါရှိသော တောင်သူလယ်ယာ လုပ်ကိုင်ခြင်း အစရှိသော အသက်ခန္ဓာ မွေးမြူမှု ဟူသော မဟာဒုက္ခကြီး,မင်းရေးစိုးမှုဒုက္ခ, ရပ်ရေးရွာမှုဒုက္ခ, ဆွေရေး မျိုးရေးမှုဒုက္ခ, တနေ့တနေ့လျှင် နှစ်ကြိမ်နှစ်ကြိမ် ဤခန္ဓာကို အစာရေစာ ပေးဆောင်မှုနှင့် နေ့စဉ်ကြောင့်ကြစိုက်ရသောဒုက္ခ, တခုတည်းသော ဣရိယာပုထ်၌ကြာမြင့်စွာမနေနိုင်သည့်အတွက် ဣရိယာပုထ် အမျိုးမျိုး ပြောင်းရွှေ့ပေးဆောင်ရသောဒုက္ခ,ခြောက်ဒွါရတို့၌ စွဲကပ် တွယ်တာ၍ နေကုန်သော ကိလေသာတည်းဟူသော ဘီလူးသဘက် အစိမ်းသရဲတို့သုံ့ဆေ်ာတိုင်း လှုံ့ဆော်တိုင်း ဘီလူးသဘက် အစိမ်းသရဲတို့ကို အစာကျွေးမွေးမှုဒုက္ခ ဤကား ပကတိအရိုးအစဉ် ဒုက္ခမျိုးစုတည်း။ ။ ဒုစ္စရိုက်အမျိုးမျိုးတို့ကို အမှောက်အမှား လိုက်စား ကျူးလွန်မှုဒုက္ခ

www.dhammaransi.com



အနန္တ,ဒုစ္စရိုက်အမျိုးမျိုးနှင့် အသက်မွေးမှု သားမယားမွေးမှုဒုက္ခ အနန္တ,အပါယ် လေးပါး၌ အနစ်ကြီး နစ်ဘွယ်သော ဘာသာ တရားအမှောက်အမှား ထွန်းကားရာ လူမျိုး၌ဖြစ်၍ အသက်ရှည် လေလေ အပါယ်ငရဲ နက်နဲလေလေဖြစ်ရသော ဒုက္ခအနန္တ, နွေ အခါ၌ မီးလှုံခြင်း ဆောင်းအခါ၌ မိမိကိုယ်ကို ရေစိမ်ခြင်း အစရှိ သော အလွန်သာ ပင်ပန်း၍ အကျိုးမရှိ အချည်းနှီးသော မိစ္ဆာဒိဋ္ဌိ လူမျိုး၌ဖြစ်၍ အကျိုးမရှိ အချည်းနှီးသက်သက်နှင့် တသက်လုံးအ ပင်ပန်းကြီးပင်ပန်းရသော ဒုက္ခမျိုးအနန္တ,ကိုယ်တွင်းမှ ဖြစ်သော ကိုးဆယ့်ခြောက်ပါးသော ရောဂါဘေး အနာဘေး ကိုယ်ပ၌ ဖြစ် သော ရန်သူမျိုးငါးပါး အစရှိသော ဘေးတို့၌ တွေ့ကြုံရသော ဒုက္ခမျိုးအနန္တ ဤသို့အစရှိသည်ဖြင့် အနမတဂ္ဂသံသရာ၌ လူ့ဘုံ မှာရှိနေသော သန္တာပဒုက္ခမျိုးသည် အလွန် များပြားကြီးကျယ် ၏။ လူတို့၏ခန္ဓာတို့သည် လူသတ္တဝါတို့ကို ဤမျှလောက်သော သန္တာပဒဏ်ချက်တို့ဖြင့် နှိပ်စက်ညှဉ်းပန်း၏။

> လူတို့၏ခန္ဓာသည် လူသတ္တဝါတို့ကို ဝိပရိဏာမဒဏ် ချက်ဖြင့် အဘယ်သို့ နှိပ်စက်သနည်းဟူမူကား အလွန်ရခဲ လှစွာသော လူ့ဘဝကို ရပါသော်လည်း လူတို့၏ ခန္ဓာ သည် ထိုသတ္တဝါကို ကလလရေကြည်အခါတွင် ဝိပရိ ဏာမဒဏ်ချက်ဖြင့် အသေသတ်၍ အပါယ်သို့ပစ်ချ၏။ ဤနည်းအတိုင်း အသက်တမ်းဆုံးအောင်ဆိုလေ။

အနမတဂ္ဂသံသရာ၌ တယောက် တယောက်သော သတ္တဝါ သည် မိမိခန္ဓာ၏သတ်ချက်ဖြင့် ကလလရေကြည်တွင် သေခဲ့ရ သော ဘဝပေါင်းအနန္တ, အမြုပ်အဖြစ်သို့ ရောက်သော အခါ၌ သေခဲ့ရသော ဘဝပေါင်းအနန္တ,သွေးခဲအဖြစ်သို့ ရောက်သောအ ခါ၌ သေခဲ့ရသော ဘဝပေါင်းအနန္တ, သားတစ်အခါ၌ သေခဲ့ရ သော ဘဝပေါင်းအနန္တ ဤသို့ အစရှိသည်ဖြင့် မိမိခန္ဓာ၏သတ်မှု နှင့် သေခဲ့ရသော ခဏကာလအချက်တွေကို အကုန်မြော်မြင်လေ။

www.dhammaransi.com



ဤသို့လျှင် လူတို့၏ခန္ဓာသည် လူသတ္တဝါတို့ကို အခဲ့အခဲ့၌ ဝိပရိဏာမဒုက္ခဒဏ်ချက်နှင့် နှိပ်စက်ညှဉ်းပန်း၏။

ဤသို့လျှင် လူတို့၏ခန္ဓာသည် လူသတ္တဝါတို့ကို လေးပါးသော အနက်တို့ဖြင့် နှိပ်စက်ညှဉ်းပန်းမှု ထင်ရှားရှိလေသောကြောင့်ဒုက္ခသစ္စာသော အမှန်ဖြစ်လေသတည်း။

**အပါယ်ဘုံ၌ ဒုက္ခဒဏ်ချက်**……အပါယ် ဘုံသားတို့၏ ခန္ဓာသည် အပါယ်သတ္တဝါတို့ကို ဒုက္ခဒဏ် လေးချက်ဖြင့် နှိပ်စက်ညှဉ်းပန်းရာ၌ အပါယ်ခန္ဓာကို အကုသိုလ်ဒုစ္စရိုက်မှုတို့သည်ဖြစ်စေကုန်၏။ ။"မနော၊သတ္တဝါတို့၏ စိတ်မည်သည်။ ပါပသ္မိံ၊ မကောင်းမှု ဒုစ္စရိုက်၌ သာလျှင်။ ရမတေ၊မွေ့လျော်၏။"ဟူ၍ ဟောတော်မူသောကြောင့် မကောင်းမှုဒုစ္စရိုက်မည်သည် သတ္တဝါတို့၏ မွေ့လျော်ပျော်ပါးရာ ဌာနဖြစ်၏။ ။သတ္တဝါတို့မည်သည်စိတ်ပျော်မွေ့ရာဌာနသို့ လိုက်စားအား ထုတ်၍နေရလျှင် ဆင်းရဲသည်ဟု မထင်ကြ။ထိုကြောင့် အပါယ်သစ္စာ ဒဏ်ချက်သည် ပူလောင်မှုကြီး စင်စစ်ဖြစ်သော်လည်း မပြုချင်လျှင် မနေသာမှုမျိုး မဟုတ်။ အလွန်ပြုချင် အားသန်ကြသော အမှုမျိုးဖြစ်ခဲ့၍ သစ္စာဒဏ်ချက် သက်သာသည်ဟု ဆိုရန်တချက်, အကျိုးပေးဆိုးရွားမှုကို ထောက်၍ သစ္စာဒဏ်ချက် အလွန်ပြင်းထန်သည်ဟု ဆိုရန်တချက်ရှိ၏။

အပါယ်ခန္ဓာ ဖြစ်ပေါ်သောအခါ သင်္ခါရဒဏ်ချက် ကြီးကျယ်ပုံကိုမူကား မြတ်စွာဘုရားမှသော်လည်း ဒေသနာ အစဉ်အားဖြင့် ဆုံးခန်းရောက်အောင် မဟောနိုင်ဟု ဟောတော်မူရ၏။

[ဤအပါယ်ခန္ဓာတို့၏ သင်္ခါရဒုက္ခ အမြွက်ကိုမူကား သံဝေဂ ဝတ္ထုဒီပနီ စာအုပ်မှာကြည့်၍ သိကြလေ။]

အကျဉ်းအားဖြင့် မီးငရဲ၌ ကျလေသော သူသည် အရိုး,အကြော,အသား, နှလုံး, သည်းပွတ်, ဦးနှောက် အစရှိသည်ဖြင့် အကုန်လုံး မီးခဲအတိဖြစ်၍ အရေအားလုံးမှ မီးတောက် မီးလျှံ တ

www.dhammaransi.com



ဟုန်းဟုန်း တောက်လောင်၍ အနှစ်တသိန်း အနှစ် တသန်း အနှစ် တကုဋေ အနှစ်အသင်္ချေပတ်လုံး အလွန်ပြင်းထန်သော မီးဒုက္ခကို ခံနေရ၏၊ ကံမကုန်သမျှ မလွတ်ရ။

ဤနည်းကိုမှီ၍ ဇမ္ဗူဒီပါကဲ့သို့ ယူဇနာ တသောင်းစီ ကျယ်ဝန်းသော ငရဲကြီး ၈ပြည်ထောင်တို့, ဥဿဒ ငရဲ ပေါင်း (၁၂၈) ပြည်ထောင် တို့နှင့် အပြည့်မမြင်ဝံ့ မရှုဝံ့ ပြင်းထန်လှစွာသော အမျိုးမျိုးသော ဒုက္ခဒဏ် တို့ကိုနှစ် ပေါင်း သိန်း သန်းကုဋေခံနေကြရကုန်သောပြည့်ထောင်ရ သတ္တဝါတို့ကို မြှော်မြင်လေ။

[ပြိတ္တာတို့၏သန္တာပဒုက္ခ, အသုရကာယ်တို့၏ သန္တာပဒုက္ခ, တိရစ္ဆာန်တို့၏ သန္တာပဒုက္ခတို့ကိုလည်း သံဝေဂဝတ္ထုဒီပနီ စာအုပ်မှာ ကြည့်၍သိလေ။]

အဆုံး၌ ရတေမှုဟူသော ဝိပရိဏာမဒဏ်ချက်မှာလည်း တခုသောကံအတွက် တခုသော အပါယ်ဘဝသို့ရောက်လေရာ ထိုကံကုန်ပြန်လျှင် ဝိပရိဏာမဒဏ်ချက်ဆိုက်၍ ရတေလေသော် ထိုထက် နက်နဲသော အပါယ်ဘဝသို့ ကျရလေ၏။ ဘဝပေါင်း တထောင်နှင့်လည်း သုဂတိဘုံသို့ လာခွင့်မရ၊ ဘဝပေါင်း တသောင်းနှင့်လည်း သုဂတိဘုံသို့လာခွင့်မရ။

**အပါယ်ရောက်မှုဒုက္ခရ**……ဤအရာ၌ **သမ္မောဟဝိနောဒနီ အဋ္ဌကထာ** ကျမ်းကြီး စကားကို ပြဆိုရာ၏။ ။သံသရာ၌ ကျင်လည်ကြ ကုန်သော သတ္တဝါတို့ မည်သည် သူတော်ကောင်းတရားနှင့် ပြည့်စုံရသော ဘဝကား အလွန်နည်းပါး၏။ နိုင်ရာသတ် နိုင်ရာစား အပါယ်ဘဝ တွေသာ များကြ၏။လူဖြစ်သော ဘဝတို့မှာလည်း ဘဝတရာတွင် တဘဝ မှ သူတော်ကောင်းတရားနှင့် ပြည့်စုံသောဘဝကို မရနိုင်။ မိစ္ဆာဒိဋ္ဌိဘဝ ဒုစ္စရိုက်ဘဝတွေသာများချေ၏။ မကောင်းမှုဒုစ္စရိုက်မည်သည် တဘဝမှ လိုက်စားလျှင်ပင် အသင်္ချေယျ အနန္တ များပြား

www.dhammaransi.com



နိုင်၏။ ။ထိုကြောင့် ယခုရှိကြသော လူလူ ရှင်ရှင် ပုထုဇ္ဇန် သတ္တဝါအပေါင်းတို့မှာ တယောက် တယောက်သော သတ္တဝါ၌ ပင်လျှင် အဝီစိငရဲသို့ ကျရောက်ရန် ဒုစ္စရိုက် ကံဟောင်းပေါင်း အသိန်းအသန်းမက ပါရှိ၍နေ၏။ သဉ္စီဝငရဲသို့ ကျရောက်ရန် အသိန်းအသန်းမကပါရှိ၍နေ၏။

> ကြွင်းသောငရဲအမျိုးမျိုး ပြိတ္တာအမျိုးမျိုး အသုရကာယ် အမျိုးမျိုး တိရစ္ဆာန်အမျိုးမျိုးတို့၌ ထိုနည်းတူ သိလေ။ ။ နတ်ပြည်ခြောက်ထပ်ရှိ နတ်ပုထုဇ္ဇန်သတ္တဝါ ဗြဟ္မာ့ပြည် ရှိ ဗြဟ္မာပုထုဇ္ဇန် သတ္တဝါတယောက်တယောက်မှာလည်း ဤနည်းတူ ဒုစ္စရိုက်ကံဟောင်းတွေ ပါရှိ၍နေပုံကိုသိလေ။

လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တို့မှ စုတေ၍အပါယ်သို့ တခါ ကျရောက်၍သွားခဲ့လျှင် ထိုကံဟောင်းတို့သည် အကျန်အခွင့်ရကြ ကုန်၏။တကံပြီးလျှင်တကံ တကံပြီးလျှင်တကံ အပါယ်ပဋိသန္ဓေ ကိုချည်းဆက်ကာ ဆက်ကာ ပေးကြကုန်၏။ ထိုသူသည် ဘဝ တထောင်နှင့်လည်း အပါယ်မှ တက်ခွင့်မရ၊ ဘဝတသောင်းနှင့် လည်းအပါယ်မှတက်ခွင့်မရ၊ ဘဝတသိန်းနှင့်လည်း အပါယ်မှ တက်ခွင့်မရ။ ။အနည်းငယ်မျှသော ကံတခုကြောင့် အပါယ်သို့ ကျရောက်ကြလေရာ ထိုကဲ့သို့သော ကံဟောင်းတွေ ဆက်လက် ၍နေသည့်အတွက်ကြောင့် တကမ္ဘာလုံးပင် အပါယ်မှ တက်ခွင့် မရဘဲ ငရဲသစ်ငုတ် အပါယ်သစ်ငုတ်ဖြစ်၍နေကြသော သတ္တဝါ တွေ အသင်္ချေအနန္တရှိသည်။

ဤကား အဋ္ဌကထာ ကျမ်းကြီးများတွင် ပြဆိုသောစကား အစဉ်တည်း။ ။ အပါယ်ခန္ဓာတို့၏ သန္တာပဒုက်ချက် ဝိပရိဏာမ ဒုက်ချက် ကြီးကျယ်ပုံကို အမြွက်မျှပြဆိုခဏ်းပြီး၏။

> ဤကား ဘဝတခုတခုဟု ဆိုအပ်သော ခန္ဓာသည် ခန္ဓာရှင်သတ္တဝါကို ဒုက္ခဒုက်သုံးချက်ဖြင့် နှိပ်စက်ညှဉ်းပန်း ပုံအစီအရင်ကို ပြဆိုသောစကားရပ်တည်း။

www.dhammaransi.com



**တောင်သူလယ်သမားဒုက္ခပွါး**…ထိုမှတပါး တခုတခုသော ဘဝ အတွင်း၌ နှစ်စဉ်အတိုင်း လစဉ်အတိုင်း နေ့စဉ်အတိုင်း နာရီစဉ်အတိုင်း ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏သတ္တဝါ အပေါင်းတို့ကို ထိုဒုက္ခဒဏ်သုံးချက်တို့ဖြင့် နှိပ်စက်ညှဉ်းပန်းပုံကို အမြွက်မျှ ပြဆိုဦးအံ့။ ။တောင်သူလယ်ယာ လုပ်ကိုင်မှုနှင့် တနှစ်စာ အသီးအနှံ ရရှိ သုံးဆောင်စားသောက်၍ ကုန်ခန်းရာ၌ ထို အသီးအနှံသည် ရှေးအဘို့၌ ထွန်ယက်မှု စိုက်ပျိုးမှု စောင့်ရှောက်မှုဟူသော သင်္ခတဒဏ်ချက်ဖြင့် ထိုတောင်သူယောက်ျားကို နှိပ်စက်၏။ အသီးအနှံ ဖြစ်လာသောအခါ စောင့်ရှောက်မှု ရိတ်သိမ်းမှု နင်းနယ်မှု ကျီတွင်းကျတွင်းသွင်းထားမှု စောင့်ရှောက်မှု ကျီတွင်းကျတွင်းမှ ထုတ်၍ သုံးစွဲမှု သုံးဆောင်စားသောက်မှု လောဘမီးပွါးမှု ဒေါသ, မာန, ဣဿာ, မစ္ဆရိယ, မီးပွါးမှု တည်းဟူသော သန္တာပ ဒဏ်ချက်ဖြင့် နှိပ်စက်၏။သုံးစွဲစားသောက်၍ နေ့စဉ် လျော့ပါး ကုန်ခန်းမှုဟူသော ဝိပရိဏာမဒဏ်ချက်ဖြင့် နေ့စဉ်နှိပ်စက်၏။ ဤအရာ၌ စောဒနာရန်ရှိ၏။ မီးဘေးရေဘေး အစရှိသည်ဖျက်ဆီး၍ အချည်းနှီး လျော့ပါးကုန်ခန်းမှုကိုသာ နှိပ်စက်ညှဉ်းပန်းမှု ဆိုသင့်ပါသည်။ မိမိလုပ်ဆောင်ရရှိသောဥစ္စာ၏ မိမိသုံးစွဲစားသောက်၍ လျော့ပါး ကုန်ခန်းမှုကို နှိပ်စက်ညှဉ်းပန်းမှု မဆိုသင့်ပါဟုစောဒနာရန် ရှိ၏။

အန္ဓဗာလ ပုထုဇ္ဇန်တို့၏ ဆင်ခြေစကားမျိုးပေတည်း။

အကယ်၍ ထိုအသီးအနှံတို့သည် သုံးစွဲစားသောက်၍ လျော့ပါးကုန်ခန်းမှုမရှိသော နိစ္စမျိုးစင်စစ်ဖြစ်ခဲ့အံ့၊ တနှစ်အားထုတ် လုပ်ဆောင်ရရှိလျှင် တသက်ပန်လုံး အငြိမ်းစားသုခကို ရနိုင်လတ္တံ့။ ထွန်မှု ယက်မှုစသော တောင်သူ့ ဒုက္ခတို့နှင့်တကွ အခြားတပါးသော အသက်မွေးမှုဒုက္ခတို့မှ တသက်ပန်လုံး လွတ်ငြိမ်းလတ္တံ့။ အထွတ်အမြတ်ဖြစ်သော သူတော်ကောင်းတရားကို ပွါးများအားထုတ်မှုနှင့် တသက်ပန်လုံး နေခွင့်ရသဖြင့် ကြီးကျယ် စွာသော လောကုတ္တရာ စီးပွါးကိုပင် ရနိုင်လတ္တံ့။ ။ထိုသို့ နိစ္စမျိုးကား

www.dhammaransi.com



မဟုတ်၊ အနိစ္စမျိုးစင်စစ်ဖြစ်ခဲ့၍ သုံးစွဲစားသောက်မှုနှင့်နေ့စဉ်လျော့ပါးကုန်ခန်းမှုအတွက်ကြောင့် မွဲမြဲမွဲ၍ ဥစ္စာလက်မဲ့ ချို့နွမ်းပါးသော အဖြစ်သို့ရောက်ပြန်၏။ ရိုယ်းဦးလေဦးကျပြန်လျှင် တောင်သူလုပ်ခင်း ဆင်းရဲတွင်းသို့ ဆင်းရပြန်၏။ နှစ်စဉ်အတိုင်း ကုန်ခန်းမှု နှစ်စဉ်အတိုင်းလုပ်ဆောင်မှု ဒုက္ခစက်ကြီးအပြီးစွပ်လျက်နေသဖြင့် တသက်ပန်လုံး အုပြိမ်းစားမှု တကွက်မျှမပေါ်ဘဲ ဆင်းရဲတွင်းမှာ ပင်အိုမင်း၍သေရလေ၏။ အလွန်ရခဲလှသော လူ့ဘဝကို ရခိုက်ကြုံသည်နှင့်လျော်စွာ အထွတ်အမြတ်ဖြစ်သော သူတော်ကောင်းတရားကို ပွါးများအားထုတ်မှုနှင့် နေခွင့်မရသဖြင့် ကြီးမြတ်လှစွာသော လောကုတ္တရာ စီးပွါးကြီးမှအပဖြစ်လေ၏။ ။အစဉ် ထာဝရအငြိမ်းစားစခန်းသို့ ဆိုက်လမ်းမရှိသော ဝိပရိဏာမ အနိစ္စဝဋ္ဋကို ကိုယ်ကျိုး ကိုယ်စီးပွါး ပြုလုပ်စွဲလမ်း ကြကုန်သော ဗာလ ပုထုဇ္ဇန်တို့အား ဆင်းရဲတွင်းက တက်ရ ရိုးမရှိ။

ဤသို့ဒုက္ခတွင်းက မလွတ်မထွက်, ထွက်ရမှုမရသည့်အတွက် ထိုအလုပ် ငြိမ်းခွင့်မရမှု, ငြိမ်းကွက် မရသည့်အတွက် အထွတ်အမြတ်တရားကို ကောင်းကောင်းလိုက်စားကွက်မရမှု, အထွတ်အမြတ်တရားကို ကောင်းကောင်းလိုက်စားခွင့် မရသည့်အတွက်ကြောင့် နောက်နောက်ဘဝ၌လည်း ထိုတောင်သူ လုပ်ဆောင်မှု ဒုက္ခမှ လွတ်ခွင့်မရမှု, အဆင့်ဆင့် အကျိုးနည်းလမ်းကြီးကို မြော်မြင်နိုင်ကြကုန်သော ပညာရှိ တို့သည်ကား မိမိ သုံးစွဲစားသောက်၍ လျော့ပါး ကုန်ခန်းသည် ဖြစ်စေ, မိမိ မသုံးစွဲ မစားသောက်ရဘဲ မီးဘေး ရေဘေး စသည်တို့ကြောင့် လျော့ပါး ကုန်ခန်းသည်ဖြစ်စေ လျော့ပါးကုန်ခန်းမှုချင်း အတူတူပင်ဖြစ်၏။ ဆင်းရဲ၍ မဆုံးနိုင်အောင် အကျိုးနည်းလမ်းကြီးချင်း အတူတူပင် ဖြစ်၏ဟုမြင်ကြကုန်သည်ဖြစ်၍ အဆုံး၌ ဝိပရိဏာမ အနိစ္စအုပ်ချုပ်လျက်ရှိနေကြကုန်သော လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာဟူသော တေဘူမကဝဋ္ဋတို့ကို ဒုက္ခကြီး ထင်မြင်ကြကုန်သတည်း။

www.dhammaransi.com



ထိုကဲ့သို့ မြင်နိုင်သော ဉာဏ်ပညာ မရှိကြကုန်သော ဗာလ ပုထုဇ္ဇန်တို့သည်ကား မိမိမသုံးစွဲရဘဲ မီးဘေးရေဘေး စသည်တို့ ကြောင့် ပျက်စီးကုန်ခန်း၍သွားမှုသာ စိတ်နာတတ်ကြကုန်၏။ မိမိ အလိုရှိတိုင်း သုံးစွဲစားသောက်၍ ကုန်ခန်းမှုကား စိတ်မနာတတ် ကြကုန်။ အလွန်ကြေအေးကြကုန်၏။ စိတ်မနာတတ်သမျှ ကာလပတ် လုံး ထိုဒုက္ခမှလွတ်ခွင့်မရှိ။ စိတ်နာတတ်မှ လွတ်ခွင့် ပေါ်သည်။ စိတ်နာတတ်မှ ကုန်ခန်းတတ်သော ဝဋ္ဋအာရုံမျိုး လူ့ဘဝ လူ့ ခန္ဓာ နတ်ဘဝ နတ်ခန္ဓာ ဗြဟ္မာ့ဘဝ ဗြဟ္မာ့ခန္ဓာမျိုးကို ဒုက္ခမျိုး ထင်နိုင်သည်။ စိတ်မနာတတ်လျှင် ဒုက္ခမထင်နိုင်။ အထက်၌ပြဆို ခဲ့ပြီးသော အဆင့်ဆင့် အကျိုးနည်းလမ်းကြီးကို မြော်မြင်တတ်မှ လည်း ဆဲထဲရေသွန်မှုတွေနှင့် နေ့ရက်လနှစ်တွေ ဘဝကမ္ဘာတွေ ကုန်၍ နေရသည်ကို ဒုက္ခဟုထင်နိုင်သည်။

> ဤကား မိမိခံစားစံစား၍ လျော့ပါးကုန်ခန်းမှုကို ဒုက္ခ မဆိုသင့်ပါဟူသောစောဒနာကို ဖြေဆိုချက်တည်း။ ။
> ဤကားတနှစ်တနှစ်အတွင်းနှင့် နှစ်စဉ်အတိုင်း လုပ်ဆောင်ရရှိ သုံးစွဲ၍ ကုန်ခန်းကုန်သော စပါး ပြောင်း ပဲ အသီးအနှံတို့၏ သင်္ချာဒဏ်ချက် သင်္ချာပဒဏ်ချက် ဝိပရိဏာမဒဏ်ချက် တို့ဖြင့် တောင်သူ ယောကျ်ားကို နှိပ်စက် ညှဉ်းပန်းပုံ တည်း။

ဤနည်းကိုမှီ၍ တလ၊ တလအတွင်းနှင့် လစဉ်အတိုင်း နှိပ်စက်မှု, တရက် တရက်အတွင်းနှင့် ရက်စဉ်အတိုင်း နှိပ်စက်မှု တို့ကိုလည်း ထင်မြင်အောင် ခြားနား၍ကြည့်လေ။

ခပ်သိမ်းသော အသက်မွေးမှု, ပစ္စည်းဥစ္စာ ရှာကြံလုပ်ကိုင်မှု တို့နှင့် ရရှိသုံးစွဲကုန်ခန်းကုန်သော ကြေးငွေအသပြာအဝတ်အစား တို့၏ ဒဏ်သုံးချက်နှင့် နှိပ်စက် ညှဉ်းပန်းမှုကိုလည်း တလော ကလုံး အနှံ့အပြားမြင်အောင် ကြည့်လေ။

www.dhammaransi.com



အနမတဂ္ဂ သံသရာ၌ ဒါန သီလ ဘာဝနာမှုတို့ကို အားထုတ်လုပ်ဆောင် ရရှိခံစားစံစား၍ ကုန်ခန်း ခဲ့ကြကုန်သော လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝတို့ကိုလည်းအကုန်မြင်လေ။

**အာရုံ ၆ သင်း-ဒုက္ခတွင်း**...အာရုံကို ခံစားကြရာ၌ စက္ခုအာရုံနှင့်ပေါင်းဆုံ၍ နေဆဲအခါ စက္ခု၌ အရသာတွေ့၏၊ စက္ခုအာရုံကွာပြန်လျှင် စက္ခုအရသာ ကုန်ခန်းပြန်၏။သောတအာရုံနှင့်ပေါင်းဆုံ၍ နေဆဲအခါ သောတ၌ အရသာတွေ့၏၊ သောတအာရုံ ကွာပြန်လျှင် သောတအရသာ ကုန်ခန်းပြန်၏၊ ဃာန အာရုံနှင့် ပေါင်းဆုံ၍ နေဆဲအခါ ဃာန၌ အရသာတွေ့၏၊ ဃာနအာရုံ ကွာပြန်လျှင် ဃာနအရသာ ကုန်ခန်းပြန်၏။ ဇိဝှါအာရုံနှင့် ပေါင်းဆုံ၍နေဆဲအခါ ဇိဝှါ၌အရသာတွေ့၏၊ ဇိဝှါအာရုံကွာပြန်လျှင် ဇိဝှါအရသာ ကုန်ခန်းပြန်၏။ ကာယအာရုံနှင့် ပေါင်းဆုံ၍နေဆဲအခါ ကိုယ်အင်္ဂါ၌ အရသာတွေ့၏၊ကာယအာရုံကွာပြန်လျှင် ကာယအရသာကုန်ခန်းပြန်၏။ မနောအာရုံနှင့်ပေါင်းဆုံ၍ နေဆဲအခါ မနော၌အရသာတွေ့၏၊မနောအာရုံကွာပြန်လျှင် မနော အရသာကုန်ခန်းပြန်၏။ ။တဏှာသည် ဆာလောင်ပူပန်သော တဏှာခြောက်ပါး, ခံစားသာယာသော တဏှာခြောက်ပါး, ခြောက်ခွါရ၌ အာရုံအရသာတွေ့၍ နေဆဲအခါ၌ ခံစားသာယာသော တဏှာခြောက်ပါး,မီးတောက်၏။

ခြောက်ခွါရ၌ အာရုံအရသာ ကုန်ခန်း၍ နေသောအခါ ဆာလောင်ပူပန်သော တဏှာခြောက်ပါးမီးတောက်၏။ ။ထိုတဏှာမီးတောက်တိုင်း ထိုတဏှာကို အစာပေးရန် အာရုံအသိုက်အအုံတို့ကို ပြည့်စုံစွာ ထူထောင် သိမ်းမိုက်၍ ထားကြရကုန်၏။ ခဏခဏ ကုန်ခန်းသော ခြောက်ခွါရအရသာကို လိုက်စားကြသူတို့သည် ထိုအာရုံအသိုက်အအုံ စည်းစိမ်အသိုက်အအုံတို့ကို မလွှတ်နိုင်ကြကုန်ပြီ။ ထိုအသိုက်အအုံ တို့သည်လည်း ကုန်ခန်းသော တရားမျိုးတို့သာတည်း။ ။ခြောက်ခွါရအရသာဟု ဆိုအပ်သော ပီတိသောမနဿ သုခဝေဒနာတို့သည် ထိုသူတို့ကို သဉ္စာ

www.dhammaransi.com



ဒဏ်ချက် သင်္ခါရဒဏ်ချက် ဝိပရိဏာမ ဒဏ်ချက်နှင့် ဘဝ အဆက်ဆက် အမြဲနှိပ်စက်ကုန်၏။ ။ဘဝအဆက်ဆက် ကမ္ဘာ အဆက်ဆက် ထိုအရသာ၏ ဒုက္ခတွင်းကြီးမှ တက်ခွင့်မရကြ ကုန်ပြီ။ထိုဒုက္ခတွင်းကြီးမှ ထွက်မြောက်စေနိုင်သော တရားတို့ကို လိုက်စားခွင့်မရဘဲ ရှောင်လွှဲကြဉ်ဖယ်၍ ပြဆိုခဲ့ပြီးသော အကျိုး နည်းလမ်းကြီးသို့ပါ၍ နေကြရကုန်သည်။ ။ဤကား ခဏစဉ် နာရီစဉ် အားဖြင့် ခန္ဓာငါးပါးတို့သည် သတ္တဝါတို့ကို ဒဏ်ကြီး သုံးချက်တို့ဖြင့် မပြတ်မစဲ အမြဲနှိပ်စက်ပုံတည်း။

ဤပြဆိုခဲ့သော နည်းလမ်းစုသည်လည်း ထင်ရှားလှရာကို ရှာကြံ၍ ပြဆိုမှုသာ ဖြစ်သတည်း။

**အပါယ်ဆင်းရဲနှင့်တိုက်ခန်းမီးဥပမာ**။ ယခုအခါဝိပရိဏာမ ဒုက္ခ ဒဏ်ချက် သက်သက်ကို အဖွက်မှုပြဆိုဦးအံ့။ ။ဤသံသရာ၌ အပါယ ဒုက္ခသည် အလွန် ကြီးကျယ်၏။ သိသောသူတို့သည် အလွန် ကြောက်ကြ ရကုန်၏။ မသိသော သူတို့မှာလည်း မသိသည့် အတွက် အပါယ်ဒုက္ခသာ၍ နက်ပြန်၏။ ။အပါယ်မျိုးစေ့ ဖြစ် ကုန်သော အကုသိုလ်ဒုစ္စရိုက်ကံတို့သည် သက္ကာယဒိဋ္ဌိမှာ တွယ် တာကြကုန်၏။သက္ကာယဒိဋ္ဌိထက်သန်လျှင်ထိုကံတို့သည် ဝင်းဝင်း တောက် ထက်သန်ကြကုန်၏။သက္ကာယဒိဋ္ဌိညှိုးနွမ်းလျှင် ထိုကံတို့ လည်း ညှိုးနွမ်းကုန်၏။ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းလျှင် ထိုကံတို့ လည်း အကုန် ချုပ်ငြိမ်းကြကုန်၏။ **။ဥပမာကား** တိုက်ခန်း တွင်း၌ မီးထွန်း၍ ထားရာ မီးတောက်နှင့် သက္ကာယ ဒိဋ္ဌိတူ၏။ ထိုမီးတောက်မှထွက်သော မီးရောင်အလင်းတို့နှင့် ဒုစ္စရိုက်ကံတွေ တူကုန်၏။ မီးတောက် အားကောင်းလျှင် မီးရောင်တို့လည်း အားကောင်း ကုန်၏။ မီးတောက်မှိန်လျှင် မီးရောင်တို့လည်း မှိန် ကုန်၏။မီးတောက်သေပျောက်လျှင်မီးရောင်တို့လည်း သေပျောက် ကုန်၏။ဤဥပမာအတိုင်းပင်တည်း။

www.dhammaransi.com



ဤသက္ကာယဒိဋ္ဌိ ဟူသော ငရဲခါတ်ကြီး ရှိနေကြ ကုန်သောသတ္တဝါတို့သည် အပါယဒုက္ခကို အတန် အရာ သိကြကုန်သော်လည်း ထိုငရဲခါတ်ကြီး တိုက်တွန်းမှုကြောင့် ဒုစ္စရိုက်ကို ပြုကြရကုန်၏။ လုံးလုံးမသိသောသူ မိစ္ဆာဒိဋ္ဌိအယူရှိသောသူတို့၌ကား ဆိုဘွယ်မရှိပြီ။ ထိုငရဲခါတ်ကြီး သောင်းကျန်းချင်တိုင်း သောင်းကျန်းလေတော့သည်။

သံသရာ၌ ကျင်လည်ကြရသော ဘဝတို့တွင် ဒုစ္စရိုက်မှန်း အပါယ်ဘေးရှိမှန်း သိနိုင်သော ဘဝကား အလွန် နည်းပါး၏။ မသိသောဘဝ အယူမှားသောဘဝသာ များ၏။ တယောက်သော သတ္တဝါအား ဘဝတထောင်တွင် သိနိုင်သောဘဝ တကြိမ်မျှကြုံခဲစွ။ ။ဤကား သံသရာ၌ ကျင်လည်၍ နေကြသော ပုထုဇ္ဇန်သတ္တဝါ တို့အား အတိတ် သံသရာက ပြုခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံ နှစ်မျိုး ပါရှိကြသည်တွင် အကုသိုလ်ကံ ဘက်က ဘယ်မျှလောက် များပြား အားကြီးစွာ ရှိမည်ဟု ချင့်မြှော်ရန် တချက်, နောက်ဘဝမှစ၍ အနာဂတ် သံသရာသို့ သွားကြပြန်ရာ ဒုစ္စရိုက် သုစရိုက်နှစ်မျိုး ရှိသည်တွင် ဒုစ္စရိုက်ဘက်ကို အဘယ်မျှလောက် များပြား အားကြီးစွာဖြစ်ပွါး၍ သွားလိမ့်မည်ဟု ချင့်မြှော်ရန်တချက်ကို ပြဆိုသော စကားရပ်တည်း။

**သံသရာတွင်ကျင်လည်ရပုံ**……လောကဒ္ဓပကတိသောပုထုဇ္ဇန် သတ္တဝါတို့၏ ဒါန သီလ ဘာဝနာ ဟူသော ကုသိုလ်မှုမျိုးမည်သည် အပါယ်ဘေးကို ကြောက်ကြသောသူတို့၏ အပါယ်ဘေးမှ လွတ်ကင်းရအောင်ပြုကြသော အမှု မျိုးရပေတည်း။ ။ထိုသို့ပြုကြကုန်၍ ကုသိုလ်မှုအားလျော်စွာ လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝသို့ ရောက်ကြ လေကုန်သော်လည်း ဒုစ္စရိုက်ကံဟောင်းတွေ အနန္တနှင့် တကွသော သက္ကာယဒိဋ္ဌိ ငရဲခါတ်ကြီး စိတ်နှလုံးတွင်းမှာအစဉ်ပါရှိလျက်နေကြကုန်၏။ ရောက်လေရာ လူ့ဘဝနတ်ဘဝဗြဟ္မာ့ဘဝတို့၌ ထိုက်သည် အားလျော်စွာ ဒုစ္စရိုက်ကံသစ်တွေ ဖြစ်ပွါးရန် သက္ကာယဒိဋ္ဌိ ငရဲခါတ်ကြီး

www.dhammaransi.com



စိတ်နှလုံးတွင်းမှာ အစဉ်ပါရှိလျက်နေကြကုန်၏၊ ။ရှေးရှေး၌ပြုခဲ့ကြသော ဒါန သီလ ဘာဝနာ ကုသိုလ်ကံတို့သည်လည်း ဝိပရိဏာမဓမ္မမျိုးတို့သာဖြစ်ကုန်၏။ အကျိုးပေးစွမ်း ကုန်ချိန်ကျလျှင် ကုန်ကြမြဲဓမ္မတာမျိုးတို့သာတည်း။ ထိုလူ့ခန္ဓာ နတ်ခန္ဓာ ဗြဟ္မာ့ခန္ဓာတို့သည်လည်း ဝိပရိဏာမဓမ္မမျိုးတို့သည်သာ ဖြစ်ကုန်၏။ ကံ၏အစွမ်း ကုန်ဆုံးခဲ့သော်ရင်း,အသက်တမ်း ကုန်ဆုံးခဲ့သော်ရင်း,ဇေကန္တပျက်ဆုံးမြဲ ဓမ္မတာတို့သာတည်း။

လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံတို့၌ မွေ့လျော်ပျော်ပါးစွာ နေကြကုန်သော ထိုလူနတ်ဗြဟ္မာ သတ္တဝါတို့ကို မိမိတို့၏ ခန္ဓာတို့သည် ဝိပရိဏာမဒဏ်ချက်ဖြင့် အသေသတ်ကုန်၏။ ဇိဝိတိန္ဒြေ အညာပြတ်သည်နှင့်တပြိုင်နက် သက္ကာယဒိဋ္ဌိသည် ထိုသူတို့ကို အပါယ်သို့ပစ်လွှတ်၍ချလေ၏။ ထိုသူတို့သည် မိမိတို့ ကြောက်ကြသော အပါယဒုက္ခပင်လယ်ကြီးအတွင်း၌ ရုန်းရုန်းမြုပ်ကြရပြန်ကုန်၏။ ရှေး၌ ပြခဲ့ပြီးသော အဋ္ဌကထာကြီးများ စကားအတိုင်း ဘဝတရာနှင့်လည်း လွတ်ခွင့် မရကြကုန်။ ဘဝ တထောင် နှင့်လည်း လွတ်ခွင့် မရကြကုန်။ ဘဝ တသောင်း နှင့်လည်း လွတ်ခွင့် မရကြကုန်။ နှစ်ပေါင်း ဘဝပေါင်း အလွန်ကြီးကြာလှမှအချို့သူတို့ လွတ်ခွင့်ရကြကုန်၏။

အချို့ သူတို့ကား ကမ္ဘာကြီးပျက်မှ လွတ်ခွင့် ရကြကုန်၏၊ လွတ်ကြပြန်လျှင် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်လာကြပြန်ကုန်၏။ တဖန် လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံတို့၌ မွေ့လျော်ပျော်ပါးစွာ နေကြရာကုန်သော ထိုသတ္တဝါတို့ကို မိမိတို့၏ ခန္ဓာတို့သည် ဝိပရိဏာမဒဏ်ချက်ဖြင့် အသေသတ်မြဲ သတ်ပြန်ကုန်၏။ ဇိဝိတိန္ဒြေ အညာပြတ်သည်နှင့်တပြိုင်နက် သက္ကာယဒိဋ္ဌိသည် ထိုသူတို့ကို အပါယ်သို့ပစ်လွှတ်၍ ချပြန်လေ၏။ ထိုသူတို့သည် မိမိတို့ ကြောက်ကြသော အပါယဒုက္ခ ပင်လယ်ကြီး အတွင်း၌ ရုန်းရုန်းမြုပ်ကြရပြန်ကုန်၏။ဘဝတရာနှင့်လည်း လွတ်ခွင့်မရကြပြန်ကုန်။ဘဝတထောင်နှင့်လည်း လွတ်ခွင့် မရကြပြန်ကုန်။ ဘဝ

www.dhammaransi.com



တသောင်းနှင့်လည်း လွတ်ခွင့်မရကြပြန်ကုန်။ ရှေးနည်းအတိုင်း ဆိုလေ။

ဤကား သံသရာကြီး၌ကျင်လည်၍ နေကြရကုန်သော ပုထုဇ္ဇန် သတ္တဝါ တို့၏ အများဓမ္မတာ လူးလာ စုန်ဆန် နေကြပုံကို ကျမ်းဂန်နှင့်အညီ ပြဆိုလိုက်သောစကား တည်း။ဤစကားရပ်၌ ထိုလူနတ်ဗြဟ္မာ သတ္တဝါတို့သည် အသတ် ခံရသော သူတို့တည်း။မိမိ မိမိတို့၏ ခန္ဓာတို့ သည် သူသတ်ယောကျ်ားတို့တည်း။ ထိုခန္ဓာတို့မှာ ပါရှိ သော ဝိပရိဏာမဓမ္မတို့သည် အလွန်ထက်သော ထား လက်နက်တို့တည်း။

ရာဓ၊ချစ်သား ရာဓ ရဟန်း။ ရူပံ၊ ရူပက္ခန္ဓာသည်။ မာရော၊ သူသတ်ယောကျ်ားကြီးတပါးတည်း။ဝေဒနာ၊ဝေဒနာက္ခန္ဓာသည်။ မာရော၊သူသတ်ယောကျ်ားကြီးတပါးတည်း။သညာ၊သညာက္ခန္ဓာ သည်။ မာရော၊ သူသတ်ယောကျ်ားကြီးတပါးတည်း။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့သည်။ မာရော၊ သူသတ်ယောကျ်ားကြီး တပါး တည်း။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာသည်။ မာရော၊ သူသတ် ယောကျ်ားကြီး တပါးတည်း။ (ခန္ဓသံယုတ်ပါဠိတော်)

ဤပါဠိတော်ကိုထောက်၍ ခပ်သိမ်းသော သတ္တဝါတို့ သေ ဆုံးကြရာ၌ မိမိ မိမိတို့၏ခန္ဓာသည် သူသတ်လက်သည် အမြဲဖြစ် ကြောင်းကို သိအပ်သတည်း။ ။လောက၌ သေကြသမျှသည် မိမိတို့ခန္ဓာ အခြေအနေပျက်မှု ဖောက်လဲဖောက်ပြန် ဖြစ်မှုနှင့် ကင်း၍ သေသည်မရှိ။ ဦးခေါင်း၌ ရိုက်သံကြီးပင် ကျသော်လည်း မိမိတို့၏ ခန္ဓာအခြေအနေ မပျက်က မသေနိုင်။ ထိုကြောင့်ဧကန် စင်စစ်အားဖြင့် ခန္ဓာသည် သာလျှင် သူသတ်ယောကျ်ား အမှန် ဖြစ်လေသတည်း။

တနည်းကား။ ။မရဏဓာတ် တည်းဟူသော မစ္စုတရား ကိုလည်းမစ္စုမာရ်ဟု ဆိုရိုးရှိပြန်သောကြောင့် ဝိပရိဏာမဓမ္မ ကိုပင် သူသတ်ယောကျ်ားပြု၍ ဆိုလိုမူကား လူ့ခန္ဓာတို့၌ရှိသော

www.dhammaransi.com



ဝိပရိဏာမဓမ္မသည် လူ့ခန္ဓာတို့ကို အတွင်သတ်၏။ နတ်ခန္ဓာတို့၌ ရှိသော ဝိပရိဏာမဓမ္မသည် နတ်ခန္ဓာတို့ကို အတွင်သတ်၏။ ဗြဟ္မာ့ခန္ဓာတို့၌ပါရှိသော ဝိပရိဏာမဓမ္မသည် ဗြဟ္မာ့ခန္ဓာတို့ကို အတွင်သတ်၏။ လူ့ခန္ဓာ နတ်ခန္ဓာ ဗြဟ္မာ့ခန္ဓာတို့သည် သေပြစ် သေဒဏ်ကို အမြဲခံရသော ဒုက္ခဓမ္မတို့သာတည်း။

**ပုန်းနေသူတို့ကို**......အပါယ် ဘေးကို ကြောက်ကုန် သော ကြောင့် လူ့ဘုံမှာပုန်း၍ နေကြကုန်သော လူသတ္တဝါတို့ကို သက္ကာယဒိဋ္ဌိနှင့် တကွသော လူ့ခန္ဓာတို့သည် နေ့ရှိသမျှအတွင်သတ်၍ အပါယ်သို့ ပစ်ချကုန်၏။ ထိုအတူ နတ်ပြည်၌ ပုန်း၍ နေကြကုန်သော နတ်သတ္တဝါတို့ကို နတ်ခန္ဓာတို့ သည် နေ့ရှိသမျှ အတွင်သတ်၍ အပါယ်သို့ ပစ်ချကုန်၏။ ဗြဟ္မာ့ ဘုံ၌ ပုန်း၍နေကြကုန်သော ဗြဟ္မာသတ္တဝါတို့ကို ဗြဟ္မာ့ခန္ဓာတို့ သည် နေ့ရှိသမျှ အတွင်သတ်၍ အပါယ်သို့ ပစ်ချကုန်၏။ ခန္ဓာ ဝိပရိဏာမတို့ကား အတွင်သတ်သမားတို့တည်း။ အကုသိုလ်ကံ တို့နှင့်တကွသော သက္ကာယဒိဋ္ဌိတို့သည်ကား အပါယ်သို့ အတွင် ပစ်ချသမားတို့တည်း။

သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းပြီးသော လူ နတ် ဗြဟ္မာတို့ သည်ကား မိမိတို့ခန္ဓာသတ်ချက်နှင့် သေကြရကုန်သော်လည်း အောက်ဘုံသို့ လျှောကျခြင်းမရှိကြကုန်ပြီ။ အထက်အထက်သို့သာ ဆန်တက်ကြ ကုန်တော့သည်။ ဤအကြောင်းအရာသည် အထက် မဂ္ဂသစ္စာအ ခဏ်း၌လာလတ္တံ့။ စောဒနာရန်ရှိသည်ကား ပြဆိုခဲ့ပြီးသည့် အ တိုင်းမှန်သည်ရှိသော် လူ့ပြည်မှာ လူပင်မရှိရာပြီ၊ နတ်ပြည် ခြောက် ထပ်မှာ နတ်ပင်မရှိရာပြီ၊ ဗြဟ္မာ့ပြည်မှာ ဗြဟ္မာပင် မရှိရာပြီ။ ထိုသို့မရှိသည်ကားမဟုတ်။ လူ့ပြည်မှာ လူလည်းပေါများလျက် ရှိ၏။ နတ်ပြည် ဗြဟ္မာ့ပြည် တို့မှာ နတ်ဗြဟ္မာ တို့လည်း ပေါများ လျက်ရှိကုန်၏။ ထိုကြောင့် ခြောက်လွန်းလှသည်ဟုဆိုရန်ရှိ၏။

အပါယ်လေးဘုံ ကြီးကျယ်ပုံစည်ကားပုံကို မရိပ်မိကြကုန်သော လူမြိန်းတို့၏ အထင်မျိုးစောဒနာမျိုးတို့သာတည်း။

www.dhammaransi.com



**နယ်ကျယ်သလောက်**……သုဂတိဘုံမည်သည် ဘုံနယ်ကား ကျယ်၏။ ဘုံသားသတ္တဝါအကောင်ရေကားအလွန်နည်းပါး၏။ နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ဘုံဗိမာန်တခုတခုသည် လူ့ပြည်မှာ အလုံမြို့နယ် ဗန်းကျိုမြို့နယ် ပခန်းမြို့နယ် စသောမြို့နယ်ကြီး ငါးခုစာဆယ်ခုစာမကကြီးကျယ်၏။ ကိုယ်ခန္ဓာသည် သုံးဂါဝုတ်ခန့်စသည် ကြီးကျယ်၏။ မြန်မာတိုင်ပေါင်းလေးတိုင်ခွဲကို သုံးဂါဝုတ် ဆိုသည်။ ကောင်းကင်၌ မြင်သောကြယ်နက္ခတ်တို့သည်ပင်လျှင် တဆယ့်နှစ်ယူဇနာ တဆယ့်သုံးယူဇနာ စသည်ရှိကြကုန်၏။ ။ဒုဂ္ဂတိဘုံကား ဘုံနယ်လည်း ကျယ်၏။ ဘုံသားသတ္တဝါ အကောင်ရေလည်း အလွန်များပြား၏။ ။ဤစကြာဝဠာ၌ လူ့ဘုံ နတ်ပြည်ခြောက်ထပ် နတ်ဘုံ ဗြဟ္မာ့ဘုံနှစ်ဆယ်ရှိ လူနတ်ဗြဟ္မာ သတ္တဝါတို့ကိုတယောက်မကျန်ရေတွက်သော်လည်း ငါတို့မြန်မာနိုင်ငံအတွင်းမှာ ရှိနေသော ပရွက်ဆိတ်သတ္တဝါတမျိုးကိုမျှမှီဘွယ်ရာမရှိ။ ။ထိုပရွက်ဆိတ် သတ္တဝါမျိုးမှတပါး ငါတို့မြန်မာနိုင်ငံအတွင်းမှာ ရေသတ္တဝါ ကုန်းသတ္တဝါတို့သည် အမျိုးအားဖြင့်ပင် အနန္တရှိကုန်သေး၏။ တမျိုးတမျိုးမှာ အကောင်ရေ အနန္တများပြား၏။ ။မြန်မာနိုင်ငံမှ ထွက်သော ဤစကြာဝဠာတွင်းရှိ ကျွန်းကြီးလေးကျွန်း ကျွန်းငယ်နှစ်ထောင် တောနယ်အနန္တ တောင်နယ်အနန္တ ထိုမှတပါး အတွင်းသီဒါသမုဒ္ဒရာကြီးခုနစ်စင်း, ကျွန်းကြီး ကျွန်းငယ်တို့ ပြင်မှာ ရှိနေသော အပသမုဒ္ဒရာကြီးလေးစင်း,မြစ်ကြီးမြစ်ငယ် အိုင်ကြီး အိုင်ငယ် အစရှိသော မြေနယ်ရေနယ်ရှိ ကုန်းသတ္တဝါ ရေသတ္တဝါတို့ကို မူကား ဆိုဘွယ်မရှိ။

ဤသို့လျှင် တိရစ္ဆာန်ဘုံတခုနှင့် နှိုင်းယှဉ်၍ကြည့်လျှင်ပင် သုဂတိနှစ်ဆယ့်ခုနစ်ဘုံမှာ သတ္တဝါရှိသည်ဟု မပြောစလောက်။

**အဝီစိမှာများလှစွာ**……ဇမ္ဗူဒီပါ ကျွန်းကြီးကဲ့သို့ အကျယ် ယူဇနာ တသောင်းစီရှိကြသောငရဲ

www.dhammaransi.com



ကြီး ရှစ်ပြည်ထောင်တို့တွင် အောက်ဆုံးဖြစ်သော မဟာအဝိစိ ငရဲကြီး၌ ငရဲသတ္တဝါတို့သည် ဝါးကျည်တောက်တွင်းမှာထည့်၍ ထားသော မုန်ညင်းစေ့တို့ကဲ့သို့ အပြည့် ရှိနေကြကုန်သည်ဟု အဋ္ဌကထာ ကျမ်းဂန်တို့၌ ဆို၏၊ အဝိစိငရဲ မည်သည် အလွန် မကောင်းမှုကံကြီးလှသောသူတို့မှကျရောက်ကုန်၏။ ထိုအဝိစိငရဲ မှာ ထိုမျှလောက်သတ္တဝါတို့ ပြည့်ကြောင်းကိုခရိုသဖြင့် အတန် ငယ်သော မကောင်းမှုကံနှင့်ပင် ကျရောက်နိုင်သော ကြွင်းသော ငရဲကြီး ခုနစ်ပြည်ထောင် ငရဲငယ်အနန္တ တို့၌မူကား သတ္တဝါအ ဘယ်မျှပြည့်လိမ့်မည်ဟု ဆိုဖွယ်ပင်မရှိ။ ။ဤသို့လျှင် ငရဲဘုံတခု နှင့်ယှဉ်၍ကြည့်ပြန်လျှင်လည်းလူနတ်ဗြဟ္မာ ဟူသော သုဂတိနှစ်ဆဲ့ ခုနစ်ဘုံမှာ သတ္တဝါရှိသည်ဟူ၍ပင် မပြောစလောက်။ ။ပြိတ္တာဘုံ အသုရကာယ်ဘုံ တို့မှာလည်းနည်းတူ သတ္တဝါ ပြည့်မှုကို သိကြ လေကုန်။ ။သုဂတိဘုံသို့ ရောက်မှုမည်သည် ဒါန သီလ ဘာဝနာ ကုသိုလ်သုံးပါးသာရှိ၏။ မရဏာသန္နအခါ၌ ကုသိုလ်ကို စော၍သေမှ သုဂတိသို့ရောက်နိုင်၏။ အကုသိုလ်ကို စော၍သေ လျှင် အပါယ်သို့ရောက်မြဲဓမ္မတာတည်း။

ဤမြန်မာနိုင်ငံ အတွင်း၌ တနေ့တရက် အဘို့တွင် သေကြ ကုန်သော ရေသတ္တဝါ ကုန်းသတ္တဝါ အနန္တရှိရာ၏။ ထိုအနန္တ တို့တွင် မရဏာသန္န အခါ၌ ကုသိုလ်ကို စောနိုင်သော သတ္တဝါ ကား အလွန် နည်းပါးရာ၏။ တသိန်းတွင် တယောက်ကျမပါ လေရာ။ အပါယ် လေးဘုံရှိ သတ္တဝါ အားလုံး၌ ဆိုဖွယ်မရှိ။ ကုသိုလ်မှန်း မသိကြသော သတ္တဝါတို့မှာ အဘယ်ကုသိုလ်ကို စောနိုင်မည်နည်း။ ။အပါယ်၌ကျ၍နေကြကုန်သော သတ္တဝါတို့ မှာယေဘုယျအားဖြင့် ဘဝတွေအလွန်များ၍အဟောင်းဖြစ်သော အကုသိုလ် ကြီးကြီးမားမား အတော်အတန် ပါးရှား သကဲ့သို့ရှိ သောအခါမှ ရှေးအပရာပရိယ ကုသိုလ်ကံဟောင်းများ အခွင့်ရ၍ သုဂတိဘဝသို့ ပြန်လာနိုင်လေသတည်း။

www.dhammaransi.com



ဤကဲ့သို့သော ဒိဋ္ဌယုတ္တိ, သုတယုတ္တိ ဉာဏ်မရှိကြ ကုန်သော လူပြိန်းတို့သည်ကား လူ့ပြည်မှာ လူအလွန်ပေါများသည်ဟု ထင်ကြကုန်၏။ ကောင်းကင်၌ ကြယ်နက္ခတ်တို့ကိုမြင်၍ နတ်ပြည်မှာ နတ်အလွန်ပေါများသည်ဟု ထင်ကြကုန်၏။ လူ့အဖြစ်ရခဲပုံအချက်ကို သက်သက်မရိပ်မိကြလေကုန်။ လိပ်ကာဏ်း ထမ်းပိုးကို ဥပမာပြု၍ ဟောတော်မူသောဒေသနာ, လက်သည်းပေါ်၌ မြေမှုန့်နှင့် မဟာပထဝီ၌ မြေမှုန့်ကို ဥပမာပြု၍ ဟောတော်မူသော ဒေသနာ, များကို ဟောလျှင်သာနာကြရတော့သည်။ သက်သက် မယုံကြည်ကြလေကုန်။

ဤသည်ကား ယခင်လူပြိန်းတို့၏ စောဒနာကို ဖြေဆိုချက် တည်း။

ဤတွင်ရွေ့ကား အနမတဂ္ဂသံသရာ၌ နေကြကုန်သော လူ နတ် ပြဟ္မာ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဒုက္ခအနက် ဒဏ်ချက်လေးပါးတို့နှင့် သတ္တဝါအပေါင်းတို့ကို နှိပ်စက် ညှဉ်းပန်းခြင်း မြဲသည်ဖြစ်၍ ဒုက္ခသစ္စာသာ အမှန် ဖြစ်ကြောင်းကို ထင်ရှားရာအချက်တို့နှင့် အမြွက်ပြခဏ်းပြီး၏။

ဒုက္ခသစ္စာအနက် ၄–ချက်အဓိပ္ပါယ်ပြီး၏။

---

## သမုဒယသစ္စာအနက် ၄–ချက်အဓိပ္ပါယ်

**တဏှာကြောင့်**····· ယခုအခါ သမုဒယသစ္စာ၏ အနက်လေး ချက်ကို ပြဆိုအံ့။ သမုဒယ ဆိုသည်ကား ဘဝအလျှင်အစဉ်မပြတ် တဖွားဖွားဖြစ်ပွါး၍ နေရန်အကြောင်း တည်း။ ဒုက္ခအလျှင် အစဉ်မပြတ် တွေ့ကြုံ၍နေရန် အကြောင်း တည်း။ ။တဏှာ ကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့အား စုတိ သည်မှနောက်၌ ဘဝအစဉ်ပြတ်လေ၏။ ဒုက္ခအစဉ် ပြတ်လေ၏။ ထိုကြောင့် သတ္တဝါအပေါင်းတို့အား ဘဝအစဉ် ဒုက္ခအစဉ်ဖြစ်ပွါး၍နေကြမှုသည် တဏှာ၏ အတတ်သာတည်းဟု မချသိအပ်၏။ ။

www.dhammaransi.com



လောက၌လည်း ကာမဂုဏ်တဏှာသည် ရှိ၏။ ထိုတဏှာကို နှိပ်ကွပ်နိုင်သောသူတို့သည် သားမယားမွေးမှုနှင့် စပ်သော သန်တဒုက္ခ သန္တာပဒုက္ခ ဝိပရိဏာမဒုက္ခတို့မှ လွတ်ငြိမ်းကြကုန်၏။ ထိုတဏှာကို လိုက်စားကြကုန်သော သူတို့သည် သားမယားမွေးမှုနှင့်စပ်သော ထိုဒုက္ခသုံးပါးတို့၏ အနှိပ်စက်ကို တသက်လုံး ခံကြရကုန်၏။

အလွန်ကြိုကြိုက်ခဲလှစွာသော သာသနာတော်မြတ်ကြီးအတွင်း၌ ကြိုကြိုက်ကြပါကုန်လျက် ပရိယတ္တိ ကြက်သရေကြီး, ပဋိပတ္တိကြက်သရေကြီးတို့မှအပ ဖြစ်ကြလေကုန်၏။ ထိုတဏှာကို ရောတည် ပြုမိသည့်အတွက် ထိုတဏှာ၏ အကိုင်းအခက် ဖြစ်သော လိုချင်မှု ရချင်မှု လှချင်မှု တင့်တယ်ချင်မှု ကြွယ်ချင်မှု ပေါများချင်မှု တချင်မှု ပချင်မှု အစရှိသော တဏှာအပွါးတို့သည် မရေမတွက်နိုင် ပွါးစီးကုန်၏။ထိုအကိုင်းအခက်ဖြစ်သော တဏှာအပွါးတို့မှာလည်း သူ့တဏှာနှင့် သူ့ဒုက္ခ သုံးချက်စီ အသီးသီး ရှိကြကုန်၏။

ဤကား လောက၌ သူ့တဏှာနှင့် သူ့ဒုက္ခ သုံးချက် မျက်မြင်ကိုယ်တွေ့ ဖြစ်ကြသော သမုဒယ သဘောကို ပြဆိုသော စကားရပ်တည်း။

**တဏှာခြောက်ပါး**…တဏှာသည် ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓ တဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗ တဏှာ, ဓမ္မတဏှာဟူ၍ ခြောက်ပါးရှိ၏။ ။တပါး တပါး၌ပင် အနက်လေးချက်စီရှိရကား သမုဒယအနက် နှစ်ဆဲ့လေးချက် ဖြစ်၏။ ။အဆင်းသဏ္ဌာန်ကောင်းသည်၌ ခင်မင်သောတဏှာသည် ရူပတဏှာမည်၏။ထိုရူပတဏှာ၏ အလိုသို့ လိုက်သော သူတို့သည် အဆင်းသဏ္ဌာန်ကောင်းသော ဝတ္ထုအာရုံတို့အတွက် သန်တဒဏ်ချက် သန္တာပ ဒဏ်ချက် ဝိပရိဏာမ ဒဏ်ချက်တို့မှ မလွတ်နိုင်ကြကုန်ပြီ။မလွတ်နိုင်ကြပုံကား ထိုတဏှာသည် အာ

www.dhammaransi.com



ယူဟာနုကိစ္စဖြင့် ထိုသူတို့အား ထိုဝတ္ထုအာရုံတို့ကို ယူလို ရလို သိမ်းပိုက်လို ခံစံလိုသော စိတ်တို့ကိုသာ ပွါးများစေ၏။ စွန့်လွှတ်လိုသောစိတ်မျိုးကား ဥပါဒ်ခွင့်မျှမရ။

နိဒါနကိစ္စဖြင့် ရစရှိလေ ရချင်လေ, သိမ်းပိုက်စရှိလေ, သိမ်းပိုက်ချင်လေ,ခံစားစရှိလေ ခံစားချင်လေ, ဤသို့သော စိတ်တို့ကိုသာ ပွါးများစေ၏။ရောင့်ရဲသောစိတ်မျိုးကား ဥပါဒ်ခွင့်မျှမရ။

သံယောဂကိစ္စဖြင့် ထိုဝတ္ထုမျိုး ထိုအာရုံမျိုးတို့၏ အလယ်၌ ချည်နှောင်၍ ထားဘိသကဲ့သို့ အလွန်နိုင်ခြံသော စိတ် အနှောင်အဖွဲ့ကိုဖြစ်စေ၏။ခွါလိုသောစိတ်မျိုးကား ဥပါဒ်ခွင့်မျှမရ။

ပလိဗောဓကိစ္စဖြင့် ထိုဝတ္ထုအာရုံ အစီးအပွါးမှ ဖဲခွါ၍ စိတ်၏ ငြိမ်သက်စွာ နေနိုင်ရန် အပေါက်အလမ်းများကို တားမြစ်နှောင့်ရှက် ကန့်ကွက်ခြင်းကိုပြု၏။ ထိုအာရုံတို့နှင့်ကင်း၍ စိတ်၏ တည်ကြည်ခြင်းမျှကို မရစေ။ရူပတဏှာသည် ဤလေးကိစ္စတို့ဖြင့် ထိုသူတို့အား ဒုက္ခပွါးခြင်းကိုသာပြု၏။

> သဒ္ဒတဏှာ စသည်တို့၌လည်း ဤနည်းတူ သိလေ။ ဓမ္မတဏှာ ဆိုသည်ကား မိမိ၏ရင်း,မိမိသည် ချစ်သော ဝတ္ထုတို့၏ရင်း, ဝေဒနာက္ခန္ဓာကို သာယာသော တဏှာ, သညာက္ခန္ဓာကို သာယာသောတဏှာ, သင်္ခါရက္ခန္ဓာကို သာယာသော တဏှာ, ဝိညာဏက္ခန္ဓာကို သာယာသောတဏှာ စသည်တည်း။

**တနည်းကား**······ကာမတဏှာ ဘဝတဏှာ, ဝိဘဝတဏှာ ဟူ၍သုံးပါးအပြားရှိ၏။အဆင်းသဏ္ဌာန်အစရှိသော ကာမဝတ္ထုတို့၌ မွေ့လျော်သော တဏှာသည် **ကာမတဏှာ** မည်၏။

မိမိအဇ္ဈတ္တသန္တာန်၌ ဖြစ်သော ရှာန်သမာပတ်တို့၌ မွေ့လျော်သောတဏှာသည် **ဘဝတဏှာ**မည်၏။

www.dhammaransi.com



ဥစ္စောဒိဋ္ဌိနှင့်ယှဉ်၍ အတ္တ၏ ပြတ်ခြင်းဟူသော မှောက်မှားသောအယူ၌ သာယာသောတဏှာသည် **ဝိဘဝတဏှာ** မည်၏။

**ကာမဘုံသားတို့၏စိတ်**……ပကတိသော ပြောင်းထမင်း လူးထမင်း ဆပ်ထမင်းသည် အလွန်ခေါင်းပါးကြမ်းတန်း၏။ အရသာမှကင်း၏။ မျိုခြင်းငှါ မတတ်ကောင်းရှိ၏။ ဆီဦး ထောပတ် ဝက်သား ကြက်သား ငါးရည် အမဲရည် သွန်းလောင်း၍ စားမှသာ မြိန်ရှက်စွာစားနိုင်၏။ထိုအတူ ပကတိသော ကာမဘုံသားတို့၏ စိတ်သည် ကာမရာဂ ဗျာပါဒ အစရှိသော တရားပုတရားလောင် တို့နှင့် အမြဲ ပေါင်းဘက်မှုကြောင့် အလွန်ခြောက်သွေ့ခေါင်းပါး၏။ ပူလောင်ချောက်ချား၏။ ပြင်ပ အာရုံတို့နှင့် ကင်းကွာခဲ့လျှင် ချက်ခြင်းငြီးတောက်၏၊ ငြီးငွေ့၏။ပျင်းရိ၏။ခွေးနှာလောက်ကိုက် ဟူသကဲ့သို့ မနေနိုင် မထိုင်နိုင် လှုပ်ရှား၏။ အပေါင်းအဖော်ရှိရာ အာရုံတပါးရှိရာသို့ ချက်ခြင်းပြေးရ၏၊ မိမိနှစ်သက်ရာ ပြင်ပအာရုံ တပါးပါးနှင့် ပေါင်းဖော်ဘက်တွဲ၍ နေရမှ စိတ်အရသာ ပေါ်နိုင်၏၊ ပြင်ပအာရုံ ကောင်းလေလေ အရသာ ကောင်းလေလေဖြစ်၏။

**ဒုက္ခပင်လယ်ကြီး၌**……ထိုကြောင့် ကာမဘုံ၌နတ်မင်းစည်းစိမ် သိကြားမင်းစည်းစိမ် လူမင်းစည်းစိမ် သေဌေး သူကြွယ် စည်းစိမ်အစရှိသည်ဟုဆိုအပ်သော နတ်မိန်းမ လူမိန်းမ ဘောဂသမ္ပတ္တိ ဓနသမ္ပတ္တိတို့ကို အများထက် အများ အကောင်းထက် အကောင်း စုဆောင်းသိမ်းပိုက်၍ ထိုအာရုံတို့နှင့် တွဲဘက်ကာ တွဲဘက်ကာ စိတ်အရသာကို ခံစားကြရကုန်၏။ ထိုအာရုံတို့နှင့် ကင်းလျှင် စိတ်၏ ငြီးတောက် ခြောက်သွေ့ခြင်း ဒုက္ခကိုရကြကုန်၏။ပြင်ပအာရုံကို တောင့်တသော တဏှာ ဆာလောင်ကြီးမီးထ၍လာ၏။ မီးထတိုင်း မီးထတိုင်း မီးစာကျွေးကြရကုန်၏။တဏှာမီးစာတွေကို ရှာကြံစုဆောင်း သိမ်းပိုက်မှုတို့၌ ဒုစ္စရိုက်အနန္တ ဒုက္ခအနန္တ အမြဲပါရှိလျက် နေကြ၏။ ဤတဏှာ

www.dhammaransi.com



သည် ကာမတဏှာ မည်၏။ ဤကာမတဏှာသည် ကာမဘုံသား တို့ကို သားမယား အာရုံစည်းစိမ် ဥစ္စာရှာကြံ သိမ်းပိုက်မှုဟူသော အနမတဂ္ဂ ကြီးကျယ်လှသော ဒုက္ခပင်လယ်ကြီး၌ အမြဲနှစ်၍ သတ်၏။

**တောင်ကျရေရလို**······တောင်ပေါ် ကျ မြစ်ရေသည် ကမ်းစဉ် တလျှောက်ရှိနေသောသစ်ကိုင်းခြောက် သစ်ခက်ခြောက် သစ်ရွက်ခြောက် မြက်ခြောက် တို့ကို တဟုန် တည်း မျှောယူ၍ သမုဒ္ဒရာသို့ ချလေသကဲ့သို့ ထိုဆာလောင် မွတ်သိပ်သော တဏှာ ကြီးသည် သူတော်ကောင်း တရားနှင့် ကင်းကွာသော ကာမဘုံသူ နတ်လူမြားမြောင် အခြောက်ကောင် တွေကို အပါယ်လေးပါးသို့ အတွင်မျှောယူ၍ ပစ်ချလေ၏။

ဤကား ကာမတဏှာ သမုဒယသစ္စာကိုပြဆိုသော စကားတည်း။

ထိုတဏှာ ဆာလောင်ကြီး၏ အတတ်ကို သိကြကုန် သော ပညာရှိကြီးတို့သည်ကား ကာမဘုံကို အပါယ်ရဲ အသွင် ထင်မြင်ကြကုန်သဖြင့် ကာမဘုံဒုက္ခမှ လွတ်ခြင်း ငှါ လက်ရှိစည်းစိမ် ချမ်းသာကို စွန့်ပစ်၍ တောတောင် ဝင်၍ ဈာန်သမာပတ် တရားများကို အားထုတ်ကြကုန်၏။

**ကောင်းမြတ်သောအရသာ**······မြောက်ကျွန်းသူ တို့၏ ဇာ တိပါသာဏ ကျောက်ပေါ် ၌ချက်အပ်သော ထမင်းသည် အလွန်ကောင်းမြတ်သော အမျိုးမျိုး သောအရသာနှင့် ပြည့်စုံ၏။ ငါတို့ကျွန်း၌ ဖြစ်သော ထောပတ် ဆီဦး ဝက်သား ကြက်သား စသည်တို့နှင့် ဘက်တွဲဘွယ် ကိစ္စ မရှိ။ ဘက်ဖွဲ့ခဲ့လျှင် ရှိရင်းအရသာ ပျက်ကုန်၏။ ဘက်တွဲမိမည် ကိုပင် ကြောက်ရ၏။ ။ထိုအတူ ကာမစ္ဆန္ဒဗျာပါဒ အစရှိသော နီဝရဏ အပူအလောင်တို့မှ ကင်းရှင်းသော ဈာန်သမာပတ်စိတ်ကို ရကြကုန်၏။ ထိုစိတ်ကား ပကတိအားဖြင့် အလွန်ကောင်းမြတ်

www.dhammaransi.com



သော အရသာရှိသော ဗိတိသုခရသနှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်တို့သည် ထိုဈာန်စိတ်ကို ဝင်စားကာ ဝင်စားကာ ချမ်းသာ စည်းစိမ်ကို ခံစား စံစား ကြကုန်၏။ ပြင်ပ အာရုံတို့သည် ကြီးစွာသော အန္တရာယ်ဖြစ်ကုန်၏။ ။ထိုဈာန်စိတ်ဈာန်ဓာတ်တို့ကိုရင်း,ထိုအကျိုးဖြစ်သော ဖြဟ္မာ့ဘဝကိုရင်း, သာယာသော တဏှာသည် ဘဝတဏှာမည်၏။

ဤဘဝတဏှာ၏ ဒုက္ခသမုဒယဖြစ်ပုံကို ရှေး၌ ဖြဟ္မာ့ခန္ဓာတို့၏ ဒုက္ခအခဏ်းမှာ ပြဆိုခဲ့သည့်အတိုင်းသိလေ။ ။ မိစ္ဆာဒိဋ္ဌိနှင့် ယှဉ်သော ဝိဘဝ တဏှာ၏ ဒုက္ခသမုဒယ အချက်ကား သာသနာတော်တွင်း၌ လိုရင်း မဟုတ်လှ၍ မပြလိုက်ပြီ။

သမုဒယသစ္စာအနက်၄-ချက်အဓိပ္ပါယ်ပြီး၏။

---

## မဂ္ဂသစ္စာအနက် ၄-ချက်အဓိပ္ပါယ်

ယခုအခါ သောတာပန် ပုဂ္ဂိုလ်တို့သည် ရအပ် ခံစံအပ်သော နိရောဓအနက်လေးချက် မဂ္ဂအနက် လေးချက်ကို ထုတ်ဘော်ပြဆိုမည့်အနက် မဂ္ဂအနက် လေးချက်ကို ရှေးဦးစွာဆိုပေအံ့။

မဂ္ဂဿ နိယျာနဋ္ဌော, ဟေတုဋ္ဌော, ဒဿနဋ္ဌော, အဓိပတေယျဋ္ဌော။ (အနက်ရှေး၌ဆိုခဲ့ပြီ။)

ထိုလေးပါးသော အနက်တို့တွင် သောတာပန်ပုဂ္ဂိုလ်တို့သည် နိယျာနဋ္ဌကို အဘယ်သို့ ရအပ် ခံစံအပ်လေသနည်း ဟူမူကား သောတာပတ္တိမဂ်သို့ ရောက်သောအခါ ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ရှိသော ဒိဋ္ဌိမျိုး ဝိစိကိစ္ဆာမျိုးတို့သည် အကုန် ချုပ်ငြိမ်းကုန်၏။ အတိတ်က ပါခဲ့သော ဒုစ္စရိုက်ကံဟောင်း အနန္တ,ရှေသို့ ဘဝ အဆက်ဆက် မိုက်မဲလတ္တံ့သော ဒုစ္စရိုက်ကံသစ် အနန္တ,တို့သည် အကုန် ချုပ်ငြိမ်းကုန်၏။ အပါယ်သံသရာကြီးအပြီး ကျွတ်လွတ်၏။

www.dhammaransi.com



ဤဘဝမှနောက်၌ လူ့ဘုံနတ်ဘုံ ဗြဟ္မာ့ဘုံ ဟူသောသုဂတိသံသရာသည်သာကျန်ရှိလေ၏။ထိုသုဂတိသံသရာမှာလည်းမိစ္ဆာဒိဋ္ဌိလူမျိုး နတ်မျိုး ဗြဟ္မာမျိုးတို့၌ တရံတဆစ်မျှဖြစ်ခြင်းမရှိကြကုန်ပြီ။ဒုစ္စရိုက် ဒုရာဇိဝ လူမျိုး နတ်မျိုးဗြဟ္မာမျိုးတို့၌ တရံတဆစ်မျှ ဖြစ်ခြင်းမရှိကြကုန်ပြီ။

စည်းစိမ်ကြွက်သရေ ဘုန်းတန်ခိုး ညှိုးနွမ်း သေးသိမ်သော လူမျိုး နတ်မျိုး ဗြဟ္မာ မျိုးတို့၌ တရံ တဆစ်မျှ ဖြစ်ခြင်း မရှိကြကုန်ပြီ။ ။အလွန် ကြီးမြတ်လှစွာသော စည်းစိမ် ချမ်းသာ ဘုန်း တန်ခိုး အရှိန် အဝါ အလိမ်မာနှင့် ပြည့်စုံသော လူမျိုး နတ်မျိုး ဗြဟ္မာမျိုးတို့၌သာ ဖြစ်ကြလေကုန် တော့သည်။ ။ထိုသို့ ကျန်ရှိသော သမ္ပတ္တိ သုဂတိ သံသရာမှာလည်း ဖြစ်ဆဲ ရောက်ဆဲသော ဘုံမှ အောက်ဘုံသို့ ပဋိသန္ဓေအားဖြင့် ဆင်းသက် ကျလျှောခြင်း မရှိကြကုန်ပြီ။ ။မိမိတို့ ဖြစ်ရာဘုံ၌ ထပ်မံ၍ ဖြစ်လိုလျှင်ဖြစ်ကြကုန်၏။အထက်အထက်ဘုံသို့ တက်လိုလျှင် တက်ကြကုန်၏။

**လောကုတ္တရာဘုံသူတွေ**……ဤနည်းအတိုင်းသာ ဘဝများစွာ ကမ္ဘာများစွာ သုဂတိ သံသရာ၌ ကျင်လည်၍ သွားကြရကုန်၏။ထိုသို့ သုဂတိသံသရာ၌ ကျင်လည်ကြရကုန်သော်လည်း တပါးသော လူနတ်ဗြဟ္မာ ပုထုဇ္ဇန်သတ္တဝါတို့ကဲ့သို့ သံသရာဝဋ်၌ နစ်သမား မဟုတ်ကြကုန်ပြီ။ မျောသမား မဟုတ်ကြကုန်ပြီ။ သောတာပတ္တိမဂ်သို့ ဆိုက်ရောက်သည်မှ စ၍ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ဒုစ္စရိုက် ဒုရာဇိဝ အပါယဒုက္ခတို့၏ကျွတ်လွတ်မှုဟူသော သဥပါဒိသေသ နိဗ္ဗာန် တည်းဟူသော လောကုတ္တရာ အဝတ္ထာဘုံကြီး၏ အတွင်းသို့ဆိုက်ရောက်ကြ ကုန်ပြီး၍ အရိယာဘုံသူ အရိယာဘုံသားတွေ အဖြစ်နှင့် ကျင်လည် ကြရကုန်၏။လောကုတ္တရာဘုံသူတွေ လောကုတ္တရာဘုံသားတွေ အဖြစ်နှင့် ကျင်လည်ကြရကုန်၏။

ထိုသို့ ကျင်လည်ကြလေကုန်ရာ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာ တို့ကို ခံစား စံစား၍ အားရကြ ကုန်သောအခါ

www.dhammaransi.com



အလိုမရှိကြကုန်သောအခါ ငြီးငွေ့ကြကုန်သောအခါ ခန္ဓာဝါးပါးကို စွန့်ပစ်၍ အနုပါဒိသေသ နိဗ္ဗာန်သို့ ကူးကြလေကုန်၏။ ။ ဤသို့လျှင် သောတာပတ္တိမဂ်သို့ ရောက်သောဘဝမှစ၍ အနုပါဒိသေသ နိဗ္ဗာန်သို့ ကူးသည့်တိုင်အောင် အပါယဒုက္ခ အစရှိသော အောက်အောက်သော သံသရာအဘို့မှ အဆင့်ဆင့် ကျွတ်လွတ်၍ တဆင့်ထက် တဆင့် မြင့်သည်ထက် မြင့်ရာ မြတ်သည်ထက် မြတ်ရာသို့ ဖြောင့်မတ်စွာ ဆန်တက် ထွက်မြောက်၍ သွားကြောင်းဖြစ်သော အနက်ကို နိယျာနဋ္ဌ ဆိုသတည်း။

ဤကား သောတာပတ္တိမဂ်၏ နိယျာနဋ္ဌ အနက်ကို သောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရပုံတည်း။

**တဘဝထက်တဘဝ**······ထို သောတာပန် ပုဂ္ဂိုလ်သည် ဟေတုဋ္ဌ အနက်ကို အဘယ်သို့လျှင် ခံစံကြရကုန်သနည်းဟူမူကား သောတာပတ္တိမဂ်ကို ရသောခဏမှစ၍ ထိုပုဂ္ဂိုလ်တို့၏ သန္တာန်ဝယ် အရိယာသူမြတ်တို့၏ ဂုဏ်ကျေးဇူး တို့သည် အခိုင်အမြဲ တည်လေကုန်၏။တဘဝ တခြားတိုးပွါးစည်ပင်၍သာ သွားကုန်၏။ သီလဂုဏ် ကျေးဇူးတို့သည် တဘဝထက် တဘဝ ကြီးကျယ်ခိုင်မြဲ၍ သွားကုန်၏။သမာဓိဂုဏ်ကျေးဇူး ပညာဂုဏ် ကျေးဇူးတို့သည် တဘဝထက် တဘဝ ကြီးကျယ် ခိုင်မြဲ၍ သွားကုန်၏။ သတိပဋ္ဌာန ဓမ္မ ဂုဏ်ကျေးဇူး, သမ္မပ္ပဓာနဓမ္မ ဂုဏ်ကျေးဇူး,ဣဒ္ဓိပါဒဓမ္မ ဂုဏ်ကျေးဇူး, ဣန္ဒြိယဓမ္မ ဂုဏ်ကျေးဇူး, ဗလဓမ္မဂုဏ်ကျေးဇူး, ဗောဇ္ဈင်ဓမ္မဂုဏ်ကျေးဇူး, မဂ္ဂင်ဓမ္မဂုဏ်ကျေးဇူးတို့သည် တဘဝထက် တဘဝ ခိုင်မြဲကြီးကျယ် စည်ကား၍ သွားလေကုန်၏။ ။ထိုဂုဏ်ကျေးဇူးအပေါင်းတို့၏ ဘဝများစွာ ကမ္ဘာများစွာ သံသရာ၌ တဘဝထက် တဘဝထက်သန် ခိုင်မြဲ ကြီးကျယ် စည်ကား၍ သွားရာ သွားကြောင်းဖြစ်သော အနက်သည် ဟေတုဋ္ဌမည်၏။

ဤကား သောတာပတ္တိမဂ်၏ ဟေတုဋ္ဌအနက်ကို သောတာပန် ပုဂ္ဂိုလ်တို့ ခံစံကြရပုံတည်း။

www.dhammaransi.com



**ဆင်ခြင်လိုက်တိုင်း**……ထိုသောတာပန်ပုဂ္ဂိုလ်တို့သည်ဒဿန ဥဒ္ဒေသအနက်ကို အဘယ်သို့ ခံစံကြရကုန်

သနည်း ဟူမူကား သောတာပတ္တိမဂ်ကို ရသောခဏမှစ၍ ဘဝ အဆက်ဆက် ကမ္ဘာအဆက်ဆက် ကျင်လည်ခံစား၍ သွားကြသဖြင့် အနုပါဒိသေသ နိဗ္ဗာန်သို့ရောက်သော ဘဝတိုင်အောင် ထိုပုဂ္ဂိုလ်တို့သည် ဒုက္ခသစ္စာ၌တွေဝေခြင်းမရှိကြကုန်ပြီ။ သမုဒယ သစ္စာ၌ တွေဝေခြင်း မရှိကြကုန်ပြီ။ နိရောဓသစ္စာ၌ တွေဝေခြင်း မရှိကြကုန်ပြီ။မဂ္ဂသစ္စာ၌ တွေဝေခြင်း မရှိကြကုန်ပြီ။ နှလုံးသွင်း၍ ဆင်ခြင်လိုက်တိုင်း ကောင်းကင်လယ်၌ ကြယ်နက္ခတ်တို့ကိုရှုမြင်ကြလေသကဲ့သို့ သစ္စာလေးပါး တရားတို့သည် ထိုသူတို့ဉာဏ်၌ ထင်ရှားလေကုန်တော့သည်။

ဤကား သောတာပတ္တိမဂ်၏ ဒဿနဥဒ္ဒေသကို သောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရပုံတည်း။

**ပွတ်သစ်စခရုသင်းလို**…… ထိုသောတာပန် ပုဂ္ဂိုလ် တို့သည် အဓိပတေယျဥဒ္ဒေသအနက်ကိုအဘယ်

သို့ ခံစံကြရကုန်သနည်း ဟူမူကား ထိုသောတာပန် ပုဂ္ဂိုလ်တို့၌ ယခုဘဝမှစ၍ နောက်ဘဝ အဆက်ဆက် ကမ္ဘာအဆက်ဆက် ဖြစ်ပွါးသမျှကုန်သော ဒါန သီလ ဘာဝနာ အစရှိသော ကုသိုလ်တို့သည် တဏှာ၏အုပ်စိုးမှုမှလွတ်ကြလေကုန်၏။ပုညာဘိသင်္ခါရ သဘောမှ လွတ်ကြလေကုန်၏။ လောကီကုသိုလ်တကာတို့ထက် အကြီးအကဲအဖြစ်သို့ ရောက်ကြ လေကုန်၏။ ပွတ်သစ်သော ခရုသင်းကဲ့သို့ ဝင်းဝင်းတောက် ဖြူစင်ကြကုန်၏။ အနုပါဒိသေသ နိဗ္ဗာန်သို့ ပေါက်ရောက်တို့ အဆောက်အဦချည်း ဖြစ်ကြကုန်၏။

ဤကား သောတာပတ္တိမဂ်၏ အဓိပတေယျဥဒ္ဒေသကို သောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရပုံတည်း။

မဂ္ဂသစ္စာ အနက်၄-ချက်အဓိပ္ပါယ် ပြီး၏။

www.dhammaransi.com



## နိရောဓသစ္စာအနက် ၄–ချက်အဓိပ္ပါယ်

**နိဿရဏဋ္ဌ**·····ယခုအခါ နိဗ္ဗာန်တည်းဟူသော နိရောဓသစ္စာ၏ အနက်လေးချက်ကို ပြဆိုပေအံ့။

နိရောဓဿ နိဿရဏဋ္ဌော, ပဝိဝေကဋ္ဌော, အသင်္ခတဋ္ဌော, အမတဋ္ဌော။

သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်သို့ ရောက်ကြကုန်ပြီးသော ဝိသာခါ အနာထပိဏ် အစရှိကုန်သော ယခုအခါ စာတုမဟာရာဇ် တာဝတိံသာ အစရှိသော နတ်ပြည် ခြောက်ထပ်မှာ အပြည့်ရှိနေကြကုန်သော အရိယာပုဂ္ဂိုလ်တို့၏ ယခုတည်နေ ကြရာဖြစ်သော သဥပါဒိသေသ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာ အဝတ္ထု ဘုံကြီးသည် မြင်းမိုရ်တောင်ခြေ၌ ရှိသော သီဒါမဟာသမုဒ္ဒရာကြီးနှင့် အလားတူ၏။ ။အသင်္ချေယျ အနန္တ များလှစွာကုန်သော အရိယာပုဂ္ဂိုလ်တို့သည် ထိုသီဒါ မဟာသမုဒ္ဒရာကြီး၏ အတွင်း၌ ရှိနေကြကုန်သော အသင်္ချေယျ အနန္တ များလှစွာကုန်သော ငါးကြီးတွေနှင့် အလားတူကြကုန်၏။

**နိဗ္ဗာန်သဘောလျော့ပါးမှုမရှိ**·····အဘယ်သို့ တူကြကုန်သနည်းဟူမူကား ယုဂန္ဓိုရ်တောင်၏ အတွင်း၌ တည်ရှိသော ထိုသီဒါ မဟာသမုဒ္ဒရာ ကြီးသည် အနက်အားဖြင့် ယူဇနာ ရှစ်သောင်း လေးထောင်,အနံအားဖြင့် ယူဇနာ ရှစ်သောင်း လေးထောင်,အလျားအားဖြင့်ယူဇနာ အသိန်းများစွာ ကြီးကျယ်လှ၏။ တကမ္ဘာပတ်လုံး လက်တသစ်မျှ ရေနေလျော့ပါးသည်ဟူ၍ မရှိ၊နေရှိန် နေပြောက် တခုမျှထိုးရဘူးသည်မရှိသဖြင့် ရေပူသည်ဟူ၍ တရံတဆစ်မျှမရှိ၊ဥဒေါင်းမွေး လဲ ဝါဂွမ်းတို့မှသော်လည်း ထောက်တည်ရာမရ အောက်သို့ သာနစ်ရအောင် အလွန်ကြည်လှသောရေရှိသည်ဖြစ်၍ ရေနောက်မှုဟူ၍လည်းမရှိ။ထိုအတူ ယခုအခါ ဝိသာခါ အနာထပိဏ် အစ

ရှိသော ဘုံစဉ်စံ သောတာပန် အရိယာတို့၏ တည်ရာ နေရာဖြစ်သော ထို သဥပါဒိသေသ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာ အဝတ္ထုဘုံကြီးသည်လည်း ဘဝကမ္ဘာအသင်္ချေပင် ကြာသော်လည်း နိဗ္ဗာန်သဘော လျော့ပါးသည်ဟူ၍ မရှိ။ နိဗ္ဗာန်နယ်ကြီး ကုန်ဆုံး၍ သွားသည်ဟူ၍မရှိ။ နိဗ္ဗာန်သဘောကုန်ဆုံး၍ ထိုသူတို့ သန္တာန်မှာ ဒိဋ္ဌိဝိစိကိစ္ဆာ ဒုစ္စရိုက် ဒုရာဇီဝ အပါယ ဒုက္ခတို့ ပေါ်ပေါက်၍လာပြန်သည်ဟူ၍ မရှိ။

**သမုဒ္ဒရာ၌ ငါးကြီးလို** ....သိဒ္ဓါ မဟာသမုဒ္ဒရာကြီး၏အတွင်း၌ရှိနေကြကုန်သောငါးကြီးတို့သည် သိဒ္ဓါ မဟာသမုဒ္ဒရာ ရေနေလျော့ပါးမည် ရေကုန်ခန်း၍သွားမည်ကို ကြောင့်ကြဘွယ် မရှိကြကုန်သကဲ့သို့ ထိုသူတို့သည်လည်း ယခုမိမိတို့တည်နေရာ ထိုလောကုတ္တရာ အဝတ္ထုဘုံကြီး သန္တသဘော လျော့ပါးမည် ကုန်ခန်း၍ သွားမည်ကို တရံတဆစ်မျှ ကြောင့်ကြဘွယ် မရှိကြလေကုန်။ ။ထိုသိဒ္ဓါ မဟာသမုဒ္ဒရာကြီး၌ ရေပူသည်ဟူ၍ မရှိသကဲ့သို့ ထိုလောကုတ္တရာအဝတ္ထုဘုံကြီးမှာလည်း တစုံတခုသော ကိလေသာနေပြောက်ထိုးခြင်း,ဝဋ္ဋဒုက္ခနေပြောက်ထိုးခြင်း အလျှင်း မရှိသည်ဖြစ်၍ ကမ္ဘာအသင်္ချေကြာသော်လည်း ပူလောင်မှုဟူ၍ မြူမျှမရှိလေကုန်။ ထိုသက္ကာယဒိဋ္ဌိစသည်တို့၏ ချုပ်ငြိမ်းမှုအတွက်ကြောင့် ဘယ်လိုပူပန်ဘွယ် ရှိ၍လာပြန်သည်ဟု မရှိပြီ။

သိဒ္ဓါ မဟာသမုဒ္ဒရာကြီး၏အတွင်း၌ရှိနေကြကုန်သောငါးကြီးတို့သည် ရေပူမှုနှင့် စိုးရိမ်ကြောင့်ကြဘွယ် မရှိကြကုန် သကဲ့သို့ ထိုသူတို့သည်လည်း ထိုသက္ကာယဒိဋ္ဌိအစရှိသောမဂ်ဖြင့် အကြွင်းမဲ့ ပယ်ပြီးသော တရားတို့၏ ပူပန်မှုအတွက်နှင့် စိုးရိမ်ကြောင့်ကြဘွယ် မရှိကြကုန်ပြီ။ ။ထိုသိဒ္ဓါ မဟာသမုဒ္ဒရာကြီး အတွင်း၌ ရှိနေကြကုန်သော ငါးကြီးတို့သည် ရေနောက်ကျုရန် ကိစ္စနှင့် စိုးရိမ်ကြောင့်ကြဘွယ် မရှိကြကုန်သကဲ့သို့ ထိုသူတို့သည်လည်း

www.dhammaransi.com



မိမိတို့၏ တည်နေရာ အဝတ္ထုသာ ဘုံကြီး၌ ဒိဋ္ဌိဝိစိကိစ္ဆာ ဒုစ္စရိုက် ဒုရာဇိဝ အပါယဒုက္ခတို့ ပေါ်ပေါက်ပြန်သည်, သန္တိသဘော နောက်ကျပြန်သည်,ဟူ၍ စိုးရိမ်ကြောင့်ကြဘွယ်မရှိကြကုန်ပြီ။

ထို သီဒါမဟာသမုဒ္ဒရာကြီး၏ အတွင်း၌ ရှိနေကြ ကုန်သော အသင်္ချေယျ အနန္တများလှစွာကုန်သော ငါးကြီးအပေါင်းတို့သည် မိမိ မိမိတို့တည်နေရာ သီဒါ သမုဒ္ဒရာကြီး လျော့ပါး ကုန်ခန်းမှု နောက်ကျမှု ပူလောင်မှုတို့ အတွက်နှင့် အင်းတပါး အိုင်တပါး မြစ်သမုဒ္ဒရာသီဒါ တပါးကို တောင့်တဘွယ် မရှိကြကုန်သကဲ့သို့ ထိုဘုံစဉ်စံ သောတာပန်အရိယာအနန္တ တို့သည်လည်း ဘုရား တပါး သာသနာတပါးကို တောင့်တဘွယ် မရှိကြကုန်မူ၍ ထို သဥပါဒိသေသ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာ အဝတ္ထုသာ ဘုံကြီး၌ တည်လျက် လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာ တို့ကို ဘဝများစွာ ကမ္ဘာများစွာ ခံစား စံစားကြကုန်၍ အားရ ကြကုန်သောအခါမှ ငြီးငွေ့ကြကုန်သော အခါမှ ခန္ဓာငါးပါးကို စွန့်ပစ်၍ အနုပါဒိသေသနိဗ္ဗာန်ပြည်ကြီးသို့ ကူးကြကုန်လတ္တံ့။

ထိုသောတာပန်ပုဂ္ဂိုလ်တို့သည် သဥပါဒိသေသ နိဗ္ဗာန်တည်း ဟူသော လောကုတ္တရာ အဝတ္ထုသာဘုံကြီး၏အတွင်း၌ ဆိုက်ရောက် တည်နေကြကုန်၏ ဟူသောစကား၌**စောဒနာ** ရန်ရှိ၏။ထိုပုဂ္ဂိုလ် တို့သည်အချို့သောကိလေသာတို့မှမကင်းကြကုန်သေး။ ပဋိသန္ဓေ နေခြင်း အိုခြင်း သေခြင်းဒုက္ခတို့မှ မကင်းကြကုန်သေး။ ထိုကြောင့် နိဗ္ဗာန်သို့ ဆိုက်ရောက်ကြကုန်သည်ဟု မဆိုထိုက်သေး,နိဗ္ဗာန်၏ အတွင်း၌တည်နေကြကုန်သည်ဟုမဆိုထိုက်သေး,ဟု စောဒနာရန် ရှိ၏။ **အဖြေကား** အချို့သောကိလေသာတို့မှ မကင်းကြကုန်သေး သောကြောင့် သဥပါဒိသေသနိဗ္ဗာန်ဟု အမည်ဝိသေသနှင့်ဟော တော်မူသည်မဟုတ်လော။ ထိုအတူ ခန္ဓာငါးပါးနှင့်တကွ ဘဝ များစွာ ကမ္ဘာများစွာ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း မကင်း ကြကုန်သေးသည်ဖြစ်၍ ပင်လျှင် သဥပါဒိသေသ နိဗ္ဗာန်ဟုဆိုရ သည်မဟုတ်လော။

www.dhammaransi.com



သဥပါဒိသေသနိဗ္ဗာန်၏ အခြင်းအရာကိုရင်း,ထိုနိဗ္ဗာန် နယ် ကြီးကျယ်ပုံကိုရင်း, မရိပ်မိ၍ စောဒနာသလောဟု ဖြေလေ။

ထိုသူတို့သည့် လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ ချမ်းသာ တို့ကို ခံစားစံစား၍ အားရကြကုန်သောအခါ ရဟန္တာ အဖြစ်သို့ ရောက်ကြ၍ ခန္ဓာငါးပါးကိုစွန့်၍ တဖန်ကူးရောက်ကြလတ္တံ့သော နိဗ္ဗာန်သည်ကား အနုပါဒိသေသ နိဗ္ဗာန်မည်၏။ ။ထိုနိဗ္ဗာန်သည် ကား သောတာပန် ပုဂ္ဂိုလ်တို့၏ နယ်မှာ မဟုတ်။ ထိုကြောင့် ဤသောတာပန်ပုဂ္ဂိုလ်တို့၏နိဗ္ဗာန်ပြဆိုခဏ်း၌ ထိုအနုပါဒိသေသ နိဗ္ဗာန်ကို မဆိုပေသတည်း။ ။ဒိဋ္ဌိ ဝိစိကိစ္ဆာ အမှူးရှိသော အလွန် မည်းညစ်လှစွာသော ကိလေသဝဋ်မှအပြီး ကျွတ်လွတ်မှု,ဒုစ္စရိုက် ဆယ်ပါး ဒုရာဇီဝတရားဟူသော အကုသလ ကမ္မဝဋ်မှ အပြီး ကျွတ်လွတ်မှု, အပါယ်ဘဝ ဟူသော ဝိပါကဝဋ်မှ အပြီးကျွတ် လွတ်မှု,သည် သောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရသော နိဿရဏဋ္ဌ မည်၏။ ။ပုထုဇ္ဇန်ပုဂ္ဂိုလ် တို့သည် လူမင်း နတ်မင်း သိကြားမင်း ဗြဟ္မာမင်းဖြစ်၍ပင် နေကြကုန်သော်လည်း ဒိဋ္ဌိဝိစိကိစ္ဆာ ဒုစ္စရိုက် ဒုရာဇီဝအပါယ်ဘဝတို့မှ အပြီး ကျွတ်လွတ်မှု အပြီး လွတ်ငြိမ်းမှု ဟူသော နိဿရဏဋ္ဌကို မရကြလေကုန်၊ ဒိဋ္ဌိ ဝိစိကိစ္ဆာတွေ တန်းလန်း ဒုစ္စရိုက်ဒုရာဇီဝတွေ တန်းလန်း အပါယ်သို့ကျရောက်မှု တွေ တန်းလန်းနှင့်သာ နေကြရကုန်၏။

နိဿရဏဋ္ဌပြီး၏။

**ပဝိဝေကဋ္ဌ**…သောတာပန် ပုဂ္ဂိုလ်တို့သည် ဘဝ များစွာ ကမ္ဘာများစွာ ကြာမြင့်သော်လည်း မိမိတို့၏ စိတ်သန္တာန်၌ မိစ္ဆာဒိဋ္ဌိ တရားတို့၏ နှောင့်ရှက်မှု, ဒုစ္စရိုက် ဒုရာဇီဝတရားတို့၏ နှောင့်ရှက်မှု, အပါယ ဒုက္ခတို့၏ နှောင့်ရှက်မှု, မှ အချင်း ခပ်သိမ်း ကင်းငြိမ်းကြကုန်၏။ ဤသို့ သံသရာ၌ အလွန်

www.dhammaransi.com



တရာ ယုတ်မာ ဆိုးရွားလှသော ပါပဓမ္မ အပါယဒုက္ခတို့၏ အန္တောင့်အရှက် အဖျက်အဆီးမှ ဆိတ်ကင်းမှုသည် သောတာပန် ပုဂ္ဂိုလ်တို့ ခံစံကြရသော ပဝိဝေကဋ္ဌ မည်၏။ ။ပုထုဇ္ဇန် ပုဂ္ဂိုလ်တို့သည် လူမင်းနတ်မင်း သိကြားမင်း ဗြဟ္မာမင်းဖြစ်၍ပင် နေကြကုန်သော်လည်း သမ္မာဒိဋ္ဌိနှင့် ကြည်တဲ့ချည်တခါ မိစ္ဆာ ဒိဋ္ဌိနှင့် နောက်တဲ့ချည်တလှည့် သဒ္ဓါစိတ်နှင့် ကြည်တဲ့ချည် တခါ ဝိစိကိစ္ဆာနှင့် နောက်တဲ့ချည်တလှည့် သုစရိုက်မှုနှင့်ကြည်တဲ့ချည် တခါ ဒုစ္စရိုက်မှုနှင့် နောက်တဲ့ချည်တလှည့် သုဂတိချမ်းသာနှင့် ကြည်တဲ့ချည် တခါ အပါယဒုက္ခသို့ ရောက်၍ အနေဒုက်ကြီး နောက်တဲ့ချည်တလှည့်။ ဤသို့သော နှောင့်ရှက်မှုတို့မှ မလွတ်ကြ လေကုန်။

ပဝိဝေကဋ္ဌပြီး၏။

**အသင်္ခတဋ္ဌ**·····သောတာပန် ပုဂ္ဂိုလ်တို့ ဆိုက်ရောက် ရှိ တည်နေရာဖြစ်သော ဒိဋ္ဌိဝိစိကိစ္ဆာ ဒုစ္စရိုက် ဒုရာဇီဝ အပါယဒုက္ခတို့၏ အငြိမ်းလွတ်ငြိမ်းမှုဟူသော သဉပါဒိ သေသနိဗ္ဗာန်သည် ဘဝကမ္ဘာ အသင်္ချေကြာသော်လည်း ပျက် ကွက်ခြင်း ရှိတော့သည်မဟုတ်။ အနမတဂ္ဂ သံသရာနှင့်အမျှ နိစ္စ ထာဝရဖြစ်၍တည်လေ၏။ ထိုသို့ ပျက်ကွက်ခြင်းမရှိ နိစ္စထာဝရ တည်ရှိသော တရားဖြစ်ပေသောကြောင့် အသစ်တဖန် ထူထောင် ပြုပြင်မှုဒုက္ခဟူ၍မရှိပြီ။ ထိုနိဗ္ဗာန် ဆွေးမြည့်ပျက်ဆုံးပြန်၍ မိမိ သန္တာန်၌ ထိုနိဗ္ဗာန်ကို တဖန် ဖြစ်ပေါ်လာရန် ဒါနပြုမှု ဒုက္ခတွင်း သို့ ဆင်းရပြန်သည်ဟုမရှိပြီ, သီလသိတင်း ကျင့်သုံးခြင်းဟူသော ဒုက္ခတွင်းသို့ ဆင်းရပြန်သည်ဟုမရှိပြီ, ရသေ့ရဟန်း ပြုလုပ်ခြင်း ဒုက္ခတွင်းသို့ ဆင်းရပြန်သည်ဟု မရှိပြီ, ဆိုလိုသည်။ ။ဤသို့ အဖန်ဖန်ပြုပြင်ရခြင်းဟုသော သင်္ခါရဒုက္ခတို့မှ လွတ်ငြိမ်းမှု သည် သောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရသော အသင်္ခတဋ္ဌမည်၏။ သောတာပန် ပုဂ္ဂိုလ်တို့အား ကြွင်းကျန်သော ကိလေသာတို့၏

www.dhammaransi.com



ချုပ်ငြိမ်းဘို့အတွက်နှင့်သာ ဒါန သီလ ဥပေါသထ ဘာဝနာမှုကိုပြုဘွယ်ကိစ္စရှိတော့သည်။ ချုပ်ငြိမ်းလေပြီးသော သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ဒုစ္စရိုက် ဆယ်ပါးတို့၏ ငြိမ်းဘို့ အတွက်နှင့် ပြုဘွယ်ကိစ္စမရှိပြီ။

အသဉ်တင္ဆပြီး၏။

**အမတဋ္ဌ**······ထိုသက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ ဒုစ္စရိုက် ဒုရာဇီဝ အပါယဒုက္ခတို့၏ အပြီး လွတ်ငြိမ်းမှု ဟူသော သဉပါဒိသေသနိဗ္ဗာန်သည် အနမတဂ္ဂ သံသရာမှာ ဘယ်အခါမှ ဆွေးမြည့်ပျက်ဆုံးသည်ဟူ၍မရှိပြီ။ ။ထိုဝိသာခါ အနာထပိဏ် အစရှိသော ဘုံစဉ်စံ သောတာပန် ပုဂ္ဂိုလ်တို့အား တဘဝလျှင် တခါခန္ဓာငါးပါး ပျက်ဆုံးမှုကား ရှိကြ၏။ မိမိတို့ ရရှိပြီးသော ထိုနိဗ္ဗာန်ကား ခန္ဓာပျက်ဆုံးသော်လည်း ပျက်ဆုံးခြင်းမရှိပြီ။ ခန္ဓာ ဘဝတခုပျက်ဆုံး၍ ခန္ဓာဘဝတခုသို့ရောက်ကြပြန်လျှင် ထိုနိဗ္ဗာန် အတွင်း၌သာ ရောက်ကြလေကုန်၏၊ ပုထုဇ္ဇန်ခန္ဓာသို့ပြန်၍ ရောက်ကြကုန်သည်ဟု မရှိပြီ၊ ခန္ဓာတို့ကား အမတဓာတ်မျိုး ဖြစ်ကြ၍ တဘဝတခါ ပျက်ဆုံးကြကုန်သည်။ ထိုနိဗ္ဗာန်သည်ကား အမတဓာတ်မျိုးဖြစ်၍ ခန္ဓာပျက်သော်လည်း တရံတခါမျှ ပျက်ဆုံးသည်ဟူ၍မရှိပြီ။ အနုပါဒိသေသ နိဗ္ဗာန်နှင့် တဆက်တည်း ဆက်မိလေတော့သည်။ ထိုသောတာပန် ပုဂ္ဂိုလ်တို့အား ဘဝများစွာ ကမ္ဘာများစွာ သံသရာ၌ ကျင်လည်၍ နေကြကုန်ငြားသော်လည်း ထိုငြိမ်းမှုကုန်ဆုံး၍ သွားမည်ကို ကြောင့်ကြဘွယ်မရှိပြီ။ ဤသို့ သောတာပတ္တိမဂ်သို့ရောက်သည့်ဘဝမှစ၍ အနုပါဒိသေသ နိဗ္ဗာန်သို့ ဆိုက်ရောက်သည်တိုင်အောင် ဘဝများစွာ ကမ္ဘာများစွာ ကြာချင်တိုင်းကြာသော်လည်း တရံတခါမျှပျက်ကွက်ခြင်းမရှိမူ၍ ထိုဘုံစဉ်စံ သောတာပန်ပုဂ္ဂိုလ် အနန္တတို့၏ ကိုးရာ ကွယ်ရာ လည်းလျောင်းရာ ပုန်းအောင်းရာအနေနှင့် အမြဲစောင့်ရှောက်ကာ

www.dhammaransi.com



ပါရှိ၍နေသောအမှုသည် ထိုသောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရသော အမတဋ္ဌမည်၏။

အမတဋ္ဌပြီး၏။

ဤကား သောတာပန်ပုဂ္ဂိုလ်တို့ ခံစံကြရသော သဉပါဒိသေသ နိဗ္ဗာန်၏ အနက်လေးချက်ကို ပြဆိုသော စကားရပ်တည်း။

ထိုမှတပါး သကဒါဂါမ်ပုဂ္ဂိုလ် အနာဂါမ် ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်တို့ ခံစံကြရသော နိဗ္ဗာန်၏ အနက်လေး ချက်တို့ကိုမူကား သောတာပန် ပုဂ္ဂိုလ်တို့၌ ပြဆိုလိုက် သောနည်းကို အမှီပြု၍ ထိုပုဂ္ဂိုလ်တို့ အားလျော်စွာ ဝေဘန်စိတ်ဖြာ၍ သိကြလေ။

၁။ **ဒုက္ခသစ္စာ**၏ အနက်လေးချက်ကား ပရိညာကိစ္စ၏ အချက်တည်း။

၂။ **သမုဒယသစ္စာ**၏ အနက်လေးချက်ကား ပဟာနကိစ္စ၏ အချက်တည်း။

၃။ **နိရောဓသစ္စာ**၏ အနက် လေးချက်ကား သစ္ဆိကရဏ ကိစ္စ၏ အချက်တည်း။

၄။ **မဂ္ဂသစ္စာ**၏ အနက် လေးချက်ကား ဘာဝနာကိစ္စ၏ အချက်တည်း။

ယောဂီပုဂ္ဂိုလ်သည်ကား ဒုက္ခသစ္စာ၏ အနက် လေးချက်ကို သာ ပိုင်နိုင်စွာ ထင်မြင်အောင် အားထုတ်ရာ၏။ ပိုင်နိုင်စွာ ထင် မြင်၍ ဒုက္ခသစ္စာ၌ ပရိညာကိစ္စပြီးခဲ့လျှင် ကြွင်းသော သစ္စာသုံးပါး တို့၏အနက် တဆယ့်နှစ်ချက်တို့သည် အလိုလိုကိစ္စ ပြီးစီးကုန်၏။ တမင် အားထုတ်ဘွယ်ကိစ္စ မရှိကုန်။ ။ဒုက္ခသစ္စာ အနက် လေး ချက်သည်သည်း အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါး၌ပါ ဝင်လေ၏။အနက်လေးချက်လုံးသည် ဒုက္ခလက္ခဏာရေး၌ အကုန် ဝင်၏။ဝိပရိဏာမဋ္ဌ အနက်တရသည် အနိစ္စ လက္ခဏာရေးပင် တည်း။ အနိစ္စ ဒုက္ခနှစ်ပါး၌ ဝင်လျှင်လည်း အနတ္တလက္ခဏာ

www.dhammaransi.com



ရေး၌ ဝင်တော့သည်။ ။ထိုကြောင့် လက္ခဏာရေးသုံးပါးနေရာကျ ပြီးစီးခဲ့လျှင် အကျယ်ပြခဲ့ပြီးသောသစ္စာအနက် တဆယ့်ခြောက်ချက်သည် အလိုလိုပြီးစီးတော့သည်။ ။လက္ခဏာရေးသုံးပါး မှာလည်း တပါးပါးနေရာကျ ပြီးစီးခဲ့သော် ကြွင်းသော နှစ်ပါး သည်လည်း အလိုလိုပြီးစီးတော့သည်။

ဧတေသု တီသု လက္ခဏေသု ဧကသ္မိံ ဒိဋ္ဌေ ဣတရဒွယံ ဒိဋ္ဌမေဝ ဟောတိ။ တေန ဝုတ္တံ အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတီတိ။ (အင်္ဂုတ္တရအဋ္ဌကထာပါဠိ။)

ဧတေသု တီသု လက္ခဏေသု၊ဤသုံးပါးသော လက္ခဏာရေး တို့တွင်။ ဧကသ္မိံ၊ တခုခုကို။ ဒိဋ္ဌေ၊ ထင်မြင်ခဲ့သည် ရှိသော်။ ဣတရဒွယံ၊အကြွင်းနှစ်ပါးသည်။ ဒိဋ္ဌမေဝ၊ အလိုလို ထင်မြင်ပြီး ဖြစ်လေတော့သည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထိုကြောင့်။ အနိစ္စ သညိနော မေဃိယ အနတ္တသညာ သဏ္ဌာတီတိ၊သဏ္ဌာတိဟူ၍။ ဝုတ္တံ၊မြတ်စွာဘုရား ဟောတော်မူအပ်ပေ၏။ (အဋ္ဌကထာအနက်။)

လက္ခဏာရေးသုံးပါးတို့တွင် တပါးပါး ထင်မြင်လျှင် ပင် ကြွင်းနှစ်ပါး ကိစ္စပြီးစီး၏ဟူလိုသည်။

ထိုသုံးပါးတို့တွင်လည်း အနိစ္စလက္ခဏာတခုသာ လိုရင်းပဓာန ဖြစ်သည်။အနိစ္စလက္ခဏာရေး ဆိုသည်ကား မရဏာမှုတည်း။ မိမိ မိမိတို့၏ ခန္ဓာကိုယ် တကောင်လုံး၌ မျက်တောင် တခတ်မျှ မလပ်မစဲ မရဏာဘေး ကပ်တိုက်၍ နေသည်ကို အနိစ္စလက္ခဏာ ရေး ဆိုသည်။တကိုယ်လုံးမှာ အဏုမြူခန့်မျှမလပ် မျက်တောင် တခတ်မျှမစဲ မရဏာဘေးကြီး တဖြုန်းဖြုန်း အမြဲကပ်တိုက်၍နေ မှုကိုမြင်ခဲ့လျှင် ဒုက္ခလက္ခဏာရေး မြင်မှု အနတ္တ လက္ခဏာရေး မြင်မှု ပြီးစီးတော့သည်။ ။ပြီးစီးပုံကား မိမိ မိမိ၏ ခန္ဓာကိုယ် တကောင်လုံးမှာ အဏုမြူမျှမလပ် မျက်တောင် တခတ်မျှမစဲ အမြဲ ထာဝရ မရဏာဘေးကြီး တဖြုန်းဖြုန်း ကပ်တိုက်၍နေသောဤ

www.dhammaransi.com



ခန္ဓာကိုယ်ကြီးကို သုခဟု ယူခွင့်ရှိသေးသလော, ငါ၏အနှစ်သာရ အတ္တဟု ယူခွင့်ရှိသေးသလော, ဟူလိုသည်။

ဤကား လက္ခဏာရေး သုံးပါးတို့တွင် အနိစ္စလက္ခဏာ တခုသာ လိုရင်းပဓာနဟု ပြဆိုဆုံးဖြတ်ချက်တည်း။

ဧင်း အနိစ္စ လက္ခဏာ တခုကိုလည်း ခန္ဓာငါးပါး တို့တွင် ရူပက္ခန္ဓာတခု၌ ပိုင်နိုင်စွာ ထင်မြင်နိုင်လျှင် အနာဂါမိ မဂ်ဖိုလ်တိုင်အောင် ဆိုက်နိုင်၏။ နာမက္ခန္ဓာ လေးပါးတို့တွင် တပါးပါး၌ ပိုင်နိုင်စွာ ထင်မြင်နိုင်လျှင် အရဟတ္တမဂ်, အရဟတ္တဖိုလ် တိုင်အောင် ဆိုက်နိုင်၏။

ဤအချက်ကိုကား-အာဟာရဒီပနီ စာအုပ်မှာ သာဓကပါဠိနှင့်တကွ ပြဆိုဆုံးဖြတ်ပြီးရှိလေ၏။

**တိုက်တွန်းချက်**……ထိုကြောင့် ယခုအခါ ဒိဋ္ဌိဒုစ္စရိုက် အမိုက်တောကြီး အတိဖြစ်သော လောကီဘုံသူ လောကီဘုံသား သံသရာ ဝဋ်သမားအဖြစ်မှ ကျွတ်လွတ်၍ ဝိသာခါ အနာထပိဏ်တို့ကဲ့သို့ သဥပါဒိသေသ နိဗ္ဗာန် တည်းဟူသော လောကုတ္တရာဘုံကြီး၏အတွင်းသို့ဆိုက်ရောက်၍ ထိုလောကုတ္တရာဘုံကြီး၏အတွင်း၌ လောကုတ္တရာဘုံသူ လောကုတ္တရာဘုံသား အဖြစ်နှင့်တည်၍ ပြဆိုခဲ့ပြီးသော မဂ္ဂသစ္စာ၏ အနက်လေးချက် နိရောဓ သစ္စာ၏ အနက်လေးချက်တို့ကို ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် လက်ကိုင်လက်စွဲ အမြဲခံစံလျက် ဘုံစဉ်စံအရိယာ လူဝိဇ္ဇာရိရှ်,နတ်ဝိဇ္ဇာရိရှ်,ဗြဟ္မာဝိဇ္ဇာရိရှ် အဖြစ်နှင့် သံသရာ၌နေထိုင်လိုကြကုန်သော သူအပေါင်း တို့သည် ပြဆိုခဲ့ပြီးသော တဆယ့်ခြောက်ချက်သော သစ္စာအနက်တို့ကို အထိုက်အတန်အားဖြင့် ပိုင်နိုင်မြင်သိ လက်ရှိလက်စွဲ ပြုနိုင်တည့်ကြရန် ခန္ဓာငါးပါး တို့တွင် တခုခုသောခန္ဓာ၌ အနိစ္စလက္ခဏာ တော်နည်း, ဖွင့်နည်း များကို ဆရာကောင်းထံ နည်းခံသယူ ကျကျနန ခံယူလျက် ဦးခေါင်း၌ လောင်မီး တဟုန်းဟုန်း ကျလောင်၍ နေသောသူ, ဦးခေါင်း၌

www.dhammaransi.com



ထက်လှစွာသော လှံမကြီးတန်းလန်း ရှုးစိုက်၍ နေသောသူအား ထိုမီးကို ငြိမ်းစေမှု ထိုလှံမကို နုတ်ပယ်ရန် အမှုမှတပါး ကိစ္စတခု ပြုစလောက်သော အခွင့်မရှိသကဲ့သို့ ယခုအခါ၌လည်း မိမိတို့၏ စိတ်နှလုံး၌ အစဉ်ထာဝရ ကျလောင် ရှုးစိုက်ကာ ပါရှိနေသော သက္ကာယဒိဋ္ဌိလောင်မီး သက္ကာယဒိဋ္ဌိလှံမတို့ကို ပယ်ရှားတည့်ရန် ဝိပဿနာအလုပ်များကို အားထုတ် စွဲမြဲကြကုန်ရာသည်။

---

## နိဂုံး

ဤမျှသော စကားအစဉ်ဖြင့် မုံရွာမြို့ **လယ်တီတောကျောင်းဆရာ** ငါသည် မုံရွာမြို့ အနောက်တောင် တဂါဝုတ်ခန့် အကွာ လက်ပန်းတောင်းအမည်ရှိသောတောင်၌ မုံရွာမြို့ ရုံးအမိန့်တော်ရ ရှေ့နေ **မောင်ကျော့ ၊ မောင်စံလင်း**တို့သည် ဆောက်လုပ်တင်လှူအပ်သော စကြိုကျောင်း၌ ၁၂၆၅–ခုနှစ်အတွင်း သီတင်းဝါကပ်ဆို နေထိုင်စဉ်အခါ စကြိုတကာဖြစ်သူ ရှင်းမောင်ကျော့၊ မောင်စံလင်းတို့သည်ပင်လျှင် ဗုဒ္ဓဘာသာ သာသနာမွေ၌ အနှစ်သာရ ပဓာနအချုပ်ဖြစ်၍ အလွန်နက်နဲလှစွာသော သစ္စာအနက်တဆယ့်ခြောက်ချက်အနက်အဓိပ္ပါယ်များကို လူရှင်အများတို့ထင်ရှားသိမှတ်နိုင်ကြရန် ဖော်ပြရေးသား သနားချီးမြှောက်စေလိုကြောင်း တောင်းပန် လျှောက်ထားချက် အရနှင့် သိသာရုံမျှ သင်္ခေပ နည်းအားဖြင့် ရေးသား စီရင်အပ်သော **စတုသစ္စဒီပနီ** အမည်ရှိသော ဤစာကျမ်းသစ်သည် ရှင်းသက္ကရာဇ်၏ ဝါခေါင်လဆုတ် ၂–ရက်နေ့တွင် ပြီးမြောက် အောင်မြင်သတည်း။

---

## ဘာဝနာလေးဆယ်အနက်

ခန္ဓာ၊ ခန္ဓာတို့သည်။ ရူပက္ခန္ဓော၊ ရုပ်အစုဟူသော ရူပက္ခန္ဓာရင်း။ ဝေဒနာက္ခန္ဓော၊ ခံစားမှုအစုဟူသော ဝေဒနာက္ခန္ဓာရင်း။ သညာက္ခန္ဓော ၊အမှတ်ပြု၍ သိမှုအစုဟူသော သညာက္ခန္ဓာရင်း။ သင်္ခါရက္ခန္ဓော၊ စိတ်၏ စေ့ဆော်မှု ပြုပြင်မှု အစု ဟူသော

www.dhammaransi.com



သင်္ခါရက္ခန္ဓာဒရင်း။ ဝိညာဏက္ခန္ဓော၊ အာရုံကို တွေ့တွေ့ထူးထူး သိမှုအစုဟူသော ဝိညာဏက္ခန္ဓာဒရင်း။ ဣမေ၊ ဤသည့်တို့ကား။ ပဉ္စက္ခန္ဓာ၊ငါးပါးသောခန္ဓာတို့တည်း။

ဣမေပဉ္စက္ခန္ဓာ၊ဤငါးပါးသော ခန္ဓာတို့သည်။ အနိစ္စာ၊ မြဲခြင်း သဘော မရှိကုန်။ အဓုဝါ၊ ခိုင်မာခြင်းသဘောမရှိကုန်။ အသာရာ၊ အနှစ်သာရမရှိကုန်။ စလာ၊ ချွေရှားတတ်ကုန်၏။ ပလောကဓမ္မာ၊ ပျက်စီးခြင်းသဘောရှိကုန်၏။ ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်ခြင်း သဘော ရှိကုန်၏။ မရဏဓမ္မာ၊ သေဆုံးခြင်းသဘော ရှိကုန်၏။ ဝိဘဝဓမ္မာ၊ ဆုံးရှုံးခြင်းသဘောရှိကုန်၏။ သင်္ခတာ၊ အဖန်ဖန် ပြုပြင် အပ်ကုန်၏။ ပဘင်္ဂုနော၊ ဖရိုဖရဲ ပြိုကွဲခြင်း သဘောရှိကုန်၏။ အနိစ္စံ၊ အနိစ္စလက္ခဏာ ဆယ်ပါးတည်း။

ဣမေပဉ္စက္ခန္ဓာ၊ ဤငါးပါးသော ခန္ဓာတို့သည်။ ဒုက္ခာ၊ ယုတ်မာညစ်ဆိုး ဒုက္ခမျိုးတို့သာတည်း။ ဘယာ၊ ကြောက်ဘွယ် ညစ်ဆိုး ဘေးရန်မျိုးတို့သာတည်း။ဤတိ၊ထိတ်လန့်စဘွယ် အန္တရာယ် မျိုးတို့သာတည်း။ ဥပဒ္ဒဝါ၊လွန်စွာ ကပ်ရပ်နှိပ်စက်တတ်သော ဥပဒ်မျိုးတို့သာတည်း။ ဥပသဂ္ဂါ၊ တွယ်တာစွဲကပ် နှိပ်စက်တတ် သော ဥပဒ်မျိုးတို့သာတည်း။ ရောဂါ၊ ကျင်နာညစ်ဆိုး ရောဂါ မျိုးတို့သာတည်း။ အာဗာဓာ၊ နှိပ်စက်ညစ်ဆိုး အနာမျိုးတို့ သာ တည်း။ ဂဏ္ဍာ၊ မဖွယ်ရုပ်ဆင်းထွတ်မြင်းအနာမျိုးတို့သာတည်း။ သလ္လာ၊ စူးဝင်ညစ်ဆိုး မြှားငြောင့်မျိုးတို့ သာတည်း။ အဃာ၊ အကျိုးယုတ် အကျိုးမဲ့မျိုးတို့သာတည်း။

ဣမေပဉ္စက္ခန္ဓာ၊ ဤငါးပါးသော ခန္ဓာတို့သည်။ အတာဏာ၊ စောင့်ရှောက်မဲ့လျှင်း ဘေး၏အသင်းတို့သာတည်း။ အလေဏာ၊ ကွယ်ကာမဲ့လျှင်း ဘေး၏ အသင်းတို့ သာတည်း။ အသရဏာ၊ ကိုးရာမဲ့လျှင်း ဘေး၏အသင်းတို့သာတည်း။အာဒီနဝါ၊ဆိုးဝါးညစ် ကျူ အပြစ်စုတို့သာတည်း။အဃမူလာ၊ ကျိုးမဲ့ခပင်းဆင်းရဲခြင်း၏ အရင်းအမြစ်တို့သာတည်း။ ဝဓကာ၊ လူနတ်ပြဟ္မာ သတ္တဝါကို

www.dhammaransi.com



နာရီမလပ် အတွင်သတ်သည့် သူသတ်မျိုးရိုးတို့ သာတည်း။ သာသဝါ၊ အာသဝေါတရား လေးပါးတို့၏ အစီးအပွါးတို့ သာတည်း။မာရာမိသာ၊ ကိလေသမာရ် မစ္စုမာရ်တို့၏ စားဘတ် ဝါးဘတ် သုံးသပ်နှင်းနယ်ရာတို့သာတည်း။ ဇာတိဓမ္မာ၊ သတ္တဝါကို မညှာမငဲ့ အစွဲ့အစောင်း မကောင်းဆိုးညစ် ဖြစ်ချင်တတ်တိုင်း ဖြစ်တတ်သော သဘောရှိကုန်၏။ ဇရာဓမ္မာ၊ ဆုတ်ယုတ် ဆွေ့ပါးခြင်း သဘောရှိကုန်၏။ ဗျာဓိဓမ္မာ၊ နာခြင်းသဘော ရှိကုန်၏။ သောကဓမ္မာ၊ စိုးရိမ်ပူပန်ရခြင်း သဘောရှိကုန်၏။ ပရိဒေဝဓမ္မာ၊ ငိုကြွေးမြည်တမ်းရခြင်း သဘောရှိကုန်၏။ ဥပါယာသဓမ္မာ၊သက်ကြီးရှိုက်ငင် ပင်ပန်းရခြင်းသဘောရှိကုန်၏။ သံကိလေသိကဓမ္မာ၊ တဏှာဒိဋ္ဌိ ဒုစ္စရိုတတည်းဟူသော ညစ်နွမ်းခြင်းသုံးပါးကို ပွါးစီးစေတတ်သော သဘောရှိကုန်၏။ဒုက္ခံ၊ ဒုက္ခလက္ခဏာ နှစ်ဆယ့်ငါးပါးတည်း။

ဇူမေပဉ္စက္ခန္ဓာ၊ ဤငါးပါးသော ခန္ဓာတို့သည်။ အနတ္တာ၊ ကိုယ်မဟုတ်ကုန်, အစိုးမရကုန်, အလိုသို့ မလိုက်ကုန်။ ပရေ၊ အကျွမ်းဝင်ခြင်း အမြကင်းသော သူစိမ်းပြင်ပတို့ သာတည်း။ ရိတ္တာ၊ အနှစ်သာရ ဟူသမျှနှင့် မြူစမယှဉ် အစဉ်ဆိတ်ကင်းသော တရားတို့သာတည်း။ တုစ္ဆာ၊ ကောင်းမြတ် ချမ်းသာ မင်္ဂလာသုခ ဟူသမျှနှင့် မြူစမနီး အချည်းနှီးသော တရားတို့သာတည်း။ သုညာ၊ထောက်ရာ,တည်ရာ,ကိုးကွယ်ရာမျိုး တစိုးတစိမရှိ လုံးလုံးအသုံးမကျသော တရားတို့သာတည်း။ အနတ္တာ၊ အနတ္တလက္ခဏာ ငါးပါးတည်း။

အနိစ္စ လက္ခဏာ ဆယ်ပါး, ဒုက္ခလက္ခဏာ နှစ်ဆယ့် ငါးပါး, အနတ္တလက္ခဏာ ငါးပါး,ဘာဝနာလေးဆယ်ဖြစ်၏။

ဘာဝနာလေးဆယ်အနက်ပြီး၏။

www.dhammaransi.com

# နိယာမဒီပနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

**ပဏာမနှင့် ပဋိညာဉ်**

နိယာမဓမ္မသံသိဒ္ဓိံ၊ နိယာမဓမ္မဒေသကံ။
နတွာ နာထံ ကရိဿာမိ၊ သုဘံ နိယာမဒီပနိံ ॥ ॥

အဟံ၊ **လယ်တီဆရာ** ငါသည်။ နိယာမဓမ္မသံသိဒ္ဓိံ၊ သချိုင်းများစွာ ကမ္ဘာဘာ၌ ပါရမီဆယ်ပါး အပြား တိံသ သင်္ချာရတို့ကို အရယူ၍မှီး ဖြည့်ကျင့်ပြီးမှ စောထီးထွတ်ဖျား ဘုရားဖြစ်မြဲဟူသော ဓမ္မနိယာမ အရိုးကျ သဖြင့် ဗုဒ္ဓဘာဝ ကိစ္စ ကုန်စင် အောင်မြင်ပြီးစီးတော်မူထသော။ နိယာမဓမ္မဒေသကံ၊ ပဋိစ္စ သမုပ္ပါဒစသည်ထင်ရှား နိယာမတရားတို့ကိုလည်း ဟောကြား တော်မူပေထသော။ နာထံ၊ မြတ်စွာဘုရားကို။ နတွာ-နမာမိ၊ ရှိခိုး ပါ၏။ နတွာ၊ ရှိခိုးပြီး၍။ သုဘံ၊သဘော ယုတ္တိ လုံလောက်ဘိ၍ ကြည့်သူခပင်း လင်းကြီး လင်းအောင် ကောင်းခြင်း အထူးနှင့် ပြည့်စုံသော။ နိယာမဒီပနိံ၊ နိယာမဒီပနီ ဤကျမ်းစာသစ်ကို။ ကရိဿာမိ၊ စီရင်ပေအံ့။

ဤဂါထာ၌ **"နိယာမဓမ္မသံသိဒ္ဓိံ"** ဟူသည်ကား ဘာသာတပါး တို့၌ကဲ့သို့ အကြောင်းမရှိဘဲ မိမိအလိုလို ဖြစ်ပေါ်လာသော ဘုရားမျိုးမဟုတ် ဟူလို။

ရန်ကုန်မြို့ဓမ္မသဝနအသင်းကြီး၏ အကြီးအချုပ်ဥက္ကဋ္ဌ၊ပြိဗီဒင် ဖြစ်သူ ပင်စင်အငြိမ်းစား ဝန်ထောက်ကြီး**မောင်ရွှေကိုဝ်**နှင့် ၎င်း အသင်းသားတစုတို့က နိယာမတရားငါးပါး၏ သဘောအဓိပ္ပါယ် များကို ကွဲကွဲပြားပြား ထင်ရှားလှစွာ သိမှတ်လိုကြပါကြောင်း

www.dhammaransi.com



နှင့် မြန်မာသက္ကရာဇ် ၁၂၇၂–ခု ဒုတိယဝါဆို လဆုတ် ၆–ရက် နေ့တွင် မုံရွာမြို့ လယ်တီတောကျောင်းတိုက်အတွင်း သီတင်းဝါ ကပ်ဆို၍နေထိုင်လျက်ရှိသော လယ်တီဆရာ ငါတို့ထံသို့တောင်း ပန်လျှောက်ထားစာ လာရောက်သည်ဖြစ်၍ ၎င်းဓမ္မသဝနအသင်း ကြီး၏ အကြီးအချုပ် ဉက္ကဋ္ဌ ဖြိုးဒင်နှင့်တကွ အသင်းသားတို့ လျှောက်ထားချက်အရ နိယာမတရား ငါးပါးတို့ကို ထင်ရှားစွာ ဖော်ပြသော **နိယာမဒီပနီ**ကို စီရင်ရေးသားပေးအပ်သတည်း။

---

**လယ်တီဆရာတော်၏အမှာစာ**.... အမိန့် ရှိလိုက် သည့် ရန်ကုန်မြို့ ဓမ္မသဝန အသင်းကြီး ဉက္ကဋ္ဌဖြစ်သူ မောင်ဖြိုးဒင်။မင်းတို့၏ လျှောက်လွှာမှာ **နိယာမ**တရား ငါးပါး၏ မကျဉ်းမကျယ် အဓိပ္ပါယ်ကို သိလိုကြ သည်ဟု ပါရှိပေ၏။သို့ရာတွင် ဗုဒ္ဓဘာသာမှတပါး အခြားဘာ သာဆရာများနှင့် ပြောဆိုကြရာမှာ ဖြစ်လာသော နိယာမစကား ဖြစ်ကြောင်း ပါရှိသည်နှင့် နိယာမ တရားငါးပါးနှင့်ပင် လောက သုံးပါးလုံး ပြီးစီးနိုင်ရန် အတန်ကြီးချဲ့၍ ရေးလိုက်ရလေသည်။

---

**နိယာမ၏အဓိပ္ပါယ်**......**နိယာမ**တရားဆိုသည်ကား တစုံ တယောက်သောလူ, တစုံတယောက် သော နတ်,တစုံတယောက်သော သိကြား, တစုံတယောက်သော ဗြဟ္မာ, တစုံတယောက်သော ထာဝရဘုရားတို့၏ ပြုလုပ်မှုဖန် ဆင်းမှုတို့နှင့် မစပ်ဆိုင်ဘဲ ဓာတ်သဘာဝအလျောက် မဖောက် မပြန် အမှန်အမြဲ မလွဲမပြောင်း သူ့အကြောင်းနှင့် သူ့အကျိုး သူ့အနွယ်နှင့် သူ့အမျိုးအရိုးမပျက် အစဉ်မပျက် အဆက်ဆက် ဖြစ်ပွါး၍နေမှုကို နိယာမတရားဆိုသည်။

ထို"**နိယာမ**"တရားကို ပြောဆိုကြသော သူတို့သည် စကား အရာ၌ နည်းလေးဆယ်အလာ ပဓာနနည်းမျိုးကိုသိ၍ ပြောဆိုကြ

www.dhammaransi.com



ကုန်ရာ၏။ **ပဓာနနည်း** ဆိုသည်ကား။ ''ရာဇာ အာဂစ္ဆတိ'' တည်း။ ''ရာဇာ၊ မင်းသည်။ အာဂစ္ဆတိ၊ လာ၏။'' ဆိုရာ၌ ပဓာန နည်းဖြစ်သော မင်းကို ထုတ်ဖော်၍ဆိုသဖြင့် ထိုမင်းနှင့် ထိုက် တန်သော အခြံအရံဖြစ်သူ လူပေါင်းများစွာပါရှိလိမ့်မည်ကို မဆို ဘဲနှင့် သိရသောနည်းတည်း။

---

## ပဓာနစကားကြီးသုံးခွန်း

ထို ပဓာန နည်းမျိုးကို ၁၂၇ဝ–ပြည့်နှစ် နတ်တော်လ အခါ ရန်ကုန်မြို့ပုဇွန်တောင်ရပ် တရားမဏ္ဍပ်ကြီးမှာ ငါတို့ ပြောဟော ဘူးသည်ကိုပြဆိုဦးအံ့။

ဤလောက၌ ပဓာန စကားကြီးသုံးခွန်းရှိ၏။

၁။ သစ်ပင်ချုံမြက် သရက်မိန္ဒဲ ကောက်ပဲ ပြောင်းနှမ်း ဂုံး ခရမ်း စသည်တို့မှာ မျိုးစေ့ရှိပါမှ ဖြစ်နိုင်ကြသည် ဟူ သောစကား။

၂။ လူတို့၏ ပစ္စည်းဥစ္စာ ချမ်းသာစီးပွါး ဖြစ်ပွါးမှုတို့မှာ ရှေး ကုသိုလ်ကံရှိပါမှ ဖြစ်နိုင်ကြသည်ဟူသောစကား။

၃။ လူတို့၏ယခုဘဝ ယခုသန္တာန်တွင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရရေးမှာ ရှေးပါရမီရှိပါမှ ရနိုင်ကြသည် ဟူသော စကား။

**ပဌမစကား**.... ထိုသုံးခွန်းတို့တွင် ပဌမ ပဓာန စကားကြီး၌ မျိုးစေ့ဟူသောပဓာနစကားသာဖြစ်၏။ မျိုးစေ့ ရှိရုံနှင့် ပေါက်ရောက်နိုင်ကြသည်မဟုတ်သေး၊ သစ်ပင် ချုံမြက် တို့မှာ ပေါက်ရောက်ရာ ဌာနဖြစ်သော မြေအရပ်လည်းရှိပါဦးမှ, ပေါက်ရောက်ကြောင်းဖြစ်သော မိုဃ်းရေမိုဃ်းပေါက်လည်းရှိပါ ဦးမှ,ပေါက်ရောက်နိုင်ကြကုန်သည်ဟုသိရသည်။ ။ကောက်ပဲ, ပြောင်း နှမ်းတို့မှာ လယ်ယာမြေခင်းလည်း ရှိပါဦးမှ, မိုဃ်းရေ

www.dhammaransi.com



မိုဃ်းပေါက်လည်းလုံလောက်စွာ ရွာပါဦးမှ,တောင်သူယောကျ်ား၏ ဝီရိယမှု လုပ်ငန်းရကိုလည်း သူ့အခါနှင့် သူ့လုပ်ငန်းစေ့စုံ လုံလောက်စွာ လုပ်ဆောင်ပါဦးမှ, အောင်မိုဃ်း အောင်ရေလည်း ရှိပါဦးမှ, ပေါက်ရောက်ပွါးကြီး အသီးအနှံ ဖြစ်ထွန်းနိုင်ကြကုန်သည်။ သို့မဟုတ်လျှင် မျိုးစေ့ဟောင်းတို့ပင် လုံလောက်စွာ ရှိပါကုန်ငြားသော်လည်း လယ်ယာမြေခြင်း မရှိခဲ့သော် မပေါက်ရောက်နိုင်ကြကုန်ပြီ။ လယ်ယာမြေခြင်းပင် ရှိပါသော်လည်း ကြဲမိုဃ်းစိုက်မိုဃ်းမရှိခဲ့သော် မပေါက်ရောက်နိုင်ကြကုန်ပြီ။ ကြဲမိုဃ်း စိုက်မိုဃ်းပင် ရှိပါသော်လည်း တောင်သူ ယောကျ်ား မကျန်းမမာမှု,သောက်စားယစ်မူးကျူးလွန်မှု, မင်းပြစ် မင်းဒဏ်အကျဉ်းအကြပ်ကျခံမှု, တခုခုတို့ကြောင့်ထွန်မှု ယက်မှု ကြဲမှု စိုက်မှု လုပ်ငန်းရကိုပြုခွင့်မရရှိနေခဲ့သော် မပေါက်မရောက်နိုင်ကြကုန်ပြီ။ လုပ်ငန်းရကို ပြုလုပ်၍ ပေါက်ရောက်ကြပါကုန်သော်လည်း နောက်လိုက်မိုဃ်းရေ မရှိချေက သေပျောက်ပျက်ဆုံးကြရလေကုန်၏။

ဤကားပဌမပဓာနစကားကြီး၏အနက်အဓိပ္ပါယ်တည်း။

**ဒုတိယစကား**·····ဒုတိယ ပဓာနစကားကြီး၌ ကောက်စပါးတို့မှာ မျိုးစေ့ဟောင်းတို့နှင့်လူတို့၏ ပစ္စည်းဥစ္စာချမ်းသာရေးတို့မှာ ရှေးကုသိုလ် ကံဟောင်းတို့သည် တူကြကုန်၏။ ။ကောက်စပါးတို့မှာ လယ်ယာမြေခြင်းတို့နှင့် လူတို့မှာ ပုဗ္ဗာစရိယ အမိအဘတို့သည်တူကြကုန်၏။ အလိမ္မာမှု၌ သွန်သင်ဆုံးမခြင်း မရှိကြကုန်သော အမိအဘတို့သည် ရှိကြကုန်ငြားသော်လည်းမရှိရာရောက်ကြကုန်၏။ ကောက်စပါးတို့၌ လယ်ယာမြေခြင်းရှိသည်နှင့်တူ၏။ အဆုံးအမညံ့ဖျင်းလှသော မိဘတို့သည် မြေဆီ မြေဩဇာနည်းပါးလှသော လယ်တိမ် လယ်ကောတို့နှင့် တူကြကုန်၏။ ထိုသူတို့၏လက်တွင်း၌ ကြီးပွါးရကုန်သော သူငယ်တို့သည်လယ်တိမ် လယ်ကောတို့၌ ပေါက်ရောက်ကြရကုန်သော ကောက်စပါးတို့နှင့်တူကြကုန်၏။ အဆုံးအမ ကောင်းမွန်ကြသော

www.dhammaransi.com



မိဘတို့သည် မြေဆီ, မြေဩဇာ ပြည့်စုံစွာသော လယ်ယာမြေခင်းတို့နှင့်တကွကြကုန်၏။ ထိုသူတို့၏ လက်တွင်း၌ ကြီးပွါးကြရကုန်သော သူငယ်တို့သည် လယ်ကောင်းယာကောင်းတို့၌ ပေါက်ရောက်ကုန်သော ကောက်စပါးတို့နှင့် တကွကြကုန်၏။

ကောက်စပါးတို့မှာ စိုက်မိုဃ်း, မျိုးမိုဃ်း တို့နှင့် လူတို့မှာ လက်ဦးငယ်ဆရာတို့သည် တကွကြကုန်၏။လက်ဦး ငယ်ဆရာတို့က အလိမ္မာ မရှိကြလျှင် သူငယ်တို့မှာ အလိမ္မာမျိုး မပေါက်မရောက်နိုင်ကြကုန်ပြီ။ ။ကောက်စပါးတို့မှာ တောင်သူ ယောကျ်ား၏ ဝီရိယမှု လုပ်ငန်းစုတို့နှင့် လူတို့၏ စီးပွါးရေးတို့မှာ လုပ်မှုကိုင်မှု ပစ္စည်းဥစ္စာ ရှာကြံမှု အတတ်ပညာ အလိမ္မာ ရှာကြံမှုတို့သည် တကွကြကုန်၏။ ကောက်စပါး မျိုးစေ့တို့ပင် အပြည့်အစုံ ရှိပါကုန်ငြားသော်လည်း တောင်သူယောကျ်ား၏ လုပ်ငန်းစု ပျက်ကွက်က ကောက်စပါး မျိုးစေ့တို့သည် ပေါက်ရောက်ခွင့် မရကြကုန်ဘဲ တိုက်ထဲကျီထဲမှာ ပုပ်ဆွေးခြင်းသို့သာ ရောက်ကြရကုန်သကဲ့သို့ ရှေးကုသိုလ်ကံဟောင်းတို့ပင် ရှိကြပါကုန်သော်လည်း လူတို့၏ ဝီရိယလုပ်ငန်း လုံးလုံးမရှိက ထိုကုသိုလ်ဟောင်းတို့သည် အကျိုးပေးခွင့်မရဘဲ ကိုယ်ခန္ဓာထဲမှာ ငုတ်တုတ်သာနေကြရကုန်၏။

ကောက်စပါးတို့မှာ ကြဲမိုဃ်း စိုက်မိုဃ်းရှိ၍ ပေါက်ရောက်ခွင့် ရကြပါကုန်သော်လည်း အသီးအနှံရင့်မာ သန်ခိုင်ခြင်းသို့ မရောက်မီအကြား၌ နောက်လိုက် နောက်ထပ် မိုဃ်းရေ မိုဃ်းပေါက် ပြတ်ခြင်းကြီး ပြတ်ခဲ့ပြန်သော် ပျက်ဆုံးခြင်းသို့ ရောက်ကြရပြန်ကုန်သကဲ့သို့ လူတို့မှာ အလိမ္မာ ရင့်သန်ခြင်းသို့ မရောက်မီအကြား၌ လောကဓမ္မ လိမ္မာကြသူ လူပညာရှိ ရှင်ပညာရှိ တို့ကို မှီတွယ်ခြင်းမရှိဘဲ မိမိလျှောက်လျှား စိတ်ထင်တိုင်းနေပြန်ငြားက ဖြစ်ပြီးသောစီးပွါး ရှေးကံ၏အကျိုးများပင် ပျက်ပြားရတတ်ပြန်၏။

**တတိယစကား**……တတိယ ပဓာနစကားကြီး၌ ကောက်စပါးတို့မှာ မျိုးစေ့ဟောင်း တို့နှင့် ယခုဘဝ

www.dhammaransi.com



မင်္ဂလာရရန်အရေးမှာ ရှေးပါရမီဟောင်းတို့သည် တူကြကုန်၏။ ကောက်စပါးတို့မှာ လယ်ယာမြေခင်းတို့နှင့် မင်္ဂလာ နိဗ္ဗာန်ရေးတို့မှာ ရှေးဦးယော်ခါ ဥပဇ္ဈာယ်ဆရာ တို့သည် တူကြကုန်၏။ ဥပဇ္ဈာယ်ဆရာ ညံ့ဖျင်းခဲ့လျှင် ထိုသူ၏တပည့် ဖြစ်သူ ရှင်လူအများတို့သည် သာသနဝမ္ဗအရာ၌ အလိမ္မာ သေးသိမ်ကြရလေကုန်၏။ရှေးပါရမီပွင့်လင်းခွင့် မရရှိနေတတ်၏။ ။ကောက်စပါးအရာ၌ စိုက်မိုးကြီးမိုးတို့နှင့် ရပ်ဆရာ ရွာဆရာများ တို့၏ အဆုံးအမ ဩဝါဒသည် တူကြကုန်၏။စိုက်မိုးကြီးမိုး ခေါင်သကဲ့သို့ ဗောဓိပက္ခိယ ဩဝါဒမျိုးတို့မှ ဆိတ်ကင်းကြကုန်သော မြို့ရွာတို့သည် သတိပဋ္ဌာန်ဘာဝနာ သမထဝိပဿနာတို့နှင့် ကွာဝေးကြသဖြင့် ရှေးပါရမီဟောင်း တို့သည် ပွင့်လင်းခွင့် မရကြကုန်ပြီ။ ကိုယ်ခန္ဓာထဲမှာ ဧတ်တုတ်သာ နေကြရကုန်ပြီ။

ကောက်စပါးအရာ၌ တောင်သူ ယောက်ျား၏ လုပ်ငန်း လုပ်တာကြီးတို့ကဲ့သို့ ယခုဘဝမင်္ဂလာရရန် အရေး၌ ငါတို့မြတ်စွာဘုရားသာသနာ လုပ်ငန်း လုပ်တာကြီးတို့သည် တူကြကုန်၏။ ငါတို့မြတ်စွာဘုရားသာသနာ လုပ်ငန်းလုပ်တာကြီးများ ဆိုသည်ကား အကျဉ်းအားဖြင့် သီလ, သမာဓိ, ပညာဟူသော သိက္ခာသုံးပါးတို့ကို ဆိုသတည်း။ အလတ်အားဖြင့် ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကို ဆိုသတည်း။ ။အကျယ်အားဖြင့် ဝိနည်း သုတ္တန် အဘိဓမ္မာ ပိဋကတ်သုံးပုံအရ ပဋိပတ္တိဓမ္မတို့ကို ဆိုသတည်း။

**သီလသမာဓိပညာသာသနာ**……ထိုတွင် လူဖြစ်သော သူတို့မှာ အာဇီဝဋ္ဌမကနိစ္စသီလ နေရာကျခဲ့လျှင် သီလ သာသနာတော်ကြီး ပြည့်စုံ၏။ ရဟန်းဖြစ်သောသူတို့မှာ ဥပဇ္ဈာယဝတ်, အာစရိယဝတ်စသည်တို့နှင့်တကွ ၂၂၇-ပါးသော သိက္ခာပဒသီလ နေရာကျခဲ့လျှင် သီလသာသနာတော်ကြီး ပြည့်စုံ၏။ ရဟန်းဖြစ်စေ, လူဖြစ်စေ, အာနာပါန အလုပ်တခုခုမြဲနေရာကျခဲ့လျှင် သမာဓိသာသနာတော်ကြီးနေရာကျ၏။ ။

www.dhammaransi.com



ရဟန်းဖြစ်စေ, လူဖြစ်စေ, မြေ, ရေ, မီး, လေ, ကောင်းကင် ဝိညာဏ်ဟူသော ဓာတ်ခြောက်ပါးတို့၌ အနိစ္စအလုပ်တခု ထင်မြင်မှ နေရာကျခဲ့လျှင် ပညာသာသနာတော်ကြီးနေရာကျ၏။

ဤအလုပ်ကြီးသုံးပါး နေရာကျခဲ့လျှင် ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည် ထိုသုံးပါးတို့၌ အတွင်းဝင်ကြလေ၏။ ပိဋကတ်သုံးပုံအရ ပဋိပတ္တိဓမ္မတို့ သည်လည်း ထိုသုံးပါးတို့၌ အတွင်းဝင်ကြလေကုန်၏။

**ပါရမီရှင်ပင်ဖြစ်စေ**……ကောက်စပါး အရာ၌ တောင်သူယောက်ျား၏ လုပ်ငန်း လုပ်တာကြီးများကို စွန့်ပစ်၍ထားခဲ့သော် ထိုနှစ်အတွင်းမှာ လုံလောက်စွာရှိနေသော စပါးမျိုးဟောင်းတို့သည် တိုက်ထဲ ကျီထဲမှာ ဣတ်တုတ်သာ နေကြရကုန်သကဲ့သို့ လူတို့၏ဆိုင်ရာရှင်တို့၏ဆိုင်ရာထိုသာသနာလုပ်ငန်းကြီး သုံးပါးကိုအားမထုတ်ကြကုန်သည်ရှိသော် ရှေးပါရမီ ပြည့်စုံလုံလောက်ပြီးပင် ဖြစ်ငြားသော်လည်း ယခုဘဝ ယခုသာသနာမှာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်နှင့် ကွာဝေးလျက် ရှေးပါရမီဟောင်းတို့သည် မဂ်ပင်,ဖိုလ်ပင် ပေါက်ရောက်ခွင့်မရ ဣတ်တုတ်သာနေကြရကုန်၏။ အလွန်တရာကြီးခဲလှစွာသော ဘုရားသာသနာတော်ကြီးနှင့် တွေ့ကြုံကြပြီးမှ လွတ်ခွါ၍ ပစ်ကြပြန်လျှင် နစ်မြဲနစ်, ငုပ်မြဲငုပ်, မြုပ်မြဲမြုပ် မျောမြဲမျောကြပြန်ကုန် လတ္တံ့။ နောက်မေတ္တေယျ ဘုရားသာသနာမှာ ပါရလိမ့်မည်ထင်တတ်ကြကုန်၏။ သာသနာတော်ကြီးနှင့် တွေ့ကြုံကြပါလျှင် ထင်ကြတိုင်းပင် ပါနိုင်ကြကုန်ရာ၏။ ထိုသာသနာ၌ ကျွတ်တန်းလွတ်တန်းတွင်ပါဝင်နိုင်ကြရန် အရေးထက် ထိုသာသနာနှင့် တွေ့ကြုံနိုင်ကြရန် အရေးက အလွန်တရာ ခက်ခဲနက်နဲလျက် ရှိနေကြ၏။

အကြောင်းမူကား သာသနာတော်ကြီး နှစ်ပါး၏ အကြား၌ သာသနာပ ဘဝကန္တာရ ခရီးအမိုက်နယ်ကြီးမှာ အမျောက် အမှားကြီး ဘယ်မျှတွေ့ကြုံရ လိမ့်မည်မသိ။ သတိမူကြလေကုန်။ ။

www.dhammaransi.com



ကောက်စပါးအရာ၌ စိုက်ပျိုး စိမ်းရှင် အပင်ပေါက်ရောက်ပြီးဖြစ်ငြားသော်လည်း အသီးအဆန် ရင့်သန် ခိုင်ဖြိုးခြင်းသို့မရောက်မီအကြား၌ နောက်မိုးမထပ်ပြတ်ကြီးပြတ်ခဲ့လျှင် ကောက်ပင်နွမ်းနယ်တလယ်တောလုံး ပျက်ဆုံးခြင်းသို့ ရောက်ကြပြန် သကဲ့သို့ ပုဗ္ဗာစရိယ ဓာတ်တယ်လျှ၍ သာသနမြေ၌ အထအကြွ ဟန်ရပြီးဖြစ်ပါငြားသော်လည်း သဒ္ဓါ သတိ သမာဓိဉာဏ် မရင့်သန်မီ အကြား၌ တရားမြင်သိ ပညာရှိကြီးများကို လွတ်ခွါ၍ ဘာသာလျှောက်လျှား အနေမျှသဖြင့် တရားဓမ္မ ဩဝါဒ နောက်ထပ်ပြတ်ကြီး ပြတ်ခဲ့ပြန်လျှင် တဏှာမာန် လွှမ်းမိုး၍ အကျိုးမဲ့ကြီး တဏှာမီးနှင့် ပျက်စီးခြင်းသို့ ရောက်ပြန် လောက ဤဘုရားသာသနာနှင့် ဝေးကွာချော်လွဲ၍ နစ်မြုပ်နစ်ကြကုန်၏။ သတိမူကြလေကုန်။

ပဓာနစကားကြီးသုံးခွန်းပြီး၏။

---

## နိယာမ စကားကြီး ငါးခွန်း

ဤစကားကြီး သုံးခွန်းသည် ပဓာန စကားမျိုး ဖြစ်သကဲ့သို့ "နိယာမ" ငါးပါး စကားကြီး ငါးခွန်း သည်လည်း ပဓာနစကားမျိုးပင် ဖြစ်သတည်း။

နိယာမစကားကြီး ငါးခွန်းဆိုသည်ကား—

၁။ ဗီဇနိယာမ စကားကြီး။

၂။ ဥတုနိယာမ စကားကြီး။

၃။ ကမ္မနိယာမ စကားကြီး။

၄။ ဓမ္မနိယာမ စကားကြီး။

၅။ စိတ္တနိယာမ စကားကြီး။

ဤငါးပါးတို့တည်း။ ထိုငါးပါးတို့ကို **အဋ္ဌသာလိနီ**–ခေါ် အဘိဓမ္မာ အဋ္ဌကထာကြီးမှာလာရှိသည့်အတိုင်း ရှေးဦးစွာပြဆိုပေအံ့။

**ဗီဇနိယာမ**……ဗီဇနိယာမ ဆိုသည်ကား တစုံတယောက်သော ပုဂ္ဂိုလ်သတ္တဝါဖြစ်သူ မပြုမပြင်ပါဘဲ

www.dhammaransi.com



လျက် ပြုပြင်ဘိသကဲ့သို့ မြက်သစ်ပင်တို့၌ မျိုးစေ့၏ တန်ခိုးဖြင့် မဖောက် မပြန်ဘဲ အစဉ်မြဲသော အမှုအရာထူးမျိုးကို ဆိုသည်။ ကုလားပဲချုံတို့မှာမြောက်အရပ်သို့ အညွန့်အဖျားမူခြင်း, ဒက္ခိဏာနွယ်အမျိုးတို့မှာ သစ်ပင်ကို တောင်အရပ်မှနွယ်ခြင်း, နေကြာပန်းတို့မှာ နေရှိရာသို့ မျက်နှာမူခြင်း,မာလောနွယ်မှာ သစ်ပင်ရှိရာသို့ ရှေးရှုခြင်း,အုန်းသီးတို့မှာ ထိပ်၌ အပေါက်ရောက်ခြင်း,ထိုထိုမျိုးစေ့တို့မှဖြစ်သော အပင်၏ အသီးတို့သည် မျိုးစေ့နှင့် တူစွာ သီးကြခြင်း စသည်တို့သည် ဗီဇနိယာမ တန်ခိုးတို့ပေတည်း။

**ဥတုနိယာမ**……ဥတုနိယာမ ဆိုသည်ကား ရှေးနည်း အတူ စီရင်သူ မရှိဘဲဥတု၏ အစွမ်းဖြင့် မြက်သစ်ပင်တို့၌ အစဉ်မြဲသော အမှုအရာထူးမျိုးကို ဆိုသည် တန်ခူးလ ကဆုန်လ အစရှိသောထိုထိုကာလသမယတို့၌ သူ့အခါကာလနှင့်သူ့ သစ်ပင်မျိုးပွင့်မှု သီးမှုစသည်မြဲခြင်းတည်း။

**ကမ္မနိယာမ**……ကမ္မနိယာမ ဆိုသည်ကား သတ္တဝါတို့မှာ ရှေး၌ပြုခဲ့သောကံ အမှုနှင့်တူစွာ အကျိုးပေးမှု မြဲခြင်းပေတည်း။

**ကျီးဝတ္ထု**……မြတ်စွာဘုရား လက်ထက်တော်၌ သာဝတ္ထိ မြို့တော်မှာ မြို့တံခါးရွာသည် ရှိ၏။ ထိုရွာကို မီးလောင်ရာ မီးနှင့်တကွ ကောင်းကင်သို့ ပျံတက်လေသော မြက်ကချွတ်ခွေတခုသည် ကောင်းကင်ဖြင့် ပျံလာသော ကျီးသတ္တဝါ၏ လည်ပင်းမှာ စွပ်မိလေ၏။ ကျီးသည် မြေသို့ကျ၍သေလေ၏။

**သင်္ဘောသူကြီးကတော်ဝတ္ထု**……မဟာသမုဒ္ဒရာ၌ သင်္ဘောကြီး တစင်းသည် ရွက်တိုက် စက်ရတ်၍ မသွားဘဲရပ်တန့်လျက်နေလေ၏။ ငါတို့သင်္ဘောမှာ သူယုတ်မာပါပြီဟု စာရေးတံချရာ သင်္ဘောသူကြီး၏ မယားလက်၌သာ သုံးခါတိုင်တိုင်ကျလေ၏၊ သင်္ဘော သူကြီးသည်သူ့

www.dhammaransi.com



တယောက်အတွက် နှင့် အများသူတို့ မပျက်စီးကောင်းပေဟု သဲအိုးကိုလည်မှာဖွဲ့ချည်၍ သမုဒ္ဒရာရေထဲသို့ ပစ်ချစေ၏။ ထိုခဏ ခြင်းပင်လျှင် သဘော်သည် လေမှလွတ်သော မြှားကဲ့သို့ တဟုန် တည်းပြေးသွားလေ၏။

**ရဟန်းတပါးဝတ္ထု**……ရဟန်းတော်တပါးသည် တောင်ခြေ ရင်း၌ လိုဏ်တခုမှာ နေလေရာ အထက်၌ရှိသော တောင်ထွတ်တခုသည် ပြိုကျ၍ လိုဏ်ပေါက်ဝကို ပိတ်လျက် တည်လေ၏။ ခုနစ်ရက်တိုင်မှ အလိုလိုလိမ့်၍ ပွင့်လေ၏။ ။ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသည် တရား ဟော၍နေစဉ်အခါ ထိုဝတ္ထုသုံးခုတို့သည် တပြိုင်နက် ဆိုက် ရောက်လာကြလေကုန်၏။

**ဇာတ်ပေါင်းပြပုံ**……အကြောင်းရင်းကို သိခြင်းငှါ မြတ်စွာ ဘုရားအားလျှောက်ထားကြလေကုန်၏။ မြတ်စွာဘုရားသည် ထိုသူသုံးဦးတို့၏ ရှေးအကြောင်း တရားကို ဟောကြားတော်မူ၏။ ထိုသုံးဦးတို့တွင် ကျီးသည် ရှေးဘဝ၌ လူ ဖြစ်စဉ်အခါ တရသောနွားကြမ်းကို မဆုံးမနိုင်ရှိသည်နှင့် နွား၏ လည်မှာ ကောက်ရိုးစည်းကို ဖွဲ့ချည်လျက် မီးတိုက်၍ လွှတ် လိုက်၏။ နွားသေလေ၏။ ထိုသူသည် သေလွန်၍ နောက်ဘဝ၌ ထိုကျီးသတ္တဝါဖြစ်လေရာ ထိုကံဟောင်းကြောင့် ကောင်းကင်မှာ ပျံသွားစဉ်အခါ လည်မှာ မီးကွင်းစွပ်မိ၍ သေဆုံးရလေ၏။ ။ လှေသူကြီးမယားသည် ရှေးဘဝ၌ ခွေးတကောင်ကို အမျက် ထွက်၍ ခွေး၏လည်ပင်းမှာ သဲအိုးဆွဲ၍ ရေထဲ၌ နှစ်သတ်လေ၏။ နောက်ဘဝမှာ သဘော်သူကြီးကတော်ဖြစ်လာရာ ထိုကံဟောင်း ကြောင့် သဘော်မသွားနိုင်ရှိနေရာ သမုဒ္ဒရာရေထဲ၌ သဲအိုးဆွဲ၍ ပစ်ချသေဆုံးရလေ၏။

ထိုရဟန်းသည် ရှေးဘဝ၌ နွားကျောင်းသား ဖြစ်စဉ်အခါ ဖွတ်သတ္တဝါတကောင်သည် တွင်းသို့ဝင်သည်ကို ထိုနွားကျောင်း

www.dhammaransi.com



သားမြင်၍ သစ်ရွက်တို့ဖြင့် ထိုတွင်းကို ပိတ်ဆို၍ သွားလေ၏။ ခုနစ်ရက်တိုင်မှ ထိုအရပ်သို့ရောက်ပြန်၍ ထိုတွင်းကို ဖွင့်၍ကြည့်လေရာ အစာတော်မွတ်သဖြင့်အားနည်းလှလျက် ထွက်၍လာသော ထိုဖွတ်ကိုမြင်လျှင် သနားခြင်းရှိပြန်၍ ချမ်းသာစွာလွှတ်လိုက်၏။

ထိုကံဟောင်းကြောင့် နောက်ဘဝ၌ ခုနစ်ရက်တိုင်တိုင်လိုဏ်ပိတ်ခြင်းဒုက္ခကို တွေ့ကြုံခံစားရလေ၏။ ။ဤဝတ္ထု သုံးခုကိုပေါင်း၍ မြတ်စွာဘုရားသည် ဤဂါထာကိုဟောတော်မူ၏။

နအန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတေ သော ဇဂတိပ္ပဒေသော၊
ယတ္ထ ဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။ ။

အနက်ကား

အန္တလိက္ခေ၊ ကောင်းကင်၌။ ဋ္ဌိတော၊ တည်သောသူသည်လည်း။ ပါပကမ္မာ၊ မိမိပြုခဲ့သော မကောင်းမှုအကျိုးမှ။ နမုစ္စတိ၊ မလွတ်ရ။သမုဒ္ဒမဇ္ဈေ၊သမုဒ္ဒရာအလယ်၌။ဋ္ဌိတော၊ တည်သောသူသည်လည်း။ ပါပကမ္မာ၊ မိမိပြုခဲ့သော မကောင်းမှု အကျိုးမှ။ နမုစ္စတိ၊မလွတ်ရ။ပဗ္ဗတာနံ၊ တောင်တို့၏ ။ဝိဝရံ၊ အပေါက်တွင်းသို့။ပဝိဿ၊ဝင်၍။ဋ္ဌိတော၊ တည်သောသူသည်လည်း။ ပါပကမ္မာ၊ မိမိပြုခဲ့သော မကောင်းမှုအကျိုးမှ။ နမုစ္စတိ၊ မလွတ်ရ။ ယတ္ထ၊ အကြင်လောက ရပ်ဒေသ၌။ဋ္ဌိတော၊ တည်သော သူသည်လည်း။ ပါပကမ္မာ၊မိမိပြုခဲ့သော မကောင်းမှုအကျိုးမှ။မုစ္စေယျ၊ လွတ်နိုင်ရာ၏။သောဇဂတိပ္ပဒေသော၊ ထိုကဲ့သို့သော ဩကာသ လောကရပ်ဒေသသည်။နဝိဇ္ဇတေ၊မရှိသည်သာတည်း။

**ဓမ္မနိယာမ**······ဓမ္မနိယာမဆိုသည်ကား ပစ္ဆိမဘဝိက ဘုရားအလောင်းတော်တို့၏ ပဋိသန္ဓေယူသောအခါ၊ ဘုရားဖြစ်တော်မူသောအခါ၊ ဓမ္မစကြာဒေသနာကို ဟောတော်မူသောအခါ၊အာယုသင်္ခါရကိုလွှတ်တော်မူသောအခါ၊ ပရိနိဗ္ဗာန်

www.dhammaransi.com



စံတော်မူသောအခါတို့၌ အလွန် ကြီးကျယ် စွာသော ပုညဓမ္မ သင်္ခါရတို့၏ တန်ခိုးကြောင့် လောကဓာတ် တသောင်းတို့၏ တပြိုင်နက်အားဖြင့် လှုပ်ရှားခြင်းမြဲမှုကိုဓမ္မနိယာမဆိုသည်။

**စိတ္တနိယာမ**......စိတ္တနိယာမဆိုသည်ကား အဆင်းအသံ အစ ရှိသောအာရုံတို့သည် မျက်စိနား အစရှိသော ပသာဒတို့၌ ထိခိုက်ကြကုန်သည်ရှိသော် စိမံဖန်ဆင်းသူ မရှိကြ ပါကုန်ဘဲလျက် ပဉ္စဒွါရာဝဇ္ဇန်း ပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီ ရဏအစရှိကုန်သော ဝိထိစိတ်တို့၏ အစဉ်အတိုင်း သူ့ကိစ္စနှင့်သူ ဖြစ်ခြင်းမြဲကြသည်ကိုဆိုသတည်း။

ဤကား **အဋ္ဌသာလိနီအဋ္ဌကထာ**ကြီး၌ သိသာရုံမှတ် သားရုံမျှ ဖော်ပြ လာရှိသော "နိယာမ" တရား ငါးပါး အကျယ်တည်း။

နိယာမစကားကြီး ငါးခွန်းပြီး၏။

---

## ပညတ်ပရမတ် ၂–ပါး

**နိယာမနှင့်ထာဝရ**.... ယခု ပင်စင် အငြိမ်းစားဝန်ထောက် ကြီးတကာ မောင်ရွှေဂိုဝ်နှင့်တကွ ရန် ကုန်အသင်းသားတို့ လျှောက်ထားသည့်အချက်မှာ ကမ္ဘာကိုရင်း, သတ္တဝါ သင်္ခါရတို့ကိုရင်း,ထာဝရဘုရား ဖန်ဆင်းသည်ဟု ဘာ သာ တပါးတို့၌ အခိုင်အမြဲယူ၏။ငါတို့ဗုဒ္ဓဘာသာ၌ကမ္ဘာကိုရင်း, သတ္တဝါသင်္ခါရတို့ကိုရင်း,ဘယ်သူ စာဦးတယောက်မျှ ဖန်ဆင်း ရသည် မဟုတ် နိယာမ ဓမ္မအားဖြင့် အစဉ် အဆက်ဖြစ်၍ နေကြ ကုန်သည်ဟု အခိုင်အမြဲယူ၏။ထိုတွင်ထာဝရ ဘုရားတပါးတည်း နှင့်အလုံးစုံ အကုန် ပြီးစီးသည်ဖြစ်၍ လူမတတ်တို့ မှတ်လွယ် ယူလွယ် ယုံကြည်လွယ်ရှိ၏။ နိယာမဓမ္မအားဖြင့် ပြီးသည်ဟူ သော အယူသည်အကြောင်းအထွေထွေ အကျိုး အထွေထွေဓမ္မ တွေကိုဝေဘန်ခွဲခြမ်းမှု, အလွန်များပြားလျက် ခက်ခဲနက်နဲ ဆန်း

www.dhammaransi.com



ကြွယ်နေသည်ဖြစ်၍ လူမတတ်တို့ မှတ်ဘို့ ယူဘို့ ယုံကြည်ဘို့ အလွန်ခဲယဉ်း၏။

ထာဝရဘုရားနှင့် ပြီးကြသော သူတို့မှာ ကမ္ဘာ သတ္တဝါတို့အတွက် ခတ်ပညာမျိုး ဓမ္မပညာမျိုး အသုံးမကျ၊ နိယာမတရားနှင့် ပြီးကြသော သူတို့မှာ ဖန်ဆင်းသူ ထာဝရဘုရားအသုံးမကျ၊ ခတ်ပညာမျိုး ဓမ္မပညာမျိုးတို့သာ အသုံးကျကြကုန်၏။ထို့ကြောင့် ထာဝရဘာသာကျမ်းစာတို့၌ ရုပ်သူရွှသား လူအများတို့အလွန်နားလည် လွယ်တတ်သော ပညတ်စကားမျိုးတို့သာ လာရှိကုန်၏။ ။''အက်ဖအေ,ဘီအေ''စသောခတ်ပညာကျမ်း.ငါတို့ဗုဒ္ဓဘာသာ **အဘိဓမ္မာကျမ်းစာ**တို့၌ သာလျှင် ခတ်စကားမျိုး ဓမ္မစကားမျိုးတို့သည် လာရှိကုန်၏။

**ခတ်တုံးခတ်ခဲ**······ပညတ် စကားမျိုးတို့သည်ကမ္ဘာ ပေါ်မှာ ရှိရှိသမျှသော မိန်းမယောကျ်ား လူအများတို့၏ နား,မျက်စိ ဖြစ်ကြကုန်၏။ ခတ်စကားမျိုး ဓမ္မစကားမျိုးတို့သည်''**အက်ဖအေ,ဘီအေ**''ပညာရှိသူများ''**အဘိဓမ္မာ**'' ပညာရှိသူများတို့၏ နား,မျက်စိ ဖြစ်ကြကုန်၏။ မြေကြီး,မြင်းမိုရ်,ပင်လယ် သမုဒ္ဒရာစသော ဩကာသလောက အဆောက်အဦ အလုံးစုံတို့သည်လည်း ခတ်ပုံ,ခတ်ရု,ခတ်တုံး, ခတ်ခဲစုတို့သာ အမှန်ဖြစ်ကြကုန်၏။သစ်ပင်,ချုံ,မြက် အစရှိသောအဆောက်အဦ အလုံးစုံတို့သည်လည်း ခတ်ပုံ,ခတ်ရု,ခတ်တုံး, ခတ်ခဲစုတို့သာ အမှန်ဖြစ်ကြကုန်၏။ ပုဂ္ဂိုလ်သတ္တဝါ ဖြဟ္မာ လူနတ် နွားကျွဲဆင်မြင်း အစရှိသော သတ္တလောက အဆောက်အဦ အလုံးစုံတို့သည်လည်း ခတ်ပုံ,ခတ်ရု,ခတ်တုံး,ခတ်ခဲစုတို့သာ အမှန်ဖြစ်ကြကုန်၏။ ခတ်ပညာရှိကြီး ဓမ္မပညာရှိကြီးတို့၏ နား,မျက်စိတို့သာ ဖြစ်ကြကုန်၏။

ထို့ကြောင့် ထိုလောကသုံးပါးတို့၏ ဖြစ်မှုပျက်မှု အခွင့်ရာ၌ ပညတ်သမားတို့၏အယူစကားကို သတ္တဝါအများတို့

www.dhammaransi.com



နားမယောင်ကြစေခြင်းငှါ လောကသုံးပါး၏ အချုပ်အခြာဖြစ်သော နိယာမတရား ငါးပါးတို့ကို ရန်ကုန်မြို့ ဓမ္မသဝနဗုဒ္ဓသာသနာပြုအသင်းကြီး၏ဥက္ကဋ္ဌ ဗြိစ်ဒင်ဖြစ်သူ ပင်စင်အငြိမ်းစား ဝန်ထောက် မောင်ရွှေကိုင်နှင့်တကွ အသင်းသားတို့ လျှောက်ထား တောင်းပန်ကြပေကုန်သတည်း။

**အသိဉာဏ်ခြားနားပုံ**……ဤအရာ၌ ပညတ်ဘက်သား လူအများ တို့နှင့် အဘိဓမ္မာ ဓာတ်ပညာရှိကြီးတို့၏ အသိဉာဏ်တရား ခြားနားပုံကို ပြဆိုပေဦးအံ့။ လူ ဆောက်လုပ်၍ အိမ်ဖြစ်ပေါ်လာရာ၌ ရပ်သူ ရွာသား လူအများတို့သည် ဆောက်လုပ်သူကို "လူ" ဟူ၍ သိကြကုန်၏။ အိမ်ကိုလည်း "အိမ်" ဟူ၍ သိကြကုန်၏။ ဓာတ်ပညာရှိတို့သည်မူကား ရပ်သူ ရွာသား လူအများတို့ နည်းတူ လူဟူ၍ အိမ်ဟူ၍လည်း အမှတ်သညာသိနှင့် သိကြကုန်၏။လူခေါ်သောဝတ္ထုမှာ ဓာတ်မျိုးပေါင်း ဘယ်မျှရှိသည်,အိမ်ခေါ်သော ဝတ္ထုမှာ ဓာတ်မျိုးပေါင်း ဘယ်မျှရှိသည်, ဓာတ်မဟုတ်သော ပညတ်သဏ္ဍာန်ကို လူခေါ်သည်, အိမ်ခေါ်သည်, ဓာတ်သည် လူမဟုတ် အိမ်မဟုတ်, လူသည် အိမ်သည် ဓာတ်မဟုတ်, ဓာတ်ခဲ ဓာတ်စု သည်သာ အမှန်ရှိ အဟုတ်ရှိ ဖြစ်သည်,သဏ္ဍာန်သည် အဟုတ်ရှိမျိုးမဟုတ်, အမှန်ရှိမျိုး မဟုတ်, စိတ်ထဲတွင်သာ ထင်မြင်ကြရ လေသော အထည် ဒြဗ်မျိုးဖြစ်သည်။ ။ရပ်သူ ရွာသား လူအများတို့သည် လူသည် အိမ်ကိုဆောက်လုပ်တတ်၏, လူဆောက်မှ အိမ်ဖြစ်၏ ဟူ၍ သိကြကုန်၏။ ဓာတ်ပညာရှိတို့သည် မူကား ဓာတ်ပညာ မျက်စိဖြင့် ကြည့်ရှုစိတ်ဖြာ ခွဲခြမ်းလိုက်သည်ရှိသော် လူဟူ၍ မတွေ့၊ဓာတ်တို့ကိုသာ တွေ့၏။ဓာတ်တုံးဓာတ်ခဲသာရှိ၏။ ။ထိုဓာတ်တုံး ဓာတ်ခဲကြီးမှာလည်း အိမ်ဆောက်မှု အလုပ်သည်ကြီး ဖြစ်သော ဓာတ်စွမ်းကောင်းကြီးတခု ရှိလေ၏။ ထိုဓာတ်စွမ်းကောင်းကြီးကို "စေတနာ" လည်း ခေါ်၏။ "ကမ္မ၊ကံ" ဟူ၍လည်းခေါ်

www.dhammaransi.com



၏။အဘယ်ကြောင့် စေတနာခေါ်သနည်း။ကိုယ်အင်္ဂါ,စိတ်အင်္ဂါတို့ကို အခုံလုံးဆူကြွ တပြိုင်တည်း ထကြွအောင် ချိုကြွလှုံ့ဆော်သမားကြီး ဖြစ်သောကြောင့် စေတနာခေါ်သတည်း။

**ကံဆိုတာ**.....အဘယ်ကြောင့် ကံခေါ်သနည်း။ လောကဌိ ထိုင်မှု,ထမှု,သွားမှု,လာမှု, ပြောမှု, ဆိုမှု, ကြံမှု, ဖန်မှု, လှူမှု,ဒါန်းမှု,သတ်မှု,ဖြတ်မှု အစရှိကုန်သော အလုံးစုံသော အရေးကိစ္စတို့သည် သူမထက ဘယ်ကိစ္စတခုမျှ ပြီးစီးသည် မရှိကုန်။သူထမှ ပြီးစီးနိုင်ကြကုန်၏။ သူထလျှင် စိတ်၏အင်္ဂါဖြစ်ကုန်သော ဝိတက် ဝီရိယ လောဘ, ဒေါသ, သဒ္ဓါ, ပညာ အစရှိကုန်သော ဓာတ်တို့သည် ကိုယ့်ကိစ္စနှင့်ကိုယ် ထကြ ရကုန်၏။ ထိုကြောင့် ခပ်သိမ်းသော ကိုယ်အမှု,နှုတ်အမှု, စိတ်အမှုတို့မှာ သူသည်သာလျှင် အမှုသည်ရင်းကြီး မှန်ပေ၏။ အမှုဆောင်ကြီး မှန်ပေ၏၊ ထိုကြောင့်"ကမ္မံ၊ကံ" ဟူ၍ ခေါ်သတည်း။

**စေတနာနှင့်ကံအတူတူ**......မြတ်စွာဘုရားသည်လည်း-"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ။ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ"။

ဟူ၍ ဟောတော်မူပေ၏။ ။တောလည်ရာ၌ လမ်းအနီးဝယ် ချုံငယ်တခုမှ ယုန်ထ၍ပြေးသည်ကို မြင်ကြရာ၌ စေတနာမဆော်လျှင် မြင်ရုံနှင့်ပြီး၏။ စေတနာဆော်ခဲ့လျှင် အော်မှု, ဟစ်မှု, ပစ်မှု, ခတ်မှုတွေ ပေါ်လာ၏၊ ဤနည်းတူ အလုံးစုံသော ကိစ္စတို့မှာ စေတနာသည်သာလျှင် အမှုသည်ရင်းဖြစ်၍ "ကမ္မံ၊ကံ"ဟူ၍ ခေါ်သတည်း။ ။ရုပ်ဓာတ်မျိုးတို့မှာ မီးဓာတ်ကြီး,နာမ်ဓာတ်မျိုးတို့မှာ စေတနာ ဓာတ်ကြီး တို့သည် လှုံ့ဆော်သမားကြီး နှစ်ပါးတို့ပေတည်း။ မီးသင်္ဘော, မီးရထား, မီးစက်ရုံကြီးတို့၌ စက်ကြိယာတို့ လှုပ်ရှားမှုကိစ္စ ဟူသမျှတို့မှာ မီးဓာတ်ကြီးသည် အမှုသည်ရင်း ဖြစ်၏။သတ္တဝါတို့၌ ကိုယ်အင်္ဂါ,နှုတ်အင်္ဂါ, စိတ်အင်္ဂါ လှုပ်ရှားမှုတို့မှာ စေတနာဓာတ်ကြီးသည် အမှုသည်ရင်းကြီးဖြစ်၏။

www.dhammaransi.com



ထိုကြောင့် ဤအိမ်သောက်မှုမှာလည်း စေတနာ ဓာတ်ကြီး သာလျှင် အမှုသည်ရင်းကြီးဖြစ်လေသတည်း။ ။မီးရထား မီးအိုး တို့၌ စိတ်သည် ထင်းနှင့်တူ၏။ စေတနာသည် ထင်းမှာစွဲသော မီးနှင့်တူ၏။ ထင်းသားတခြား မီးသားတခြားပေတည်း။ ရေနှင့် လောင်းခဲ့သော် မီးဓာတ်သာ သေပျောက်၍ကုန်၏။ ထင်းသား မီး သွေး ကျန်ရှိ၏။မီးတို့ပြန်လျှင် ထိုမီးသွေးခဲပင် မီးခဲဖြစ်ပြန်၏။

ဤကား စိတ်နှင့် စေတနာ ဓာတ်ခွဲပုံတည်း။

ဖဿ ဝေဒနာ သညာ ဝိတက္က ဝိစာရ လောဘ ဒေါသ သတိ ပညာ အစရှိသော နာမ်ကာယခေါ် သော နာမ်ဓာတ်တို့ကို စိတ်ဓာတ်နှင့် ခွဲရာ၌လည်း ဤနည်းတူ မှတ်လေ။

**ဥာဏ်မြင်အားဖြင့်တခြားစီ**… တနည်းကား ဟင်းသီးဟင်း ရွက် ဆား, ဆီ, ငပိ,ငြုတ်, ကြက်သွန်တို့ကို ရေနှင့်ဘက်၍ ဟင်းချိုရည် ချက်ရာ၌ စိတ်သည် ရေနှင့်တူ၏။ဖဿ,ဝေဒနာ,သညာ,စေတနာ အစရှိကုန်သော နာမ် ဓာတ်တို့သည် ဟင်းသီး,ဟင်းရွက်,ဆား,ဆီ စသည်တို့နှင့် တူကြ ကုန်၏။ ဖွန်း၌တည်ရှိသော ဟင်းချိုရည်မှာ အစုံပါကြကုန်၏။ မျက်မြင်အားဖြင့် မကွဲကြကုန်။ ဉာဏ်မြင်အားဖြင့် မရောကြကုန်။ ဉာဏ်မြင်ဆိုသည်ကား ရေ၏ကိစ္စကတခြား, ဟင်းသီး ဟင်းရွက် တို့၏ အရသာတို့ကတခြား, ဆားစသည်တို့၏ ရသတို့ သည် လည်း တခြားစီတို့သာတည်း။ ။စိတ်သည်ရေနှင့်တူ၏။ဖဿ,ဝေ ဒနာ စသောနာမ်ဓာတ်တို့သည် ဟင်းသီးရသ, ဟင်းရွက်ရသ, ဆားရသ,ဆီရသ စသည်တို့နှင့်တူကြကုန်၏။ ။ဓာတ်ပညာမရှိကြ ကုန်သောသူတို့သည် ထိုဟင်းရေမှာပင် ခြားနားကြမှန်း မသိကြ ကုန်။လူတို့၏စိတ်ထဲမှာ ဓာတ်သဘာဝ ခြားနားကြသည်ကိုသိကြ မည် ဝေးလေစွ။

ဤကား စိတ်နှင့်စေတနာကို ကွဲပြား ခြားနားစွာ သိစေလို၍ ပြဆိုလိုက် သော စကားစုတည်း။

www.dhammaransi.com



**အိမ်ဟူ၍မရှိနိုင်**·····လူဆောက်လုပ်၍ အိမ်ဖြစ်ပေါ်လာသည်ဟူသောစကား၌ သစ်ဝါးတို့ သည်သာလျှင် ထိုထို တောတောင်တို့၌ ဖြစ်မှု ပေါက်မှု ပေါ်မှုဓာတ်နှင့်စကွ အမှန်ရှိကြကုန်သည်။အိမ်မှာမူကား ဖြစ်သည်ဟူ၍ ဆိုရန် ဓာတ်ပင်မရှိ။သစ်ဝါးတို့ကို ပေါင်းစု တည်ထောင်မိသောအခါ၌ အိမ်ခေါ်စရာ သဏ္ဌာန်ကြီးတခုအနေနှင့် စိတ်ထဲ၌ ထင်မြင်လာ၏၊ဤမျှသာဆိုခွင့်ရှိ၏၊ အိမ်ဟူ၍မရှိဟူသော စကားထင်ရှားပြီ။ ။ဤကဲ့သို့သော အသိဉာဏ်မျိုးသည် ခါတ်ပညာရှိတို့၌သာ ရှိကြကုန်၏။ ခါတ်ပညာမရှိကြသော မှောင်တွင်းသားတို့မှာ မရှိကြ။ ထိုသူတို့သည်ကား လူဟူသော သဏ္ဌာနပညတ်နှင့် စိတ်စေတနာဟူသော နာမ်ခါတ်တို့ခြားနားဘို့ကို မဆိုထားဘိ အိမ်နှင့်သစ်ဝါး ခြားနားကြရန်ပင် ဉာဏ်မရှိကြ၊ အိမ်နှင့်သစ်ဝါး တခြားစီ ဆိုခဲ့သော် အိမ်နှင့်သစ်ဝါး ဘာခြားသေးသလဲ,ဘာထူးသေးသလဲ,ဟု ပြောကြကုန်လတ္တံ့။ ။ထိုအခါ၌ အိမ်ကိုဖျက်၍ ပုံထားခဲ့သော် ထိုသစ်ဝါးစု ပျောက်သေး၏လော ရှိသေး၏လော–မေး။ထိုသစ်ဝါးစု ပျောက်ပါ၏,ရှိပါ၏ဟု ပြောလတ္တံ့။ ထိုအိမ်ပျောက်သေး၏လော, ရှိသေး၏လော–မေး။ထိုအိမ်မပျောက်ပြီ မရှိပြီ, ပျက်ကွက်ကွယ်ပြီ,ဟု ပြောလတ္တံ့,။သဏ္ဌာန်နှင့်သစ်ဝါးခြားနားလျက်ပေါ်လေ၏။ ။နောက်၌ သံသပိတ်စကားနှင့်စပ်၍ အကုန်ရှင်းလင်းကြစေ။ ။ဤကဲ့သို့ ရုပ်ခါတ် နာမ်ခါတ်ခွဲနည်း၌ လိမ္မာကြသူတို့သည်မူကား အိမ်ခေါ်သော ခါတ်ပုံ ခါတ်စုသည် လူဆောက်လုပ်၍ ဖြစ်သည်မဟုတ် လူဟူ၍ပင်မရှိ။စေတနာဟူသော ပစ္စုပ္ပန်ကံနှင့် ဉာဏ်ဝိရိယတို့၏အစွမ်းကြောင့် အိမ်သဏ္ဌာန်ကြီးအနေနှင့်ပေါင်းစု တည်ရှိလာကြကုန်သည်ဟု အမှန်ဆိုနိုင်ကြကုန်၏။ သစ်ဝါးတို့သည်လည်း ရုပ်ခါတ်ရှစ်ပါးတို့နှင့် ခွဲစိတ်ပြန်လျှင် သဏ္ဌာန်မျှရှိကြကုန်၏။

**ထာဝရဘုရားပေးသည်မဟုတ်**·····တဖန် အိမ်ဆောက်လုပ်သူမှာ တရာငွေ

www.dhammaransi.com



နှစ်ရာငွေ ကံကြွေးလက်ခ ရသည်မှာလည်း ဘယ်သူပေး၍ ရသနည်းဟုမေးခဲ့သော် ရပ်သူရွာသားတို့က အိမ်ရှင်ပေး၍ရသည်ဟု ပြောကြကုန်လတ္တံ့။ ဘာသာတပါးဆရာများတို့က ထာဝရဘုရားပေး၍ရသည်ဟု ပြောကြကုန်ရာ၏။ ။အကြောင်းအကျိုးဉ္စလိမ္မာသော ခတ်ပညာရှိတို့မှုကား ရပ်သူရွာသားတို့ အရိုးအစဉ်သို့လိုက်၍ အိမ်ရှင်ပေး၍ ရပေသည်ဟူ၍ရင်း,လှို့ဆော် ဆောက်လုပ်မှု စေတနာခတ်ကြီးသည်သာလျှင် အိမ်ပြီးစီးရာ၌ အမှုသည်ရင်းကြီးဖြစ်ပေသည်၊အိမ်ပြီးစီးသည့်အတွက် ထိုလက်ခကို ရပေသည်၊ထိုကြောင့် ထိုဆောက်လုပ်မှု စေတနာဟူသော ပစ္စုပ္ပန်ကံပေး၍ ထိုလက်ခကို ရပေသည်ဟူ၍ရင်း,အရာဌာနအားလျော်စွာ ပြောကြပေကုန်လတ္တံ့။

**ကံပေး၍ရသည်**……ဟူသော စကားမှာလည်း အိမ်ဆောက်တတ်သော သူ့အတတ် သူ့ပညာ သူ့အလိမ္မာ ပေး၍ရသည်ဟူ၍လည်း ဆိုရ၏။ လိမ္မာသည်အတိုင်းအပန်းခံ၍ လုပ်ကြံနိုင်သော သူ့ဝီရိယ သူ့လုံ့လပေး၍ ရသည်ဟူ၍လည်းဆိုရ၏။စေတနာကို ချီးမွမ်းလိုသော် ကံပေး၍ ရသည်ဟုဆိုရသည်၊ အလိမ္မာကိုချီးမွမ်းလိုသော် ဉာဏ်ပေး၍ရသည်ဟုဆိုသည်။ လုံ့လမှုကို ချီးမွမ်းလိုသော် ဝီရိယပေး၍ရသည်ဟူ၍ဆိုရသည်။ ။မိမိ၏ ကံ ဉာဏ် ဝီရိယတို့သည်သာလျှင် တသက်ပတ်လုံးအစဉ်ထာဝရ ပေးဖော်ရကြကုန်သည်၊ အိမ်ရှင်သည်မှုကား သူ့အိမ်ကို ဆောက်လုပ်မှုအတွက်မျှကိုသာ ပေးလတ္တံ့။

ဤကား ကံ ဉာဏ် ဝီရိယတို့ကို အားကိုး အားကျစွဲမြဲကြစေခြင်းငှါ ဗုဒ္ဓဘာသာ ပညာရှိတို့၏ ပြောနည်းဆိုနည်းပေတည်း။ ။ဤအိမ်ဆောက်မှု တခုကို ပြဆိုလိုက်သဖြင့် အလုံးစုံကို အကုန်မြင်ကြစေ။

www.dhammaransi.com



## နိယာမတို့၏အစွမ်းသတ္တိ

**ဩကာသလောက၏ဖြစ်ပျက်ပုံ**·····ယခု အခါ "နိယာမ" တရားတို့၏ အစွမ်းအားဖြင့် ဩကာသ လောက, သင်္ခါရ လောက, သတ္တလောက တည်းဟူသော လောကသုံးပါးတို့၏ အစမထင် အစဉ်အဆက် ဖြစ်တုံပျက်တုံ အပြည့်အစုံ အကျယ်ကို မူကား "ကပ္ပဝဏ္ဏနာ" စသော ကျမ်းတို့မှာ ယူကြလေ။ ။ဖြစ်တုံ ပျက်တုံ နေကြပုံကို အကျဉ်းအားဖြင့် ပြဆိုပေအံ့။ ။"နိယာမ"တရားငါးပါးတို့တွင် **ဥတုနိယာမ, ဗီဇနိယာမ** နှစ်ပါး တို့သည် ဩကာသလောက, သင်္ခါရ လောကတို့၏ ဆိုင်ရာတို့တည်း။ ။**ကမ္မနိယာမ, စိတ္တနိယာမ** နှစ်ပါးတို့သည် သတ္တလောက၏ ဆိုင်ရာတို့တည်း။ ။**ဓမ္မနိယာမ**သည် လောကသုံးပါးနှင့်ဆိုင်၏။

**ကမ္ဘာကြီးတည်နေပုံ**·····စက်ဘီးသဏ္ဌာန်ကဲ့သို့ စကြဝဠာ တောင်တန်းကြီး တခု ဝန်းဝိုင်း၍ တည်ရှိသော တခုသော လောကဓာတ်ကို ဩကာသလောက တခုခေါ်၏။ ထိုဩကာသလောကတခု၏အတွင်း၌ မဟာပထဝီ မဟာသမုဒ္ဒရာ ကျွန်းကြီး လေးကျွန်း ကျွန်းငယ်အများ အလယ် တည့်တည့်၌ မြင်းမိုရ်တောင်ကြီး ထိုမြင်းမိုရ်တောင်ကြီး၏ အပ၌ မြင်းမိုရ်တောင်ကို ဝန်းဝိုင်း၍တည်ရှိကြကုန်သော သီဒါ သမုဒ္ဒရာ ခုနစ်တန် သတ္တရဘန် တောင်တန်း တောင်ဝိုင်းကြီး ခုနစ်ထပ် တည်ရှိကြကုန်၏။

ဤကား ငါတို့ ယခုတည်ရှိ၍ နေကြသော ဩကာသ လောက တခု၏ တည်ရှိပုံတည်း။ လောကဓာတ် တခု လည်းခေါ်ရ၏။ စကြဝဠာတခုလည်းခေါ်ရ၏။

ငါတို့စကြဝဠာမှာ အရှေ့,အနောက်, တောင်,မြောက် အရပ် လေးမျက်နှာ တို့၌လည်း စကြဝဠာ အဆက်ဆက် အဆုံးမရှိ။

www.dhammaransi.com



အနန္တစီချည်း တည်ရှိကြကုန်၏၊ ထိုစကြဝဠာအသီးသီးတို့သည်လည်း အညီ အမျှ ရှက်ဆောင် ကြကုန်သော ဓာတ်တို့၏ "ဓမ္မနိယာမ"အစွမ်းအားဖြင့် အဝန်းအဝိုင်းအညီအမျှ ဖြစ်ကြကုန်၏။ ။ ထိုအဆုံးမရှိ အနန္တ စကြဝဠာတို့သည်လည်း ကုဋေ တသိန်းစိ ကုဋေတသိန်းစိဖြစ်အတူ ပျက်အတူ ဖွဲ့စည်းလျက် တည်ရှိကြကုန်၏၊ စကြဝဠာတို့၏ အောက်၌ ရေအထုကြီး ခံ၏။ ရေ၏အောက်၌ လေအထုကြီးခံ၏။ လေ၏အောက်၌ အဇဋာကာသ အနန္တကောင်းကင်ကြီးအဆုံးမရှိသွားလေ၏။

အထက် ကောင်းကင်တို့၌ တည်ရှိကြကုန်သော မိုဃ်းတိမ်တို့သည်၎င်း၊ နေ လ နက္ခတ် တာရာ အပေါင်းတို့သည်၎င်း၊ ကောင်းကင်ဘုံကြီးတို့သည်၎င်း၊ မြေအပြင်မှ အထက်ကောင်းကင်နှင့်အပြည့်ရှိနေသော လေအထုကြီးမှာ တည်ကြကုန်သကဲ့သို့ အောက်ကမ္ဘာ ရေကြီးသည် ပြင်းထန်စွာသွားလာ၍ နေသော လေရှင်အထုကြီးမှာတည်ရလေ၏။ ထိုလေအထုကြီးသည်လည်း အောက်အနန္တကောင်းကင်ကြီးနှင့်အပြည့်ရှိနေသော ပကတိ လေသေအထုကြီးမှာ တည်လေ၏။ ။စကြဝဠာတို့၏အထက်၌လည်း အဇဋာကာသ အနန္တကောင်းကင်ကြီးအဆုံးမရှိသွားလေ၏။

**အထက်ဆုံးဘုံနှင့်လူ့ဘုံအကွာအဝေး**...လူ့ပြည်မှ အထက် အရပ် မျက်နှာ၌ ယူဇနာပေါင်း ခုနစ်ကုဋေ တသန်း ရှစ်သိန်း ငါးသောင်း ခြောက်ထောင်မျှဝေးကွာသော ကောင်းကင်အရပ်၌ ဘဝဂ်ဘုံတည်ရှိ၏။ ထိုဘုံမှအောက်ကောင်းကင်အပြင်ကြီး၌ နတ်ဘုံ အဆင့်ဆင့်ဗြဟ္မာ့ဘုံအဆင့်ဆင့်ဟူသော ကောင်းကင်ဘုံကြီး ကောင်းကင်နိုင်ငံကြီးတို့သည် အဆင့်ဆင့်တည်ရှိကြကုန်၏။

**ဩကာသလောက တည်နေချိန်**......ဤဩကာသ လောကသည် အဘယ် မျှ ကာလကြာမြင့်စွာ တည်နေပါသနည်းဟူမူ မြန်မာတိုင်းအားဖြင့် တ

www.dhammaransi.com



တိုင်ခွဲနှင့်တာ ပေါင်းတရာကို တဂါဝုတ်ခေါ်၏။ အလျားတဂါဝုတ် အနံတဂါဝုတ် အမြင့်တဂါဝုတ်ရှိသော တခဲနက် ကျောက်အတိ ပြီးသော တောင်ကြီး တခုရှိရာ၏။ ထိုတောင်ကြီးကို အလွန်သိမ် မွေ့လှစွာသော လဲဝါဝွမ်းဖြင့် အနှစ် တရာမှတခါ အနှစ်တရာမှ တခါ ပွတ်တိုက်သည်ရှိသော် ပွတ်တိုက်ဖန် အနန္တအများကြီး များလှသဖြင့် ထိုကျောက်တောင်ကြီးသည် ကုန်လေရာ၏။

ဤမဟာပထဝီ မြင်းမိုရ်တို့ ယခုတည်ရှိကြသော ဩကာသ လောက၏ အသက်သည် မကုန်နိုင်ရာ။ ။တကြိမ် တည်ထောင် ပြီးသော မဟာပထဝီ မြင်းမိုရ်အစရှိသော ဩကာသလောက သည် ဤမျှလောက် ကာလကြာမြင့်စွာတည်ရှိ၏။

ပျက်သောအခါ၌ စကြဝဠာပေါင်းကုဋေတသိန်း တပြိုင်နက် ပျက်၏။ ။စကြဝဠာတို့ကို ခံသောကမ္ဘာရေပြင်ကြီးမှအထက် ပဋ္ဌမဈာန် ဗြဟ္မာ့ပြည်တိုင်အောင် အကုန်မီးလောင်၏။ ပဋ္ဌမဈာန် ဗြဟ္မာ့ပြည်လည်းပါလေ၏။

ဤကား ကမ္ဘာတည်ချက်, ကမ္ဘာပျက်ချက်, အမြွက်စကားတည်း။

---

## ကမ္ဘာကပ် ၄-ပါး

**ကမ္ဘာအကြောင်း**……ယခုအခါ အကျယ်ပြဆိုအံ့။ ။ကပ် သည် သံဝဋ္ဋကပ်, သံဝဋ္ဋဋ္ဌာယီကပ်, ဝိဝဋ္ဋကပ်, ဝိဝဋ္ဋဋ္ဌာယီကပ်ဟူ၍လေးကပ်ရှိ၏။ ထိုလေးကပ်တို့တွင် ပျက်ဆဲသည် သံဝဋ္ဋကပ်မည်၏။တစုံတခု ဖြစ်ပေါ်မှု မရှိသေးဘဲ ပျက်ပြီးအတိုင်း ရှိနေသေးသော ကာလသည် သံဝဋ္ဋဋ္ဌာယီကပ် မည်၏။ တည်ထောင်ဆဲ ကာလသည် ဝိဝဋ္ဋကပ် မည်၏။ တည် ထောင်ပြီးအတိုင်း တည်သော ကာလသည် ဝိဝဋ္ဋဋ္ဌာယီကပ် မည် ၏။ထိုလေးကပ်လုံးသည် ကျောက်တောင်ကြီး ဥပမာနှင့် အမျှစီ ကာလ ရှည်ကြာကြ၏။ ကပ်လေးပါးအပေါင်းကို မဟာကပ်ကြီး

www.dhammaransi.com



တခု ဆို၏။ ထိုကပ် လေးပါးကို အစဉ်အတိုင်း ပြဆိုပေအံ့။ ။ စကြဝဠာပေါင်း ကုဋေတသိန်းစီ အရေအတွက် ရှိကြသော ထိုဩကာသလောကရသည်ဖြစ်ချိန် ပျက်ချိန် ကျသော အခါ အဘယ်ခါတ်၏အစွမ်းဖြင့် ဖြစ်ပေါ်လာသနည်း။ အဘယ်ခါတ်၏ အစွမ်းဖြင့် ပျက်ဆုံးပါသနည်း။ ။ဥတုခေါ်သော မီးခါတ်ကြီး၏ အစွမ်းဖြင့် ဖြစ်ပေါ်သည်။ ဥတုခေါ်သော မီးခါတ်ကြီး အစွမ်းဖြင့် ပျက်ဆုံးသည်။ ။ပျက်ဆုံးပုံကိုရှေးဦးစွာ ပြဦးအံ့။ ။ယခုတည်ရှိသော ဤကမ္ဘာသည် ကျောက်တောင်ကြီး ဥပမာအတိုင်း နှစ်အသင်္ချေ နှစ်အသင်္ချေပေါင်း မရေ မတွက်နိုင် ကြာညောင်းလတ်သော် ကမ္ဘာမီးကြီးလောင်၍ပျက်လတ္တံ့။

---

## သံဝဋ္ဋကပ်

**ကမ္ဘာပျက်ခြင်းအကြောင်း**……ပျက်ဆုံး ပုံကား ယခုရှိကြသော မဟာပထဝီ မြေကြီး

စကြဝဠာတောင် သတ္တရဘန်တောင် မြင်းမိုရ်တောင် အလုံးစုံတို့သည် အစဉ်အတိုင်း အိုမှုန်းမသိအို ရင့်မှုန်းမသိရင့်ဖန်များလတ်သော် အခွံခါတ်မျိုး အကာခါတ်မျိုး အဆင့်ဆင့်တို့သည် တဖြေးတဖြေး ကုန်ခန်းကြကုန်လတ္တံ့၊ အနှစ်ခါတ်မျိုးတို့သည်သာ ကျန်ရှိကြကုန်လတ္တံ့၊ အနှစ်ခါတ်မျိုးတို့မှာလည်း ညံ့ဖျင်းရာညံ့ဖျင်းရာတို့က ကုန်ခန်းဖန်များလတ်သော် အသားမှအနှစ် အနှစ်မှအဆီမျိုးတို့သာ ကျန်ရှိကြကုန်လတ္တံ့။ ထိုအခါ၌ မဟာပထဝီ စသည်တို့သည် ဆီဦးခဲ ထေါပတ်ခဲ ယမ်းဆီခဲ ကန့်ခဲ ကန့်ဆီခဲ တို့ကဲ့သို့ မီးထည့်လျှင် တောက်ဘို့ရန် မြေဆီ,မြေနှစ် ကျောက်ဆီ,ကျောက် နှစ်တို့သာ ကျန်ရှိကြကုန်လတ္တံ့။ ထိုကြောင့် ဆီ ထေါပတ်တို့ကို လောင်သောမီးနှင့် ဥပမာ ပြတော်မူ၏။ ဤကဲ့သို့ နှစ်ကာလ အလွန်ကြာညောင်းသဖြင့် အိုမင်း ရင့်ဆွေးရခြင်း စသည်အတိုင်း ကုန်ခန်းရခြင်းအမှုသည် ဘယ်သူတဦးတယောက်မျှ ဖန်ဆင်းရသော အမှုမျိုးမဟုတ်၊ အိုမင်း ရင့်ဆွေးအောင် ပြုလုပ်သူ မရှိလျှင် မအို

www.dhammaransi.com



နိုင် မရင့်နိုင်ဟူ၍ပင်မရှိ။ "ဓမ္မနိယာမ"အားဖြင့် တလောကလုံး သိမြင်ထင်ရှား၍ နေကြသော ဓမ္မတာမှုကြီးပေတည်း။

**ကမ္ဘာပျက်ပုံ**……ဤကဲ့သို့ မဟာပထဝီ, စကြဝဠာ တောင်, သတ္တရဘန်တောင်, မြင်းမိုရ်တောင်တို့ အို မင်းရင့်ဆွေးခြင်းသို့ရောက်ကြကုန်သောအခါ ကမ္ဘာပျက် မီးကြီး ဖြစ်ပေါ် လိုလတ်သော် ကမ္ဘာပေါ်မှာ မိုးသည်းကြီး ကြီးစွာတကြိမ် ရွာ၏။ ကမ္ဘာပျက် မိုးသည်းကြီးခေါ်၏၊ ထိုမှနောက်၌ မိုးသည်းမရွာပြီ။ အနှစ်တသိန်းခန့် ရှိလတ်သော် ကောင်းကင်၌ နေမိမာန် အများ ပွါးစီး၍ လာ၏။ နေမိမာန် ခုနစ်ခု တိုင်အောင် အစဉ်အားဖြင့် တိုးပွါး လေ၏။ စကြဝဠာ ကုဋေတသိန်းမှာ နေမိမာန်ပေါင်း ကုဋေခုနစ်သိန်းဖြစ်လာ၏။ ဤသို့ ဖြစ်ပေါ် လာရာ၌လည်း ဤမျှ လောကကြီးကျယ်၍ ဤမျှလောက် ကြာညောင်းစွာ တည်ရှိသော ဓာတ်အသိုက် အအုံကြီး၌ ဓာတ်တို့၏ အကြီးအကျယ် အဆန်း တကြယ် ဖောက်ပြန်ဘွယ် အခွင့်ကြီးတို့သည် အသိုက် အအုံ ကြီးကျယ် ကြာညောင်းမှုနှင့်ပင် ပြီးစီးနိုင်ကုန်၏။ နေမိမာန်ပေါင်း များစွာ ကမ္ဘာပျက်မီးကြီးဖြစ်ပေါ် လိုလျှင် ဖြစ်ပေါ်နိုင်၏။ ကမ္ဘာ ပျက်ရေကြီး ဖြစ်ပေါ် လိုလျှင် ဖြစ်ပေါ် နိုင်၏။ကမ္ဘာပျက်လေကြီး ဖြစ်ပေါ်လိုလျှင် ဖြစ်ပေါ်နိုင်၏။ ။ဖန်ဆင်းသူကို ရှာကြံဘွယ် မရှိ။ ဉာဏ်မနိုင် ရှိခဲ့လျှင် ဖန်ဆင်းသူကို တွေးယူတတ်ကြ၏။

**စကြဝဠာကုဋေတသိန်း**……အနောက်နိုင်ငံများမှာ ရံခါရံခါ မီးတောင် ပေါက်မှု, မိုးသည်းကြီး ကြီးစွာရွာ၍ မြို့ရွာအများပျက်ပြားမှု,ပင်လယ်ရေလွှမ်း၍ မြို့ရွာအများပျက်ပြားမှု,လေကြီး ကြီးစွာလာ၍ မြို့ရွာအများ ပျက်ပြားမှု တို့ကဲ့သို့တည်း။ ။ဤနေမိမာန် ခုနစ်စင်းထွက်၍ ကမ္ဘာပျက်မီး လောင်ပုံကို**အင်္ဂုတ္တိုရ်ပါဠိတော်**မှာ ငါတို့ မြတ်စွာဘုရား ဟော ကြားတော်မူသောပါဠိတော်ကြီးရှိလေပြီ။

အင်္ဂုတ္တိုရ်ပါဠိတော်ဒုတိယအုပ်သတ္တနိပါတ်နံပါတ်(၄၀)မှာကြည့်လေ။

www.dhammaransi.com



ကမ္ဘာပျက်မီးကြီးလောင်ရာ၌ စကြာဝဠာပေါင်း ကုဋေတသိန်း ပါဝင်၏။အောက်၌ ကမ္ဘာကိုခံသော ရေနယ်ကိုချန်လှပ်၍ ယူဇနာနှစ်သိန်းလေးသောင်းအထုရှိသော ပံသုသေလာ မဟာပထဝီမြေကြီး စကြာဝဠာတောင်ကြီး သတ္တရဘန် တောင်ရံ ခုနစ်ထပ်တို့နှင့်တကွမြင်းမိုရ်တောင်ကြီးပေါင်း ကုဋေတသိန်း ကုန်လေ၏။ဤလူ့ပြည်မှ ယူဇနာပေါင်း လေးသိန်းကျော် မြင့်ကွာသောပဌမဈာန်ဗြဟ္မာ့ဘုံကြီးတိုင်အောင် ကမ္ဘာမီးသိမ်းယူ လေ၏။ ထိုနယ်ခေတ်အတွင်းမှာ မီးစာဟူ၍ အဏုမြူမျှ အကျန်မရှိမှ မီးခဲ မီးတောက် အကုန်ကွယ်ငြိမ်းလေ၏။ မီး၏ အခိုက်အတန့်သည်အနု, အရင့်,အလျှံဟူ၍ သုံးမျိုးရှိ၏။ ဥတုအခိုက်အတန့်, မီးခဲအခိုက် အတန့်,မီးတောက် မီးလျှံ အခိုက်အတန့်ဟူ၍ သုံးမျိုး ရှိ၏ဟု ဆိုလိုသည်။ ။ထိုသုံးမျိုးတို့တွင် မီးစာဝတ္ထု၌ ရိုးရိုးရဲရဲ မစွဲမိတည်ရှိသော ဥတုခေါ်သော မီးမျိုးစေ့ရသည် အနု မည်၏။ မီးစာဝတ္ထု၌ ရိုးရိုးရဲရဲ စွဲသော မီးခဲသည် အရင့် မည်၏။ တောက်၍ထသော မီးတောက်သည် အလျှံမည်၏။ ။မီးစာဟူ၍မုန်ညင်းစေ့မျှအကြွင်းအကျန်မရှိသော အခါ မီးခဲ မီးလျှံတို့သည် အကြွင်းအကျန်မရှိ ကွယ်ငြိမ်းကုန်၏။ ။ဥတုခေါ်သော ဓာတ်နုတို့သည် သာလျှင် မီးလောင်ရာ နယ်တခွင်၌ ကောင်းကင်နှင့်အပြည့်ကျန်ရှိလေ၏။ကျောက်တောင်ကြီးဥပမာမျှ ကြာလေ၏။

သံဝဋ္ဋကပ်ပြီး၏။

---

## သံဝဋ္ဋဋ္ဌာယီကပ်

**မီးလောင်ပြီးစ ထိုကာလ**……မီးလောင်ရာ နယ်တခွင်မှာ ကောင်းကင်နှင့် အပြည့် ကျန်ရှိကြကုန်သော ဥတုမျိုးစေ့တို့သည် အထူးထူး အပြားပြား များကုန်၏။အောက် သိလာပထဝီကို လောင်သော မီးတို့မှ ကျန်ရှိကြကုန်သော ဥတုတို့သည် နောင်ထိုနေရာမှာ သိလာပထဝီ ဖြစ်

www.dhammaransi.com



ပေါ်နိုင်ရန် သိလာပထဝီမျိုး အနေနှင့် ကျန်ရှိကြကုန်၏။ ။ ထိုအတူ စကြဝဠာတောင်ကို လောင်သောမီး သတ္တရဘန်တောင်တို့ကို လောင်သောမီး မြင်းမိုရ်တောင်ကို လောင်သော မီးတို့မှ ကျန်ရှိကြကုန်သော ဥတုတို့သည်လည်း နောင် ထိုထို နေရာတို့မှာ စကြဝဠာတောင် စသည်ဖြစ်ပေါ်နိုင်ကြရန် ကျောက်ပထဝီမျိုး အနေနှင့် ကျန်ရှိကုန်၏။ ပံသုပထဝီ တည်ရာ၌ ပံသုပထဝီမျိုး အနေနှင့် ကျန်ရှိကုန်၏။ နေ, လ, နက္ခတ် တာရာတို့ကို လောင်သောမီး ထိုထိုနတ်ဘုံ, ဗြဟ္မာ့ဘုံတို့ကို လောင်သောမီးတို့မှ ကျန်ရှိကြကုန်သော ဥတုတို့ သည်လည်း ထိုအတူပင်တည်း။ ။မီးလောင်ရာ နယ်တခွင်မှာ ကောင်းကင်နှင့်အပြည့် ကျန်ရှိကြကုန်သော ဥတုတို့သည် တဖြေးဖြေး ပွါးစီးကြကုန်၍ ကာလကြာမြင့်လတ်သော် မိုဃ်းတိမ်,မိုဃ်းခါတ်,မိုဃ်းဥတု,မိုဃ်းရာသီ အဖြစ်သို့ ရောက်၍ တည်ကြကုန်၏။ ကျောက်တောင်ကြီး ဥပမာ တခုစာ ကြာမြင့်လေ၏။

သံဝဋ္ဋဋ္ဌာယီကပ်ပြီး၏။

---

## ဝိဝဋ္ဋကပ်

**စ၍ဖြစ်လာ ထိုကမ္ဘာ**……ကမ္ဘာတည်ထောင်ခြင်း ဟူသော "ဝိဝဋ္ဋကပ်" ပေါ်လိုလတ်သော် မိုဃ်းတိမ်, မိုဃ်းခါတ်, မိုဃ်းဥတု, မိုဃ်းရာသီ အနေနှင့် တည်ရှိကြကုန်သော ထိုဥတုတို့မှ ရှေးဦးစွာ မိုဃ်းသေး, မိုဃ်းဖွဲ တို့သည် ရွာကုန်၏။ ထိုအခါ၌ လေတို့သည် သံဝဋ္ဋဋ္ဌာယီကပ် ထက်ဝက်ခန့် ကာလမှ နောက်၌ ပူရှိန်, ပူငွေ့ အသျှင်း မတွေ့ကြရကုန်သဖြင့် အလွန်ထက်အလွန် အေးမြကြကုန်၏။ ထိုလေတို့နှင့် တွေ့ထိကြကုန်သော မိုဃ်းရေ,မိုဃ်းခါတ်တို့သည် များသောအားဖြင့် မိုဃ်းသီး,မိုဃ်းခဲတွေ ဖြစ်ကြလေကုန်၏။ တရွေ့တရွေ့ တိုးပွါးကြကုန်သဖြင့် ကာလကြာမြင့်လတ်သော် ယူဇနာတရာရှိ တထောင်ရှိ

www.dhammaransi.com



ကြီးမားစွာ ရွာကုန်၏။ ပဌမဈာန် ဗြဟ္မာ့ဘုံ တိုင်အောင် ရေခဲ မိုးသီးခဲတို့သည် ပြည့်လေကုန်၏။ စကြာဝဠာ ကုဋေတသိန်းသည် ရေခဲ မိုးသီးခဲ တပြင်ထဲ တည်ရှိလေ၏။ ထိုရေခဲတို့နှင့် ထိစပ်ကြကုန်ရာ အောက်အောက်ရေတို့သည်လည်း ခဲ၍ခဲ၍ လိုက်ကြကုန်၏။ ထိုရေတို့၏ နေရာမှ အပသို့ ထွက်ကြကုန်သော လေတို့သည် ထိုရေတို့ကို ဝန်းဝိုင်းလျက် တည်ကုန်၏။ မိုးရွာမှု ပြတ်စဲလတ်သော် ထိုရေခဲ မိုးသီးခဲတို့သည် တဖြေးဖြေး လျော့ကျ လေကုန်၏။ အောက်၌ ကမ္ဘာကိုခံရသော ရေ,လေ တို့သည် မိုးရေ မိုးသီးခဲ အားကြီးလှသောအခါ မဆောင်ကြဉ်းနိုင် ရှိကြကုန်ရာ ဗိုမိုသမျှသော မိုးရေ, မိုးသီးခဲတို့သည် အောက်ကောင်းကင်သို့ လျော့ကျလေကုန်၏။ မဟာပထဝီ တည်ရာသို့ ကျရောက်သော အခါ ကမ္ဘာကိုခံသော လေတို့သည် ဆောင်ကြဉ်း နိုင်ကြကုန်သောအခါ မိမိတို့အဟုန်ဖြင့် ပိတ်ဆို့ကုန်လျက် ရွက်ဆောင်မြဲ ရွက်ဆောင်ကြလေကုန်၏။

**ဗြဟ္မာ့ဘုံနှင့် နတ်ဘုံများ**……ထို ရေခဲပြင်ကြီးသည် အစဉ်အတိုင်း လျော့ကျလေရာ ထိုထို ဌာနများ၌ ရှိကြကုန်သော ဥတုအထူးတို့၏ အစွမ်းဖြင့် ဗြဟ္မာ့ဘုံ နေရာ၌ ဗြဟ္မာ့ဘုံဖြစ်၍ လာကုန်၏။ နတ်ဘုံနေရာ၌ နတ်ဘုံဖြစ်၍ လာကုန်၏။ မြင်းမိုရ်တောင်နေရာ၌ မြင်းမိုရ်တောင်ဖြစ်၍လာကုန်၏။ စကြာဝဠာတောင်နေရာ၌ စကြာဝဠာတောင်ဖြစ်၍ လာကုန်၏။ သတ္တရဘာန်တောင်တို့၏ နေရာ၌ သတ္တရဘာန်တောင်တို့သည် ဖြစ်၍လာကုန်၏။ ပံသုပထဝီနေရာ၌ ပံသုပထဝီ ဖြစ်၍လာ၏။ သိလာပထဝီနေရာ၌ သိလာပထဝီ ဖြစ်၍လာ၏။ သီဒါသမုဒ္ဒရာတို့ နေရာ၌ သီဒါ သမုဒ္ဒရာတို့သည် ဖြစ်၍ လာကုန်၏။ နေ, လ, နက္ခတ် တာရာတို့သည်မူကား နှင်းမြူ, နှင်းခိုးတို့ ဖုံးအုပ်လျက် ရှိနေကြကုန်၏။ နေ, လ, နက္ခတ်, တာရာ, ဘုံဗိမာန်ဖြစ်၍နေကြကုန်၏။ နေ, လ, နက္ခတ်, တာရာ, ဘုံဗိမာန်ဖြစ်၍ နေကြ ကုန်သော ရွှေ,ငွေ

www.dhammaransi.com



ရတနာတို့သည် အလွန်ပေါကြကုန်၏။ မြေမှအထက်ကောင်းကင် တခွင်လုံးတို့၌ မလှုပ်မရှား တည်နေသော လေသေ, လေထုကြီး သည် ခံလေ၏။ အတွင်း၌ ဌက်တို့သည် ထိုလေသေတို့ကို မှီ၍ ဆောင်၍ ကောင်းကင်၌ ပျံကြရကုန်၏။

**ကပ်ဦးသားတို့ဖြစ်ပေါ်** ...မြင်းမိုရ်တောင် သတ္တရဘန်တောင် တို့မှ အပသို့ ထွက်သော လေရှင် တို့နှင့် အပ၌ စကြဝဠာ တောင်ပိုင်းကြီးမှ အတွင်းသို့ ထွက်သော လေရှင်တို့သည်တိုက်ဆိုင်ကြကုန်ရာမြင်းမိုရ်တောင်ကိုမဏ္ဍိုင်ပြု၍ စကြဝဠာတောင်ပိုင်းကြီးအလိုက် ပတ်ပိုက်တုန်လျှင်းအဟုန်ပြင်း စွာ လက်ျာရစ် လှည့်လည်၍နေသော လေဗွေဝဲကြီး လေဗွေဝန်း ကြီး လေဗွေစက်ပိုင်းကြီးသည်ရှိ၏။ ထိုလေဗွေဝန်းကြီးသည် နေ, လ, နက္ခတ်, တာရာ တို့ကို အမြဲတွန်းဆောင် လှည့်နေလေ၏။ ဘုံ ဗိမာန် အပေါ် အလေးသို့ လိုက်၍ အမြန် အနှေး အပြေးအသွား ခြားနားလျက်ရှိကြကုန်၏။ အထက်ဗြဟ္မာ့ပြည်မှစုတေ၍ ဥပပါတ် သန္ဓေဖြင့် မြေပေါ်မိခင် ရေအပြင်ကြီး၏ အထက်မှ ကျရောက် ပေါ်ပေါက်လာကြကုန်သော ဗြဟ္မာလားတူ ကပ်ဦးသူတို့လည်း မိမိတို့ကိုယ်ရောင် ကိုယ်ဝါတို့ဖြင့် ကောင်းကင်အပြင်မှာ သွား လာ ရပ်တိုင်၍နေကြကုန်ရာ ကာလကြာက မြေအစတွင်ရေအပြင် မှာ ဖြစ်ပေါ်လာသော မြေလွှာ မြေဆီများကို စားသုံးကြကုန်၍ ကိုယ်ရောင်ကိုယ်ဝါ ကွယ်ပျောက် မှောင်ကြီးရောက်ခါမှ နေနှင့် လကို တသကြကုန်ရာ နေလ နက္ခတ်တာရာတို့သည် ထိုအခါ မှ ထင်လင်းစွာပေါ်လာကြလေကုန်သတည်း။

**ရေခဲတွေ့သာ**......ဤဝိဝဋ္ဋကပ် စကားရပ်၌ အလွန်ထက် အလွန် အေးမြလှကုန်သော လေတို့၏ တွေ့ထိမှုကြောင့် ကမ္ဘာမိုးယံ, ကမ္ဘာ့ရေတို့ အခဲအပြင်တွေ ဖြစ် ကြကုန်သည်ဟူရာ၌ ကမ္ဘာပေါ်မှာ ကျချသော [illegible]တို့၌ မိုးယံ သိုးမိုးယံ ကြီးစွာရွာ၍ လူသူ ကွဲ [illegible] များပင် ပျက်စီးကြောင်း,

www.dhammaransi.com



အိမ်ရော တိုက်တာများ ပြိုပျက်ကြောင်း, ဆောင်းရာသီ အခါတွင် ဟိမဝန္တာ တောတောင်များမှာ ကောင်းကင်မှ ကျလာသော ဆီးနှင်းတို့သည် မြေသို့ရောက်၍ အလွန်အေးမြသော လေတို့နှင့် တွေ့ကြရာ ဆီးနှင်းခဲတွေ တောင်ရှိ ကမ်းရှိ ဖြစ်ကြကြောင်း, ဇမ္ဗူဒီပါ၏ မြောက်အရပ်မျက်နှာတို့၌ ဆောင်းရာသီအခါ အေးမြလှစွာသော ဓာတ်တို့၏တွေ့ထိမှုကြောင့် သမုဒ္ဒရာပင်လယ်ရေနယ်တွင် ခဲပျဉ်၍နေသောကြောင့် လှေ မီးသင်္ဘောများ မသွားမလာနိုင်ရှိနေကြကြောင်း, မြောက်အရပ်ဒေသရုရှနိုင်ငံရှိ မြစ်ကြီး မြစ်ငယ်တို့မှာလည်း ထို့အတူ ဆောင်းရာသီ၌ မြစ်ရေ, ချောင်းရေ ခဲပျဉ်၍နေသောကြောင့် လှေ မီးသင်္ဘောများ မသွားနိုင် မလာနိုင်ရှိနေကြောင်း, ဆောင်းရာသီအခါ၌ ငါတို့နိုင်ငံတွင် မိုးယံကုတ် မိုးစံမိတ်စသော ရှမ်းပြည် နယ်ပယ်များမှာလည်း ဆီးနှင်းခဲမှု ထင်ရှားရှိနေကြောင်းများကို မြွက်ထောက်ကြလေ။ ရေခဲပြုလုပ်သော ပညာရှိကြီးမျာ နှင့်လည်း ညှိနှိုင်းကြလေ။

ယခုပြဆိုခဲ့သော ဆီးနှင်းခဲ,ရေခဲတို့မှာမူကား နေပူ,လေပူတို့နှင့် တွေ့ထိမှုရှိနေသောကြောင့် မကြာမီအရေဖြစ်မြဲဖြစ်၍သွားကုန်၏။ ။ကမ္ဘာရေပြင် ကမ္ဘာ့ရေခဲတို့မှာ မူကား သံဝဋ္ဋဋ္ဌာယီ နောက်ပိုင်းမှစ၍ ဝိဝဋ္ဋကပ်ပတ်လုံး နေပူ, လေပူဟူ၍ မတွေ့မသိကြသဖြင့် အရေဖြစ်ရန် အရေးနှင့် အဝေးကြီး ဝေးကြလျက် ခက်မာသည်ထက် ခက်မာဘက်သို့သာ ရောက်ကြလေကုန်၏။

ဝိဝဋ္ဋကပ်ပြီး၏။

---

## ဝိဝဋ္ဋဋ္ဌာယီကပ်

**အန္တရကပ်မှာတယူဇနာ**…ဤသို့မြင်းမိုရ်,စကြဝဠာ စသည်တို့ တည်ထောင်၍ ပြည့်ရုံကြသော အခါမှစ၍ တဖန်ဤကမ္ဘာကြီး ပျက်စီးပြန်ရန် ကမ္ဘာပျက်မိုးကြီး ရွာသည် တိုင်အောင် ဩကာသ လောကကြီးသည်

www.dhammaransi.com



ကျောက်တောင်ကြီး ဥပမာ တခုစာမျှ အခွန့်ရှည်ကြာစွာ တည်လေ၏။ **အနမတဂ္ဂသံယုတ် ဝေပုလ္လသုတ်ပါဠိတော်၌** "ဤကမ္ဘာတွင်ပွင့်ကြကုန်သော ဘုရားငါးဆူတို့တွင် တဆူနှင့်တဆူအကြားမှာ ဤမဟာပထဝီ မြေကြီးသည် တယူဇနာခန့် တယူဇနာခန့် တိုးတက်၏။ ဝေပုလ္လတောင်သည် တယူဇနာခန့် တယူဇနာခန့် မြေထဲသို့ မြုပ်လေ၏" ဟူ၍ ဟောတော်မူသောကြောင့် ပံသုပထဝီ မြေကြီးသည် အန္တရကပ် တကပ် တကပ် အတွင်းမှာ တယူဇနာ တယူဇနာ တက်မြဲဟု သိအပ်၏။ ။အန္တရကပ် ဆိုသည်ကား ကမ္ဘာဦးအခါ၌ လူတို့၏အသက်တမ်းသည် အသင်္ချေ တမ်းဖြစ်၏။ လူတို့သည် နှစ်ပေါင်း အသင်္ချေ အသက် ရှည်ကြကုန်၏။ ။အသင်္ချေတမ်းမှ တရွေ့ တရွေ့ ဆုတ်ယုတ် လေရာ ဆယ်နှစ်တမ်းသို့ ဆိုက်၏။ဆယ်နှစ်တမ်းမှ တရွေ့ တရွေ့ တက်ပြန်ရာ အသင်္ချေတမ်းသို့ ရောက်ပြန်၏။ ဤသို့ အသင်္ချေတမ်းမှ ဆုတ်၍ တဖန် အသင်္ချေတမ်းသို့ ရောက်ပြန်သော ကာလသည် အန္တရကပ် တကပ်မည်၏။

**ဘုရားပွင့်သည့်ကပ်**......ယခု တည်ရှိသော ဤဝိဝဋ္ဋဋ္ဌာယီကပ်သည် အန္တရ ကပ်ပေါင်း ၆၄ ပြန် တည်နေ၏။ ။ကမ္ဘာဦးပဌမ အန္တရကပ်၌ ကကုသန် ဘုရား ပွင့်တော်မူ၏။ ဒုတိယအန္တရကပ်၌ ကောဏာဂုံ ဘုရား ပွင့်တော်မူ၏။ တတိယ အန္တရကပ်၌ ကဿပဘုရား ပွင့်တော်မူ၏။ စတုတ္ထ အန္တရကပ်၌ ငါတို့သခင် အရှင်ဂေါတမ ဘုရား ပွင့်တော်မူ၏။ နောက် ပဉ္စမ အန္တရကပ်၌ မေတ္တေယျဘုရား ပွင့်တော်မူလတ္တံ့။ နောက်၌ အန္တရကပ်ပေါင်း ၅၉ ကျန်ရှိ၏။ ဘုရား ပွင့်မှုမရှိလေပြီ။

ဝိဝဋ္ဋဋ္ဌာယီကပ်ပြီး၏။

www.dhammaransi.com



## ဩကာသလောက

**ဖန်ဆင်းသူ ရှာဘွယ်မလို**...ဝိဝဋ္ဋဋ္ဌာယိ၌ ဤမျှလောက် ကြီး ကျယ်စွာတည်ရှိမှုသည် နောက် ကမ္ဘာပျက်မိုး ကြီးကျယ်စွာပေါ် လာဘို့ဖြစ်၏။ ကမ္ဘာပျက်မိုးပေါ် လာရန် ဖန်ဆင်းသူကို ရှာကြံဘွယ်မရှိ၊ ကမ္ဘာပျက်မိုး ကြီးကျယ်စွာ လောင်မှုသည် နောက်ကမ္ဘာသစ် တည်ထောင်ရန် ဥတုအာ သိုက်အအုံကြီးကျယ်စွာ ပေါ် လာဘို့ဖြစ်၏။ ။ဥတု အသိုက်အအုံ ပေါ် လာရန် ဖန်ဆင်းသူကို ရှာကြံဘွယ်မရှိ။ ။ဥတုအသိုက်အအုံ ကြီးကျယ်မှုသည် ကမ္ဘာပြုမိုးကြီး ကြီးကျယ်စွာ ပေါ်လာဘို့ ဖြစ်၏။ ကမ္ဘာပြုမိုး ပေါ်လာရန် ဖန်ဆင်းသူကို ရှာကြံဘွယ် မရှိ။ ။ကမ္ဘာပြုမိုးကြီးကျယ်စွာရွာမှုသည် မဟာပထဝီမြင်း မိုရ်တောင် အစရှိသော ဩကာသလောကကြီး ဖြစ်ပေါ် ဘို့ဖြစ်၏။

**ထာဝရဘုရားပင်မတတ်နိုင်** .... ဤ ဩကာသလောက ကြီး ကိုဖန်ဆင်းသူ အခြားရှာကြံ ဘွယ်မရှိ။ ။ဤဩကာသ လောကကြီး ကြီးကျယ်စွာ တည်မှု သည်ကမ္ဘာမိုးကြီး ကြီးကျယ်စွာ လောင်ဘို့ဖြစ်၏။ ဤသို့လျှင် ဖန်ဆင်းသူကို ရှာကြံဘွယ် ကိစ္စ မရှိသည့်ပြင် ထာဝရဘုရား ပေါင်း တသောင်းအား တသိန်းအားနှင့်ပင် တားဆီး နိုင်ခွင့်မရ အောင် ကြီးကျယ်လှသော "ဓမ္မနိယာမ" ၏ အစွမ်း အားဖြင့် ရှေး၌လည်း အစမရှိ။ နောက်၌လည်း အဆုံးမရှိ။ အနမတဂ္ဂ သံသရာ ကမ္ဘာ အဆက်ဆက်ကြီးဖြစ်လေသတည်း။

ဩကာသလောကကြီးပြီး၏။

---

## သင်္ခါရလောက

၁—မူလဗီဇ၊ အမြစ်မျိုးစေ့။

၂—ခန္ဓဗီဇ၊ ပင်ကိုယ်မျိုးစေ့။

www.dhammaransi.com



၃–ဖလုဗီဇံ၊ အဆစ်မျိုးစေ့။
၄–အဂ္ဂဗီဇံ၊ အညွန့်မျိုးစေ့။
၅–ဗီဇဗီဇံ၊ အစေ့မျိုးစေ့။

ဟူ၍လာသော မျိုးစေ့ ငါးပါးတို့မှ ပေါက်ရောက်ကြကုန်သော သစ်ပင် ဝါးပင် အုန်းပင် ထန်းပင် ချုံပင် နွယ်ပင် မြက်ပင် ကောက်ပင် ပဲပင် အစရှိကုန်သော သင်္ခါရ လောကတို့၏ "ဗီဇ နိယာမ, ဥတုနိယာမ" ၂-ပါးတို့ကြောင့် ဖြစ်ပွါးပုံကိုပြဆိုပေအံ့။

**သရက်မျိုးစေ့**……ဗီဇဆိုသည်ကား လောက ဝေါဟာရ အားဖြင့် ပြဆိုခဲ့ပြီးသော အမြစ်, ပင်ကိုယ်, အဆစ်,အညွန့်,အစေ့တို့ကိုဆိုသည်။

ဓာတ်တို့ကိုသာ ပြဆိုသော အဘိဓမ္မာ ဒေသနာ နည်းအားဖြင့် မူကား အမြစ်မျိုးစေ့တခုမှာ ဓာတ်ရှစ်ပါး ရှိ၏။ မြေဓာတ် တပါး, ရေဓာတ်တပါး, မီးဓာတ်တပါး, လေဓာတ်တပါး, အဆင်းဓာတ် တပါး, အနံ့ဓာတ်တပါး, ရသဓာတ်တပါး, ဩဇာဓာတ်တပါး ထိုရှစ်ပါးတို့တွင် မီးဓာတ် တပါးသည်သာလျှင် အပင်အညွှာက် တို့ကို ပေါက်ရောက်စေတတ်သည်ဖြစ်၍ မျိုးစေ့ အမှန် ဖြစ်၏။ ကြွင်းကျန်သော ဓာတ်ခုနစ်ပါးတို့သည် အပင်အညွှာက် တို့ကို ပေါက်ရောက် စေတတ်သော သတ္တိ မရှိကြကုန် သောကြောင့် မျိုးစေ့ဓာတ်မဟုတ်ကြကုန်၊ မျိုးစေ့ဓာတ်၏ အဆောက်အဦ အခြံ အရံမျှဖြစ်ကြကုန်၏။ ပင်ကိုယ်မျိုးစေ့, အဆစ်မျိုးစေ့, အညွန့်မျိုး စေ့,အစေ့မျိုးစေ့တို့၌လည်း ထို့အတူ သရက်ပင်သည် ဘယ်မှ ဖြစ်သနည်း–မေး။ ။ဓာတ်အပြား ဓမ္မအပြားတို့ကို မသိကြကုန် သော လူအများတို့ အလိုအားဖြင့် သရက်ပင်သည် သရက်စေ့မှ ဖြစ်သည်–ဟူ၍ဖြေ။

အဘိဓမ္မာဓာတ် ပညာကို တတ်ကြကုန်သော သူတို့၏ အလို အားဖြင့် သရက်ပင်သည် သရက်စေ့၌ တည်ရှိသော ဥတုခေါ်

www.dhammaransi.com



သော တေဇောဓာတ်မှ ဖြစ်သည်--ဟု ဖြေ။ ။လောကီသား လူအများတို့သည် အဘိဓမ္မာဓာတ်ပညာ အမျိုးတို့ကို မတတ်ကြကုန်။ ဓမ္မအပြားဓာတ်အပြားတို့ကို မသိကြကုန်။ မိမိတို့မျက်စိမှာ ထင်မြင်တိုင်းကိုသာ ပြောဆိုမှတ်သားကြကုန်၏။ ။**"အက်ဖ္ အော့ဘီအော"** စသော အနောက်နိုင်ငံဖြစ် ဓာတ်ခွဲကျမ်းများ ငါတို့ဗုဒ္ဓဘာသာ၌ **"အဘိဓမ္မာ"**ဓာတ်ခွဲ ကျမ်းစာများကို တတ်ကျွမ်း လိမ္မာသူတို့မှသာ တချသော သရက်စေ့အတွင်းမှာ ဓာတ်ပေါင်းမည်မျှ ဓမ္မပေါင်းမည်မျှ ရှိသည်ဟုသိနိုင်ကြကုန်၏။

**သရက်မျိုးစေ့ဓာတ်ခွဲ**……သရက်စေ့၌ ဓာတ်ခွဲပုံကား။ ။အဖတ်သဘောသည် မြေဓာတ်မျိုးဖြစ်၏။ အရည်သဘောသည်ရေဓာတ်မျိုးဖြစ်၏။ပူမှု နွေးမှု အေးမှု သဘောသည် မီးဓာတ်မျိုးဖြစ်၏။ ပွရွမှုသဘောသည် လေဓာတ်မျိုးဖြစ်၏၊ အဆင်းသည် ဝဏ္ဏဓာတ်မည်၏။ အနံ့သည် ဂန္ဓဓာတ်မည်၏။ အရသာသည် ရသဓာတ်မည်၏။ အဆီ အစေးသည် ဩဇာဓာတ်မည်၏။ ။ဓာတ် ရှစ်ပါးကို ဉာဏ်ဖြင့် အသီးအသီး ထုတ်ယူခွဲသော် သရက်စေ့ဟူ၍ပင် မရှိပြီ။ ထို့အတူ သရက်ပင်တို့ကိုလည်း ဓာတ်ရှစ်ပါး ခွဲနည်းနှင့် ဖျက်ဆီး၍ ရှုလိုက်လျှင် သရက်ပင် ဟူ၍ မရှိကြကုန်။ ဓာတ်တုံး ဓာတ်ခဲ တို့သာ ဖြစ်၍နေကုန်၏။

ခပ်သိမ်းသောမျိုးစေ့ ခပ်သိမ်းသော သစ်ပင် တို့မှာလည်း ဤနည်းအတူ သိလေ။

ဓာတ်ပညာ ဓာတ်မျက်စိ မရှိကြကုန်သော သူတို့၏အလိုအားဖြင့် သရက်ပင်သည် သရက်စေ့မှ ဖြစ်သည်ဟူ၍ ဖြေဆိုခဲ့သော် ယခုရှိနေကြသော နောက်ဖြစ်သရက်ပင်တို့မှာ သရက်စေ့ကဖြစ်သည်ဆိုနိုင်၏။ ကမ္ဘာဦး၌ အစဆုံး သရက်ပင်ကို သရက်စေ့မှ ဖြစ်သည်ဟု မဆိုနိုင်။ ။အဘယ်ကြောင့်နည်း၊ ထိုအခါ၌သရက်စေ့မရှိသေးသောကြောင့်တည်း။ ။ဤအရာ၌ဓာတ်ပညာ ဓာတ်

www.dhammaransi.com



မျက်စိ မရှိကြကုန်သော သူတို့သည် မပြောတတ်ပြီဟူ၍ သော်ငင်း, ထာဝရဘုရား ဖန်ဆင်းသည် ဟူ၍သော်ငင်း ဆိုကြကုန်ရာ၏။

ခါတ်ပညာ, ခါတ်မျက်စိ ရှိကြကုန်သော သူတို့သည်မူကား ယခုရှိနေသောသရက်ပင်များသည်လည်း စင်စစ်အားဖြင့်သရက်စေ့မှဖြစ်ကြသည် မဟုတ်၊ သရက်စေ့၌ ခါတ်ရှစ်ပါး ရှိသည်တွင် ဥတုဟူသော မီးခါတ်မျိုး တပါးမှ ဖြစ်ကြသည်။ ထိုမီးခါတ်မျိုးသည်လည်း ကမ္ဘာဦးအခါ၌ ကမ္ဘာ၏မျိုးစေ့ကြီးဖြစ်ကြကုန်သော ကမ္ဘာ့ဥတုတို့၏အထဲမှာ သရက်ပင်ဖြစ်ပေါ်ရန် သရက်ဥတုံမျိုး, ပိန္နဲပင်ဖြစ်ပေါ်ရန် ပိန္နဲဥတုမျိုး စသည်ဖြင့် ခပ်သိမ်းသော သစ်ပင်မျိုးဖြစ်ပေါ်ကြရန် ဥတုမျိုးအသီးအသီး ပါရှိသည်။အလွန် သိမ်မွေ့သော မီးခါတ်မျိုး အထူးဖြစ်ကြသည်။ ။စိမ်းရှင်သော သစ်ပင်တို့ကို ပေါက်ရောက် စေတတ်သောကြောင့် **ဟရိတခါတ်မီး** ဟူ၍ခေါ်ရ၏။ ထိုဟရိတခေါ်ရသော ဥတုခါတ်မီး အထူးသည် သာလျှင် သစ်ပင်တို့၏ ဗီဇအမှန် ဖြစ်သတည်း။ ။ထိုကြောင့် ထိုအခါ၌ သရက်စေ့မရှိသော်လည်း သရက်ပင် ပေါက်နိုင်၏။ ပိန္နဲစေ့ မရှိသော်လည်း ပိန္နဲပင် ပေါက်နိုင်၏။ ထိုထိုအစေ့ မရှိသော်လည်း ထိုထိုအပင် ပေါက်နိုင်၏ဟု ဖြေကြကုန်၏။

ထို**ဟရိတဗီဇ** ခေါ်ရသော ဥတုအထူး မီးခါတ်အထူး တို့သည် ကမ္ဘာဦးအခါမှ နောက်၌ မြေသြဇာ ရေသြဇာ ဆုတ်ယုတ်သည့်အခါ အချို့သော သစ်ပင်မျိုးတို့မှာ အမြစ်၌ အတည်ကျကြကုန်၏။ အချို့သော သစ်ပင်မျိုးတို့မှာ ပင်ကိုယ်၌ အတည်ကျကြကုန်၏။ အချို့သောသစ်ပင်မျိုးတို့မှာ အဆစ်၌ အတည်ကျကြ ကုန်၏။ အချို့သော သစ်ပင်မျိုးတို့မှာ အညွန့်၌ အတည်ကျကြ ကုန်၏။သရက်ပင်မျိုး ပိန္နဲပင်မျိုး စသည်တို့မှာ အစေ့၌ အတည်ကျကြကုန်၏။ ထိုကြောင့် ယခုအခါ၌ သရက်ပင် ပိန္နဲပင်တို့သည် အစေ့မှသာ ဖြစ်နိုင်ကြကုန်၏။

www.dhammaransi.com



**မီးခြစ်ဆေးခဲဥပမာ**……ဥပမာကား ရှေးအခါ တို့၌ ကန့်ကျောက်ခဲတို့ကိုခြစ်လျှင်မီးတောက် လေရာ၏။ ယခုအခါ၌မူကား ထိုဓာတ်ကျောက်တို့မှအဆိကို ထုတ်၍ ပြုလုပ်သော မီးခြစ်ဆေးခဲတို့၌ ထိုဓာတ်မီးသည် ရှမီ လုံးမိပြန်သည်ဖြစ်၍ မီးခြစ်ဆေးခဲတို့ကိုခြစ်မှ မီးတောက် လေသကဲ့သို့တည်း။ ။ဒေရက်စေ့,ပိန္နဲစေ့ အစရှိကုန်သော ခပ်သိမ်းသော မျိုးစေ့တို့သည် မီးခြစ်ဆေးခဲနှင့် တူကြကုန်၏။ သရက်ပင် ပိန္နဲပင် အစရှိကုန်သော ခပ်သိမ်းသော သစ်ပင်တို့သည် မီးခြစ် ဆေးခဲတို့မှ တောက်ထသောမီးတောက်တို့နှင့်တူကြကုန်၏။ ။မြေဓာတ်, ရေဓာတ်,မီးဓာတ်,လေဓာတ် ဟူသော ဓာတ်ကြီးလေးပါးတို့တွင် မီးဓာတ်တပါးသည်သာလျှင် သစ်ပင်တည်းဟူသော မီးတောက်တို့ကို ပေါက်ရောက်ပွါးမီးစေနိုင်၏။ ကြွင်းသော ဓာတ်ကြီးသုံးပါးတို့သည် အထောက် အကူမျှသာ ဖြစ်ကြလေကုန်၏။ ။မီးဓာတ်သည် လူတို့၌ အမိနှင့် တူ၏။ သစ်ပင် အပေါင်းတို့သည် လူတို့၌ သားသမီးတို့နှင့် တူကြကုန်၏။

ထိုဗီဇတို့၌ ပေါက်ရောက်ကြသော အခါ၌လည်း အညှောက် အပင် အကိုင်း အခက် အရွက် အညွန့် အဖူး အငုံ အပွင့် အသီး အစေ့ အဆန် အမွေး အနှံ့ အခေါက် အသား အနှစ် အဆင်း အနံ့ အရသာ အလုံးစုံတို့ကို ဗီဇနိယာမ တရားသည် အုပ်စိုးလျက် ရှိ၏။ ဗီဇ၏ အမျိုးအရိုးကို အကုန်လိုက်ကြရကုန်၏။ ။လိုက်ပုံကား ပိန္နဲစေ့တခုကို စိုက်ပျိုးရာ၌ အညှောက်ငယ် ပေါ်ခဲ့သည် ရှိသော် ရှေးရှေးသော ပိန္နဲပင် အစဉ်အဆက်တို့၏ အညှောက် သဏ္ဌာန်မျိုးသည်သာ ပေါက်ရောက်ရ၏။ အုန်းညှောက်, ထန်းညှောက် စသည် မပေါက်ရ။ မဖောက်ပြန်ရ။ အပင် အကိုင်း အခက် အရွက် အသီး စသည်တို့၌လည်း ထိုနည်းတူ။ ။အချို့သော သစ်ပင်မျိုးတို့၌ ဤဗီဇနိယာမ စီရင်ချက်နှင့် တင့်တယ်ဆန်းကြယ်လျက် ရှိကြသော အပင်သဏ္ဌာန် အကိုင်းသဏ္ဌာန်

www.dhammaransi.com



အခက်သဏ္ဌာန် အရွက်သဏ္ဌာန် အပွင့်သဏ္ဌာန် အသီးသဏ္ဌာန် တို့ကို လူဖြစ်သူ ပန်းချီဆရာတို့ပင် တူအောင်မရေးနိုင်ရှိကြကုန်၏။

ဤကား ''ဗီဇနိယာမ''၏အဖွင့်တည်း။

**သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်**……''ဥတုနိယာမ'' အဖွင့် မှုကား တန်ခူး ကဆုန် နယုန်စသော တဆယ့်နှစ်ရာသီတို့တွင် ထိုထိုလ၊ ထိုထိုသမယတို့၌ သူ့အခါ သူ့သမယနှင့်သူ ပွင့်ကြ သီးကြမြဲဖြစ်ကုန်၏။ သူ့အခါ သမယတိုင်ရောက်လျှင် တောအရပ်ရပ်ကို ဟှည့်လည်၍ ကြွေး ကြော်သူ လှုံ့ဆော်သူ မရှိဘဲ ထိုအပင်မျိုးမှန်လျှင် ထိုအခါသမယ ၌ တောတိုင်း တောင်တိုင်းကပင် ပွင့်ကြသီးကြကုန်၏။ ။ဤကား ဥတုနိယာမ၏ အဖွင့်တည်း။ ။ထိုဥတုသည် နွေဥတု, မိုးဥ တု, ဆောင်းဥတုဟူ၍ သုံးပါးရှိ၏။ နွေခါတ်မီး မိုးခါတ်မီး ဆောင်းခါတ်မီးဟူ၍ သုံးပါးရှိ၏ဆိုလို၏။

**စိမ်သူမရှိ**……နွေဥတု၌ ပူမှုသည် မိုးဥတု ပေါ်လာရန် အကြောင်းပေတည်း။ မိုးဥတုမှာ မိုးရွာမှုသည် ဆောင်းဥတု ပေါ်လာရန် အကြောင်းပေတည်း။ ဆောင်း ဥတု၌ သီတခါတ်မီးပွါးစီး၍ သီတခါတ်နု ကျန်ခန်းမှုသည် နွေဥ တုပေါ်လာရန် အကြောင်းပေတည်း။ ။နွေဥတုပူမှုသည် မိုးဥ တုပေါ်လာရန် အကြောင်းပေတည်း။ ။ဤနည်းအတိုင်း တစုံ တယောက်သောသူ၏ စိမ်ဖန်ဆင်းမှုမရှိဘဲ ဥတုလျှင် ဥတုချင်း အဆင့်ဆင့် ပြုပြင်ချက်နှင့် ကမ္ဘာပျက်သည် တိုင်အောင် ဥတု သုံးပါး နှစ်စဉ် လစဉ် ဆက်လက်၍ သွားလေ၏။ သစ်ပင်ချုံမြက် တို့သည်လည်း ဥတုသုံးပါးတို့ ပြုပြင်ချက်အတိုင်း အစဉ်လိုက်ကြ ကုန်၏။

ဤကား သင်္ခါရလောက၌ ''ဥတုနိယာမ''၏အရာကို ပြဆိုချက်တည်း။

သင်္ခါရလောကပြီး၏။

www.dhammaransi.com



## ဩကာသနှင့် သင်္ခါရ

ဩကာသလောက, သင်္ခါရလောက နှစ်ပါးနှင့် ဆက်ဆံသော ဓမ္မနိယာမ စကားကို ပြဆိုဦးအံ့။ ။ဓာတ်ပညာ, ဓာတ်မျက်စိ အလင်းမရှိကြကုန်သော မှောင်တွင်းသားတို့သည် တန်ခိုးအစွမ်း မည်သည် သိတတ် ကြံတတ်သော ပုဂ္ဂိုလ် သတ္တဝါတို့မှာသာ ရှိ၏။ မသိတတ် မကြံတတ်သော တော,တောင်,မြေ,ရေစသည်တို့မှာ မရှိဟု ထင်တတ်ကြကုန်၏။

**ဓာတ်တုံးဓာတ်ခဲတို့သာ** ·····အဘိဓမ္မာအလိုအားဖြင့် မူကား ပုဂ္ဂိုလ်ဟူ၍မရှိ၊ သတ္တဝါ ဟူ၍ မရှိ၊ တောဟူ၍မရှိ၊ တောင်ဟူ၍မရှိ။ အလုံးစုံသော ဩကာသလောက အဆောက်အဦစု, သင်္ခါရလောက အဆောက်အဦစု, သတ္တလောကအဆောက်အဦစုသည် ဓာတ်ပုံ,ဓာတ်စု,ဓာတ်တုံး, ဓာတ်ခဲတို့သာ ဖြစ်ကြကုန်၏။ ။တန်ခိုးအစွမ်း ဆိုသည် ထိုထိုကိစ္စ ထိုထိုအကျိုး၏ ပြီးစီးရန်အစွမ်းကို ဆိုသတည်း။ တရသော ဝတ္ထုရှိပေ၍ တစုံတရသော ကိစ္စအကျိုး ပြီးစီးခဲ့သော် ထိုတရသောဝတ္ထုမှာ တန်ခိုးအစွမ်း ရှိသည်ကို သိအပ်၏။ ထိုတန်ခိုးသည် ခပ်သိမ်းသော ဓာတ်မျိုးတို့မှာ အနည်းအများအားဖြင့် ရှိကြ၏။

မြေကြီးသည် ခပ်သိမ်းသော သင်္ခါရလောက, သတ္တလောကတို့ကို ရွက်ဆောင်နိုင်သော တန်ခိုးအစွမ်းရှိ၏။ သတ္တဝါတို့၌ ထိုတန်ခိုးမရှိ။ မိုးရေတို့သည် ခပ်သိမ်းသော သင်္ခါရလောက, သတ္တလောကတို့ကို ချီးမြှောက် စောင့်ရှောက် နိုင်သော တန်ခိုးအစွမ်း ရှိပေ၏။ ထိုတန်ခိုးသည် ပုဂ္ဂိုလ် သတ္တဝါတို့၌ မရှိ။ မီးသည်ရင်း,နေဗိမာန်ကြီးသည်ရင်း,ခပ်သိမ်းသော သင်္ခါရလောက, သတ္တလောကတို့၌ ရင့်ခြင်း, ကျက်ခြင်း, ထက်သန်ခြင်း အရောင်အလင်း ထွန်းလင်းတောက်ပခြင်းတို့ကို ဖြစ်စေနိုင်သော တန်ခိုးအစွမ်းရှိ၏။ ပုဂ္ဂိုလ်သတ္တဝါတို့၌ ထိုတန်ခိုးမရှိ။ ။တော, တောင်

www.dhammaransi.com



တို့၌ပေါက်ရောက်သော ဆေးပင်,ဆေးမြစ်တို့၌ အနာရောဂါ တို့ကို ပျောက်စေ နိုင်သော တန်ခိုးရှိ၏။ ပုဂ္ဂိုလ် သတ္တဝါတို့၌ ထို တန်ခိုးမရှိ။ ။ယုတ်စွအဆုံး ထမင်းကျက်မှုကိစ္စ၌ ထမင်း စားရခြင်းအကျိုးမှာ မြေမရှိ ရေမရှိ ထမင်းမရှိ မီးမရှိချေက လူ့တန်ခိုးသက်သက်နှင့် ကျောင်အောင်မစွမ်းနိုင်ပြီ။ မြေ ရေ ထင်း မီး တို့စုံညီမှ လူတို့တန်ခိုးရှိနိုင်တော့သည်။ ။ထို့ကြောင့် မြေ ရေ ထင်း မီး တို့မှာလည်း သူတို့၏ဆိုင်ရာ၌ သူတို့အားလျော်စွာ ကိစ္စသိဒ္ဓိ တန်ခိုး ရှိကြသည်ကို သိအပ်၏။

အထူးမှာမူကား ပုဂ္ဂိုလ်သတ္တဝါတို့မှာ သိတတ်သောစိတ်ရှိ၏။ သိတတ်သောဉာဏ်ရှိ၏။ ထို့ကြောင့် ရေ၏ ဆိုင်ရာ၌ ရေကိုရှာကြံ၍ အသုံးပြုတတ်ကြ၏။ ထင်း၏ဆိုင်ရာ၌ ထင်းကိုရှာကြံ၍အသုံးပြုတတ်ကြ၏။ မီး၏ဆိုင်ရာ၌ မီးကိုရှာကြံ၍ အသုံးပြုတတ်ကြ၏။

ဤကား ဓာတ်ပညာရှိ အဘိဓမ္မာပညာရှိတို့၏ အလင်း ကြီးပေတည်း။

ယခုအခါ၌ အနောက်နိုင်ငံသားဓာတ်ပညာရှိ ကြီးများတို့သည် တောအရပ်ရပ်တောင်အရပ်ရပ်တို့၌ ဓာတ်တန်ခိုးကြီး တို့ကိုအား ထုတ် ရှာကြံကြကုန်၏။ ။ဩကာသလောက သင်္ခါရလောက တို့၌ ပြုလုပ်ဖန်ဆင်းသူ ပုဂ္ဂိုလ်သတ္တဝါ မရှိပါဘဲလျက် ဖြစ်ပေါ်ရန်အကြောင်း စုံလင်ခဲ့သော် သူ့အကြောင်းနှင့် သူ သူ့အခါနှင့် သူ အသီးသီး ဖြစ်ပေါ်မှု မြဲကြခြင်း,ဆုတ်ယုတ်ချိန် ပျက်ချိန် ကျ လျှင်လည်း ဆုတ်ယုတ်ပျက်ဆုံးမှုမြဲကြခြင်း,အလုံးစုံတို့သည် ဓမ္မ နိယာမအားဖြင့် ပြီးစီးကြကုန်၏။

---

## သတ္တလောက၌ကမ္မနိယာမ

**လောကဓာတ်ကျမ်းနှင့်ဗုဒ္ဓဘာသာကျမ်း** ယခုအခါသတ္တ လောက၏ကမ္မ နိယာမ အချက် တို့ကို ပြဆိုပေအံ့။ ။အနောက်နိုင်ငံဖြစ်ဓာတ်

www.dhammaransi.com



ခွဲကျမ်းတို့၌ ရုပ်ဓာတ်ခွဲနည်းသာ လာ၏၊ နာမ်ဓာတ်ခွဲနည်း မလာ။ နာမ်ဓာတ်ခွဲနည်းသည် ရုပ်ဓာတ်ခွဲနည်းထက်အဆအထောင်မကာ ကြီးကျယ်၏ နက်နဲ၏၊ ခက်ခဲ၏၊ ငါတို့ ဗုဒ္ဓဘာသာ အဘိဓမ္မာ၌သာ လာရှိ၏။ ထိုကြောင့် ဤမှနောက်၌ **"အက်ဖအေ ဘီအေ"** ပညာရှိတို့၏ အရာမဟုတ်ပြီ။ **အဘိဓမ္မာပညာရှိ** တို့၏အရာသာ ဖြစ်၏။ ၊၊သင်္ဂဟဝါတယောက်၏ သန္တာန်မှာ ရုပ်ခန္ဓာ အစဉ်နာမ်ခန္ဓာအစဉ်ဟူ၍ အစဉ်နှစ်ပါးရှိ၏။ ရုပ်ဓာတ်အစဉ် နာမ်ဓာတ် အစဉ်ဟူ၍ အစဉ်နှစ်ပါးရှိ၏ဆိုလိုသည်။ ။ထိုတွင် ရုပ်ဓာတ်အစဉ် ဟူသော ကိုယ်ကောင် သဏ္ဍာန်သည် တဘဝ တဘဝလျှင် သေရာ၌ တခါတခါအစဉ်ပြတ်၏။

နာမ်ဓာတ်အစဉ်သည်မူကား အစဉ်ပြတ်သည် ဟူ၍မရှိ။ အနမတဂ္ဂသံသရာ၌ အနန္တရပစ္စည်းတဆက်ထည်း ဆက်လျက် ရှိ၏။ ကမ္ဘာပျက်၍ အောက်ဘုံဝမရှိသောအခါ ထိုနာမ် အစဉ်တို့သည် မိမိတို့ကံမှိုဆောင်ရာ အထက် အထက် ဘုံတို့၌ အဆင့် အဆင့် ဖြစ်ပေါ်ကြလေကုန်၏။ ကမ္ဘာတည်ထောင်၍ လာပြန်သော အခါ အကုသိုလ်ဘက်က အခွင့်သာပြန်သဖြင့် ထိုနာမ် အစဉ် တို့သည် အောက် အောက်ဘုံတို့၌ ကျရောက်ကြ ပြန်ကုန်၏။ နာမ်အစဉ် ရောက်ရာ ရောက်ရာတို့၌ ရုပ်ခန္ဓာတို့သည်လည်း အသစ်အသစ် ဖြစ်ပေါ်ကြရကုန်၏။

ဤကား တစုံတယောက်သောသူ ပြုလုပ် ဖန်ဆင်းမှု မရှိဘဲ ကမ္မနိယာမ အားဖြင့် သတ္တလောက၏ ဖြစ်နေပုံ တည်း။

**ကံလှုံ့ဆော်မှု**...ကံဆိုသည်ကား နာမ်အစဉ်မှာစိတ်ဝိညာဏ် နှင့်အတူပါသော စေတနာ ဓာတ်ကြီးကိုဆို သတည်း။ ထိုစေတနာဓာတ်ကြီးသည် ခပ်သိမ်းသော အရေးကိစ္စ တို့၌စိတ်ဝိညာဏ်ကို အတွင်လှုံ့ဆော်၍ ထကြွသမားကြီးဖြစ်၏။ ထိုကြောင့် စေတနာလည်း ခေါ်၏။ စိတ်ဝိညာဏ်ကို အတွင်လှုံ့

www.dhammaransi.com



ဆော်ခြင်း မရှိက ဘယ် ကိစ္စတခုမျှ ပြီးစီးကြမည် မဟုတ်။ စိတ်ဝိညာဏ်ကို အတွင်လှုံ့ဆော် ထကြွသူရှိပေ၍သာလျှင် ထိုထိုကိစ္စ ပြီးစီးကြ၏။ ထိုကြောင့် ထိုလှုံ့ဆော်မှု ကြီးသည် ခပ်သိမ်းသော ကိစ္စတို့မှာ အမှုသည်ရင်းကြီးဖြစ်ပေ၏။ ထိုကြောင့် ''ကမ္မံ၊ကံ''ဟူ၍လည်း ဆိုရ၏။ လှုံ့ဆော် ပုံကား–တောသို့ သွားရ၍ ရေအိုင် တခုမှာ ငါးတွေရှိနေသည်ကို မြင်၏။ ဖမ်းယူရန်ကိစ္စ၌လှုံ့ ဆော် သူမထခဲ့လျှင် မြင်ရုံနှင့်ပြီး၏။ စေတနာခေတ်ကြီး လှုံ့ဆော်၍ ထမှသာလျှင် ဖမ်းယူမှု ကိစ္စပေါ်လာ၏။ ထိုကြောင့် ထိုကိစ္စမှာ သူသည်သာလျှင် အမှုသည် ရင်းကြီးဖြစ်ချေ၍''ကမ္မံ၊ကံ''ဟူ၍ဆိုရလေသတည်း။

စိတ်ဝိညာဏ်နှင့် ထိုစေတနာဟူသောကံသည် တွဲဘက်၍ဖြစ်ကြကုန်ငြားသော်လည်း ခေတ်သဘော အားဖြင့် ကွဲပြားလျက်ရှိကြ၏။ ထိုအတူ သုခဝေဒနာ ဒုက္ခဝေဒနာ သောမနဿ ဒေါမနဿ လောဘ ဒေါသ မောဟ မာန ဣဿာ မစ္ဆရိယတို့သည်၎င်း, သဒ္ဓါ ပညာ အလိမ္မာ သတိ ဟိရီ ဩတ္တပ္ပ မေတ္တာ ကရုဏာစသည်တို့သည်၎င်း, စိတ်ဝိညာဏ်မှ အသီးအခြား တို့သာတည်း။ ဟင်းချိုရေချက်ရာ၌ စိတ်ဝိညာဏ်သည် ရေနှင့် တူ၏။ စေတနာ အစရှိကုန်သော ထိုတရား တို့သည် ထိုရေ၌ ပါရှိကြကုန်သော ဟင်းသီးမျိုး ဟင်းရွက်မျိုး ဆီဆား ငြုတ် ကြက်သွန်စသည်တို့နှင့် တူကုန်၏။ မျက်မြင်အားဖြင့် ရောနှောလျက် ရှိကြကုန်သော်လည်း အရသာ အာဖြင့် အသီးအသီးပေါ်လျက် ရှိကြလေကုန်၏။ ထိုအတူ စေတနာ အစရှိကုန်သော တရားတို့သည် ဝိညာဏ်နှင့်ရောနှောလျက် ရှိကုန်ငြားသော်လည်း ခေတ်ကိစ္စအားဖြင့် အသီးအသီး ကွဲပြားလျက် ရှိကြကုန်၏။ ရေ၏ကိစ္စကို ဆားသည်မဆောင်နိုင်။ ဆား၏ကိစ္စကို ရေသည် မဆောင်နိုင်။ ထိုအတူ စိတ်ဝိညာဏ်၏ ကိစ္စကို စေတနာသည် မဆောင်နိုင်။ စေတနာ၏ ကိစ္စကို စိတ်ဝိညာဏ်သည်မဆောင်နိုင်။ ။ထိုစေတနာ

www.dhammaransi.com



ခါတ်ကြီးသည် သရက်မျိုးစေ့ပိန္နဲမျိုးစေ့တို့ကဲ့သို့ သတ္တလောက အရာ၌မျိုးစေ့ခါတ်ကြီးဖြစ်၏။

**ပဋိသန္ဓေခန္ဓာအပင်**……သရက်မျိုးစေ့တို့မှ သရက်ပင်တွေ ပေါက်ရကုန်သကဲ့သို့ ပိန္နဲမျိုးစေ့တို့မှ ပိန္နဲပင်တွေ ပေါက်ရကုန်သကဲ့သို့,ထိုစေတနာ မျိုးစေ့တို့မှ ထိုထိုဘဝတို့၌ လူ့ပင် နတ်ပင်တွေ ပေါ် ပေါက်ရကုန်၏။ခွေးပင် ဝက်ပင်တွေ ပေါ်ပေါက်ရကုန်၏၊ လူကိုယ်ကောင် နတ်ကိုယ်ကောင် ခွေးကိုယ်ကောင် ဝက်ကိုယ်ကောင် တို့ကို လူပင်နတ်ပင် ခွေးပင်ဝက်ပင် ဆိုလိုက်သည်။ သရက်စေ့ ပိန္နဲစေ့ အစရှိသော ရုပ်မျိုးစေ့တို့မှ သရက်ပင် ပိန္နဲပင် အစရှိသော ရုပ်ပင်တို့ ပေါက်ရသကဲ့သို့ ဤစေတနာဟူသော နာမ်မျိုးစေ့တို့မှ ထိုထိုဘုံဘဝတို့၌ ပဋိသန္ဓေဝိညာဏ်ဟူသော နာမ်ပင်တွေပေါက်ရကုန်၏။ ။ထိုစေတနာဟူသော ကံသည် သတ္တဝါတဦးတယောက်၏ သန္တာန်မှာ သုစရိုက်ကံ အမျိုးမျိုးရှိ၏။ ဒုစ္စရိုက်ကံအမျိုးမျိုးရှိ၏။ ။ထိုတွင် သေခါနီးအခါ၌ စိတ်ကောင်း နှလုံးကောင်းဖြစ်ခိုက်နှင့် ကြုံကြိုက်ခဲ့၍ သုစရိုက်ကံအခွင့်သာခဲ့သော် ထိုသူကို သုစရိုက်ကံမျိုးက သုဂတိဘဝသို့ပို့ဆောင်၏။ သေခါနီး အခါ၌ စိတ်မကောင်း နှလုံးမကောင်း ဖြစ်ခိုက်နှင့်ကြုံကြိုက်၍ ဒုစ္စရိုက်ကံအခွင့်သာခဲ့သော်ထိုသူကို ဒုစ္စရိုက်ကံမျိုးကဒုဂ္ဂတိဘဝသို့ပစ်ချ၏။ ။သစ်ပင် မျိုးစေ့တို့သည် ကျရောက်ရာမြေ၌ အပင်သစ် တို့ကို ပေါက်စေကြကုန်သကဲ့သို့ ကုသိုလ်ကံ အကုသိုလ်ကံ မျိုးစေ့တို့ သည်လည်း ကျရောက်ရာဘုံဘဝတို့၌ ပဋိသန္ဓေခန္ဓာအပင် အသစ်တို့ကို ပေါက်စေ ပေါ်စေကြကုန်၏။

ထိုထိုဘုံဘဝတို့၌ ပဋိသန္ဓေခန္ဓာအသစ်ပေါ်ပေါက်သော အခါ ထိုပုဂ္ဂိုလ် သည်လည်း ထိုဘဝသို့ ရောက်သည်မည်၏၊ ထိုကံသည်လည်း ထိုပုဂ္ဂိုလ်ကို ထိုဘဝသို့ ပို့ဆောင်ပစ်ချသည် ဟူ၍ လောကီ ဝေါဟာရအားဖြင့် ပြောဆိုရ၏။ ။ထို ပုဂ္ဂိုလ်မှာ ထို

www.dhammaransi.com



ဘဝ၌ အသက်ကိုလည်း ကံပေး၍ ရသည်, ခန္ဓာကိုလည်း ကံပေး၍ ရသည် ဤသို့စသည်ဖြင့် ဆိုရ၏။

သရက်,ပိန္နဲ အစရှိကုန်သော သင်္ခါရ လောကတို့၏ ဟာရိတ ခေါ်သော ဗီဇဓာတ်ကြီးသည် အသက်မရှိ၊ စိတ်မရှိ၊ ဉာဏ်မရှိ။ ထိုသို့ဖြစ်ပါလျက် အပင် အသစ်အသစ် ပေါက်ပွါးရန် ကိစ္စမှာ အဘယ်မျှလောက် တန်ခိုးကြီးသည်ဟု သိမြင်ကြ ကုန်ပြီ။ သတ္တလောကတို့၏ ဗီဇကြီး ဖြစ်ပေသော ထိုစေတနာဓာတ်ကြီးမှာမူကား အသက်လည်းရှိ၏၊ စိတ်လည်းရှိ၏၊ ဉာဏ်လည်းရှိ၏။ ထို့ကြောင့် ဘဝအသစ်အသစ် ခန္ဓာအသစ်အသစ်တို့ ဖြစ်ပွါးမှု၌ ဆိုဘွယ်ရာ မရှိပြီ။

မှချအမှန်အားဖြင့်မူကား ရှေးဘဝမှ ထိုကံကို အားထုတ်စဉ် အခါ၌လည်း ပုဂ္ဂိုလ် သတ္တဝါဟူ၍မရှိ၊ ရုပ်ဓာတ်မျိုး နာမ်ဓာတ်မျိုး အစုအခဲသာရှိ၏။ နောက်ဘဝ၌လည်းပုဂ္ဂိုလ် သတ္တဝါ ဟူ၍ ပေါ်လာသည်မဟုတ်။ ရုပ်သစ်ခဲ, နာမ်သစ်ခဲ မျှသာတည်း။ ။ ဤသို့လျှင် သုစရိုက်ကံ၏ သုဂတိဘဝသို့ ပို့ဆောင်မှု ဒုစ္စရိုက်ကံ၏ ဒုဂ္ဂတိဘဝသို့ ပစ်ချမှု,မြဲခြင်းသည် "ကမ္မနိယာမ"ဖြင့်ပြီး၏။ တစုံတယောက်သော ပုဂ္ဂိုလ် သတ္တဝါက ပို့ဆောင်ရသည် ပစ်ချရသည် ဟူ၍မရှိ။ ။သင်္ခါရ လောက၌ ပြဆိုခဲ့ပြီးသော "ဗီဇနိယာမ"မည်သည် သစ်ပင်တို့၌သာ ရထိုက်သည်မဟုတ်၊သတ္တဝါတို့၌လည်း ရထိုက်၏။သတ္တဝါတို့၌ "ဗီဇနိယာမ" ဆိုသည်ကား မိဘနှစ်ပါးတို့မှဖြစ်ပွါးသော "သုက္ကသောဏိတ"ခေါ်သော ဗီဇဓာတ်မျိုး၏"နိယာမ" အချက်ပေတည်း။ ထို"ဗီဇနိယာမ"သည် သားငယ်၏ သန္တာန်၌ "ကမ္မနိယာမ"၏ အဖော်သဟဲကြီးပေတည်း။ အမိဖြစ်သူ၏ ထိုဓာတ်အစုသည် ပျိုးခင်းလယ်တွင် သမန်းပြင် မြေဓာတ်နှင့်တူ၏။ အဘဖြစ်သူ၏ ထိုဓာတ်စုသည် ပျိုးခင်း လယ်တွင် သမန်းပြင်ရှိ ရေဓာတ်နှင့်တူ၏။ကံခေါ်သောနာမ်ဓာတ် မျိုးစေ့ကြီးသည် ပျိုးခင်းလယ်တွင် သမန်းပြင် မြေရေ၌ကြဲပစ်

www.dhammaransi.com



မြုပ်နှံ၍ နေသော စပါးမျိုးစေ့နှင့်တူ၏၊ ပဋိသန္ဓေ ဝိညာဏ်သည် ထိုမျိုးစေ့မှဖြစ်သော စပါးညှောက်နှင့်တူ၏။ ထိုအညှောက်သည် ပင် ထိုဘဝ၌ဖြစ်ပွါးသမျှသော ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့၏ မျိုးစေ့ အရာ၌ တည်ပြန်၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်အစဉ်ကို ပြဆိုရာ၌ ထိုပဋိသန္ဓေဝိညာဏ်ကို သရက်မျိုးစေ့ ပိန္နဲမျိုးစေ့တို့နှင့် အတူပြု၍ ပြဆိုမှု လာလတ္တံ့။

**မျိုးရိုးစဉ်လာ**·····သရက်မျိုးစေ့မှ ပေါက်ရောက်သော အညှောက် အပင် စသည် တို့သည် "ဗီဇနိယာမ" အစွမ်းကြောင့် သရက်ညှောက် သရက်ပင် စသည်တို့သာ ဖြစ်လာရကုန်သကဲ့သို့ ထိုထိုအမိမျိုး အဘမျိုးတို့၌ ကံပစ်ချ၍ ဖြစ်ပွါးကြကုန်သော သား,သမီး ဖြစ်သူတို့သည် မိဘမှ ဖြစ်ပွါးကြလျှင် "ဗီဇနိယာမ"၏ အစွမ်း ဖြင့် မိမျိုး ဘမျိုး အသွင်အပြင်သို့ အစဉ်လိုက်စား၍ ကြီးပွါးကြရကုန်၏။ သားသမီး ဖြစ်သူတို့ကို မြင်ကြလျှင် သင်တို့ မိဘ ဘိုးဘေးတို့သည် မြန်မာမျိုးဖြစ်သည် ရှမ်းမျိုးဖြစ်သည်ဟု သိနိုင်ကြကုန်၏။ ။နွားမျိုးမှဖြစ်လျှင် နွားအသွင် ခွေးမျိုးမှဖြစ်လျှင် ခွေးအသွင် ကျီးငှက်မျိုးမှဖြစ်လျှင် ကျီးအသွင် ကျီးအဆင်း ဗျိုင်းငှက်မျိုးမှဖြစ်လျှင် ဗျိုင်းအဆင်း ဗျိုင်းအသွင် အကုန်မြင်ကြစေ။

ဤကား "ကမ္မနိယာမ"၌ "ဗီဇနိယာမ"ရောနှောကြပုံတည်း။

**ကြီးသောကံနှင့်ငယ်သောကံ**···ကုသိုလ်ကံ အကုသိုလ်ကံ နှစ်မျိုးတို့တွင် ကုသိုလ်သည် ပြုစဉ်အခါ၌ ကြီးသောကံ ငယ်သောကံ အဆင့်ဆင့် ရှိပြန်၏။ တပဲတန်လှူသောကံ တမူးတန်လှူသောကံ တမတ်တန်လှူသောကံ တကျပ်တန်လှူသောကံ တဆယ်တန်လှူသောကံ တရာတန် တထောင်တန် တသောင်းတန် တသိန်းတန် တသန်းတန် တကုဋေတန် စသည်တို့တည်း။

www.dhammaransi.com



ကြီးသော ကံသည် ကြီးသောမင်းမျိုး၌ ပဋိသန္ဓေကို ပေးနိုင်၏။ မင်း၏ ပဋိသန္ဓေကို ရသည့်နှင့်တပြိုင်နက် အဘဖြစ်သူ အမိ ဖြစ်သူတို့ ပိုင်ဆိုင်သမျှသော ထီးနန်းတိုင်းပြည် စသည် အလုံးစုံတို့ သည် ထိုသူငယ်၏ အမွေခံဥစ္စာတို့ဖြစ်ကြကုန်၏။ ဤကား ကံပေး၍ ရပုံတည်း။ သို့ရာတွင် ပျက်ကွက်ရန်အကြောင်းအမျိုးမျိုးရှိသေး၏။ သေဌေးမျိုး သူကြွယ်မျိုးတို့မှာ ပဋိသန္ဓေပေးရာတို့၌လည်း ထို့ အတူတည်း။ ။အချို့သောကံသည် သေးငယ်၏။ လုပ်စား ကိုင် စားမျိုး၌ ပဋိသန္ဓေပေး၏။ ကံအကျိုးအခြေသေး၏။ ဒုတိယပဓာန စကားကြီး၌ ပြဆိုခဲ့ပြီးသော ယခုပစ္စုပ္ပန်ကံ ဉာဏ် ဝီရိယတို့ သည်သာ ကိုးကွယ်ရာဖြစ်ကုန်၏။ ကံမည်သည် အထွေထွေ အပြားပြားအလွန်များ၏။ ပြောဘွယ် သိဘွယ် အလွန် ကျယ်၏။

သတ္တလောကဥ္ ကမ္မနိယာမ အမြွက်ပြီး၏။

---

## သတ္တလောကဥ္ စိတ္တနိယာမ

**စိတ်အမျိုးမျိုး**……မြင်စိတ်မျိုး, ကြားစိတ်မျိုး, နံစိတ်မျိုး, လျက် စိတ်မျိုး, တွေ့စိတ်မျိုး, ကြံစိတ် သိစိတ်မျိုး ဟူ၍ ဤကိုယ်၌ စိတ်ခြောက်မျိုးရှိ၏။

ထိုတွင်မျက်လုံးမှာ ဖြစ်ပေါ်သော စိတ်သည် မြင်စိတ်မည်၏။ နားတွင်းမှာ ဖြစ်ပေါ်သောစိတ်သည် ကြားစိတ်မည်၏။ နှာခေါင်း တွင်းမှာ ဖြစ်ပေါ်သော စိတ်သည် နံစိတ်မည်၏။ လျှာအပြင်မှာ ဖြစ်ပေါ်သောစိတ်သည် လျက်စိတ်မည်၏။ အချို, အချဉ် စသော ရသာရုံတို့ကို ချိုမှန်း, ချဉ်မှန်း စသည်ဖြင့် သိမှုကို လျက်စိတ် ခေါ် သည်။ ။တကိုယ်လုံး၌ဖြစ်ပေါ်သောစိတ်သည် တွေ့စိတ်မည်၏။ နှလုံးအိမ်တွင်း၌ ဖြစ်ပေါ်သောစိတ်သည် ကြံစိတ် သိစိတ် မည်၏။ ထိုစိတ်တို့၏ အာရုံတရားတို့သည်လည်း ခြောက်မျိုးရှိကုန်၏။ အ ဆင်းအာရုံတမျိုး, အသံအာရုံတမျိုး, အနံ့အာရုံတမျိုး, အရသာ

www.dhammaransi.com



အာရုံတမျိုး, ကိုယ်၌ထိခိုက်ရန် အာရုံတမျိုး, တွေတွေလာလာ ကြံသိရန်အာရုံတမျိုး။ ။မျက်စိမျက်နှာနှင့် အဆင်းအာရုံ တွေ့ဆုံ၍နေကြဆဲအခါ၌ မျက်လုံးမှာ မြင်စိတ်ဖြစ်ပေါ်၏။ ထိုအဆင်းကိုမြင်၏။ ထိုအာရုံနှင့် မျက်နှာ လွှဲပြန်လျှင် ထိုမြင်စိတ် ပျက်ဆုံးပြန်၏။ အဆင်းဝဏ္ဏ အမျိုးမျိုးပြောင်းလဲတိုင်း မြင်စိတ်အမျိုးမျိုးပြောင်းလဲ၏။ ။နားဥပစာ၌ အသံအာရုံ ပေါ်လာတိုင်း နားတွင်းမှာ ကြားစိတ်ဖြစ်ပေါ်လာ၏။ ထိုအသံကြား၏။ ထိုအသံစဲပြန်လျှင် ထိုကြားစိတ် ပျက်ဆုံးပြန်၏။ အသံအမျိုးမျိုး ပြောင်းလဲတိုင်း ကြားစိတ်အမျိုးမျိုးပြောင်းလဲ၏။

အနံ့အာရုံတို့နှင့် နှာခေါင်းတွင်းမှာ ဖြစ်ပေါ်သော နံစိတ်မျိုး, အချို, အချဉ် စသောရသာရုံတို့နှင့် လျှာအပြင်မှာ ဖြစ်ပေါ်သောလျက်စိတ်မျိုး တို့မှာလည်းထိုနည်းတူမှတ်လေ။

တွေ့စိတ် သည်ကား တကိုယ်လုံးမှာ ဖြစ်ပေါ်၏။ မြဲမြံထက်သောအပ်သွားနှင့် ထိုး၍စမ်းသော် နာမှန်းသိရာကိုယ်အင်္ဂါအလုံးစုံတို့သည် တွေ့စိတ်မျိုး၏ ဖြစ်ပေါ်ရာ ဌာနကြီးပင်တည်း။ ။ထိုတွေ့စိတ်သည် ထိမှန်း သိရုံလည်းရှိ၏။ ဒုက္ခဝေဒနာ ပါရှိသောအခါ နာစိတ် အမျိုးမျိုး, ကျင်စိတ် အမျိုးမျိုး, ယားစိတ် ယံစိတ် ကျိန်းစိတ် စပ်စိတ် အောင့်စိတ် အင့်စိတ် နင့်စိတ် ရှူးစိတ် ထုန်စိတ် ကျင်စိတ် ကိုက်စိတ် ခဲစိတ် ပူစိတ် အိုက်စိတ် အေးစိတ် ချမ်းစိတ် စသည်အမျိုးမျိုးရှိ၏။ လူအများ တို့သည်မူကား ထိုနာမှု ကျင်မှု စသည်တို့ကို စိတ်ဓာတ်ဟူ၍ မသိနိုင်ကြကုန်။ဝိညာဏ်ဓာတ်ဟူ၍ မသိကြကုန်။ နာမ်ဓာတ်ဟူ၍ မသိကြကုန်။ ကျောက်ကုန်း အပြင်မှာ နေပြင်းစွာပူသောအခါ ကျောက်ကုန်းရေပေါ်မှာ ထိုစိတ်တွေအသဒ္ဓေ အနန္တဖြစ်နေ၏။ လူအများတို့သည်မူကား ထိုစိတ်တွေကို ကျောက်ကုန်းရေ ဟူသော ရုပ်အစုနှင့် တခုတည်း ယူ၍ ကျောက်ကုန်းရေ ပူသည် ဟူ၍သာ မှတ်ယူ ပြောဆိုတတ်ကြကုန်၏။

www.dhammaransi.com



ဦးခေါင်းကိုက်သည်ဟု သိကြ၏၊ဦးခေါင်းတွင်းမှာ ဒုက္ခဝေဒနာနှင့်ယှဉ်သော ကိုက်ဝိညာဏ်မျိုး ဖြစ်ပေါ်၍ နေသည်ဟု မသိကြ။ထိုထို ကိုယ်အင်္ဂါတို့၌ နာမှုပေါ်သည်, နာမှုပျောက်သည် စသည်တို့၌လည်း ထိုနည်းတူသိလေ။ ။နှလုံးတွင်း၌ ဖြစ်ကြကုန်သော သိစိတ် ကြံစိတ် တို့သည် မှုကား လောဘစိတ် အမျိုးမျိုး ဒေါသစိတ် အမျိုးမျိုး မောဟစိတ်အမျိုးမျိုး သဒ္ဓါစိတ် အမျိုးမျိုး မေတ္တာစိတ် အမျိုးမျိုး ပညာစိတ်အမျိုးမျိုးစသည်ဖြင့် အလွန်များပြားကုန်၏။ လောဘအာရုံနှင့် တွေ့ကြုံသော အခါ လောဘ ခေါ်သော စိတ်ကြီးနှင့်ဘက်တွဲ၍နှလုံးထဲမှာဖြစ်ပေါ်လာသော သိမှုကြံမှုကို လောဘစိတ်ဆိုသည်။

ဒေါသစိတ် စသည်တို့၌လည်း ထိုအတူသိလေ။

ထိုစိတ်တို့သည် နှလုံးသွေးထဲမှာ တလှည့်စီတလှည့်စီဖြစ်ချည်ပေါ်ချည် ပျက်ဆုံးချည် နေကြကုန်၏။ စိတ်နှစ်မျိုးကွဲ၍ တပြိုင်ထဲဖြစ်ပေါ်သည်ဟူ၍မရှိ။တခုပျက်ဆုံးမှတခုပေါ်ရ၏။ ။ဥပမာကား တယောက်သော သူမှာ နတ်ကောင်းနတ်ဆိုး အမျိုးမျိုး ပူးဝင်ရာ၏။နှစ်ဦးပြိုင်၍ ပူးဝင်သည်မရှိ။ တဦးထွက်မှ တဦးဝင် သကဲ့သို့တည်း။ ။ကိုယ်အင်္ဂါ နှုတ်အင်္ဂါတို့ကို ခဏခြင်း ခဏခြင်း လှုပ်ရှားလျှင် သွားမှု လာမှု ပြောမှု ဆိုမှု စသည်တို့ကို ပြုလုပ်နိုင်သော စိတ်တန်ခိုးကြီးတို့သည် ထိုနှလုံးဌာနမှ ဖြစ်ပွါးကြကုန်၏။ လူအများတို့သည်မှုကား ထိုနှလုံးဌာနမှ ဖြစ်ပွါးကြ ကုန်သောစိတ်တို့ကို တလှည့်စီ တလှည့်စီ ပေါ်ချည် ဖြစ်ချည်နေကြသည် ဟူ၍ မသိကြကုန်။ ထွေထွေလာလာ ကြံတတ် .သိတတ်သော စိတ်တခုထဲ အမြဲတည်ရှိ၍နေသည်ထင်မှတ်ကြကုန်၏။

ဤကားစိတ်အမျိုးမျိုးခွဲပုံတည်း။

**စိတ်တို့၏ဖြစ်ရာဌာန**……ယခု အခါ၌ ဝိသေသ ဖြစ်သော "စိတ္တနိယာမ" အချက်ကို ပြဆိုပေအံ့။ ။စိတ်တို့၏ ရှေ့နောက်စီတန်း၍ ဖြစ်စဉ်ကို ဝိထိ ဆို၏။

www.dhammaransi.com



ထိုဝိထိသည် မြင်ဝိထိ,ကြားဝိထိ, နံဝိထိ, လျက်ဝိထိ, တွေ့ဝိထိ, သိ ဝိထိ ဟူ၍ ခြောက်ပါးရှိ၏။ ။ထိုထိုအဆင်းကို မြင်ကြရာ၌ မြင်ဝိထိ ဖြစ်ပုံကား ဆင်ခြင်စိတ် မြင်စိတ် ခံယူစိတ် စုံစမ်းစိတ် ပြဋ္ဌာန်းစိတ် ခံစားစိတ် နောက်လိုက်စိတ် ဟူ၍ စိတ် ခုနစ်မျိုး အစဉ်အတိုင်းဖြစ်မြဲ။ ထိုစိတ်ခုနစ်မျိုးတို့တွင် မြင်စိတ်သည် မျက်လုံး၌ဖြစ်၍ ကြွင်းသောစိတ်ခြောက်မျိုးတို့သည် နှလုံးအိမ်တွင်းမှ ဖြစ်ကြသော စိတ်မျိုးတို့သာတည်း။ ။ထိုထိုအသံကို ကြားကြရာ၌ ကြားဝိထိ ဖြစ်ပုံကား ဆင်ခြင်စိတ် ကြားစိတ် ခံယူစိတ် နောက်၌ ရှေ့အတိုင်း။ ။ထိုထိုအနံ့ကိုနံကြရာ၌ နံဝိထိ ဖြစ်ပုံကား ဆင်ခြင်စိတ် နံစိတ် ခံယူစိတ် နောက်၌ ရှေ့အတိုင်း။ ။ထိုထိုအရသာကိုသိကြရာ၌ လျက်ဝိထိဖြစ်ပုံကား။ ။ဆင်ခြင်စိတ် လျက်စိတ် ခံယူစိတ် နောက်၌ ရှေ့အတိုင်း။ ။ထိုထိုတွေ့ထိမှုကို တွေ့ကြုံရာ၌ တွေ့ဝိထိ ဖြစ်ပုံကား ဆင်ခြင်စိတ် တွေ့စိတ် ခံယူစိတ် နောက်၌ ရှေ့အတိုင်း။ ။ကြားစိတ်သည် နား၌ ဖြစ်ပေ၏။နံစိတ်သည်နှာခေါင်း၌ဖြစ်၏။ လျက်စိတ်သည် လျှာ၌ ဖြစ်၏။ တွေ့စိတ်သည်ကိုယ်အင်္ဂါတို့၌ဖြစ်၏။ ကြွင်းသောစိတ်ခြောက်မျိုးတို့သည် နှလုံးအိမ်တွင်းမှာချည်းဖြစ်ကြကုန်၏။

**သူခိုးဥပမာ** .... ဥပမာကား မင်းအိမ်တရပ်မှာ ညအခါ၌တံခါးပိတ်လျက် တအိမ်လုံး အိပ်ပျော်၍ နေကြကုန်၏။ သူခိုးတယောက်သည် လာ၍ တံခါးကိုဖွင့်၍ မင်းခစားတယောက်သည် နိုး၍ တံခါးမှာ လူလားဟု ဆင်ခြင်၍ တံခါးစောင့်ကို နှိုး၍ အကြည့်ခိုင်း၏၊ တံခါးစောင့်သည် တံခါးသော့ပေါက်မှကြည့်၏၊ မြင်၏။ အိပ်ဘန်စောင့် တယောက်ကိုပြော၏။ အိပ်ဘန်စောင့်သည်ထ၍ သူခိုးကိုဖမ်း၏၊ဖိ၏၊မလွှတ်ပြီ။မင်းအရေးရှိတယောက်သည် ထ၍ စစ်၏၊စစ်တမ်း စစ်ချက်တင်၏၊ အရေးရှိတယောက်က စစ်တမ်း စစ်ချက်ကို ကြည့်၍ ခိုးသူ အမှန်ဖြစ်ကြောင်း ပြဋ္ဌာန်း၏။ မင်းက ပြဋ္ဌာန်းချက် အတိုင်း စီရင်ချက်

www.dhammaransi.com



ချ၏။ ။မင်းလုလင်တို့က သူခိုးထံမှ မူးစ မတ်စ ညှစ်ယူကြ၏။ အမှုတချုပြီး၏။ ။လူတို့၏ ကိုယ်ခန္ဓာသည် မင်းအိမ်နှင့် တူ၏။ ဘဝင်စိတ် ကျ၍ နေဆဲအခါသည် မင်းအိမ်မှာ အိပ်ပျော်၍နေကြ သည်နှင့် တူ၏။ မျက်စိ နား စသော ခြောက်ဒွါရ ခြောက်ဌာန သည် မင်းအိမ်တံခါးနှင့် တူ၏။ အပ၌ရှိသော အာရုံရုသည် သူခိုး နှင့် တူ၏။ အာရုံဒွါရတွေ့ဆုံကြမှုသည် တံခါးဖွင့်နှင့် တူ၏။ ။ ဆင်ခြင်စိတ် စသည်သည် မင်းခစားယောကျ်ား စသည်နှင့် တူ၏။ ဤမြင်မှု ကြားမှု နံမှု လျက်မှု တွေ့ထိမှု စသည်ကား ကိုယ်ခန္ဓာ တွင်းမှာ ဓာတ်အချင်းချင်း ဆောင်ကြမှု သက်သက်သာ ရှိသေး သည်။ ။ပုဂ္ဂိုလ်မှာမူကား ငါမြင်သည် ငါကြားသည် ငါနံသည် ငါလျက်သည် ငါတွေ့သည်ဟု အသိမပေါ်သေး၊ ဥပမာကိုလည်း ဓာတ်တို့၏ ဖြစ်စဉ်နှင့်သာ စပ်ယှဉ်၍ယူ။

ဤကား ပဉ္စဒွါရငါးဝိထိ ဖြစ်ပုံတည်း။

**သိ ဝိထိဖြစ်ပုံ**……အဆင်းစသော အာရုံ ငါးပါးတို့နှင့် တကွ လောကဓမ္မအာရုံ အလုံးစုံ တို့ကို သိကြ ကြံကြရာ၌ သိဝိထိ ဖြစ်ပုံကား ဆင်ခြင်စိတ် တွင်ကျယ်စိတ် နောက်လိုက်စိတ် ဟူ၍ သုံးမျိုးရှိ၏။ ပဉ္စဒွါရငါးဝိထိတို့၌ ခံစားစိတ် နှင့် ဤမနောဒွါရ ဝိထိ၌ တွင်ကျယ်စိတ် တို့ကို "ဇောစိတ်" ဟူ၍ ခေါ်၏။ အရှိန် အဟုန် ထက်သန် ပြင်းထန်သော စိတ်မျိုး ဆိုလိုသည်။ ။ထိုတွင် ဤမနောဒွါရ ဇောစိတ်သည် အတွင် ကျယ်ဆုံးဖြစ်၏။ ။သတ္တလောကကြီး၌ နေ့တရှန်းရှန်း ညတရှန်း ရှန်း တဒုန်းဒုန်း တညံ့ညံ့ ရှိနေကြသည်မှာ ဤမနောဒွါရဇော တန်ခိုးတို့၏ အတတ်ပေတည်း။ နှလုံးတွင်း၌ ဤဇောတန်ခိုးကြီးတို့ ဆိတ်ကင်း၍နေသောအခါ ခပ်သိမ်းသော သတ္တဝါတို့သည်အသေ ကောင်တွေနှင့် အလားတူ ကြကုန်၏။ ။မျက်စိ၌ မြင်၍လည်း မြင်မှန်း မသိကြကုန်။ နား၌ ကြား၍လည်း ကြားမှန်း မသိကြကုန်၊ နှာခေါင်း၌ နံ၍လည်း နံမှန်း မသိကြကုန်၊ လျှာ၌ လျက်၍လည်း

www.dhammaransi.com



လျှက်ရမှန်းမသိကြကုန်။ ကိုယ်အင်္ဂါနှင့် တွေ့၍လည်း တွေ့ကြမှန်း မသိကြလေကုန်။ ။နှလုံးတွင်း၌ဤမနောဒွါရ ဖောတန်ခိုးကြီးတို့ ကျရောက် ပေါ်ပေါက်လာသောအခါမှသာမြင်လျှင် မြင်မှန်းသိကြ ကုန်၏။ ကြားလျှင်ကြားမှန်းသိကြကုန်၏။ နံလျှင်နံမှန်းသိကြကုန် ၏။လျက်လျှင် လျက်မှန်း သိကြကုန်၏။တွေ့လျှင် တွေ့မှန်း သိကြ ကုန်၏။ ။ထို့ကြောင့် ဤမနောဒွါရဝီထိ တို့သည် မြင်ဝီထိ၏ နောက်မှာလည်း များစွာဖြစ်ပွါးကြကုန်၏။ကြားဝီထိ,နံဝီထိ,လျက် ဝီထိ,တွေ့ဝီထိ၏ နောက်မှာလည်း များစွာဖြစ်ပွါးကြကုန်၏။ ။ မြင်ဝိယိစသည်တို့နှင့် မစပ်ရှက်ဘဲ ကြံဖန်မှု သက်သက်တို့နှင့် ဖြစ်ကြကုန်သည်ကားသာ၍များကုန်၏။

**စက်ရုံကြီးကဲ့သို့**······ဤသို့ ဖြစ်ကြရာ၌ ဘယ်သူ တဦး တယောက်မှ ထိုသို့ဖြစ်ကြရန် စီမံ ဖန်ဆင်း ရသည်မဟုတ်။ "စိတ္တနိယာမ" အားဖြင့်အလိုလိုစီပြီးစဉ်ပြီး တစည်းတရုံး တလုံး တဖွဲ့တည်း ဖြစ်မြဲ ဓမ္မတာအတိုင်း ဖြစ်ကြကုန် ၏။ စက်ရုံကြီးတို့မှာ အရင်းစက်ခလုပ်ငယ်တခုကို လှုပ်ရှားလိုက် လျှင် အဆက်ဆက် စက်ကိရိယာ အများတို့သည် တားမရ ဆီး မရ အဆုံးတိုင် လည်ကြကုန်သကဲ့သို့ မျက်စိ မျက်နှာနှင့် အဆင်း အာရုံ တွေ့ဆုံခဲ့သည် ရှိသော် အမြင်ဝီထိ အသိ ဝီထိ တို့သည် တားမရ ဆီးမရ ဖြစ်ကြကုန်၏။မျက်စိ မျက်နှာ မမှိတ်သာ မလွှဲ သာ ရှိနေရာ၌ "ငါမြင်လို" ဟု ငို၍ပင် နေငြားသော်လည်း ထိုပုဂ္ဂိုလ်ကို ထိုဝီထိစိတ်တို့သည် မြင်မှုဒုက္ခနှင့် အတင်း အဓမ္မ နှိပ်စက်ကြကုန်လတ္တံ့။

ထို့အတူ ခွေးသံ ဝက်သံ တီးသံ မှုတ်သံတို့နှင့် တွေ့ဆုံကြရာ ၌ "ငါမကြားလို" ဟု ငို၍ပင် နေငြားသော်လည်း အကြား အသိ ဝီထိစိတ်အပေါင်းတို့သည် ထိုပုဂ္ဂိုလ်ကိုကြားမှု ဒုက္ခနှင့်အတင်း အဓမ္မနှိပ်စက်ကြကုန်လတ္တံ့။ ။ခွေးပုပ် လူပုပ် စသည်နှင့် တွေ့ဆုံ ကြရာ၌ နံဝီထိ သိဝီထိ စိတ်အပေါင်းတို့သည် ထိုပုဂ္ဂိုလ်ကို နံမှု ဒုက္ခနှင့် အတင်း အဓမ္မ နှိပ်စက် ကြကုန်လတ္တံ့။ အလွန် ခါးစပ်

www.dhammaransi.com



သော ခါတ်စာ ဆေးစာတို့ကို စားသောက်ကြရာ၌ လျက်ဝိထိ သိဝိထိတို့သည် ထိုပုဂ္ဂိုလ်ကို ခါးမှု, စပ်မှု ဒုက္ခနှင့် အတင်းအဓမ္မ နှိပ်စက်ကြကုန်လတ္တံ့။ ။အများအနာကြုံကြိုက်ရာတို့၌ တကိုယ်လုံးမှာ ဖြစ်ပေါ်သော ပူစိတ်,လောင်စိတ်တို့သည်ရင်း,အနာပေါက်ရာ ကိုယ်အင်္ဂါတို့၌ ဖြစ်ပေါ်ကုန်သော နာစိတ် ကျင်စိတ် တို့သည်ရင်း, ထိုအများ, ထိုအနာ မပျောက်ငြိမ်းသမျှ ကာလပတ်လုံး ထိုပုဂ္ဂိုလ်ကို ပူဒုက္ခ, လောင်ဒုက္ခ, နာဒုက္ခ, ကျင်ဒုက္ခတို့နှင့် အတင်းအဓမ္မ နှိပ်စက်ကြကုန်လတ္တံ့။ ။ထင်ရှား စေခြင်းငှါ အနိဋ္ဌာရုံတို့နှင့် တွေ့ဆုံမှုကို ပြဆိုလိုက်သည်။ ဣဋ္ဌာရုံတို့နှင့် တွေ့ဆုံရာတို့၌လည်း ဤနည်းအတိုင်း "စိတ္တနိယာမ" ဖြစ်ပုံတို့ကို အကုန်မြင်ကြစေ။

သတ္တလောကဌ် စိတ္တနိယာမဖြစ်ပုံပြီး၏။

---

## သတ္တလောကဌ် ဓမ္မနိယာမ

**နိဒါနဝဂ္ဂသံယုတ်ပါဠိတော်**၌ ပဋိစ္စသမုပ္ပါဒ်တရားကို သတ္တလောက၏ "ဓမ္မနိယာမ"တရားဟူ၍ ဟောတော်မူ၏။

၁။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။
၂။ သင်္ခါရပစ္စယာ ဝိညာဏံ။
၃။ ဝိညာဏပစ္စယာ နာမရူပံ။
၄။ နာမရူပပစ္စယာ သဠာယတနံ။
၅။ သဠာယတနပစ္စယာ ဖဿော။
၆။ ဖဿပစ္စယာ ဝေဒနာ။
၇။ ဝေဒနာပစ္စယာ တဏှာ။
၈။ တဏှာပစ္စယာ ဥပါဒါနံ။
၉။ ဥပါဒါနပစ္စယာ ဘဝေါ။
၁၀။ ဘဝပစ္စယာ ဇာတိ။
၁၁။ ဇာတိပစ္စယာ ဇရာမရဏံ။

ပဋိစ္စသမုပ္ပါဒ် အကြောင်း အကျိုးစုံ(၁၁)

www.dhammaransi.com



### ၁။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ

လူ, နတ်, ဗြဟ္မာ ခေါ်ကြသော ကိုယ်ခန္ဓာစုသည် ပုဂ္ဂိုလ်မဟုတ် သတ္တဝါမဟုတ် လူ, နတ်, ဗြဟ္မာမဟုတ်။ အလွန်ကြောက်မက်ဘွယ်ကောင်းလှသော ရုပ်ဓာတ်စု,နာမ်ဓာတ်စုမျှသာ ဖြစ်သည်ကို ထင်လင်းစွာ မသိခြင်းကြောင့် ထိုရုပ်ဓာတ်စု,နာမ်ဓာတ်စုကို အဖန်ဖန် ပြုစု ပျိုးထောင်ခြင်း ဟူသော သင်္ခါရ တရားတို့ ဖြစ်ပွါးကြကုန်သည်။

### ၂။ သင်္ခါရပစ္စယာ ဝိညာဏံ

သင်္ခါရ ဟူသော မျိုးစေ့တရား ပွါးများခြင်းကြောင့် နောက်ဘဝ၌ ဝိညာဏ်ဟူသော အကျိုးဖလ ပဓာန ဓာတ်မှူးကြီး ဖြစ်ပေါ်သည်။

### ၃။ ဝိညာဏပစ္စယာ နာမရူပံ

ဝိညာဏ် ဟူသော ပဓာန ဓာတ်မှူးကြီး ဖြစ်ပေါ်ခြင်းကြောင့် နာမကာယကြီး, ရူပကာယကြီး ပွါးစီးဖြစ်ပေါ်သည်။ ။(ဖဿ ဝေဒနာ, သညာ,စေတနာ အစရှိသော စေတသိက် နာမ်စုကို နာမကာယဆိုသည်။)

### ၄။ နာမရူပပစ္စယာ သဠာယတနံ

နာမကာယကြီး, ရူပကာယကြီး ပွါးစီးဖြစ်ပေါ်ခြင်းကြောင့် ရူပကာယ၌ အာရုံတို့၏ ဆိုက်ဝင်ရန် ရုပ်ကြည်ငါးပါး, နာမကာယ၌ အာရုံတို့၏ ဆိုက်ဝင်ရန် မနောအကြည်တပါး, အကြည်ခြောက်ပါး တံခါးခြောက်ခု ဖြစ်ပေါ်သည်။ ။(စက္ခု, သောတ, ဃာန, ဇိဝှါ,ကာယ ရုပ်ကြည်ငါးပါး)။

### ၅။ သဠာယတနပစ္စယာ ဖဿော

အကြည်ခြောက်ပါး တံခါးခြောက်ခု ဖြစ်ပေါ်လာခြင်းကြောင့် တခု တခုသော ဒွါရ၌ အကြည် အာရုံ ဝိညာဏ်သုံးခု လုံးထွေးမှု ဟူသော ဖဿခြောက်ပါး ဖြစ်ပွါးသည်။

www.dhammaransi.com



### ၆။ ဖဿပစ္စယာ ဝေဒနာ

အကြည့် အာရုံ ဝိညာဏ်သုံးခု လုံးထွေးမှု ဟူသော ဖဿ ခြောက်ပါး ဖြစ်ပွါးခြင်းကြောင့် ခံစားမှု, စံစားမှုဟူသော ဝေဒနာ ခြောက်ပါးဖြစ်ပွါးသည်။

### ၇။ ဝေဒနာပစ္စယာ တဏှာ

ခံစားမှု,စံစားမှု ဟူသော ဝေဒနာ ခြောက်ပါး ဖြစ်ပွါး ခြင်း ကြောင့် ခံစားမှု၏ အသိုက်အအုံ အလုံးစုံတို့ကို သာယာ တွယ် တာမှု ဟူသော တဏှာခြောက်ပါ ဖြစ်ပွါးသည်။

### ၈။ တဏှာပစ္စယာ ဥပါဒါန်

သာယာတွယ်တာမှု ဟူသော တဏှာခြောက်ပါးဖြစ်ပွါးခြင်း ကြောင့် အတွယ်အတွဲ မြဲကြီးမြဲခြင်း ဟူသော ဥပါဒါန် တရားဖြစ် ပွါးသည်။

### ၉။ ဥပါဒါနပစ္စယာ ဘဝေါ

အတွယ်အတွဲ မြဲကြီးမြဲခြင်း ဟူသော ဥပါဒါန် တရား ဖြစ်ပွါး ခြင်းကြောင့် ဥပါဒါန် အစီး အပွါးကို လိုက်စား အားထုတ်မှု ဟူသော သုစရိတ ဒုစ္စရိတ ဘဝနှစ်ပါ ဖြစ်ပွါးသည်။

### ၁၀။ ဘဝပစ္စယာ ဇာတိ

သုစရိတ ဒုစ္စရိတ ဘဝနှစ်ပါး ဖြစ်ပွါး ခြင်းကြောင့် စုတိ၏ နောက်၌ ခန္ဓာ အသစ်အသစ် ဖြစ်ပေါ်ခြင်းဟူသော ဇာတိတရား ဖြစ်ပွါးသည်။

### ၁၁။ ဇာတိပစ္စယာ ဇရာမရဏံ

အသစ် အသစ် ဖြစ်ပေါ်မှု ရှိနေ ခြင်းကြောင့် သစ်သမျှ ဟောင်းခြင်း ဖြစ်ပေါ် သမျှ ပျောက်ပျက်ရခြင်း ဟူသော ဇရာ မရဏတရား ဖြစ်ပွါးသည်။

ဤကားအစုံ ၁၁ - ၏ အနက်။

www.dhammaransi.com



၁။ အဝိဇ္ဇာ သင်္ခါရ—အတိတ် ဘဝ၌ ရှိခဲ့သော တရားနှစ်ပါး။
၂။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ—ယခုပစ္စုပ္ပန်တရားရှစ်ပါး။
၃။ ဇာတိ ဇရာ မရဏ—နောက် အနာဂတ်ဘဝ၌ ဖြစ်ပေါ် လတ္တံ့သောတရားသုံးပါး။

**ဖန်ဆင်းသူမရှိ**·····ဝိညာဏ်သည် ယခုဘဝ၏အစပေတည်း။ ယခုဘဝ ဖြစ်ပေါ်ရန် အကြောင်းကား အဝိဇ္ဇာ သင်္ခါရပေတည်း။ အဝိဇ္ဇာ သင်္ခါရသည်ကား ယခုဘဝ၏ ရှေ့တည်း။ အတိတ်ဘဝပေါ်၏။ အတိတ်ဘဝ ဆိုသည်ကား ဝိညာဏ် နာမ်ရုပ်စသည် ရှစ်ပါး တို့ပင်တည်း။ ထိုဘဝ၌လည်း ဝိညာဏ် အစ ပေါ်ပြန်၏။ ထိုဝိညာဏ် ဖြစ်ပေါ်ရန် အဝိဇ္ဇာ သင်္ခါရ ရှေ့ဘဝပေါ်ပြန်၏။ အတိတ်သံသရာ၌ အနမတဂ္ဂအစ မရှိပေါ် လေ၏။ ။ဇာတိသည်အနာဂတ်ဘဝ၏ အစပေတည်း၊ အနာဂတ်ဘဝ ဆိုသည်ကား ဝိညာဏ် နာမ်ရုပ် စသည် ရှစ်ပါး ပင်တည်း။ ထိုရှစ်ပါးတို့တွင် ကမ္မဘဝအင်္ဂါသည် အဆုံးအင်္ဂါ ဖြစ်ပြန်၏။ထိုအင်္ဂါကြောင့် ထိုမှ နောက်ဘဝ၌ ဇာတိ ပေါ်ရပြန်၏။ ။ထိုမှနောက်ဘဝဆိုသည်ကား ဝိညာဏ် နာမ်ရုပ်စသည် အင်္ဂါရှစ်ပါး ပင်တည်း။ ။ထိုရှစ်ပါး တို့တွင် ကမ္မဘဝ အင်္ဂါ ကြောင့် နောက်ဘဝ၌ ဇာတိပေါ်ရပြန်၏။ အနာဂတ် သံသရာ၌ အနမတဂ္ဂ အဆုံးမရှိပေါ် လေ၏။အဝိဇ္ဇာတဏှာတို့ကို ပယ်သတ်နိုင်မှ ဆုံးတော့သည်။ ။ဤသို့လျှင် တစုံ တယောက်သော သူ ပြုလုပ် ဖန်ဆင်းမှု မရှိဘဲ အနမတဂ္ဂ သံသရာကာလ၌ နာမ်ဓမ္မ ရုပ်ဓမ္မတို့၏အကြောင်းအကျိုး အဆက်ဆက်အစဉ်မြဲ၍နေသည်ကို ဓမ္မနိယာမဆိုသတည်း။

**အကြောင်းအကျိုးဖြစ်ပုံဥပမာ**·····တခုသော ဘဝဖြစ်ပေါ်ရာ၌ အဝိဇ္ဇာသည်မြေနှင့် တူ၏။တဏှာသည် မိုးရေနှင့် တူ၏။ သင်္ခါရဟူသော စေတ

www.dhammaransi.com



နာခေါင်ကြီးသည် သရက်မျိုးစေ့နှင့်တူ၏။ နောက်ဘဝ၌ ဝိညာဏ်သည် သရက်မျိုးစေ့မှပေါ်ပေါက်သော သရက်ညှောက်ငယ်နှင့်တူ၏။ နာမ ကာယကြီး, ရူပကာယကြီး နှစ်ပါးသည် သရက်ညှောက်ငယ်မှ ဆက်လက်ကြီးပွါး၍သွားသော သရက်ပင်ကြီးနှင့်တူ၏။ ။နာမကာယကြီး ဆိုသည်မှာ ဖဿ ဝေဒနာ သညာ စေတနာစသည့်,ဝိတက္က ဝိစာရ ဝီရိယစသည့်,လောဘ,ဒေါသ, မောဟ, မာန, ဒိဋ္ဌိစသည့်, သဒ္ဓါ သတိ ဟိရီဩတ္တပ္ပ ပညာ စသည်ဖြင့် စိတ်ဝိညာဏ်၏ အခြံအရံ နာမ်ခေါ်သော တရားမျိုးများပြားလျက်ရှိသောကြောင့် နာမကာယကြီး ဆိုပေသည်။ ။ သဠာယတနခြောက်ပါးသည် သရက်ပွင့်ခိုင်စုံနှင့်တူ၏။ ။ဖဿ ခြောက်ပါးသည် သရက်ပွင့်တံစုနှင့် တူ၏။ ။ဝေဒနာခြောက် ပါးသည် သရက်ပွင့် စုနှင့်တူ၏။ ။တဏှာ ခြောက်ပါးသည် သရက်သီးကင်းစုနှင့် တူ၏။ ။ဥပါဒါန် လေးပါးသည် သရက်သီးရင့်စုနှင့် တူ၏။ ။ကမ္မဘဝသည်သရက်စေ့နှင့်တူ၏။ ။ဇာတိ သည် ထိုသရက်စေ့မှ ပေါက်သော နောက်သရက်ပင်နှင့် တူ၏။ အကြောင်းအကျိုးအဆင့်ဆင့်ဖြစ်ပွါး၍သွားပုံမျှကို ပြသောဥပမာ တည်း။

သတ္တလောက၌ ဓမ္မနိယာမ ဖြစ်ပုံပြီး၏။

## ပညတ်နှင့်ပရမတ်ခွဲပုံ

**သစ္စာနှစ်မျိုး**……ဤလောက သုံးပါး၏ဖြစ်ပုံကို ပြောဆိုသူတို့သည် သစ္စာ နှစ်မျိုး ဝေါဟာရ နှစ်မျိုးတို့ကို သိမှတ်ရင်းရှိကြကုန်ရာ၏။ ။သစ္စာနှစ်မျိုးဆိုသည်ကား သမ္မုတိ သစ္စာတမျိုး ပရမတ္ထ သစ္စာတမျိုး။ သမ္မုတိသစ္စာ ဆိုသည်ကား ထိုထို လူမျိုးတို့မှာ အမှန်ပြု၍ ခေါ်ဝေါ်ပြောဆိုကြသောစကားမျိုးတည်း။ ။ငါတို့မြန်မာနိုင်ငံ၌ နွားကိုနွားဟူ၍ ကျွဲကို ကျွဲဟူ၍ ခေါ်ဝေါ် ပြောဆိုလျှင် အမှန် ကျ၏။ သမ္မုတိ သစ္စာ ဖြစ်၏။ ။

www.dhammaransi.com



အဘယ်ကြောင့် အမှန်ကျသနည်း။ ဤနိုင်ငံမှာ လူအများတို့ ခေါ်ဝေါ်ရိုး ပြောဆိုရိုး ရှိသည့် အတိုင်း ပြောဆိုသည်ဖြစ်၍ ဘယ်သူ့မှ လှည့်စားရာမကျသောကြောင့် အမှန်ဖြစ်ပေသတည်း။ နွားဟူသော သတ္တဝါ ကျွဲဟူသော သတ္တဝါသည် လောက၌ ကေန်ရှိအမှန်ရှိ ဖြစ်၏။ ဤအကောင်ကြီးသည် နွားအမှန်ဖြစ်၏။ ကျွဲအမှန် ဖြစ်၏။ သမ္မုတိသစ္စာပေတည်း။ ။ဤသမ္မုတိသစ္စာသည် လူအများ ခေါ်ဝေါ်မှုသို့ အစဉ်လိုက်၏။ လူအများ ညီညာလျှင် ပြောင်းချင်တိုင်း ပြောင်းနိုင်၏။ ညီညာ၍ပြောင်းရွှေ့ပြောဆိုလျှင် အချင်းချင်း လှည့်စားမှုမရှိပြီ။

ပရမတ္ထ သစ္စာဆိုသည်ကား ဓာတ်သဘာဝ ဓမ္မသဘာဝ တို့နှင့် အဖြောင့်ကျသော စကားမျိုးတည်း။ မသိမှုကို မောဟခေါ်၏။ သိမှုကို ဉာဏ်ခေါ်၏။ အဖြောင့်ကျ၏။ မသိမှုကို ဉာဏ်၊ သိမှုကို မောဟ ပြောင်းရွှေ့၍ မရ။ အဘယ်ကြောင့်နည်းဟူမူ ပြောင်းရွှေ့ခဲ့လျှင် ပရမတ္ထ သစ္စာပျက်၏။ မိစ္ဆာဒိဋ္ဌိဖြစ်တတ်၏။ သမ္မုတိသစ္စာပျက်လျှင် မုသာဝါဒ ဖြစ်တတ်၏။ ပရမတ္ထသစ္စာပျက်ခဲ့လျှင် ဒိဋ္ဌိ ဖြစ်တတ်၏။ ။ဝေါဟာရနှစ်မျိုး ဆိုသည်ကား သုတ္တန်ဝေါဟာရ တမျိုး အဘိဓမ္မာ ဝေါဟာရတမျိုး။ ပုဂ္ဂိုလ် သတ္တဝါ ဖြဟ္မာ လူ နတ်မိန်းမ ယောကျ်ားအစ ရှိသော ဝေါဟာရမျိုးသည် **သုတ္တန် ဝေါဟာရမျိုး**မည်၏။ ။သမ္မုတိသစ္စာ၏ဆိုင်ရာပေတည်း။ ။ နာမ် ရုပ် ဖဿ ဝေဒနာ ပထဝီ အာပေါ အစရှိသော ဝေါဟာရမျိုးသည် **အဘိဓမ္မာ ဝေါဟာရမျိုး**မည်၏။ ပရမတ္ထသစ္စာ၏ ဆိုင်ရာပေတည်း။

**သံတခြားသပိတ်တခြား**……"သံသပိတ်"ဟူသော စကား၌ သမ္မုတိ သစ္စာ အလိုအားဖြင့် သံသည် ပင်လျှင်သပိတ်။ သပိတ်သည်ပင်လျှင်သံ၊ သံနှင့် သပိတ် သပိတ်နှင့်သံ မကွဲပြားကြ ဟူ၍ ပြောကြကုန်လတ္တံ့။ ။ပရမတ္ထ သစ္စာ အလိုအားဖြင့် သံသည်သပိတ်မဟုတ်၊ သပိတ်သည် သံ

www.dhammaransi.com



မဟုတ်၊ သံကားတခြား၊ သပိတ်ကား တခြားဟူ၍ပြောရမည်။ ။ ယုတ္တိမူကား သံ၏အနက်ကား သံသားတည်း။ သပိတ်၏အနက်ကား ဝန်းဝန်းဝိုင်းဝိုင်း ထင်မြင် ရသော သဏ္ဌာန ပညတ်တည်း။ ။ ထို့ကြောင့် သံ ဟူသော အမည်သည် အိုး ဖြစ်စေ ခွက် ဖြစ်စေ ထားမ ပေါက်ဆိန် ဖြစ်စေ သံသားရှိရာ အလုံးစုံတို့၌အကုန်လိုက်၏။ သပိတ်ဟူသော အမည်သည် သံကို လုပ်သည် ဖြစ်စေ မြေကို ရွှေကို ငွေကို လုပ်သည် ဖြစ်စေ ထိုသဏ္ဌာန်မျိုး ရှိရာတို့၌ အကုန်လိုက်၏။ သံအမည်ရှိရာတိုင်းတို့၌ သပိတ် အမည် မလိုက်။ သပိတ်အမည်ရှိရာတိုင်းတို့၌သံအမည်မလိုက်။

ထိုသံသပိတ်ကိုပင် ဖျက်ဆီး၍ အိုး ခွက် စသည် ပြုလုပ်ခဲ့သော် သံအိုး သံခွက် စသည်ဖြင့် သံ အမည်သည်သာ လိုက်၏။ ထိုသံပင် ဖြစ်သော်လည်း သဏ္ဌာန်တမျိုး ပြောင်းရွှေ့၍ သွားခဲ့လျှင် သပိတ် အမည် မလိုက်နိုင်ပြီ။ ။ ထို့ကြောင့် အဘိဓမ္မာနည်းအလိုအားဖြင့် ထိုသံသပိတ်မှာပင် သံသည် သပိတ် မဟုတ်၊ သပိတ်သည် သံမဟုတ်။ သံကားတခြား၊ သပိတ်ကားတခြား။ သံ၏အနက်ကား သံသားတည်း၊ သပိတ်၏အနက်ကား သဏ္ဌာန်တည်း။ သံသားသည် သဏ္ဌာန်မဟုတ်။ သဏ္ဌာန်သည် သံသား မဟုတ်။ သံ သည့်ကား သပိတ်သည် လုပ်၍ ဖြစ်လာသည် မဟုတ်။ သံကျောက် စသည်တို့မှ ဖြစ်လာ၏။ သဏ္ဌာန်သည်မူကား သပိတ်သည် လုပ်မှ ဖြစ်ပေါ် လာသောအာဂန္တု ပညတ်ကြီးပေတည်း။ ။ ဤသို့ အဘိဓမ္မာနည်းအားဖြင့် သံသားနှင့်သဏ္ဌာန်ကို ဉာဏ်နှင့် ခွဲခြမ်းလိုက်သည်ရှိသော် သဏ္ဌာန်သည် သံကဲ့သို့ အမျိုးဇာတိနှင့် ရှိသော ဝတ္ထုမျိုးမဟုတ်။ ထိုသို့ အမျိုးဇာတိနှင့် ရှိသော ဝတ္ထုမျိုး မဟုတ်သည့်အတွက် သပိတ်ဟူ၍မရှိဟုပြောဆိုပိုင်လေသတည်း။

လောက၌ သန်းဥသဏ္ဌာန် သန်းပြု သဏ္ဌာန် ဆံပင် သဏ္ဌာန် မွေးညှင်းသဏ္ဌာန် မြူမှုန့်သဏ္ဌာန် သဲမှုန့်သဏ္ဌာန်

www.dhammaransi.com



တို့မှစ၍ သက်ရှိသက်မဲ့ အလုံးစုံ အကုန်သင်္ခါရ်န် အသွင်
ထင်မြင်သမျှတို့ကိုသင်္ခတသင်္ခါရ်န်မျိုးချည်းမှတ်လေ။ ။
သင်္ခါရ်နှစ်မျိုးဝေါဟာရနှစ်မျိုးခွဲနည်းပြီး၏။

---

## ရုပ်ခေတ်ခွဲပုံဥပမာ

**လောကဝေါဟာရအားဖြင့်သာ**……ကိုယ်သင်္ခါရ်န်၌ခေါင်း
သင်္ခါရ်န်ဖြစ်၍ နေကြ

ကုန်သော ရုပ်တုံး ရုပ်ခဲ ခေတ်တုံးခေတ်ခဲတို့၌ ခေတ်ခွဲပုံ ဥပမာ ကား သတ္တဝါသည် တဘဝမှတဘဝသို့ ပြောင်းရွှေ့ ပါသလော မေးခဲ့သော် မေးသောသူသည် ဉာဏ်ပညာ နုံ့သောသူ ဖြစ်ခဲ့အံ့၊ သမ္မုတိ သစ္စာမျိုးနှင့် ဖြေဆိုရာ၏။ ။ဖြေဆိုပုံကား ပြောင်းရွှေ့ ပါ၏။ ကုသိုလ်တရားကို အားထုတ်သော သူသည် သေသည်မှ နောက်၌ သုဂတိဘဝသို့ ရောက်ရသည်၊ ကုသိုလ်တရားကို အား မထုတ်သောသူသည် သေသည်မှနောက်၌ ဒုဂ္ဂတိဘဝသို့ ရောက် ရသည်ဟူ၍ ဖြေဆိုရာ၏။ ။ဉာဏ်ပညာထက်သန်သောသူဖြစ်ခဲ့ အံ့၊ အရာ ဌာနသို့ လိုက်၍ သမ္မုတိ သစ္စာ နည်းမျိုးနှင့် သော်လည်း ဖြေဆိုရာ၏။ ။ပရမတ္ထသစ္စာနည်းမျိုးနှင့် သော်လည်း ဖြေဆိုရာ ၏။ ။ပရမတ္ထသစ္စာ နည်းမျိုးနှင့် ဖြေဆိုပုံကား သတ္တဝါ ဟူ၍ မရှိ။မရှိသော သတ္တဝါကို အရှိလုပ်၍ပြောင်းရွှေ့သည် မပြောင်း ရွှေ့သည်ဟု ပြောခွင့်မရှိ။ရုပ် နာမ် တရား နှစ်ပါးသာရှိ၏။ ထိုနှစ် ပါးသည်လည်း ယခုမျက်မှောက်ဘဝမှာပင် တဌာနကတဌာနသို့ ပြောင်းရွှေ့ခြင်းမရှိကြ။ ဖြစ်ရာဖြစ်ရာဌာန၌ပင်လျှင် ချုပ်ဆုံး ကြ၏။ အဘယ်မှာ ဘဝတပါးသို့ပြောင်းရွှေ့နိုင်မည်နည်း။ ဤဘဝ၌ ဖြစ် ပွါးကြသော ကုသိုလ်ကံ အကုသိုလ်ကံကြောင့် စုတိ၏ အခြားမဲ့၌ ဘဝတပါးမှာ နာမ်အသစ် ရုပ်အသစ် ဖြစ်ပေါ်လေ၏။ ဤသို့ ဖြစ်ပေါ်သည်ကိုပင် လောက ဝေါဟာရအားဖြင့် သတ္တဝါသည် တဘဝမှ တဘဝတို့ ပြောင်းရွှေ့သည်ဟု ခေါ်ကြရသည် ဟူ၍ ဖြေဆိုရာ၏။

www.dhammaransi.com



**လမ်းကြီးဥပမာ**……ဤအရာ၌ ဥပမာတခုကို ပြဆိုပေအံ့။ ။ အလွန် သိမ်မွေ့ လျှစ္စာသော သဲတို့ကို လမ်းကြီး တခုလုပ်ရာ၏။ ဆယ်မိုင်ခန့် ရှည်၏။ အနံ သုံးတောင် အထု နှစ်တောင်ရှိ၏။ ဤလမ်းကြီး၌ သမ္မုတိသစ္စာနည်း အားဖြင့် လမ်းကြီးတခုရှိ၏။ အလျားအနံ အထုမည်မျှရှိ၏, မည်သည့်ရွာမှ မည်သည့်ရွာသို့ ရောက်၏, မည်သည့်နေရာ၌ဖြောင့်၏, မည်သည့် နေရာ၌ ကောက်၏, ကွေ့၏, မိုမောက်၏, နိမ့်ရှိုင်း၏ဟူ၍ ပြော ပေရာ၏။ အဘိဓမ္မာနည်းအားဖြင့် ပြောမူကား လမ်းဟူ၍ပင် မရှိ။ အလွန်သိမ်မွေ့သော သဲလုံးတို့သာရှိကုန်၏။ သဲပုံကြီး, သဲစုကြီး သာ ဖြစ်၏။ အလျားအနံ အထု, အမို, အမောက်, အနိမ့်, အရှိုင်း, အကောက်, အကွေ့ ဟူ၍မရှိ။ ဘယ်ဌာနကစ၍ ဘယ်ဌာနသို့ ရောက်သည်ဟူ၍မရှိ။

ဤနှင့်အတူ တခုတခုသော ရုပ်တရား, နာမ်တရားသည်လည်း ယခုပစ္စုပ္ပန် ဘဝ၌ပင် ဘယ်ဌာနက ဘယ်ဌာနသို့ ရောက်သည် ဟူ၍မရှိ။ ဖြစ်ရာဌာန၌သာ ချုပ်ရာ၏။ အဘယ်မှာ ဘဝတပါးသို့ ပြောင်းရွှေ့နိုင်မည်နည်း။ ဤဥပမာ၌ သဲမှုန့်တို့ကို အသီးအသီး ပြု ၍ ရှုမြော်လိုက်သည်ရှိသော် လမ်းကြီးသဏ္ဌာန် ကွယ်ပျောက် လေ သကဲ့သို့ မြေမှုန့်, ကျောက်မှုန့်တို့ကို အသီးအသီးပြု၍ ရှုမြော်လိုက် သည် ရှိသော် မဟာပထဝိ မြေကြီးသဏ္ဌာန် စကြာဝဠာတောင်, မြင်းမိုရ်တောင်, သတ္တရဘန်တောင်သဏ္ဌာန်တို့သည်လည်း ဉာဏ် ၌ အကုန်ကွယ်ပျောက်လေကုန်၏။ မြေမှုန့်အစု, ကျောက်မှုန့်အစု တို့သာ ရှိကြကုန်၏။ ။သစ်ပင်ချုံနွယ် အပေါင်း တို့ကိုလည်း ထောင်းထု ကြိတ်နယ်၍ ရှုခဲ့သော် သူ့သဏ္ဌာန်စုနှင့် သူ့အမည် စု အကုန်ကွယ်ပျောက်၍ မြေမှုန့်စုတို့သည်သာ ကျန်ရှိကုန်လတ္တံ့။

**နာမ်တရားမပြောင်းရွှေ့**……တခုတခုသော ရုပ်တရား, နာမ် တရားသည်တဌာနမှတဌာနသို့ နှမ်းစေ့တခုစာမျှ ပြောင်းရွှေ့ခြင်းမရှိ။ ထွက်သက်ခဏ၌ ဖြစ်ပေါ်

www.dhammaransi.com



သော ရုပ်နာမ်စုသည် ဝင်သက်ခဏာသို့ မရောက်, ထွက်သက် ခဏာ၌သာ ချုပ်ကုန်၏။ ဝင်သက်ခဏာ၌ ဖြစ်ပေါ်သော နာမ်ရုပ်စု သည် ထွက်သက်ခဏာသို့မရောက်, ဝင်သက်ခဏာ၌သာ ချုပ်ကုန် ၏။ ။ချုပ်ပုံကား စီး၍နေသော မြစ်ရေကို စေ့စေ့ရှု တလှုပ်လှုပ် တရွရွ နေသည်ကို မြင်ရ၏။ လှုပ်မှု,ရွမှု ဟူသည် ရုပ်သစ် ရုပ် ဟောင်း ပြောင်းလဲမှုတည်း။

အဘိဓမ္မာ၌ ရုပ်သစ်ရုပ်ဟောင်း နာမ်သစ်နာမ်ဟောင်း ပြောင်း လဲမှုကို လောက၌ လှုပ်သည်ရှားသည်ခေါ်၏။ ထိုမြစ်ရေအထဲမှာ မလှုပ်မရှားဘဲ တည်ငြိမ်၍ နေသော ရေမှုန့်ငယ် တခုကို တွေ့ အောင်ရှာလေ။ မလှုပ်မရှားဘဲ နှမ်းစေ့ခန့်မျှ ဌာနပြောင်းရွှေ့နိုင် သော ရေမှုန့်ငယ် တခုကို တွေ့အောင်ရှာလေ။ မလှုပ်မရှားဘဲ အသက်တရှူစာမျှ ခဏပြောင်းရွှေ့နိုင်သော ရေမှုန့်ငယ် တခုကို တွေ့အောင်ရှာလေ။ တည်ငြိမ်သည်ကိုမတွေ့ မတည်မငြိမ် တရွရွ နေသည်ကိုသာ တွေ့၏။ မြစ်ရေတပြင်လုံး တရွရွနေသည်ကိုသာ မြင်ရ၏။ ။ဖြစ်မှု, တည်မှု, ပျက်မှု သုံးခုရှိ၏။ အမှုအရာ တမျိုး တမျိုး ပေါ်သည်ကား ရုပ်ကလာပ်သစ် ဖြစ်မှုတည်း။ တမျိုးတမျိုး ကွယ်ဆုံးသည်ကား ရုပ်ကလာပ်ဟောင်း ချုပ်မှု ပျက်မှုတည်း။ ဖြစ်ပေါ်မှု, ကွယ်ဆုံးမှု နှစ်ခုတို့၏အကြား၌ ဖြစ်ပေါ်သည်အတိုင်း အမှုအရာမပျက်ဘဲ တည်နေသည်ကား တည်မှုတည်း။ အနုစိတ်၍ အစေ့အစပ်ကြည့်ရှုသည်ရှိသော် မြစ်ရေတပြင်လုံးမှာ တည်မှုကို ပင် ရှာကြံ၍မရ၊ ဖြစ်မှု,ပျက်မှု နှစ်ခုကိုသာ မြင်ရ၏။

**မှန်ပြောင်းဖြင့်**·····ယခုအခါ၌ ရန်ကုန်မြို့ သိပ္ပံကျောင်းကြီး များမှာ ငယ်သည်ကို ကြီးအောင်ဖွင့်နိုင် သော ဓါတ်မှန်, ဓါတ်မီး ပညာကြီးများနှင့် ကြည့်ရှုသော်လည်း တည်ငြိမ်မှု ဌီခဏကို ပသာဒစက္ခုတွင် မြင်နိုင်ရန်မရှိ။ ပကတိ မျက်စိတွင် မထင်နိုင် မမြင်နိုင်အောင် သိမ်မွေ့ လှသော ဖြစ်မှု ပျက်မှုတို့ကိုမူကား ထိုပညာရှိကြီးများနှင့် ကြည့်ရှုလျှင် ထင်

www.dhammaransi.com



ရှားစွာ မြင်ကြရကုန်၏။ ။စီးသောရေတို့၌ အဆင်း ဟူသော ဝဏ္ဏခေတ်၏ လှုပ်ရှားမှုကိုမြင်၍ ဖြစ်ခြင်း,ပျက်ခြင်း လျင်မြန်မှုကို သိရ၏။ ။မစီးသော ရေသေတို့၌မူကား ရေနှင့်အပြည့်ရှိနေသော ဥတုဟူသော မီးခေတ်ကြီးသည် ပူသောအခါ ပူရှိန်တရွရွ အေးသောအခါ အေးရှိန်တရွရွ တရှိန်ရှိန် ထလျက်သာနေ၏။မီးခေတ် မည်သည် တည်ငြိမ်သော ခေတ်မျိုးမဟုတ်။ ထိုရေတွင်းသို့ သက်ဆင်း၍ စုံစမ်းလျှင် ရေတွင်းရှိ ကိုယ်အင်္ဂါတို့၌ ရေပူဖြစ်လျှင် ပူရှိန်တွေတရွရွ ရေအေးဖြစ်လျှင် အေးရှိန်တွေတရွရွ ခိုက်တိုက် ထိုးဆွ၍ တရွရွနေမှုတွေကို တွေ့ရှိရ၏။ ထိုရေကန်တခုလုံး နေ့နေ့ ညည တရှိန်ရှိန် တရွရွ နေသည်ကို မြင်နိုင်၏။

ထိုတွင် ပူရှိန်သည် ပံသုပထဝီ မြေမျိုးတို့၌ ပွါးစီး၏။ ပံသုပထဝီမြေကြီးနှင့် သစ်ပင် ချုံနွယ်တို့မှာ ပူရှိန်ဥတု ပွါးစီးမှုနှင့် နေ့နေ့ ညည တရှိန်ရှိန် တရွရွ ရှိနေကြကုန်၏။ အေးရှိန်သည် သိလာပထဝီမျိုးတို့၌ ပွါးစီး၏။ အောက်၌ သိလာပထဝီ မြေကြီးနှင့် မြင်းမိုရ်တောင်, စကြဝဠာတောင်,သတ္တရဘန်တောင်, ဟိမဝန္တာတောင် ကျောက်ခေတ်မျိုး, ကြေးခေတ်မျိုး, သံခေတ်မျိုး တို့သည် အေးရှိန်ဥတု ပွါးစီးမှုနှင့် နေ့နေ့ညည တရှိန်ရှိန် တရွရွ ရှိနေကြကုန်၏။

**ဝိညာဏ် အစဉ်အားဖြင့်သာ** ·····ရာဟု အရပ်မှ ကြီးစွာ လာသော လေမုန်တိုင်းကြီးမှာ တည်နေမှု တခုကို တွေ့အောင်ရှာ၍ မရ။ မြစ်ရေအယဉ် ကဲ့သို့ လေယဉ် ပြန့်ပွါးလှုပ်ရှားမှုကိုသာ မဟာပထဝီမြေကြီး မြင်းမိုရ် တောင်ကြီးတို့၌ရှိသော တခုသော ရုပ်သည်ပင်လျှင် မချုပ်မပျက်ဘဲ တဌာနမှ တဌာနသို့ တကာလမှ တကာလသို့ ပြောင်းရွှေ့သည် မရှိချေ။ ပုဂ္ဂိုလ်သတ္တဝါတို့ သန္တာန်မှာ ဤဘဝ၌ ရှိနေသော နာမ်တရားတို့သည်မူကား ဤဘဝတွင် မချုပ် မပျက်ကြကုန်မူ၍ နောက်ဘဝသို့ ပြောင်းရွှေ့နိုင်ကြရန် အဘယ်မှာ ရှိချေတုံအံ့နည်း။

www.dhammaransi.com



ပြဆိုခဲ့ပြီးသော သဲလမ်းကြီး ဥပမာ၌ သဲလုံးတို့၏ အစီအစဉ်အားဖြင့်သာလျှင် "သည်လမ်းကြီးသည် သည်နေရာမှ ဟိုနေရာသို့ ရောက်သည်,သည်ရွာမှ ဟိုရွာသို့ရောက်သည်"ဟူ၍ရင်း, မြစ်ရေဥပမာ၌ ရေမှုန့်ရုပ်ရတို့၏ အစဉ်အားဖြင့်သာလျှင် "ဤမြစ်ရေသည် ဟိမဝန္တာမှစ၍ ပင်လယ်သို့ ကျဆောင် စီးလာသည်" ဟူ၍ရင်း, လေမုန်တိုင်း ဥပမာ၌ လေမှုန်ရုပ်ရတို့၏ အစဉ် အားဖြင့်သာလျှင် "လေမုန်တိုင်းကြီးသည် ဤရွာမှထိုရွာသို့ ရောက်သည်"ဟူ၍ရင်း, ပြောဆိုကြရကုန်သကဲ့သို့ သတ္တဝါတို့၏ သန္တာန်မှာလည်း အသစ်အဟောင်း အပြောင်းအလဲ မစဲမပြတ် ရုပ်ခတ်, နာမ်ခတ်, ဝိညာဏ်ခတ်တို့၏ အစဉ်အားဖြင့်သာလျှင် "ဤနေရာမှ ထိုနေရာ ဤခဏမှ ထိုခဏ ဤဘဝမှ ထိုဘဝသို့ ပြောင်းရွှေ့ကုန်သည်"ဟု ပြောဆိုကြရကုန်၏။

ဤကားအဘိဓမ္မာပညာရှိတို့၏ ဉာဏ်အလင်းကြီး ပေတည်း။

**တပြိုင်နက်သာ**......ရုပ်ခတ်, နာမ်ခတ် ဝိညာဏ်ခတ်တို့၏ အစဉ်အားဖြင့်သာလျှင် "ဤဘဝမှ ချုပ်၍ ထိုဘဝမှာ အသစ်ပေါ်သည်" ဆိုခဲ့သော် လူ့ပြည်မှ စုတေ၍ လူ့ပြည်၌ ဖြစ်သောသူ, လူ့ပြည်မှစုတေ၍ အထက် နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ဖြစ်သောသူ, လူ့ပြည်မှ စုတေ၍ အောက်ငရဲဘုံတို့၌ ဖြစ်သောသူ, ဤသူတို့သည် ဤလူ့ပြည်၌ တပြိုင်နက် စုတေကြကုန်သော် လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်, ငရဲပြည် တို့၌ တပြိုင်နက် ရောက်နိုင်ကြကုန်သလော။ အကာအဆီး အနီးအဝေး အလျောက် ရှေ့နောက် ခြားနားခြင်း ရှိကြကုန်သလော။ ။ခြားနားခြင်း မရှိကြကုန်။ တပြိုင်နက် ရောက်နိုင်ကြကုန်သည်။ အကာအဆီး ရှိနေခဲ့လျှင် ဖောက်ထွင်း၍ မသွားနိုင် မလာနိုင်, နီးလျှင် အလျင်ရောက်သည်, ဝေးလျှင် နောက်မှ ရောက်သည် ဟူသော ခြားနားမှုသည် ရုပ်တရားတို့၌သာရှိ၏။ နာမ်တရားတို့၌မရှိ။ ။ ရုပ်တရားသည် ရုန့်ရင်းကြမ်းတမ်းသော တရားမျိုးဖြစ်၍ အကာ

www.dhammaransi.com



အဆီးရှိလျှင် တိုက်မိ၍နေတတ်၏။ ဖောက်ထွင်း၍ မသွားနိုင်။ အာရုံကို ယူတတ်သော တရားမျိုးမဟုတ်။ အာရုံကို လှမ်းမှ ယူမှု မရှိ။ရုပ်အစဉ်ရွေ့ရှား၍ သွားမှု လာမှုသာရှိ၏။ ထို့ကြောင့် နီးလျှင် နီးသည် အလျောက် အလျင် ရောက်တတ်၏။ ဝေးလျှင် ဝေးသည် အလျောက် နောက်မှရောက်တတ်၏။ ။တန်ခိုးအရာမျိုးကို ချန်လှပ်၍ ဆိုသည်။

**ရုပ်တရားလို မဟုတ်**……နာမ်တရားသည်အလွန်သိမ်မွေ့သော တရားမျိုးဖြစ်သည် တကြောင်း, အာရုံကို သိမှု ယူမှုရှိသည်တကြောင်း, သို့အတွက်ကြောင့် အကာအဆီး,အနီး,အဝေး, ခြားနားခြင်းမရှိ။အာရုံ ပြုလိုလျှင် ယခုပင် မဟာအဝိစိငရဲကို လှမ်းယူသမှုအာရုံပြုနိုင်၏။စုတိကျ၍ ဤဘဝ ဤသန္တာန် ပျက်ဆုံးသော အခါ၌လည်း အာရုံပြုမှုအတိုင်း ယခုပင် အဝိစိငရဲ၌ဖြစ်နိုင်၏။ ယခုပင်နတ်ပြည် ဗြဟ္မာ့ပြည်၌ ဖြစ်နိုင်၏။ နာမ်တရားဖြစ်ရာမှာ ရုပ်ခန္ဓာလည်း ပေါ်ရတော့သည်။ ။ထိုထိုဘဝ၌ နာမ်ခန္ဓာရုပ်ခန္ဓာဆက်လက်ကာပေါ်ခဲ့လျှင် သမ္မုတိသစ္စာနည်းအားဖြင့်“ဘယ်လူသည်ယခုသေ၍ ငရဲပြည်မှာ ဖြစ်လေ၏။ နတ်ပြည်မှာဖြစ်လေ၏”ဟုပြောကြဆိုကြရတော့သည်။

ဤသတ္တဝါသည် တဘဝမှ တဘဝသို့ ပြောင်းရွှေ့ပါသလော–ဟူသော မေးခွန်း၌ အဘိဓမ္မာ ဓာတ်ပညာ အလင်းကြီးကို ပြဆိုချက်တည်း။

ဤအလင်းကြီးအလိုမှာ ပုဂ္ဂိုလ်သတ္တဝါဟူ၍ မရှိ သောကြောင့် မရှိသည်ကို အရှိလုပ်၍ နောက်ဘဝသို့ ပြောင်းသည် မပြောင်းသည်ဟု ပြောဆိုခွင့်မရှိဟု ဖြေ၏။ ။အဘိဓမ္မာ ဓာတ်ပညာ အလင်းမှ ကင်းကွာကြကုန်သော မှောင်တွင်းသားတို့သည်မူကား ပုဂ္ဂိုလ်မရှိ, သတ္တဝါမရှိဟူသော စကားကို မကြားလိုကြကုန်။အမှားကြီးထင်ကြကုန်၏။ကြောင်ကြောင်မှားကြီးထင်ကြကုန်၏။ ။

www.dhammaransi.com



ရှေးဦပညတ်နှင့်ပရမတ် ခွဲခြားမှုလာခဲ့သော သံသပိတ် ဥပမာကို ဤနေရာ၌ ဆောင်၍ပြရာ၏။

**မှောင်တွင်းသားတို့အလို**……မှောင်တွင်း သားတို့အလို ထိုသပိတ်၌ သံသည်ပင်လျှင် သပိတ် သပိတ်သည်ပင်လျှင်သံ၊ သံနှင့်သပိတ် သပိတ်နှင့်သံ မကွဲကြဟု ဖြေဆိုခဲ့ပြီ။ ထိုသူတို့ကား သပိတ် သဏ္ဌာန်နှင့် သံသားကိုခြားနားစွာ မြင်နိုင်ရန် ဉာဏ်အလင်းမရှိကြကုန်သောကြောင့်သံသားကို သပိတ်သဏ္ဌာန်၏ အတွဲပြု၍ သံသည်ပင်လျှင် သပိတ် သပိတ်သည်ပင်လျှင်သံ၊ သံနှင့်သပိတ် သပိတ်နှင့်သံ မကွဲကြဟု ယူကြကုန်သည်။ ထိုသူတို့သည် လောက၌ သပိတ်ဟူ၍မရှိ ဟူသော စကားကို မကြားလို ရှိကြကုန် လတ္တံ့။ အမှားကြီး ထင်ကြကုန်လတ္တံ့။ကြောင်တောင်မှားကြီးထင်ကြကုန်လတ္တံ့။

**အလင်းသမားတို့အလို**……အလင်း ဘက်၌ မူကား သံသားသည်သာ အမှန် ရှိ၏။ သပိတ်သဏ္ဌာန်ကြီးသည်ကား အမှန်ရှိမဟုတ်၊ စိတ်ထဲတွင်သာ ထင်မြင်ရသော သဏ္ဌာန် ပညတ်ကြီးသာတည်း။ ထိုကြောင့် သံသားကို သပိတ်သဏ္ဌာန်၏ အမာခံ အထည်ခံ အတွဲမပြုဘဲ တခြားစီ ခွဲလိုက်သော် သပိတ်သဏ္ဌာန်သည်မရှိဟူသော အရေအတွက်သို့ ရောက်လေ၏။ သတ္တဝါတို့၏ သန္တာန်၌ ရုပ်ဓာတ်သား နာမ်ဓာတ်သားရသည် သံသားနှင့်တူ၏။ ပုဂ္ဂိုလ်သဏ္ဌာန် သတ္တဝါသဏ္ဌာန် လူသဏ္ဌာန် နတ်သဏ္ဌာန် မိန်းမ သဏ္ဌာန် ယောကျ်ားသဏ္ဌာန် ခေါင်းသဏ္ဌာန် ကိုယ်သဏ္ဌာန်စသော သဏ္ဌာန်ကြီးငယ်ရသည် သပိတ်သဏ္ဌာန်နှင့်တူ၏။

ဆံပင်တချောင်း၌ အဖတ်သဘောသည် မြေဓာတ် မည်၏။ အရည်သဘောသည် ရေဓာတ်မည်၏။ ပူမှု အေးမှုသည် မီးဓာတ်မည်၏။ ပွရွရန်သဘောသည် လေဓာတ်မည်၏။ အဆင်းသည် ဝဏ္ဏဓာတ် မည်၏။ အနံ့သည် ဂန္ဓဓာတ် မည်၏။ အရသာသည် ရသဓာတ်

www.dhammaransi.com



မည်၏၊ အဆီမျိုးသည် ဩဇာဓာတ်မည်၏။ ။ရုပ်ဓာတ်သားရ ပေတည်း။ ။လုံးလုံး ရှည်ရှည် သဏ္ဌာန်သည် ဆံပင်မည်၏။ ဓာတ်သားရသည် သံသားနှင့်တူ၏။ ဆံပင်သဏ္ဌာန်သည် သပိတ် သဏ္ဌာန်နှင့်တူ၏။ ဆံပင်အဖတ်သဘောကို ဆံပင်ဟု ဆိုခဲ့သော် မြေဓာတ်ကို သတ္တဝါဟု စွပ်စွဲခြင်းဖြစ်၏။ အဖတ်သဘောကား မြေဓာတ်တည်း။ ဆံပင် မဟုတ်ဟု ဆိုခဲ့သော် ဟုတ်မှန်သော အနတ္တဉာဏ်ဖြစ်၏။

ဤနည်းအတိုင်းတကိုယ်လုံး၌အတ္တအနတ္တခွဲနည်းကို
ရှင်းလင်းစွာမြင်ကြလေ။

**အမှောင်သမားတို့ကား** ·····မှောင်တွင်းသားတို့မှာ ရုပ်ဓာတ် နာမ်ဓာတ်တို့ကို သတ္တဝါ၏အတ္တ ငါ၏ အတ္တဟု ယူကြလျက် ရှိသောကြောင့် ဤဘဝ ရုပ်နာမ်ရ သည် ဇုတိတွင် ချုပ်ဆုံးသည်ဟု ယူကြလျှင် ဤပုဂ္ဂိုလ် သတ္တ ဝါသည်လည်း ဇုတိတွင် ပျက်ဆုံးသည်ဟု "ဥစ္ဆေဒဒိဋ္ဌိ"ဖြစ်လေ ၏။ ဤပုဂ္ဂိုလ်သတ္တဝါသည်ဇုတိတွင် မဆုံး နောက်ဘဝတွင် ကူး ပြောင်းသည်ဟု ယူကြလျှင် အတ္တဖြစ်သော နာမ်ရုပ်ရသည် အချို့ အချို့နောက်ဘဝသို့ကူးပြောင်းသည်ဟု "သဿတဒိဋ္ဌိ" ဖြစ်၏။ ရုပ်နာမ်မှ အလွတ်ကြီးဆ၍ ယူကြသော အတ္တဇီဝ အယူမျိုးလည်း ရှိ၏။သေရာမှာ ပြတ်သည်ဟု ယူလျှင်"ဥစ္ဆေဒဒိဋ္ဌိ" ဖြစ်၏။ သေ ရာမှာ မပြတ် ခန္ဓာအိမ်တခုပျက်လျှင် ကုသိုလ်ကံ အကုသိုလ်ကံ ပို့ချရာ၌ ခန္ဓာအိမ်အသစ်နှင့် နေပြန်သည်ဟုယူလျှင် "သဿတ ဒိဋ္ဌိ"ဖြစ်၏။

ပုဂ္ဂိုလ် သတ္တဝါအတ္တ ဇီဝ အယူ ကင်းပျောက်၍ အဘိဓမ္မာ အလင်းပေါက်ခဲ့လျှင် သောတာပန် အဖြစ်သို့ ရောက်၍ ဘဝဆက်တိုင်း အပါယ်ငရဲမှ အမြဲ ကင်းငြိမ်း ခြင်းဟူသော ပဌမနိဗ္ဗာန်ကြီးပေါက်လေ၏။

သတ္တလောက၌ ဓမ္မနိယာမအချက်၌ ခက်ဆစ်ခက်ပိုင်းရကို
ရွေးကောက် ရှင်းလင်းခဲ့ပြီး၏။

www.dhammaransi.com



## လောကသုံးပါး၏ အချုပ်အခြာ

**ဩကာသလောက**…၌ သံဝဋ္ဋကပ်, သံဝဋ္ဋဋ္ဌာယီကပ်, ဝိဝဋ္ဋကပ်,ဝိဝဋ္ဋဋ္ဌာယီကပ်ဟူသောအသင်္ချေယျကပ်ကြီးလေးပါးနှင့် ထိုကပ်ကြီး လေးပါးကို အစဉ်အတိုင်း ပြုပြင်သော သံဝဋ္ဋမိုးခေါင် သံဝဋ္ဋဋ္ဌာယီမိုးခေါင် ဝိဝဋ္ဋမိုးခေါင် ဝိဝဋ္ဋဋ္ဌာယီ မိုးခေါင် ဟူ၍ ကမ္ဘာမိုး ခေါင်ကြီး လေးပါးသည် အချုပ်။ ။ဥတုတေဇော သီတတေဇောနှစ်ပါးသည် အခြာ။

**သင်္ခါရလောက**……၌ဂိမှန္တ ဥတု,ဝသန္တဥတု,ဟေမန္တ ဥတုဟူသော ဥတုသုံးပါးနှင့် မျိုးစေ့ကြီးငါးပါးသည် အချုပ်။ ။ဥတုတေဇော သီတတေဇောနှစ်ပါးသည် အခြာ။

**သတ္တလောက**……၌ ပဋိသန္ဓေရုပ်ဒ္ဓိ အင်္ဂါတဆယ့်နှစ်ပါးနှင့် အဝိဇ္ဇာ တဏှာဟူသော မူလနှစ်ပါးသည် အချုပ်။ ။ကုသိုလ်ကံ အကုသိုလ်ကံနှစ်ပါးသည်အခြာ။

လောကကြီး သုံးပါး၌ ရုပ်ခေါင် နာမ်ခေါင် တရားနှစ်ပါးနှင့် နိယာမ တရား ငါးပါးသည် အချုပ်။ ။ဓာတ် ဓရာ မရဏ တရားသုံးပါးနှင့် အနိစ္စ ဒုက္ခ အနတ္တ တရား သုံးပါးသည် အခြာ။

အလုံးစုံ အုပ်ခြုံမိသည်ကိုအချုပ်ဆိုသည်။
အထူးထင်ရှားသည်ကို အခြာဆိုသည်။

---

## နိဂုံး

မုံရွာလယ်တီအရည်မို၊မုံရွာဇနေဟိ ကာရိတေ။
မနောရမ္မေ စက်မမို၊ဝသန္တေန မယာ ကတာ။ ။
နိယာမဒီပနီနာမ၊ရန်ကုန် ဇနေဟိ ပတ္ထိတာ။
ဘာသန္တရဝိဇာယာယ၊ဒွိသဏ္ဍာ ဒွေကသာကိယော။ ။

www.dhammaransi.com



မုံရွာလယ်တီ အရည်မှိ၊ မုံရွာမြို့ လယ်တီ တောရကျောင်းတိုက်တွင်း၌။ မုံရွာဇနေယျ၊ မုံရွာမြို့ ကမ်းနားရပ်နေ အမိန့်တော်ရရှေ့နေ "**မောင်ကျော့, မောင်စံလင်း**"အမှူးရှိကုန်သော မုံရွာမြို့သားတို့သည်။ ကာရိတေ၊ ဆောက်လုပ် စေအပ်သော။ မနောရမ္မေစက်မှိ၊မနောရမံစကြိုကျောင်းကြီး၌။ဝသန္တေန၊ ၁၂၇၂–ခုနှစ်အတွင်း သီတင်းဝါကပ်ဆို နေ့ထိုင်သော။ မယာ၊ လယ်တီဆရာ ငါသည်။ရန်ကုန်ဇနေယျ၊ရန်ကုန်မြို့ ဓမ္မသာဝနဗုဒ္ဓသာသနာပြုအသင်းကြီး၏ အကြီးအချုပ် ဥက္ကဋ္ဌဖြစ်သူပြိစိဒင် **မောင်ရွှေကိုဝ်**နှင့် အသင်းသား အပေါင်းတို့သည်။ ဘာသန္တရ ဝိဇာနာယ၊ ဘာသာတပါးကို အောင်မြင်ခြင်း၌။ ပဏ္ဍိတာ၊ တောင့်တအပ်သော။နိယာမဒီပနီနာမ၊ **နိယာမဒီပနီ** အမည်တွင်လစ် ဤကျမ်းသစ်ကို။ ဒွိသတ္တေဒွေကသာကိယေ၊မြန်မာ သက္ကရာဇ် ၁၂၇၂–ခုဝါခေါင်လပြည့်နေ့၌။ ကတာ၊ စီရင်ဖန်တီး ပြီးစီး အောင်မြင်လေတော့သတည်း။

နိယာမဒီပနီကျမ်းပြီး၏။

www.dhammaransi.com